အင်းဝမြို့ရှိ ထင်ရှားသောဘုရားများသမိုင်းနှင့်

အင်းဝခေတ် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏

ဖြစ်တော်စဉ်

သာသနာနှင့်စပ် မှတ်သားဖွယ်

အရုပ်ရုပ်တို့ဖြင့်

တန်ဆာဆင်အပ်သော

# အင်းဝသာသနာဝင်


## အရှင်ကေလာသ

ဓမ္မာစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

(ရေးသားစီစဉ်တော်မူသည်)

အင်းဝမြို့ရှိ ထင်ရှားသောဘုရားများသမိုင်း နှင့်

အင်းဝခေတ် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏

ဖြစ်တော်စဉ်

သာသနာနှင့်စပ် မှတ်သားဖွယ်

အရပ်ရပ်တို့ဖြင့်

တန်ဆာဆင်အပ်သော

# အင်းဝသာသနာဝင်


**အရှင်ကေလာသ**

ဓမ္မာစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

( ရေးသားစီစဉ်တော်မူသည် )



သာသနာ- ၂၅၁၈ ကောဇာ- ၁၃၃၆ ခရစ်- ၁၉၇၄

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ-၁၀၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၃၈၁
ရက်စွဲ ၂၇-၁-၂၀၁၄
စာကြည့်တိုက်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ဦးအောင်သိန်းညွန့်၊ ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ်-၀၃၈၄၅ က
ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း=အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း | |
| | - အင်းဝသာသနာဝင်ကျမ်းဦးမှတ်ဖွယ် | (ပ) |
| | - သာသနာပြုဘုရင်များ | (ပ) |
| | - စိတ်ဝင်စားဖွယ်များ | (ပ) |
| | - အင်းဝသာသနာဝင်ကျမ်းပြုစုခြင်း | (ဖ) |
| | - ဖတ်ရှု၍ သံဝေဂယူကြ သဒ္ဓါတရားပွားများကြ | (ဗ) |
| ၂။ | ရတနတ္တယပဏာမ | ၁ |
| ၃။ | အာစရိယပဏာမ | ၂ |
| ၄။ | ပဋိညာဉ် | ၂ |
| ၅။ | ရွှေစည်းခုံဘုရား | ၃ |
| ၆။ | ရွှေစည်းခုံဘုရားရှိခိုး | ၄ |
| ၇။ | ရွှေစည်းခုံဘုရားတိုင်ရတု | ၄ |
| ၈။ | မင်္ဂလာစေတီတော် | ၆ |
| ၉။ | မော်ကွန်းဖွဲ့ဆိုကြ | ၆ |
| ၁၀။ | မင်္ဂလာစေတီဘုရားရှိခိုး | ၇ |
| ၁၁။ | အင်းဝနန်းမြို့တော် | ၇ |
| ၁၂။ | ဘုရားပုထိုးကျောင်းတိုက်တို့ဖြင့် တင့်တယ်ခဲ့ | ၇ |
| ၁၃။ | လူမျိုးစုံတို့ပျော်ရွှင်ရာ | ၈ |
| ၁၄။ | ပညာရှင်ရဟန်းတော်တို့ သာသနာပြုရာ | ၈ |
| ၁၅။ | သမိုင်းအကျဉ်း | ၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | 'အဝ'ဟူ၍ ခေါ်ကြသည် | ၉ |
| ၁၇။ | အင်းဝမြို့စံမင်းများ | ၉ |
| ၁၈။ | အင်းဝမြို့ဘွဲ့ရတု | ၁၂ |
| ၁၉။ | တနည်းအင်းဝမြို့ဘွဲ့ရတု | ၁၄ |
| ၂၀။ | လောကဒီပနီကျမ်းပြု ပထူးကြီးသံဃရာဇာ(၇၂၆) | ၁၆ |
| ၂၁။ | ဘုရားများတည် | ၁၇ |
| ၂၂။ | ကျမ်းဂန်ပြုစုခြင်း | ၁၇ |
| ၂၃။ | ရခိုင်မဟာသံဃရာဇာ (၇၂၉) | ၁၈ |
| ၂၄။ | ပင်လယ်ကျေးသံဃရာဇာ (၇၆၂) | ၂၀ |
| ၂၅။ | မင်းဖြစ်မည် တံတားလုပ်ရမည် | ၂၀ |
| ၂၆။ | အောင်စည်းခုံသံဃရာဇာ (၇၆၂) | ၂၂ |
| ၂၇။ | သံဝေဂဖြစ်ဖွယ်နှင့် ဥယျောဇဉ် | ၂၃ |
| ၂၈။ | သာသနာပိုင်အရှင်သာပုံ | ၂၄ |
| ၂၉။ | သံဝေဂယူဖွယ် | ၂၄ |
| ၃၀။ | သိကြားမင်းသေသည် စည်တီးခတ်သော ဆရာတော်အရှင်ခေမာစာရထေရ် (၇၃၀) | ၂၅ |
| ၃၁။ | သိကြားမင်းသေ၍ တီးခတ် | ၂၅ |
| ၃၂။ | ကျောင်းဆောက်ကိုးကွယ် | ၂၅ |
| ၃၃။ | ပေလေးပင်ရှင်လေးပါး အပါအဝင် ရှင်ခေမာ (၈၃၅) | ၂၆ |
| ၃၄။ | ရှင် ရဟန်းပြုခြင်း | ၂၆ |
| ၃၅။ | ထင်ရှားသည့် စာတတ်ပုဂ္ဂိုလ် | ၂၆ |
| ၃၆။ | ပျံလွန်တော်မူခြင်း | ၂၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ဇိနာလင်္ကာရဒီပနီကျမ်းပြု အရှင်ဥပတိဿထေရ် | ၂၇ |
| ၃၈။ | အရှင်မဟာသီလဝံသထေရ် (၈၁၅-၈၅၄) | ၂၈ |
| ၃၉။ | ဖွားမြင်ခြင်း, ပညာသင်ခြင်းစသည် | ၂၈ |
| ၄၀။ | အင်းဝနေပြည်တော်သို့ | ၂၉ |
| ၄၁။ | ဒုတိယမင်းခေါင် ကျောင်းတင်လှူကိုးကွယ် | ၂၉ |
| ၄၂။ | စာရေးစာချ ချမ်းမြစွာနေ | ၃၀ |
| ၄၃။ | ပြုစုတော်မူသည့် ကျမ်းဂန်များ | ၃၀ |
| ၄၄။ | ထူးမြတ်သည့်ပညာရှင် | ၃၁ |
| ၄၅။ | ရာဇဝင်ကျော် | ၃၁ |
| ၄၆။ | ပါရာယနဝတ္ထု | ၃၂ |
| ၄၇။ | တန်တားဦးတည်မော်ကွန်း | ၃၃ |
| ၄၈။ | ပါရမီတော်ခန်းပျို့ | ၃၃ |
| ၄၉။ | ဆုတောင်းခန်းပျို့ | ၃၄ |
| ၅၀။ | ဗုဒ္ဓုပ္ပတ္တိပျို့ | ၃၄ |
| ၅၁။ | ဗုဒ္ဓုပ္ပတ္တိပျို့ထင်ရှားရှိ | ၃၆ |
| ၅၂။ | တိလောကဟုဆုံးမစာ | ၃၆ |
| ၅၃။ | ကိုယ်ရည်သွေးခဲ့ | ၃၇ |
| ၅၄။ | ဩစိတျဟီနဒေါသမရောက် | ၃၇ |
| ၅၅။ | သီလဝံသမဟာဓမ္မရာဇ ရှု | ၃၇ |
| ၅၆။ | ပျံလွန်တော်မူခြင်း | ၃၈ |
| ၅၇။ | ဂါထာခြောက်ဆယ်ပျို့စာဆိုတော်ရှင်အုန်းညို(၈၁၅) | ၃၉ |
| ၅၈။ | အင်းဝမြို့တော်သို့ | ၃၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | ဂါထာချောက်ဆယ်ပျို့ ရေးသားဖွဲ့ဆိုခြင်း | ၃၉ |
| ၆၀။ | မဟာကဝိဖြစ်ခြင်း | ၄၀ |
| ၆၁။ | ဂါထာချောက်ဆယ်ပျို့ပြီးချိန် | ၄၁ |
| ၆၂။ | ဘုရားဆုပန်ပုဂ္ဂိုလ် | ၄၂ |
| ၆၃။ | ပုံ့လွှန်တော်မူခြင်း | ၄၂ |
| ၆၄။ | အရှင်ဥတ္တမကျော်မဟာထေရ် (၈၁၅-၈၅၉) | ၄၃ |
| ၆၅။ | အရှင်မဟာသီလဝံသလောင်းလျာ မောင်ညိုနှင့် ကစားဖက် | ၄၅ |
| ၆၆။ | ကျောင်းနေ ပညာသင် ရှင် ရဟန်းပြု | ၄၅ |
| ၆၇။ | ပညာတတ်မြောက် | ၄၅ |
| ၆၈။ | စာပေချုပို့လေ့လာ | ၄၆ |
| ၆၉။ | အင်းဝမြို့တော်ကြွ မောင်ကျဘမ်းဆုံးမ | ၄၆ |
| ၇၀။ | ဒုတိယမင်းခေါင် အကြိမ်ကြိမ်ပင့် | ၄၆ |
| ၇၁။ | ရွှေနန်းကြော့ရှင် လျှောက်ထားလည်းလက်မခံ | ၄၇ |
| ၇၂။ | ကျမ်းဂန်ပြုစုခြင်း | ၄၇ |
| ၇၃။ | တောလားရတုကိုးပုဒ် | ၄၈ |
| ၇၄။ | ချိုပုံချပုံ | ၄၈ |
| ၇၅။ | သဗ္ဗညုဘုရားဆုပန် | ၅၀ |
| ၇၆။ | ပုံ့လွှန်တော်မူခြင်း | ၅၀ |
| ၇၇။ | စာဆိုအကျော် ဆရာတော်အရှင်မဟာရဋ္ဌသာရ မဟာထေရ် (၈၃၀-၈၅၅) | ၅၂ |
| ၇၈။ | မိးရှူးသန့်စင် ဖွားမြင်ခြင်း | ၅၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉။ | အရှင်မဟာရဋ္ဌသာရ၏ မိခင် | ၅၃ |
| ၈၀။ | ပညာသင်ကြားခြင်း | ၅၃ |
| ၈၁။ | ဆယ်နှစ်သား ကဝိလင်္ကာဖွဲ့ဆို | ၅၄ |
| ၈၂။ | အရှင်ဝရစက္ကပါလထံ ပညာသင် | ၅၅ |
| ၈၃။ | ရှင်သာမဏေပြုခြင်း | ၅၅ |
| ၈၄။ | ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင် | ၅၆ |
| ၈၅။ | အရှင်မဟာသီလဝံသနှင့် တွေ့ဆုံခြင်း | ၅၆ |
| ၈၆။ | ဆရာတော်နှစ်ပါး ကိုယ်ရည်သွေးကြ | ၅၇ |
| ၈၇။ | ဆရာတော်နှစ်ပါး မေတ္တာစာဆက်သွင်း | ၅၇ |
| ၈၈။ | အရှင်မဟာသီလဝံသ၏ မေတ္တာစာ | ၅၇ |
| ၈၉။ | အရှင်မဟာရဋ္ဌသာရ မေတ္တာစာသွင်း | ၅၈ |
| ၉၀။ | အရှင်မဟာရဋ္ဌသာရ၏ မေတ္တာစာ | ၅၈ |
| ၉၁။ | အရှင်မဟာရဋ္ဌသာရ၏ မေတ္တာစာကို ပို၍နှစ်သက် | ၅၉ |
| ၉၂။ | ဆရာတော်နှစ်ပါး ထပ်မံမေတ္တာစာသွင်း | ၅၉ |
| ၉၃။ | အရှင်မဟာရဋ္ဌသာရ၏ ဒုတိယအကြိမ်မေတ္တာစာ | ၆၁ |
| ၉၄။ | ထပ်မံကိုယ်ရည်သွေးခဲ့ခြင်း | ၆၁ |
| ၉၅။ | နေလပမာ တင့်တယ်ခဲ့ | ၆၂ |
| ၉၆။ | ကျမ်းဂန်ပြုစုခြင်း | ၆၂ |
| ၉၇။ | ဘူရိဒတ်လင်္ကာကြီး | ၆၃ |
| ၉၈။ | ဘူရိဒတ်ဇာတ်ပေါင်းပျို့ | ၆၆ |
| ၉၉။ | ဘူရိဒတ်ဇာတ်ပေါင်းပျို့မှ လင်္ကာပိုဒ်အချို့ | ၆၆ |
| ၁၀၀။ | တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်းများ | ၆၉ |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | စတုဓမ္မသာရကိုးခန်းပျို့ | ၇၀ |
| ၁၀၂။ | ကိုးခန်းပျို့လင်္ကာပိုဒ်တချို့ | ၇၁ |
| ၁၀၃။ | သံဝရပျို့ | ၇၄ |
| ၁၀၄။ | သံဝရပျို့လင်္ကာပိုဒ်အချို့ | ၇၄ |
| ၁၀၅။ | လက်သစ်တောင်တာ ဆုံးမစာ | ၇၆ |
| ၁၀၆။ | သု စိ ပု ဘာ ဆုံးမစာ | ၇၇ |
| ၁၀၇။ | တိုက်တွန်းချက် | ၇၈ |
| ၁၀၈။ | ဂမ္ဘီရသာရဆုံးမစာ | ၇၈ |
| ၁၀၉။ | အခါတော်ပေး မေတ္တာစာ | ၇၉ |
| ၁၁၀။ | အဒေါ်သကထာ မေတ္တာစာ | ၇၉ |
| ၁၁၁။ | ရွှေစက်တော်သွား တောလားလေးပုဒ် | ၈၀ |
| ၁၁၂။ | ရွှေစက်တော်သွား တောလား | ၈၁ |
| ၁၁၃။ | တရားရှစ်ကွက် စက်လက္ခဏာဘုရားရှိခိုး | ၈၄ |
| ၁၁၄။ | တရားရှစ်ကွက် စက်လက္ခဏာဘုရားရှိခိုးလင်္ကာ | ၈၄ |
| ၁၁၅။ | ရာဇာဝသတိခန်း ပိုဒ်စုံရတု | ၈၅ |
| ၁၁၆။ | ဒုတိယမင်းခေါင်ထံသွင်း မေတ္တာစာများ | ၈၇ |
| ၁၁၇။ | ရတုကဗျာလင်္ကာအမျိုးမျိုး | ၈၇ |
| ၁၁၈။ | အမြွတ်ဆုံးငါးဆူ ဧကပိုဒ်ရတု | ၈၇ |
| ၁၁၉။ | သိကြားတိုင် ဧကပိုဒ်ရတု | ၈၈ |
| ၁၂၀။ | ဘုန်းဘွဲ့လင်္ကာလေးပိုဒ် | ၈၈ |
| ၁၂၁။ | ဝဲရိုက်သွင်းလင်္ကာဆုံးမစာ | ၈၈ |
| ၁၂၂။ | ရွှေနန်းတက်လင်္ကာ | ၈၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၃။ | ပရိတ်မေတ္တာပိုဒ်စုံရတု | ၈၉ |
| ၁၂၄။ | ရှာပြ၍ မကုန်နိုင် | ၈၉ |
| ၁၂၅။ | ပံ့လွှန်တော်မူပြီ | ၈၉ |
| ၁၂၆။ | ကျော်စောခြင်းသာလျှင် ကျန်ရှိခဲ့ | ၉၀ |
| ၁၂၇။ | <u>ဝဇီရသာရတ္ထသင်္ဂဟကျမ်းပြု အရှင်သိရီရတနပညာထေရ် (၈၈၈)</u> | ၉၁ |
| ၁၂၈။ | ကျမ်းဂန်များပြုစုခြင်း | ၉၁ |
| ၁၂၉။ | သီဟိုဠ်ပါဠိသမိုင်းကျမ်းအဆို | ၉၂ |
| ၁၃၀။ | ကျော်စောခြင်းမျှ အကြွင်းရ | ၉၂ |
| ၁၃၁။ | <u>ပျို့စာဆိုတော် အရှင်တေဇောသာရ (၈၃၅)</u> | ၉၃ |
| ၁၃၂။ | အရှင်တေဇောသာရ၏ အရည်အချင်း | ၉၃ |
| ၁၃၃။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၉၄ |
| ၁၃၄။ | ရခိုင်ကြွ မဟာမြတ်မုနိဘုရားဖူး | ၉၆ |
| ၁၃၅။ | ပံ့လွှန်တော်မူခြင်း | ၉၆ |
| ၁၃၆။ | <u>စာဆိုတော်အကျော် အရှင်အဂ္ဂသမာဓိ (၈၄၁)</u> | ၉၇ |
| ၁၃၇။ | ရှင် ရဟန်းပြု | ၉၇ |
| ၁၃၈။ | သူကောင်းပြုခံရသူများ | ၉၇ |
| ၁၃၉။ | ဖခင်ကွယ်လွန်ကျဆုံးခြင်း | ၉၈ |
| ၁၄၀။ | သံဝေဂရခဲ့ | ၉၈ |
| ၁၄၁။ | ဒီပဲရင်း အင်းဝ မြေဒူးမြို့များ၌ သီတင်းသုံး | ၉၈ |
| ၁၄၂။ | အရည်အချင်း | ၉၈ |
| ၁၄၃။ | ကျမ်းဂန်များပြုစုခြင်း | ၉၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၄။ | သုဝဏ္ဏသျှံပျို့သုံးစောင် | ၉၉ |
| ၁၄၅။ | နေမိပျို့သုံးစောင် | ၁၀၀ |
| ၁၄၆။ | နေမိငရဲခန်းပျို့ | ၁၀၀ |
| ၁၄၇။ | မဟာကဝိ | ၁၀၄ |
| ၁၄၈။ | ပျံလွန်တော်မူခြင်း | ၁၀၄ |
| ၁၄၉။ | ဆီးတောဆရာတော် | ၁၀၅ |
| ၁၅၀။ | ရှင် ရဟန်းပြုသာသနာ့ဝန်ထမ်း | ၁၀၅ |
| ၁၅၁။ | ဆီးတောဆရာတော်တွင် (၈၄၀) | ၁၀၅ |
| ၁၅၂။ | ဆရာတော်အရှင်ဝရာဘိသံဃနာထမဟာထေရ် (၉၉၁) | ၁၀၇ |
| ၁၅၃။ | မွေးဖွားချိန် ရှင် ရဟန်းပြုချိန် | ၁၀၇ |
| ၁၅၄။ | ပညာသင်ကြားခြင်း | ၁၀၇ |
| ၁၅၅။ | အရည်အချင်း | ၁၀၇ |
| ၁၅၆။ | မဏိကုဏ္ဍလဝတ္ထုကြီး ပြုစုခြင်း | ၁၀၈ |
| ၁၅၇။ | ပျံလွန်တော်မူခြင်း | ၁၁၁ |
| ၁၅၈။ | ပဝရမဟာဓမ္မရာဇဂုရုဘားမဲ့ဆရာတော် (၉၅၅) | ၁၁၂ |
| ၁၅၉။ | လောကီကျမ်းတတ် | ၁၁၂ |
| ၁၆၀။ | ညောင်ရမ်းမင်းက ကိုးကွယ် | ၁၁၂ |
| ၁၆၁။ | အနောက်ဖက်လွန်မင်း ဆက်လက်ကိုးကွယ် | ၁၁၂ |
| ၁၆၂။ | ပဝရမဟာဓမ္မရာဇဂုရုတံဆိပ်တော်ရရှိခြင်း/ပျံလွန်ခြင်း | ၁၁၃ |
| ၁၆၃။ | နဝရတ်ပျို့စာဆိုတော် အရှင်ကုဏ္ဍဂုတ္တ (၈၇၀) | ၁၁၄ |
| ၁၆၄။ | အရှင်မဟာသီလဝံသ၏တပည့် | ၁၁၄ |
| ၁၆၅။ | ပါဠိ သက္ကတ မြန်မာမှုတို့ကျွမ်း | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၆။ | နဝရတ်ပျို့ | ၁၁၄ |
| ၁၆၇။ | ပျံလွန်တော်မူခြင်း | ၁၁၆ |
| ၁၆၈။ | မဟာဓမ္မရာဇဂုရု အရှင်သဒ္ဒမ္မပါလ မဟာထေရ် (၉၀၀) | ၁၁၇ |
| ၁၆၉။ | အရှင်သဒ္ဒမ္မပါလပေါ်ထွန်းခဲ့ | ၁၁၇ |
| ၁၇၀။ | စာပေတတ်မြောက်ခြင်း | ၁၁၇ |
| ၁၇၁။ | မြို့ကျောင်း တောကျောင်း နှစ်ကျောင်းပျော် | ၁၁၈ |
| ၁၇၂။ | ရာဇဂုရုဘွဲ့တံဆိပ်တော် | ၁၁၈ |
| ၁၇၃။ | ကျမ်းဂန်ပြုစုတော်မူခြင်း | ၁၁၈ |
| ၁၇၄။ | ကစ္စာယနသာရဋီကာသစ်ကျမ်းပြု အရှင်သီရိသဒ္ဒမ္မဝိလာသထေရ် (၉၀၀) | ၁၂၀ |
| ၁၇၅။ | ပိဋကတ်ကျမ်း ဗေဒင်ကျမ်းတတ် | ၁၂၀ |
| ၁၇၆။ | ကစ္စာယနသာရဋီကာသစ်ကျမ်းကြီး | ၁၂၀ |
| ၁၇၇။ | ကစ္စာယနသာရပါဌ် | ၁၂၂ |
| ၁၇၈။ | မာဂဓသက္ကတစွယ်စုံတတ်ပုဂ္ဂိုလ် | ၁၂၄ |
| ၁၇၉။ | ပျံလွန်တော်မူခြင်း | ၁၂၅ |
| ၁၈၀။ | ပရိတ္တဋီကာကျမ်းပြု တိလောကာလင်္ကာရဘွဲ့တံဆိပ်တော်ရ အရှင်တေဇောဒီပ (၉၇၁) | ၁၂၆ |
| ၁၈၁။ | ဇာတိဌာနေ မွေးရပ်မြေစသည် | ၁၂၆ |
| ၁၈၂။ | ရှင် ရဟန်းပြုပညာသင် စာပေတတ်မြောက် | ၁၂၆ |
| ၁၈၃။ | ပရိတ္တဋီကာ ရဟန်းငါးဝါတွင် ပြုစု | ၁၂၆ |
| ၁၈၄။ | ပရိတ္တဋီကာ၌မှတ်သားဖွယ်တချို့ | ၁၂၉ |
| ၁၈၅။ | တိလောကာလင်္ကာရဘွဲ့တံဆိပ်အလှူခံရ | ၁၃၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၆။ | ဟံသာဝတီ၌ ပညာစွမ်းပြ | ၁၃၀ |
| ၁၈၇။ | ကျောင်းတော်အလှူခံရ | ၁၃၁ |
| ၁၈၈။ | ကျော်စောခြင်းမှ အကြွင်းရ | ၁၃၁ |
| ၁၈၉။ | အင်းဝပဥ္စင်းကျော် ပဌမအရှင်အရိယာ လင်္ကာရထေရ် (၉၉၁) | ၁၃၂ |
| ၁၉၀။ | ကျမ်းဂန်ပြုစုခြင်း | ၁၃၂ |
| ၁၉၁။ | ကစ္စာယနဘာေဒပါဌ် | ၁၃၂ |
| ၁၉၂။ | သာရတ္ထဝိကာသိနီကစ္စာယနဘေဒဋီကာပြုစု | ၁၃၃ |
| ၁၉၃။ | အင်းဝပဥ္စင်းကျော်နှင့် ပြည်ပဥ္စင်းကျော် | ၁၃၇ |
| ၁၉၄။ | ဘွဲ့တံဆိပ်အလှူခံ ကျောင်းအလှူမခံရမီ ပျံလွန် | ၁၃၈ |
| ၁၉၅။ | နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရမဟာထေရ် (၁၀၁၀) | ၁၃၉ |
| ၁၉၆။ | နန်းကျောင်းဆရာတော်တွင်ခြင်း | ၁၃၉ |
| ၁၉၇။ | နန်းကျောင်းမှုသဒ္ဒါကြီးနိသျတွင် | ၁၃၉ |
| ၁၉၈။ | အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရု | ၁၃၉ |
| ၁၉၉။ | စကားပြောသိမ်မွေ့ | ၁၄၀ |
| ၂၀၀။ | ကျမ်းဂန်များကို ပြုစုတော်မူခြင်း | ၁၄၀ |
| ၂၀၁။ | သဒ္ဒါကြီးရှစ်စောင်နိသျ | ၁၄၀ |
| ၂၀၂။ | အရိမေတ္တေယျဘုရားလက်ထက် အရဟတ္တဖိုလ်ရလို | ၁၄၁ |
| ၂၀၃။ | သာသနာကြာရှည်တည်ကြောင်းတောင့်တ | ၁၄၂ |
| ၂၀၄။ | ဟိမဝန္တာ၌ နတ်ဖြစ်လိုကြောင်း တောင်းဆုချွေ | ၁၄၃ |
| ၂၀၅။ | အဖိုးတန်ကျမ်းကြီး | ၁၄၆ |
| ၂၀၆။ | အင်းဝခေတ်ကျမ်းပြုပုဂ္ဂိုလ်ကျော် | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၇။ | ပုံလွှန်တော်မူခြင်း | ၁၄၈ |
| ၂၀၈။ | နတ်စက်ရောင် ဓမ္မနန္ဒဓမ္မရာဇဂုရုထေရ် (၁၀၀၀) | ၁၄၉ |
| ၂၀၉။ | နတ်စက်ရောင် အရှင်စဏ္ဍာဘိယောသထေရ် | ၁၄၉ |
| ၂၁၀။ | ပဌမကျော် 'ဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇဂုရု' စရစ်ဆရာတော် (၁၁၁၈) | ၁၅၁ |
| ၂၁၁။ | အလောင်းဘုရားတံဆိပ်လှူ | ၁၅၁ |
| ၂၁၂။ | အရှုးတစ်ယောက်နှင့် အကောင်းများမရှုးသင့် | ၁၅၁ |
| ၂၁၃။ | သာသနာပိုင်ဖြစ်တော့ ကုသိုလ်အဖြစ်နည်း | ၁၅၂ |
| ၂၁၄။ | အလောင်းဘုရားကျောင်းဆောက်ကိုးကွယ် | ၁၅၂ |
| ၂၁၅။ | ဆင်ဖြူရှင်ကျောင်းလှူ | ၁၅၂ |
| ၂၁၆။ | ပုံလွှန်တော်မူခြင်း | ၁၅၃ |
| ၂၁၇။ | ကြက်သွန်ခင်းဆရာတော် အရှင်ပါသံသမဟာထေရ် (၁၁၃၈) | ၁၅၄ |
| ၂၁၈။ | ရတနာပူရတတိယမြို့တည် မင်းတရားကိုးကွယ် | ၁၅၄ |
| ၂၁၉။ | ကျောင်းတိုက်များအလှူခံရခြင်း | ၁၅၄ |
| ၂၂၀။ | ပုံလွှန်တော်မူခြင်း | ၁၅၅ |
| ၂၂၁။ | ပဝရာဘိရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်အဂ္ဂါဝရထေရ် (၁၀၂၇) | ၁၅၆ |
| ၂၂၂။ | ဘုံစံဝတီနန်းဦးကျောင်းအလှူခံရ | ၁၅၆ |
| ၂၂၃။ | ပဝရာဘိရာဇဂုရုတံဆိပ်တော်ရရှိ /ပုံလွှန် | ၁၅၆ |
| ၂၂၄။ | ဆရာတော်အရှင်ပုညရံသိမဟာထေရ် (၁၁၈၁) | ၁၅၇ |
| ၂၂၅။ | အရည်အချင်းပြည့်ဝ | ၁၅၇ |
| ၂၂၆။ | ဖာလ်နန်းရှင်က နေပြည်တော်ပင့် | ၁၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၇။ | အင်းဝမြို့ မဟာအောင်မြေဘုံစံကျောင်းတော် အလှူခံရခြင်း | ၁၅၈ |
| ၂၂၈။ | ရာဇာဓိရာဇဂုရု | ၁၅၈ |
| ၂၂၉။ | ကျမ်းဂန်များပြုစုခြင်း | ၁၅၈ |
| ၂၃၀။ | ကျော်စောခြင်းမှူကြွင်းကျန်ရ | ၁၅၉ |
| ၂၃၁။ | ဝါစ္စဝါစကဒီပနီကျမ်းပြုထေရ် (၁၁၇၇-ဖျား) | ၁၆၀ |
| ၂၃၂။ | ရတနာလင်္ကာရဘွဲ့တံဆိပ်တော်ရ အရှင်သာသနလောကထေရ် (၁၀၂၇) | ၁၆၁ |
| ၂၃၃။ | ဘုံဝတီနန်းမကျောင်းအလှူခံရ | ၁၆၁ |
| ၂၃၄။ | ရတနာလင်္ကာရဘွဲ့တံဆိပ် | ၁၆၁ |
| ၂၃၅။ | လနေအလားထင်ရှားခဲ့ | ၁၆၁ |
| ၂၃၆။ | ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှစ်ထပ်ရ အရှင်နန္ဒမေဓာမဟာထေရ် (၁၁၃၈) | ၁၆၂ |
| ၂၃၇။ | စာပေတတ်မြောက်ခြင်း | ၁၆၂ |
| ၂၃၈။ | ထန်းတပင်မြို့၌ သီတင်းသုံး | ၁၆၂ |
| ၂၃၉။ | စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း | ၁၆၃ |
| ၂၄၀။ | အင်းဝမြို့၌ သီတင်းသုံးတော်မူခြင်း | ၁၆၃ |
| ၂၄၁။ | အတင်ဂိုဏ်းဝင်ဆရာတော် | ၁၆၃ |
| ၂၄၂။ | ကျမ်းဂန်ပြုစုခြင်း | ၁၆၄ |
| ၂၄၃။ | ယမိုက်အရကောက်ကျမ်းကြီး | ၁၆၄ |
| ၂၄၄။ | ပဋ္ဌာန်းအရကောက် | ၁၆၅ |
| ၂၄၅။ | ဆုတောင်းအမျိုးမျိုး | ၁၆၆ |
| ၂၄၆။ | ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှစ်ထပ်ရ | ၁၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၇။ | ပျံလွန်တော်မူခြင်း | ၁၆၈ |
| ၂၄၈။ | ဝဏ္ဏဗောဓနေသတ်အင်းကျမ်းပြု အရှင်ဥက္ကံသမာလာ (၁၀၇၆) | ၁၆၉ |
| ၂၄၉။ | ဇာတိချက်ကြွေ မွေးရပ်မြေ | ၁၆၉ |
| ၂၅၀။ | ကျောင်းနေပညာသင် ရှင် ရဟန်းပြု | ၁၆၉ |
| ၂၅၁။ | စာပေကျမ်းဂန်တတ်မြောက်ခြင်း | ၁၆၉ |
| ၂၅၂။ | အင်းဝနေပြည်တော် ကြွရောက်သီတင်းသုံးတော်မူခြင်း | ၁၇၀ |
| ၂၅၃။ | မင်းတရားက ရာဇဂုရုဘွဲ့တံဆိပ်ကပ်လှူ၍ မကိုးကွယ် | ၁၇၀ |
| ၂၅၄။ | မင်းဆရာဖြစ်ထိုက်သည့်အင်္ဂါများ | ၁၇၀ |
| ၂၅၅။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၁၇၁ |
| ၂၅၆။ | ဝဏ္ဏဗောဓနေသတ်အင်းကျမ်း | ၁၇၁ |
| ၂၅၇။ | မြမ္မာဘာသာဝိဂြိုဟ် | ၁၇၂ |
| ၂၅၈။ | မြန်မာဘာသာ မြန်မာယဉ်ကျေးမှု တိုးတက်မှုပြုသူ | ၁၇၃ |
| ၂၅၉။ | ဝိနိစ္ဆယရာသီဓမ္မသတ်ကျမ်းပြု အရှင်ခေမာစာရထေရ် (၁၁၉၅) | ၁၇၄ |
| ၂၆၀။ | ဝိနိစ္ဆယရာသီဓမ္မသတ်ကျမ်းပြု | ၁၇၄ |
| ၂၆၁။ | သဒ္ဒပါဒဝိနိစ္ဆယကျမ်းပြုထေရ်စသည် | ၁၇၅ |
| ၂၆၂။ | မာန်လည်တောရဆရာတော် (၁၁၉၀) | ၁၇၆ |
| ၂၆၃။ | အရှင်သဒ္ဓမ္မကိတ္တိမဟာထေရ် (၈၆၃) | ၁၇၇ |
| ၂၆၄။ | ပညာသင်ကြားခြင်း | ၁၇၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၅။ | ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး စာချ | ၁၇၇ |
| ၂၆၆။ | ပုဂံပြန်ရဟန်းတော် အရှင်မဟာသူတော်နှင့် ရှင်တိသာသနဓဇတို့ ရောက်ရှိပညာသင် | ၁၇၇ |
| ၂၆၇။ | တောင်ငူကြွရောက်သီတင်းသုံး | ၁၇၈ |
| ၂၆၈။ | နတ်ဆွမ်းရကြောင်း ကျော်စောခဲ့ | ၁၇၉ |
| ၂၆၉။ | <u>ဆရာတော်အရှင်သီလာစာရ (၁၂၀၀)</u> | ၁၈၀ |
| ၂၇၀။ | သဒ္ဒနီတိသုတ္တမာလာနိသျရေးသားခဲ့ | ၁၈၀ |
| ၂၇၁။ | ဆရာတော်ဦးဗုမ် ပညာဂုဏ်ချီးကျူးပူဇော် | ၁၈၀ |
| ၂၇၂။ | <u>ဝိနယသင်္ဂဟငယ် အဋ္ဌကထာကျမ်းပြုမထေရ်</u> | ၁၈၁ |
| ၂၇၃။ | ဝိနယသင်္ဂဟအဋ္ဌကထာ | ၁၈၁ |
| ၂၇၄။ | ဝိနယသင်္ဂဟအဋ္ဌကထာငယ် | ၁၈၁ |
| ၂၇၅။ | <u>ဆရာတော်ဦးဗုမ် (၁၁၆၂)</u> | ၁၈၂ |
| ၂၇၆။ | ဖွားမြင်ရာဌာနစသည် | ၁၈၂ |
| ၂၇၇။ | ပညာသင်ကြား ရှင်သာမဏေဝတ်ခြင်း | ၁၈၂ |
| ၂၇၈။ | ရဟန်းပြုခြင်း ဆက်လက်ပညာသင်ကြားခြင်း | ၁၈၃ |
| ၂၇၉။ | ညောင်ကန်ဂိုဏ်းအုပ်တာဝန်ဆောင်ရွက် | ၁၈၃ |
| ၂၈၀။ | စက္ကာဘိဓဇမဟာဓမ္မရာဇဂုရု | ၁၈၄ |
| ၂၈၁။ | ရတနာမဉ္ဇူတိုက်အတွင်း စာပေပို့ချ | ၁၈၄ |
| ၂၈၂။ | ဆရာတော်ဦးကျီးကို ကေစိထိုး | ၁၈၄ |
| ၂၈၃။ | အင်းဝမြို့နေပြည်တော်ကြွရောက်ခြင်း | ၁၈၅ |
| ၂၈၄။ | သုဓမ္မာသဘင် စာမေးသဘင်ကျင်းပ၍ မေးမြန်းခြင်း | ၁၈၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈၅။ | အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး တင်လှူခဲ့ရပြီ | ၁၈၆ |
| ၂၈၆။ | ပဌမကျော်လောင်းသာမဏေ ခိုးမှုဆိုးဖြတ် | ၁၈၇ |
| ၂၈၇။ | အမရပူရမြို့သို့ ပြောင်းရွှေ့ကာ သိတင်းသုံးခြင်း | ၁၈၈ |
| ၂၈၈။ | ကျမ်းဂန်ပြုစု အားထုတ်မှု | ၁၈၉ |
| ၂၈၉။ | ပျံလွန်တော်မူပြီ | ၁၉၀ |
| ၂၉၀။ | ဓမ္မဝိသောဓနီကျမ်းပြု အရှင်ကဝိဓဇထေရ်(၁၂၃၀) | ၁၉၂ |
| ၂၉၁။ | ကျမ်းဂန်ပြုစုတော်မူခြင်း | ၁၉၂ |
| ၂၉၂။ | စာချ, ကျမ်းပြု, ပျံလွန် | ၁၉၃ |
| ၂၉၃။ | ဂန္ဓာဘရဏဋီကာကျမ်းပြု အရှင်သုဝဏ္ဏရံသီသံဃရာဇာထေရ် (၉၆၀) | ၁၉၄ |
| ၂၉၄။ | ဂန္ဓာဘရဏပါဌ် | ၁၉၄ |
| ၂၉၅။ | ဂန္ဓာဘရဏဋီကာပါဌ် | ၁၉၄ |
| ၂၉၆။ | ဘုရားအလောင်းသူတော်ကောင်း | ၁၉၆ |
| ၂၉၇။ | ဂန္ဓာဘရဏဋီကာရေးသားပုံ | ၁၉၇ |
| ၂၉၈။ | ပျံလွန်တော်မူခြင်း | ၁၉၇ |
| ၂၉၉။ | ပိဋကတ်သုံးပုံရေးကူးစေ၍ သာသနာချီးမြှောက်ကြခြင်း | ၁၉၈ |
| ၃၀၀။ | တန်ဆောင်းဆောက်ခြင်း | ၁၉၈ |
| ၃၀၁။ | မင်ချက်တဲဆောက်၍ မင်ချက်ခြင်း | ၁၉၈ |
| ၃၀၂။ | ဆရာတော်များ ကြုပ်မရခြင်း | ၁၉၉ |
| ၃၀၃။ | သဘင်ခံခြင်း | ၁၉၉ |
| ၃၀၄။ | ပိဋကတ်တော်ရေးခြင်း | ၁၉၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၅။ | သိမ်းထားခြင်း | ၁၉၉ |
| ၃၀၆။ | အင်းဝခေတ်က မင်းဆရာများ ပျံလွန်ရာ၌ ဘုန်းကြီးပျံအစဉ်အလာ | ၂၀၁ |
| ၃၀၇။ | အမရပူရခေတ်ဘုန်းကြီးပျံ ခမ်းနားစွာကျင်းပကြ | ၂၀၂ |
| ၃၀၈။ | မန္တလေး အကြီးအကျယ်ဆုံး ဘုန်းကြီးပျံ | ၂၀၃ |
| ၃၀၉။ | အင်းဝခေတ် သီဟိုဠ်သာသနာ့ဝန်ဆောင် ရဟန်းများရောက်ရှိခြင်း | ၂၀၄ |
| ၃၁၀။ | အင်းဝမင်း ထူပါရုံဒါယကာ နရပတိ သီဟိုဠ်ကျွန်းစွယ်တော်သို့ အလှူတော်များပို့လှူခဲ့ | ၂၀၅ |
| ၃၁၁။ | အင်းဝဘုရင်သီဟသူ မိဖုရားဆံပင်များ တံမြက်စီးပြု သီဟိုဠ်စွယ်တော်ပူဇော် | ၂၀၆ |
| ၃၁၂။ | သီဟိုဠ်ကျွန်းသို့ ပိဋကတ်သုံးပုံလှူ | ၂၀၆ |
| ၃၁၃။ | သီဟိုဠ်ပြန် သိရိသဒ္ဓမ္မကိတ္တိထေရ် အင်းဝ၌ သိမ်သမုတ် | ၂၀၇ |
| ၃၁၄။ | နရပတိမင်းလက်ထက် အင်းဝမဟာသိမ်သမုတ် | ၂၀၈ |
| ၃၁၅။ | ပဌမမင်းခေါင်သိမ် | ၂၀၈ |
| ၃၁၆။ | ဒုတိယမင်းခေါင်သိမ် | ၂၀၉ |
| ၃၁၇။ | အင်းဝခေတ် ဆယ့်နှစ်ရာသီပွဲတော်များ | ၂၁၀ |
| ၃၁၈။ | တန်ခူးလနှင့် အင်းဝပြည်သူများ | ၂၁၀ |
| ၃၁၉။ | ကဆုန်လနှင့် အင်းဝပြည်သူများ | ၂၁၁ |
| ၃၂၀။ | နယုန်လနှင့် အင်းဝခေတ်ရဟန်း ရှင် လူများ | |
| | - ပဉ္စင်းလောင်း ရှင်လောင်းအရေအတွက် | ၂၁၂ |
| | - စာမေးပွဲအောင်စာရင်း | ၂၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဆရာတပည့်တို့အား ချီးမြှင့်ခြင်း | ၂၁၃ |
| ၃၂၁။ | ဝါဆိုလနှင့် အင်းဝပြည်သူများ | |
| | - ပဥ္စင်းလောင်း ရှင်လောင်းတို့ကို ခွဲဝေအပ်နှံခြင်း | ၂၁၄ |
| | - စရိတ်နှင့်ရိက္ခာများ ရွှေတိုက်မှထုတ်ပေးခြင်း | ၂၁၅ |
| | - ဝါဝင်အမိန့်တော်ဖတ်ခြင်း | ၂၁၅ |
| | - ဖတ်ပုံနှင့် သွားလမ်း | ၂၁၅ |
| ၃၂၂။ | ပဥ္စင်းလောင်း ရှင်လောင်းတော်များကို ရွှေစည်းခုံသို့ ဆောင်ယူသဘင်ခံခြင်း | ၂၁၇ |
| | - ရွှေစည်းခုံမှ ဆောင်ယူ၍ပြုရခြင်း | ၂၁၇ |
| | - အစဉ် | ၂၁၇ |
| | - နန်းတော်ရောက်အစဉ် | ၂၁၈ |
| | - လျှောက်စာ | ၂၁၉ |
| | - အမိန့်တော် | ၂၁၉ |
| | - ရေစက်သွန်းခြင်း | ၂၁၉ |
| | - ရွှေစည်းခုံသို့ပြန်ခြင်း | ၂၁၉ |
| | - ပဥ္စင်းခံ ရှင်ပြုအစဉ် | ၂၂၀ |
| | - ပဥ္စင်းနှင့်ရှင်တို့ကို ဆွမ်းဖိတ်ကျွေးခြင်း | ၂၂၀ |
| | - ဝါဆိုလလက်ဆောင်ဆက်အစဉ် | ၂၂၁ |
| | - အလှူတော်လျှောက်စာ | ၂၂၂ |
| | - အမိန့်တော် | ၂၂၂ |
| | - ကန်တော့လက်ဆောင်လျှောက်စာ | ၂၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - လက်ဆောင်များကို ကောက်သိမ်းခြင်း | ၂၂၃ |
| | - မေးမြန်းတော်မူခြင်း | ၂၂၃ |
| | - ဝင်တော်မူခြင်း | ၂၂၃ |
| | - ဘုရင်ထွက်လျှင် အစီအစဉ် | ၂၂၄ |
| | - ကတော်မယားတို့ ကန်တော့ပွဲဆက်အစဉ် | ၂၂၄ |
| | - ဆွမ်းလုပ်ကျွေးခြင်း | ၂၂၅ |
| ၃၂၃။ | ဝါခေါင်လနှင့် အင်းဝမြို့သူမြို့သားများ | ၂၂၆ |
| ၃၂၄။ | တော်သလင်းလ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၂၆ |
| ၃၂၅။ | သီတင်းကျွတ်လ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၂၈ |
| ၃၂၆။ | တန်ဆောင်မုန်းလ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၂၉ |
| ၃၂၇။ | နတ်တော်လ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၃၀ |
| ၃၂၈။ | ပြာသိုလ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၃၁ |
| ၃၂၉။ | တပို့တွဲလ အင်းဝမင်းနှင့် ပြည်သူပြည်သားများ | ၂၃၂ |
| ၃၃၀။ | တပေါင်းလ အင်းဝမင်းများနှင့် ပြည်သူပြည်သားများ | ၂၃၃ |
| ၃၃၁။ | အင်းဝခေတ်သာသနာ့ဝန်ထမ်းတို့၏ ဘွဲ့တံဆိပ်တော်များ | ၂၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

| ၃၃၂။ | အင်းဝမြို့၌ရှိခဲ့သော ပဌာန်းတရားပွဲကြီး | ၂၃၇ |
| ၃၃၃။ | ရွှေရေးစတင်ပေါ် | ၂၃၇ |
| ၃၃၄။ | အင်းဝပဍွင်းထောင်ကျော်ပြုပွဲ | ၂၃၈ |
| ၃၃၅။ | အတင်ဂိုဏ်း, အရုံဂိုဏ်း စတင်ကွဲပြားခြင်း | ၂၃၉ |
| ၃၃၆။ | အရုံတောနေဂိုဏ်း | ၂၄၀ |
| ၃၃၇။ | ဂါမဝါသီရဟန်းတချို့က တောနေရဟန်းတို့ကို နှင်ထုတ်ခြင်း | ၂၄၀ |
| ၃၃၈။ | ဆင်ဖြူရှင်လက်ထက် အတင်ဂိုဏ်း အရုံဂိုဏ်းပြဿနာ မပြီးပြတ် | ၂၄၁ |
| ၃၃၉။ | ဝိနည်းမိုရ်ခန့် ဆုံးဖြတ်စေသော်လည်း မပြီးပြတ်ခဲ့ | ၂၄၂ |
| ၃၄၀။ | ဟံသာဝတီရောက်မင်း လက်ထက်တွင်လည်း မပြီးပြတ် | ၂၄၂ |
| ၃၄၁။ | အလောင်းဘုရားလက်ထက် အတင်ကအရေးသာ | ၂၄၃ |
| ၃၄၂။ | စဉ့်ကူမင်းလက်ထက် အတင်ဂိုဏ်းသားတို့ ဝန်ချရခြင်း | ၂၄၄ |
| ၃၄၃။ | အရုံဂိုဏ်း အနိုင်ရရှိခြင်း | ၂၄၄ |
| ၃၄၄။ | အတင်ဂိုဏ်းဝင်များ လူဝတ်လဲစေခြင်း | ၂၄၆ |
| ၃၄၅။ | <u>ပညာဇောတဓမ္မဒီပဓဇ မဟာဓမ္မဇာရာဓိ ရာဇဂုရု ဆရာတော်အရှင်ပညာရာမ</u> | ၂၄၆ |
| ၃၄၆။ | အတင်ဂိုဏ်းဝင်ပုဂ္ဂိုလ် | ၂၄၇ |
| ၃၄၇။ | အင်းဝသာသနာ့ဝင် အပြီးသတ်ခြင်း | ၂၄၈ |
| ၃၄၈။ | အင်းဝသာသနာ့ဝင်ကျမ်း နိဂုံး | ၂၄၈ |

# အထူး ကျေးဇူးတင် ဝမ်းမြောက်ခြင်း

မိမိ၏ အနန္တကျေးဇူးရှင်ဖြစ်သော သာသနာ့ဝင်ကျမ်းအစ ရှိသော ကျမ်းဂန်ပေါင်း (၃၀၀)ကျော်တို့ကို ရေးသားပြုစုတော်မူသော ကျမ်းပြုဆရာတော်ဘုရားသည် ၁၃၅၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၅)ရက်၊ (၂၉၊ ၇၊ ၁၉၉၂)နေ့၊ ည (၁၁း ၂၀)နာရီအချိန်တွင် သံဝေဂ ဂါထာများကို ရွတ်ပွားတော်မူရင်း သံဝေဂဉာဏ်များပွားလျက် သူ ချစ်မြတ်နိုးအပ်သော စာပေလုပ်ငန်းခွင်မှ အပြီးတိုင် အနားယူတော်မူ သွားပါသည်။

မိမိသည် ဆရာတော်၏ အန္တိမပူဇာသဘင်အပြီးတွင် ဆရာ တော်၏ **ပုဂံသာသနာ့ဝင်၊ ပင်းယသာသနာ့ဝင်၊ အင်းဝသာသနာ့ဝင်၊ အမရပူရသာသနာ့ဝင်၊ ဝိမုတ္တိမဂ္ဂပါဠိ၊ ဒီပဝံသပါဠိ** စာမူများကို အကြောင်းညီညွတ်သည့်အခါ စာအုပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ကုန်သို့ ယူဆောင်လာခဲ့ပါသည်။

ပင်းယသာသနာ့ဝင်ကို (၁၃၆၈)ခုနှစ်က အုပ်ရေ (၂၀၀)ရိုက်နှိပ် ပြီး စာကြည့်တိုက်များနှင့် လှူသင့်လှူထိုက်သော ပညာရှင်များအား လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ဝိမုတ္တိမဂ္ဂပါဠိကို ၁၃၇၀–(၂၀၀၈)ခုနှစ်က နိဿယ အပါအဝင် လက္ခဏာဒီပကထာ၊ ဝိသုဒ္ဓိမဂ္ဂကျမ်းနှင့် နှိုင်းယှဉ် ချက်၊ ဝိသုဒ္ဓိမဂ်ကျမ်းက ပြန်လည်စိစစ်ထားသော ဝိမုတ္တိမဂ္ဂကျမ်း၏ အဆိုအမိန့်နှင့် ဂန္ထန္တရ နှိုင်းယှဉ်ချက်တို့ကို စွမ်းနိုင်သမျှ ရှာဖွေဖော် ထုတ်၍ သာဓကပါဠိကျမ်းညွှန်းများဖြင့် စွမ်းနိုင်သမျှ ရှာဖွေဖော်ထုတ်၍ စာမျက်နှာ (၆၄၄)မျက်နှာဖြင့် စာအုပ်အဖြစ်သို့ရောက်အောင် ဆောင် ရွက်ပြီး ပညာရှင်များထံသို့ ထုတ်ဝေ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

အမရပူရသာသနာ့ဝင်မှာ လိုအပ်ချက်များ ရှိနေပါသေးသည်။ (၂၉၊ ၄၊ ၂၀၀၉)နေ့က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမျိုးမြင့်က ဆရာတော်ဦးကေလာသ (ပခုက္ကူ)၏ စာမူများကို ရိုက်နှိပ်ဖြန့်ဝေလိုပါကြောင်း လျှောက်ထား သဖြင့် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပေးရန် ပေးအပ်ထားသော

ဒေါက်တာတိုးလှထံမှ စာမူရရှိသဖြင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့် (သ. ထ. ပ) အား ပေးအပ်လိုက်ပါသည်။ ယခုကဲ့သို့ ကျမ်းပြု ဆရာတော် အရှင်မြတ်၏ အင်းဝသာသနာဝင်ကျမ်းစာကို စာအုပ်ဖြစ် အောင် ရိုက်နှိပ်ဖြန့်ဝေပေးသဖြင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့် (သ. ထ. ပ)အား အထူးကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူ ပါကြောင်း ဤစာတမ်းဖြင့် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဘဒ္ဒန္တကုမာရ

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယပါမောက္ခချုပ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

## အင်းဝသာသနာဝင်
## ကျမ်းဦးမှတ်ဖွယ်

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသအပါအဝင် မဂဓတိုင်းရှိ ရာဇဂြိုဟ် မြို့ဟောင်းသည် ရဟန္တာသခင်အရှင်သူမြတ်တို့ သီတင်းသုံးရာကျောင်း-တိုက်ဟောင်းကြီး ၁၈-တိုက်တို့ စသည်တို့ဖြင့်လည်းကောင်း၊ ဓာတ်တော်တိုက် ပဋ္ဌမသံဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူတော် ဣန္ဒသာလ လိုဏ်ဂူ စသည်တို့ဖြင့်လည်းကောင်း သမိုင်းကြောင်း ပြန်ပြောင်း ရှုမြော် လေ့လာ၍မငြီးနိုင် ဖြစ်သကဲ့သို့ အင်းဝမြို့တော်ဟောင်းသည် စေတီ ပုထိုးအမျိုးမျိုး ကျောင်းတိုက်ကြီးအမျိုးမျိုး စသည်တို့ဖြင့် လေ့လာ ၍မငြီးနိုင်ရှိလေတော့သည်၊ အင်းဝမြို့တော်၌ သီတင်းသုံးနေထိုင်၍ သာသနာပြု တော်မူခဲ့ကြသော သာသနာ့ဝန်ဆောင်များ, အင်းဝခေတ် ပေါ် သာသနာ့ဝန်ဆောင်များ၏ လုပ်ဆောင်ချက်တို့မှာ အောက်မေ့ ဖွယ်တို့ စင်စစ် ဖြစ်ကုန်၏။

## သာသနာပြုဘုရင်များ

ရတနာပူရအင်းဝမြို့တော်၌ အင်းဝတည် သတိုးမင်းဖျားမှစ၍ ဟံသာဝတီရောက် မင်းတရားတိုင်အောင် မင်းဆက်ပေါင်း ၃၀-ဖြစ် လေသည်၊ သို့ရာတွင် နောက်ထပ်တဖန် အင်းဝမြို့ တည်ထောင်၍ အင်းဝမြို့၌ စံတော်မူသော နိဗ္ဗာန်ဆိပ်ဦး စေတီတော် ဒါယကာ ဆင်ဖြူရှင်မင်းတရားကြီး, မိုးထိကျောင်းတိုက် ဒါယကာ စစ်ကူမင်း တရားကြီး, မဟာဝိဇယရံသီစေတီတော်ဒါယကာ စတုတ္ထ အင်းဝမြို့ တည် ဘကြီးတော်မင်းတရားတို့ကိုပါ ထည့်သွင်းရေတွက်လျှင်ကား အင်းဝစံ မင်းပေါင်း ၃၃-ယောက် ဖြစ်လေသည်။

## စိတ်ဝင်စားဖွယ်များ

ဖော်ပြပါမင်းပေါင်း ၃၃-ဆက်တို့တွင် ဆိုးဆိုးဝါးဝါး တူးတူး ခါးခါး ဖြစ်ရပ်မှာ သက္ကရာဇ် ၈၈၈-ခုနှစ်တွင် နန်းတက်သည့် သိုဟန်ဘွား

လက်ထက်တွင် ဖြစ်လေသည်၊ သက္ကရာဇ် ၉၀၁-ခုနှစ်တွင် သိုဟန်ဘွားသည် 'ရဟန်းသံဃာတို့ကား သားမယားမရှိကြ၊ တပည့်တပန်းထား၍ ပုန်ကန်မူ ပုန်ကန်နိုင်သည်၊ ယင်းတို့ကို သုတ်သင်မှုဖြစ်မည်' ဟု ကြံစည်၍ အင်းဝမြို့ တောင်ပလူလယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောင် ဆောက်လုပ်စေပြီးလျှင် ဆွမ်းဆက်ကပ်လှူဒါန်းမည့်အဟန်နှင့် စစ်ကိုင်း, ပင်းယ, အင်းဝပတ်ဝန်းကျင်ရှိ ရဟန်းသံဃာများကို မဏ္ဍပ်တွင် ပင့်စေလေသည်၊ ရဟန်းသံဃာများ ၁၃၀၀-ကျော် စုဝေးမိလေသည်၊ ရဟန်းသံဃာများ စုံရာအခါတွင် ဆင်, မြင်း, ဗိုလ်ပါများ ဝန်းရံ၍ ရဟန်းသံဃာတို့ကို သတ်လေသည်၊ ထိုစဉ်က သိုဟန်ဘွားလက်ချက်ကြောင့် ရဟန်းသံဃာတော်ပေါင်း ၃၆၀-ကျော် ပျံလွန်သည်ဟု အဆိုရှိသည်၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တတ် ရဟန်းတော် ၃၀-ကျော် ပါရှိသတတ်။ သို့ရာတွင် ယင်းသို့ ရဟန်းသံဃာများ သတ်ဖြတ်ပြီး ၂-နှစ်ခန့်အကြာတွင် ရွှေနန်းကြော့ရှင်၏ တူတော်ဖြစ်သော မင်းကြီးရန်နောင် လုပ်ကြံသဖြင့် သိုဟန်ဘွား ကွယ်လွန်လေသည်၊ ယင်းသို့ သိုဟန်ဘွားမှလွဲ၍ ကျန်မင်းတို့မှာ ဗုဒ္ဓဘာသာ သာသနာပြုမင်းတို့ ဖြစ်ကြကုန်၏။ ယင်းသာသနာပြုမင်းတို့၏ လက်ထက်၌ သာသနာပြုရဟန်းတော်တို့၏ သာသနာပြုပုံ, အင်းဝဘုရင်တို့၏ သာသနာပြုပုံတို့မှာ လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

## အင်းဝသာသနာဝင်ကျမ်းပြုစုခြင်း

ဤစာပြုသူသည် မြန်မာပြည်၌ ထင်ရှားထူးခြားသော မြို့ကြီးပြကြီးတို့၏ သာသနာ့သမိုင်း သာသနာဝင်ကျမ်းများ ရှိသင့်သည်ဟု ယူဆပါသဖြင့် ရဟန်းသိက္ခာ ၁၆-ဝါကစ၍ နိကာယ်ကျမ်းကြီးများနှင့် တကွ စာပေမျိုးစုံတို့ကိုချပို့ရင်း အကြားအကြား၌ သာသနာဝင်ကျမ်းများကို စတင်ပြုစု ရေးသားခဲ့ပါသည်။ ယင်းသို့ ရေးသားခဲ့သဖြင့် ပခုက္ကူသာသနာဝင်ကျမ်း, မဟာဝိသုတာရာမနိကာယသာသနာဝင်ကျမ်း, မန္တ-

လေး သာသနာဝင်ကျမ်း, ပုဂံသာသနာဝင်ကျမ်း, ပင်းယသာသနာဝင် ကျမ်း, စစ်ကိုင်းသာသနာဝင်ကျမ်းတို့ကို ရေးသားပြီးဆုံးပါသည်။စ စစ်ကိုင်းသာသနာဝင်ကျမ်း ရေးသား၍ အပြီးတွင် သမိုင်းသာသနာဝင် မှတ်တမ်း ကျမ်းဂန်အမျိုးမျိုး, ရာဇဝင်ကျမ်းအမျိုးမျိုး, အင်းဝခေတ်ပေါ် ပါဠိကျမ်းဂန်များ, ပျို့ကဗျာလင်္ကာကျမ်းများ စသည့်ကျမ်းဂန်များကို မှီငြမ်းပြု၍ ၁၃၃၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်လောက်ကစ၍ ရေးသားခဲ့ပါသည်။ ၁၃၃၆-ခုနှစ် ကဆုန်လဆန်း ၁၁-ရက်နေ့တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသည်။ ဤအင်းဝသာသနာဝင် ရေးစဉ်အတွင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တာတည် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိဒီပနီကျမ်းနှင့် ဘုန်းတော်ဘွဲ့ဂါထာတစ်ရာပါဌ်နိသျ ကျမ်းတို့ကိုလည်း ရေးသားခဲ့ရသဖြင့် အင်းဝသာသနာဝင် အပြီး နောက်ကျခဲ့ပါသည်။

## ဖတ်ရှု၍ သံဝေဂယူကြ, သဒ္ဓါတရား ပွားများကြ

အင်းဝသာသနာဝင်ကျမ်းကြီး၌ မှတ်စရာတွေ သံဝေဂယူစရာ တွေ ကြည်ညိုစရာတွေ များစွာ ပါရှိကုန်၏။ မှတ်စရာ သံဝေဂယူစရာ ကြည်ညိုစရာတို့ကို ဖတ်ရှုလေ့လာပြီး၊ မှတ်သားမိအောင်ပြု လေ့လာ ပြီး၊ သံဝေဂယူခြင်း သဒ္ဓါတရားပွားများခြင်းတို့ဖြင့် ကုသိုလ်တရားတိုး တက်အောင် ပြုနိုင်ကြပါစေဟု ဆုတောင်းရင်း ဤစာနိဒါန်းကို လက်စ သတ်လိုက်ပါပြီ။

**အရှင်ကေလာသ**

ဓမ္မာစရိယ, ဂဏဝါစက, **B.A** (ဝိဇ္ဇာဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။
၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း ၁၃-ရက် (၃. ၅. ၁၉၇၄)

# အင်းဝသာသနာဝင်

နမော တဿ

ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

----o----

## ရတနတ္တယပဏာမ

**ဝန္ဒေ သာသနဝံသဿ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။**
**သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။**

အဟံ= အင်းဝသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အားသွန်ကြိုးကုတ် အကျွန်ုပ်သည်။ သာသနဝံသဿ= ကိုယ်တော်မြတ်စွာ ဦးစွာတည်ထွင် ကိုယ်တော့်သာသနာဝင်ကို။ ဒေသကံ= နောင်လာအများ သိစေသားဟု ဟောကြားတော်မူတတ်သော။ အဂ္ဂပုဂ္ဂလံ= လောကဓာတ်တွင် အမြတ်ခေါင်ဖျား သဗ္ဗညုမြတ်စွာဘုရားကိုလည်းကောင်း။ တေန= ထိုသဗ္ဗညုမြတ်စွာဘုရားသည်။ သေဝိတံ= အမြဲမပြတ် မှီဝဲအပ်တော်မူသော။ ဓမ္မဉ္စ= မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်းကောင်း။ နိရင်္ဂဏံ= ရာဂ ဒေါသ မောဟ အင်္ဂဏ ကင်းစင်ပတော်မူသော။ သံဃဉ္စာပိ= ရှစ်ပါးသံဃာ အရိယာကိုလည်းကောင်း။ ဝန္ဒေ= ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

## အာစရိယပဏာမ

ပုဗ္ဗာစရိယသီဟေ စ၊ ဝိသုတာရာမဝါသိနော။
တေပိဋကေပိ ဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

ဝိသုတာရာမဝါသိနော= ပခုက္ကူမြို့ မဟာဝိသုတာရာမ စာချ အရာမ် ဗိမာန်တော်ကြီး၌ စံပျော်ရွှင်ပြ သီတင်းသုံးတော်မူခဲ့ကြကုန်သော။ တေ ပိဋကေပိ= ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကို အလွယ်ကူးခတ် ချပို့တော်မူတတ်သည်လည်း ဖြစ်ကုန်သော။ ပုဗ္ဗာစရိယသီဟေ စ= မူလ တိုက်တာတည် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထ-သာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာ-ပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန် သော ရှေးဆရာမြတ်တို့ကိုလည်း။ သုနိဝါတေန= လွန်စွာနှိမ့်ချ ရိုတုပ်ကွ သော။ စေတသာ= သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ ဝန္ဒာမိ= ဆယ်လက် မြှောက်မိုး ရှိခိုးပါ၏။

## ပဋိညာဉ်

အင်းဝဝံသံ ကရိဿာမိ၊ ဝံသိကာနံ ဟိတာဝဟံ။
ဩလောကေတွာ ဣတိဟာသ-ဂန္ထေ သန္ဓေ'ဘိပုစ္ဆိယ။

အဟံ= အရှင်ကေလာသ ခေါ်ဝေါ်ကြငြား နှစ်ပါးနာမ်ရပ် အကျွန်ုပ် သည်။ ဝန္ဒိတွာ= ရတနာသုံးပါး ဆရာသမားတို့ကို လေးစားရိုကြိုး ရှိခိုး ဦးချပြီး၍။ ဣတိဟာသဂန္ထေ= သာသနာဝင်နှင့်စပ် အရပ်ရပ်သော သမိုင်း ကျမ်းဂန်တို့ကို။ ဩလောကေတွာ= သေချာစေ့ငု ကြည့်ရှု၍လည်းကောင်း။ သန္ဓေ= သမိုင်းပညာ ကောင်းစွာကျွမ်းကျင် ပညာရှင်တို့ကိုလည်း။ အဘိ-ပုစ္ဆိယ= မေးမြန်း၍လည်းကောင်း။ ဝံသိကာနံ= သာသနာဝင်ကျမ်း၌ စွဲလမ်း ပိုမို သာသနာဝင်ကို သိလိုကြကုန်သော ပုဂ္ဂိုလ်တို့၏။ ဟိတာဝဟံ= အကျိုးစီးပွားကို ရွက်ဆောင်တတ်သော။ အင်းဝဝံသံ= အင်းဝသာသန-ဝံသံ= အင်းဝသာသနာဝင် မည်တွင်တောက်လျှမ်း အင်းဝသာသနာဝင် ကျမ်းကို။ ကရိဿာမိ= ဂန္ထဓူရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားစီရင် ပါအံ့သတည်း။

## ရွှေစည်းခုံဘုရား

ရွှေစည်းခုံဘုရားသည် အင်းဝ၌ ထင်ရှားသော စေတီတစ်ဆူ ဖြစ်တော်မူလေသည်။ "နေ့ာ ဒွိ သတ်မှာ၊ မင်းကြီးစွာ၊ သချ်ာတေတ္တိ ရှည်"ဟူသည်နှင့်အညီ မင်းကြီးစွာစော်ကဲသည် သက္ကရာဇ် ၇၂၉-ခု နှစ်တွင် မင်းဖြစ်၍ အင်းဝမြို့တော်၌ စိုးစံတော်မူခဲ့လေသည်။ နန်းသက် ၃၃-နှစ် ရှည်လေသည်။

မင်းမြတ်သည် ရခိုင်က ငယ်ဆရာဘုန်းကြီးက "အသက်ရှည် လိုလျှင် အနောက်တောင်ထောင့်အရပ်မှာ စည်းခုံတည်လေ"ဟူသော မိန့်မှာချက်ကြောင့် သက္ကရာဇ် ၇၄၅-ခုနှစ်တွင် မြစ်ငယ်အရှေ့ဖက် အင်းမြေကို လက်ဆင့်ကမ်းစေ၍ အုန်းနှဲအင်းကို ဖို့ရ၏၊ ထိုအရပ်၌ စည်းခုံစေတီကို တည်တော်မူခဲ့လေသည်။

ရင်းရဲကျောက်ဆောင်အနီးရှိ မုဋ္ဌောဘုရား ရေတိုက်စားသော် ဓာတ်တော်ကြုတ်ကို ဧရာဝတီမြစ်ဝယ်ရှိသော ဧရာပထနဂါးမင်းရ၍ ကိုးကွယ်ထားလေ၏၊ ရွှေစည်းခုံတည်မည့်ကာလတွင်မှ အရှင်ဒါဌာနာဂ မထေရ်အား ကြုတ်နှင့်တကွ ဓာတ်တော်ငါးဆူကို နဂါးမင်းပေးအပ် လာရာ အရှင်ဒါဌာနာဂမထေရ်က ယင်းဓာတ်တော်များကို မင်းကြီး စွာ စော်ကဲအား ချီးမြှင့်လေသည်၊ မင်းကြီးစွာစော်ကဲသည် ဓာတ်တော် ၂-ဆူကို ယင်းရဲမုဋ္ဌောတွင် ဌာပနာသည်၊ ကျန် ၃-ဆူကို ရွှေစည်းခုံ တွင် ဌာပနာခဲ့လေသည်၊ အခြားမွေတော်ဓာတ်တော်တို့ကိုလည်း ဌာပနာတော်မူ၏။[၁]

---

၁။ တွင်းသင်းရာဇဝင်သစ်။ ၂၁၆။
သာသနာလင်္ကာရ။ ၁၃၆။ ကြည့်။

## ရွှေစည်းခုံ ဘုရားရှိခိုး

**ဓာတုယော နိဒဟိတွာန၊ ဘူပတိနာ သုကာရိတံ။**
**ရွှေစည်းခုံစေတိယံ နာမ၊ ဝန္ဒာမိ သိရသာဒရံ။**

ဓာတုယောနိဒဟိတွာန= ဓာတ်တော်များစွာ ဌာပနာ၍။ ဘူပတိနာသုကာရိတံ= အင်းဝရာဇာ မင်းကြီးစွာစော်ကဲ ပြုလုပ်တည်ထားစေအပ်သော။ ရွှေစည်းခုံစေတိယံ နာမ= ရွှေစည်းခုံမည် စေတီတော်မြတ်ဘုရားကို။ အဟံ= အကျွန်ုပ်သည်။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ= လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ= ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

ပဉ္စမနဝဒေးကြီးသည် ရွှေစည်းခုံဘုရားနှင့်စပ်၍ အောက်ပါ ရွှေစည်းခုံဘုရားတိုင်ရတုကို ဖွဲ့ဆိုခဲ့လေသည်။

## ရွှေစည်းခုံဘုရားတိုင်ရတု

**ရှက်လျှံမှောင်လည်း။** ။ချမ်းဝကြည်သား မြရည်စပေ ပတ်ခွေရံဝန်း မြင့်မိုရ်ထွန်းသို့ အောင်ကျွန်းသံလျက် မင်းစံချက်၌ ရှေးဆက်မြင့်ရှည် မင်းဖျားတည်သည် နတ်ပြည်မယွန်း ရွှေဝနန်းဝယ် ရိုက်မွန်းအာဏာ မင်းကြီးစွာဟု သစ္စာလေးဆင့် ပွင့်အံ့အမှန် ထွတ်ဘုန်းဝှန်လျှင် ငါးမာရ်ပယ်ခွေ ရှင်တော်မွေကို စံရွှေသိင်္ဂါ ကိုးဖြာမျက်စုံ ရှက်ရုံရစ်လည် တင့်ကြောင်းတည်သည် ခြောက်မည်ရောင်ဟုံ ရွှေစည်းခုံဟု သုံးဘုံလူနတ် သကျထွတ်ဝယ် ပြာလက်နဲ့မွေး ချောငြိမ့်လေးကို စုံရွှေးချယ်ချ ဆုမြတ်ယူထ ဆံဖြူမချွတ် ပြည့်မည်မှတ်ရှင့် လျှံပတ်တေဇာ ဉာဏ်စက်ဝါသည်။ **။ခြောက်ဖြာရောင့်တင့် တက်ပျံ့သောဝ်။**

**တက်ပျံ့ရောင်ခြည်။** ။ထွန်းလျှံတည်လျက် ထိန်တည်ဝဏ္ဏဝါ အာဏာဝှန်ထယ် ဘဝဂ်မိုးခေါင် ညီးညီးပြောင်သည် သုံးဘောင်လူ့ပန်း ထွတ်ဦးစွန်းဝယ် သိန်းသန်းသချေ့ တွက်ရေမသာ မေတ္တာထပ်ဆင့်

ကြင်ဝန်းမြင့်ခဲ့ စံသင့်လှနေ ပြစ်မျိုးထွေသား တောင်ဝေလူထွတ်တောအရပ်သို့ ရောင်မွတ်ညက်ချေ ပြည့်သရေတည့် ရိုသေညွတ်ကြည်လျှောက်ပါသည်လည်း ရိပ်မြည်သံမြွက် မိန့်မည်စက်ခဲ့ ခန့်တွက်ထွေထွေ အောက်မေ့ချေမူ မှိုင်ဝေပတ်ဆိုက် နှင်းနှယ်မိုက်မျှ ခေါ်စိုက်ပျောင်းပျ ကြောင်းခြင်းတထို သကျာဘုန်းဟူ ဉာဏ်တော်တူတော့ ပြစ်မြူလွတ်ထွေ ရှန်းတင့်နေမူ မြူတေလျှံဖြိုး လှခေါင်မိုးသည်။ ။**ပြစ်မျိုးရှောင်လွှင့် ထက်စံသောဝ်။**

**ထက်စံရှောင်သည်။** ။ဝင်းမွတ်ကြည်မူ ပြစ်ခြည်လွတ်စင်ရှောင်လွှင့်ကျင်သည် ရွှေစင်သိင်္ဂါ ကြိမ်ရာလှော်သစ် သွန်း၍ဖြစ်သို့ကျစ်လစ်သဘော တင့်မောနေကြ ပြောင်ရှန်းပသည် လှများမဍ္ဍူမျိုးကြင်သူလည်း ဆံမြရိပ်ခြည် ဘယ်နံ့သည်လျှင် မွှေးကြည်ကြိုင်ပျံ့မိန့်ပါအံ့လည်း မခသည်မြေ ပျောင်းညွတ်ခွေခဲ့ လျှံဝေရောင်လှစ်ရှင်းပျစ်ပျစ်လျှင် ထင်ပြစ်ကင်းစင် လှဆင်းပြင်းနှင့် စုံလျှင်သွယ်အောင်ဉာဏ်တော်ရောင်ဖြင့် ဘုန်းခေါင်သနင်း ရှုဘန်ဆင်းလော့ ပြာရှင်းနွဲ့မွတ် နှောင်သတ်မှတ်သည် စံလွတ်တင့်ရာ ဆင်းသူဇာနှင့် မေတ္တာထပ်လှိုင်း ချစ်ကြိုးဆိုင်းသည်။ ။**ဆက်တိုင်းနှောင်နှင့် သက်နှံသောဝ်။**

## မင်္ဂလာစေတီတော်

တံတားဦး မင်္ဂလာစေတီတော်မှာ အင်းဝမြို့ ဇေယျာပထ တံတားဦးထိပ်တွင် တည်ရှိသည်။

သက္ကရာဇ် ၈၄၂-ခုနှစ်တွင် နန်းတည်သော အင်းဝဒုတိယ မင်းခေါင်သည် အိမ်ရှေ့မင်း (ဥပရာဇာ)ဖြစ်စဉ်ကပင် တံတားဦးအရပ် ဒေသ၌ မင်္ဂလာစေတီ တည်ထားကိုးကွယ်ရန် ဆန္ဒရှိခဲ့လေသည်။ ယင်းသို့ ဆန္ဒရှိသဖြင့် ဘုရားတည်ရန် အုဌ်,ကျောက်များ စုဆောင်း ခဲ့လေသည်၊ ထို့နောက် မင်းအဖြစ်သို့ ရောက်သောနှစ်တွင်ပင် စေတီ တော်ကြီးကို စတင်တည်တော်မူခဲ့လေသည်။

သက္ကရာဇ် ၈၅၈-ခုနှစ်တွင် ဓာတ်တော်မွေတော်များ ရုပ်တု အသီးသီး, ရတနာအမျိုးမျိုး ဌာပနာကာ အထက်ဌာပနာတိုက်ကို ပိတ်နိုင်ခဲ့လေသည်၊ ၈၆၀-ခုနှစ်တွင် ထီးတော်တင်၍ စေတီတော်ကြီး အပြီးသတ်တည်တော်မူခဲ့လေသည်။

## မော်ကွန်းဖွဲ့ဆိုကြ

ဓာတ်တော်ပင့်ဆောင် ဌာပနာခန်း, ဌာပနာအစီအရင်များနှင့် ပွဲသဘင်များ ကြီးကျယ်ခမ်းနားပုံကို အရှင်မဟာသီလဝံသနှင့် အရှင် မဟာရဋ္ဌသာရ စာဆိုတော်အရှင်မြတ်တို့ မော်ကွန်းအသီးသီး ရေးထိုး ခဲ့ကြရာ တံတားဦးတည်မော်ကွန်းဟု ထင်ရှားလေသည်၊ သာလွန် မင်းတရားကြီးလက်ထက်တွင် မင်္ဂလာစေတီတော်ကို ရွှေသင်္ကန်းကပ် လှူခဲ့လေသည်။

## မင်္ဂလာစေတီဘုရားရှိခိုး

ကာရိတံ အင်းဝရာဇေနေ၊ ဒုတိယမင်းခေါင်တိနာမိနာ။
မင်္ဂလာဝှယစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ= အကျွန်ုပ်သည်။ ဒုတိယမင်းခေါင်တိနာမိနာ= ဒုတိယ မင်းခေါင် အမည်ရှိသော။ အင်းဝရာဇေနေ= အင်းဝဘုရင်သည်။ ကာရိတံ= တည်ထားစေအပ်သော။ မင်္ဂလာဝှယစေတိယံ= မင်္ဂလာ အမည်ရှိသော စေတီတော်မြတ်ဘုရားကို။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ= လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ= ရှိခိုးဦးချပါ၏။

## အင်းဝနန်းမြို့တော်

အင်းဝမြို့တော်သည် ထီးဆောင်းမင်းဆက်ပေါင်း သုံးဆယ် တို့၏ နန်းစိုက်ရာမြို့တော်လည်း ဖြစ်လေသည်၊ ဘုရားမြတ်စွာ သာသနာရောင်လည်း တောက်ပြောင်ထိန်ဝင်း လင်းလက်ရာမြို့မွန် မြို့မြတ်လည်း ဖြစ်ခဲ့လေသည်၊ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိ, ရာဇဂြိုဟ်စသော မြို့တို့သည် သာသနာတည်ထွန်းရာမြို့အဖြစ် ထင်ရှားကုန်သကဲ့သို့ အင်းဝမြို့သည်လည်း တစ်ခေတ်က သာသနာ တည်ထွန်းရာ မြို့အဖြစ် လွန်စွာထင်ရှားခဲ့လေသည်။

## ဘုရား ပုထိုး ကျောင်းတိုက်တို့ဖြင့် တင့်တယ်ခဲ့

ငင်းပြင် မြို့တွင်း စည်းခုံဘုရား, မာရ်အောင်ရတနာဘုရား, ရွှေရင်းရဲဘုရား, ရွှေစေတီဘုရား, ထီးလှိုင်ဘုရား, ဘုရားဘုရား, ရွှေ မုဋ္ဌောဘုရား, ဂူဖြူမုဋ္ဌောဘုရား, ဂူတော်သစ်ဘုရား, မဟာဘုံသာဘုရား, ရန်အောင်မြင်ဘုရား, ဟံသာကျဘုရား, မြသိန်းတန်ဘုရား, ရွှေဘုံသာ ဘုရား, မဟာနေ့ာဘုရား, မဟာဇန်ဘုရား, သာထွန်းဦးဘုရား,

လောကမာရ်အောင်ဘုရား အစရှိသော ရွှေရည်ဝင်းဥနေသည့် ဘုရားပုထိုးအမျိုးမျိုးတို့ဖြင့်လည်းကောင်း, ရတနာဗိမာန်ကျောင်းတိုက်, ကျော်အောင်စံထားကျောင်းတိုက်, ရွှေစည်းခုံကျောင်းတိုက်, လယ်ပြင်ကျောင်းတိုက်, မြကျောင်းတိုက်, တပ်တော်ကျောင်းတိုက်, အောင်ဘုံကျော်ကျောင်းတိုက်, မိုးထိကျောင်းတိုက်, မဟာအောင်မြေဘုံစံကျောင်းတိုက်, ဘုံကျော်တုလွတ်ကျောင်းတိုက်, အောင်မြေစံလွတ်ကျောင်းတိုက်စသည့် ကျောင်းတိုက်တို့ဖြင့်လည်း တင့်တင့်တယ်တယ် ရှိခဲ့လေသည်။

## လူမျိုးစုံတို့ ပျော်ရွှင်ရာ

အင်းဝမြို့သည် တခေတ်ကပင် မြန်မာ, ရှမ်း, မွန်, ကုလားစသော လူမျိုးပေါင်းစုံတို့၏ နေရာဖြစ်ပြီး အိမ်ချေ သောင်းချီရှိပြီး လူဦးရေ သိန်းချီ၍ နေထိုင်ရာ မြို့တော်ဖြစ်ပြီး ကြက်ပျံမကျ စည်ကားရာ မြို့ကြီးပြကြီး ဖြစ်ခဲ့လေသည်။

## ပညာရှင်ရဟန်းတော်တို့ သာသနာပြုရာ

ယင်းအင်းဝမြို့တော်အား အရှင်မဟာရဋ္ဌသာရမဟာထေရ်, အရှင်သီလဝံသမဟာထေရ်, အရှင်သဒ္ဓမ္မဇောတိပါလမဟာထေရ်, အဂ္ဂသမာဓိမဟာထေရ်, ဆရာတော်ဦးဗုဓ်စသော သာသနာ့အာဇာနည် ပညာရှင်မဟာထေရ်မြတ်ကြီးတို့၏ ကြာရှည်လေးမြင့် သီတင်းသုံး၍ သာသနာပြုစုရာ မြို့မွန်မြို့မြတ်လည်း ဖြစ်ပေသည်။

## သမိုင်းအကျဉ်း

"ထိန်ကျော်ဟိုး သတိုးမင်းဖျား"[၁] ဟူသည်နှင့်အညီ သတိုးမင်းဖျားသည် ပင်းယမြို့မှာ အနေအထားမကောင်းသဖြင့် ဆန့်ကျင်ပက်ရန်သူများ ဝင်ရောက်တိုက်ခိုက်ရန် လွယ်ကူသည်၊ စစ်ကိုင်းမြို့

၁။ [illegible] သက်ရာဇဝင်သံပေါက်။

မှာလည်း တဘောင်မကောင်းသဖြင့် မြို့တော်လုပ်ရန်မသင့်ဟု ယူဆ၍ သက္ကရာဇ် ၇၂၆-ခုနှစ်တွင် ရွှေကြာအင်း, စနီးအင်း, ညောင်စောက်အင်း, ဝက်ချေးအင်း, ဥနဲအင်း, လင်စံအင်း, အင်းမအင်း, ဘေးမဲ့အင်း, ဝမ်းဘဲအင်းဟူသော အင်းကိုးအင်းကို ဖို့ကာ မြို့တော်တည်တော်မူခဲ့လေသည်၊ ယင်းသို့ အင်းနဝကို ဖို့၍ တည်ထောင်သော မြို့ဖြစ်သောကြောင့် တနည်း အင်းနဝရှိရာ တည်သောမြို့ဖြစ်သောကြောင့် အင်းနဝခေါ်သည်၊ နောက်တွင် အင်းဝဟုတွင်ကြောင်း ဆိုကြကုန်၏။

အင်းနဝဣတိ ပုဗ္ဗေဟိ၊ သန္တေဟိ အဘိလက္ခိတံ။
နကာရဿ လောပံ ကတွာ၊ ပစ္ဆာ အင်းဝါတိ ဝုစ္စတိ။

## အဝ–ဟူ၍ ခေါ်ကြသည်

တက်နွယ်ကျောက်စာ, ကောင်းမှုတော်ကျောက်စာ စသည်တို့၌ အဝဟူ၍ ရေးသားထားသည်ကို တွေ့နိုင်လေသည်၊ အင်းတို့၏အဝ၌ တည်သောမြို့ဖြစ်သောကြောင့် အဝမည်ကြောင်းကိုလည်း ကြံကြကုန်သေး၏၊ ရတနပူရဟူသောအမည်သည်လည်းကောင်း, တမ္ဗဒီပဟူသော အမည်သည်လည်းကောင်း အင်းဝမြို့၏ အမည်များဖြစ်ကုန်၏။

အဝဣတိပိ နာမမ္ဟိ၊ ရတနာပုရာဘိဓာနကံ။
တမ္ဗဒီပဝေါဟာရမ္ဟိ၊ ဝေါဟာရံ ဗဟုလာ ဇနာ။

## အင်းဝမြို့စံမင်းများ

အင်းဝမြို့၌-

- ထိန့်ကျော်ဟိုး သတိုးဖျား= သတိုးမင်းဖျား ၇၂၆
- တကားနော စော်ကဲမှတ်= မင်းကြီးစွာကဲ ၇၂၉
- တင်သာချ တရဖျား= တရဖျားမင်း ၇၆၂

- နှစ်မခြားခင် မင်းခေါင်ကြီး= မင်းခေါင်ကြီး ၇၆၂
- ထီးရှစ်လီ သီဟသူ= သီဟသူမင်း ၇၈၄
- တုရွှေတွင်း မင်းလှငယ်= မင်းလှငယ်မင်း ၇၈၇
- ထယ်ရွှေထွေး ကျေးတောင်ညို
  လကိုဆိုပေါင်း သတ္တ= ကလေးကျေးတောင်ညိုမင်း ၇၈၇
- ဒါရုရ မိုးညှင်းဖြစ်= မင်းညှင်းမင်းတရား ၇၈၈
- ရှားနှစ်အဲ ရဲကျော်စွာ= မင်းရဲကျော်စွာ ၈၀၁
- ရွှေနန်းလာ ထူပါရုံဒါယကာ=
  ထူပါရုံဒါယကာ နရပတိကြီး ၈၀၄
- ရှင်စံနှိုး မင်းကြီးမဟာသီဟသူရ=
  ပြည်စုန်မင်း မဟာသီဟသူရ ၈၃၀
- ရံဝန်းခံ ဒုတိယမင်းခေါင်= ဒုတိယမင်းခေါင် ၈၄၂
- ရှင်သာစံ နန်းကြော့ရှင်= ရွှေနန်းကြော့ရှင် ၈၆၃
- ရွှေရင်ရံ သိုဟန်ဘွား= သိုဟန်ဘွား ၈၈၈
- ကိုးနတ်စား ခံ့မှိုင်းစိုး= အုန်းပေါင်းခံ့မှိုင်း ၉၁၃
- ကိုးနတ်ရဲ မိုးဗြဲနရပတိစံ= မိုးဗြဲနရပတိ ၉၀၈
- နောအင်းစံ စည်သူကျော်ထင်ခါ= စည်သူကျော်ထင် ၈၁၃
- နောအံသာ သတိုးစော နောလေမြင့် ပြည်ကခွာ=
  သတိုးမင်းစော ၉၁၆
- လက်ျာစည် ထိဝသော= လက်ျာစည်သူ ၉၄၅
- နောလေရှဲ ရဲကျော်စွာ= မင်းရဲကျော်စွာ ၉၄၈-၉၅၄

အားဖြင့် အစဉ်အတိုင်း မင်းဆက် ၂၀-တို့ အုပ်ချုပ်ခဲ့ကြကုန်၏။[1] ၎င်းနောက် အင်းဝသည် ၅-နှစ်မျှမင်းဆက်ပြတ်၍ နေခဲ့လေသည်။[1] တဖန်တချက် အင်းဝမှာ 'နောပဋ္ဌာနဝ ညောင်ရမ်းရောက်'ဟူသည်နှင့်အညီ ညောင်ရမ်းမင်း ၉၅၉-၉၆၇ ခုနှစ် အင်းဝ၌ နန်းစိုက်၍ မင်းပြုခဲ့လေသည်။

---

၁။ နောပဋ္ဌာပဋ္ဌ ပြည်သို့စုန် တောခြုံဖြစ်သည် လေးနှစ်မျှ။

ဍင်းနောက်- နောသောထောက် အနောက်ဖက်လွှန်=

အနောက်ဖက်လွှန်မင်း ၉၆၇
- နောနောန် မင်းဒိဗ္ဗ= မင်းရဲဒိဗ္ဗ ၉၉၀
- နောနောအ သာလွှန်မင်း= သာလွှန်မင်းတရား ၉၉၁
- အင်းနှင့်အနီး ငါးထပ်ပြီး=
ငါးထပ်ကြီးဒါယကာ မင်းရဲရန္တမိတ် ၁၀၁၀
- အနီးကျော်စွာ ပြည်မင်းခါ= ပြည်မင်း ၁၀၂၃
- အာဏာစက်ဝင်း ဆဲ့တလနှင့်ပြောင်းသည်
အိမ်ရှေ့မင်း= နရာဝရမင်း ၁၀၃၄
- ဍင်းနှစ်ပင် အင်္ဂါမင်း အင်္ဂမင်းတွင်သည့်
ဝမ်းအင်းစံ (မင်းရဲကျော်ထင်) ၁၀၃၄
- အင်းနှင့်သာ နေမင်းစနေ= စနေမင်း ၁၀၆၀
- ဧနိတောသား တနင်္ဂနွေမင်းတရား= တနင်္ဂနွေမင်း ၁၀၇၆
- အနားကိုးမြွာ နံ့ဇိတ္တာ= ဟံသာဝတီပါမင်း ၁၀၉၅-၁၁၁၃

အသီးသီး အုပ်ချုပ်စိုးစံခဲ့ကြကုန်၏။

မွန်တို့သည် အင်းဝမြို့တော်ကို သိမ်းယူကြပြီးနောက် မကြာမီအတွင်း ၁၁၁၅-ခုနှစ်မှာပင် အလောင်းဘုရားသည် အင်းဝမြို့တော်ကို သိမ်းပိုက်ရုံမက မြန်မာနိုင်ငံတော်ကို ကျယ်ဝန်းစွာ တည်ထောင်နိုင်ခဲ့လေသည်။

အလောင်းဘုရားမင်းတရားသည် အင်းဝမြို့ကို မြို့တော်မပြုပဲ ရွှေဘိုမြို့ (ရတနာသိင်္ဃမြို့)ကို တည်ထောင်၍ စိုးစံတော်မူခဲ့လေသည်။

အလောင်းဘုရားနောက် ဆက်ခံမင်းပြုသော နောင်တော်ကြီးမင်းသည်လည်း ရွှေဘိုမြို့၌လည်းကောင်း, စစ်ကိုင်းမြို့၌လည်းကောင်း စံတော်မူလေသည်၊ အင်းဝ၌ နန်းစံတော်မမူချေ။ နောင်တော်ကြီးနောက် ဆက်ခံသော ဆင်းဖြူရှင်မင်း (၁၁၂၅-၁၁၃၈)သည် ပဌမတွင် ရွှေဘိုမြို့၌ စံတော်မူပြီးလျှင် ဒုတိယအင်းဝမြို့ကို တတိယအကြိမ် တည်ထောင်ကာ စံတော်မူခဲ့လေသည်၊ ဍင်းနောက် စဉ့်ကူးမင်း

(၁၁၃၈-၁၁၄၀)သည်လည်း အင်းဝနန်းမြို့တော်၌ပင် စံတော်မူခဲ့လေသည်။ (၁၁၄၃-၁၁၈၃)

ဘိုးတော်မင်းတရား (ဗဒုံမင်းတရား)သည် ပဌမတွင် အင်းဝ၌ နန်းစံတော်မူပြီး အမရပူရမြို့ကို ၁၁၄၄-ခုနှစ်တွင် တည်ထောင်ကာ-[၁] ၁၁၄၅-ခုနှစ်တွင် ပြောင်းရွှေ့စံတော်မူခဲ့လေသည်။

ဘကြီးတော်ဘုရား (၁၁၈၁-၁၁၉၉)လက်ထက်တွင်မူကား ပဌမ အမရပူရနန်းမြို့တော်မှာ စံတော်မူပြီး ၁၁၈၃-ခုနှစ်တွင် စတုတ္ထအကြိမ် အင်းဝမြို့တော်ကို ပြန်လည်တည်ထောင်၍ စံတော်မူလေသည်၊ ထို့ကြောင့်ပင် ထိုမင်းကို စတုတ္ထအင်းဝမြို့တည်မင်းဟု ခေါ်ကြကုန်၏။

ဤသို့ဖြင့် အင်းဝမြို့သည် ထီးဆောင်းမင်းပေါင်း များမြောင်စွာတို့နှင့် ရွှင်ပျော်ပျို့ရာ မြေများဥကင် ဖြစ်ခဲ့ရုံမျှမက ပုဉ်းရှင်ကံရှင် ရဟန်းလူသူ ခပ်သိမ်းတို့၏ နေရာမွန်လည်း ဖြစ်ခဲ့လေသည်။

ဧဝံ ဟိ အင်းဝဥက္ကဋ္ဌ-နဂရံ နရရာဇူနံ။
နိဝါသဋ္ဌာနဘူတမ္ပိ၊ နာနာဓညာနမာလယံ။

စာဆိုတော် ပဌမနဝဒေးကြီးသည် အောက်ပါအတိုင်း အင်းဝမြို့ကို ဖွဲ့ဆိုခဲ့လေသည်။

## အင်းဝမြို့ဘွဲ့ရတု

**လက်ယာမည်ဟူ**။ ။သမိုက်မူသား ဇမ္ဗူဒိပါ မြေချာမွန်ဘိ ဘူမိနက်သန်း သဏ္ဍာန်သုဒဿန ပြည်ပူရကို နေလနတ်နှယ် စံပယ်တင့်မိုး ယခုစိုးသား နန်းရိုးထွတ်ဖျား မင်းတရား၏ နှောင်းသွားတဝေး ညီတော်ထွေးလျှင် မိုးလေးငါးရှစ် နှစ်လည်းတူးကျော် မြို့တော်ရပ်သာ မပြန်ပါ၍ လေသာထိပ်ဦး မြောက်ချူးရိုက်ဆွဲ ပုလဲပြတ်စောင် နိုင်

---

၁။ အင်းအိုင်ဝိုက်လည် မြို့ကြီးတည် မြို့မည်အမရ။ (မုံရွေးဆရာတော်)

ညောင်ပလ္လင် ဘုံရွှေစင်ထက် နတ်သွင်ဝန်းရံ ရှုမှူးစံသား ကြူးသံ ညောင်းညောင်း စည်မောင်းငြိမ့်မျှ မကြာရဟု ရွှသံဝတ် ကြားသူ နတ်တို့ သုံးပတ်ရံကျင်း စိုးမင်းအလုံး ရှိကုံးဆောက်တည် ပန်ဆုရည် သည်။ ။**မြိုးကြည်စင်မြတ်လှတကား။**

**ဘက်ရာရည်တူ။** ။မည်သူမည်မျှ မပြုစကောင်း ရင့်ညောင်း မုံအာ ဘုန်းတေဇာလည်း အခါမလင့် ပွင့်အံ့ဆဲဆဲ ထွတ်မင်းရဲလျှင် အောင်မြဘိသိက် ရံမိတ်ဝင်နေ ရပ်လုံးထွေကို သပြေအလုံး လက်ရုံး ဆန့်ထူ စိုးမည့်သူဟု ကြည်ဖြူနိစ္စ မှတ်အပ်လှ၏ ဟေမမာလာ နံ့သာထုံရည် ခွန့်ရှည်မြစ်ကြီး ဧသန်စီးလျက် သန်းဆီးရံမြောင် တောင်လည်းမင်းစံ ရွှေလျှံရွှေပတ် ဖက်ရွက်ပိတောက် လဲပေါက်စံပိ စီရရီတည့် သရဖီကန့်ကော် သို့ခါမျှော်က ရွှေလှော်နာကြည့် ဆင်စ လှည့်ထ ရှုကြည့်စိတ်ပြေး မွှေးမွှေးပျံ့ကြည် တ,လိမ့်မည်သည်။ ။ **ရှိုးရှည်တွင်နတ်မျှတကား။**

**စကြာမြည်ဟူ။** ။လေးကျွန်းသူကို ထီးဖြူမှောင်သေး မမြေး စေရ ရွှေ့ရွှေ့ပသား နန္ဒသူရိယာ နေသော်တာလျှင် ဥတ္တရာယာဉ် ဝင်စဉ်အစ ဟာဿဒနှင့် အမ္ဗဝါသီ ပြိုင်ညီပြီ၍ နာရီတက်ဖြိုး ရှစ်သို့ တိုးသော် ပုထိုးစည်းခုံ ရပ်ပုံရတနာ ရှိရာရာကို မြူတာတသောင်း သွန်းလောင်းရေကြည် ပြည်လုံးလည်က နတ်ပြည်မယွန်း တို့ထိပ်ပန်း လျှင် ငါးခန်းဆင့်ကပ် ကြာရပ်ဝံ့ဝံ့ ပျားစွဲခြင်းခံ တောင်ရံမုခ်ပေါင်း မသာတောင်းဝယ် ငြင်းစောင်းငြိမ့်ငြိမ့် နှစ်သိမ့်စမြ ပျော်ရဘဲဟု ဝမ်း ကွဲတရေး မဝေးသို့ဝင် ရောက်စေချင်လိမ့် မရှင်ကွယ်မှု တလူလူကို ယခုကပင် တိမ်လွင်တိမ်ပွင့် ရိုက်ဆင့်ကြူးမြည် ဇလှာသည်လည်း။ ။ မိုးစည်လျှင်လတ်စွတကား။-[၁]

---

၁။ နဝဒေရတုပေါင်းချုပ်။ ၁၁၁-၁၁၂။

## တနည်း အင်းဝမြို့ဘွဲ့ရတု

မဟာနဂရ နန္ဒဦးစွန်း လေးကျွန်းထိပ်ခေါင် မင်းဝံတောင်ထက် ပြည်ထောင်ရာဇဝင် မင်းများသခင် သည်တွင်ပင်စည် ဖြစ်တော့မည်ဟု နေတည်သာလှ ရွှေအင်းဝဝယ် မိဘဘိုးဘွား ချက်မြုပ်ထားသည် ရှင့်သားကျိုးရောင် ရွှေနားထောင်လော့ မြိုင်ချောင်သနင်း ခြသေ့် မင်းသို့ ရှည်ခြင်းမွေးဘ သာလှထူပြော နောင်တို့တောဝယ် မြကျော ညိုပြာ သည်လျာအိမ်သူ ရှိ၏ဟူ၍ သွေးမြူဆောင်ကာ ကေသရာ သည် လိုက်ငှာမတင် ကျိုးညိုစင်ကား ရောင်တင်မြူတေ သရေခေတ္တ ပြည်မသနစ် သာသည့်ဖြစ်ကို သစ်သစ်မကျန် မတန်တို့ရာ စကြာ ပထွန်း လေးကျွန်းလုံးခြုံ ပေးတုံအမှန် ထုတ်ခွန်ဆက်လှာ မော်ကွန်း စာကို ဘတ်ပါလှည့်ဦး ရွယ်လူးစွမ်းခေါင် မယ့်ဆွေမောင်အား ဆောင် ဘိမပါ ဆိုပိမ့်နာလော့ ရှေးခါကုသ မင်းလှထင်ရှား မိဖုရားနှင့် နှစ်ပါးတူနေ ပျော်ဘူးလေ၏ အောင်မြေပြန့်ချာ အလွန်သာသည် ငါးဖြာမြစ်အပေါင်းတကား။

လိုက်လှည့်ခေါ်သည်။ ။ယှဉ်ဘော်မယ့်သက် ယွင်းကွက်လေကို နာကြောင်းဆိုပိမ့် မြင်းမိုရ်ထိတ်ဖျား သိကြားပျော်ဟန် ဝေဇယန်နှင့် သဏ္ဍာန်တူစွာ ပုံပမာကား စူဠာကဲ့သို့ ဘုံနန်းမြို့ဝယ် မင်းတို့သည်း ကြား ထွတ်ထားစံတင် ရှစ်သောင်းရှင်နှင့် ဥကင်လှစ်ထွန်း တက်နေ ထွန်းသို့ ရွှင်လမ်းပျော်ရာ ဒေဝါများနတ် စံမှတ်ဆဒ္ဒန် ရောဝဏ်နှင့် သဏ္ဍာန်မပြား ရှင့်သားအိမ်သူ မှတ်တော်မူလော့ ကျိုက်ဆူဝှန်းပြင်း ရှင်ရင်းဘုန်းအား မင်းသားမင်းမြေး သူဌေးသူကြွယ် ဆင်းရွယ်ရုပ်သွင် ကောင်းကင်မြေအောက် ထိုးဘောက်သွားနိုင် လူခြင်းပြိုင်လည်း လနိုင် မဲ့လျှင်း ခြသေ့်မင်းသို့ ရှင်ရင်းကိုယ်ယုံ များလှပုံ၏ ကြားတုံသဖြင့် အသင့်မောင့်ကို ကဲ့ရဲ့ဆိုလိမ့် ပြာညိုမယ့်သက် ကျွမ်းယှဉ်ဘက်သည်။ သွေးလျက်မခေါ်ကောင်း၏တကား။

ရွှေဘုံသာထက်။ ။မင်းဆက်နေသည် မယ်တို့ပြည်ကား ပတ် လည်သာမော သဘော်ဆိုက်လှာ လေးမျက်နှာက ရတနာခုနစ်ပါး

မရှားဆင်မြင်း နံ့ရှင်းကတိုး သိုးနှင့်အောင်းသား များသည်ပန်းမာလ် ဟေမဝန္တ နှိုင်းရှည့်ရာလည်း သာ၏ဟူသည် အတူပျော်ချင် ဆိုသည် ထင်လိမ့် ကျွမ်းဝင်ရှင့်သား ရှုပျော်ပါးလော့ ဘုရားနှင့်ကျောင်း လိုဏ် ခေါင်းဥမင် တောင်ခွင်ပင်းယ မြောက်မှစစ်ကိုင်း မြင်းစိုင်းရှေ့မှာ ပျော်ရာပည်းဖြင် ချောက်မတွင်နှိုက် ရှင်ပင်ရှေးခါ ရဟန္တာပင် ဓုတင် အလျောက် မဘောက်မယွင်း သတင်းကျော်ဝှန် ဝတ္ထုဝန်ကို မဆန် ပါဘူး သူထက်ထူး၍ ကျေးဇူးများဖြင် သခင်များလည်း မရှားတို့ဝယ် ဘုန်းတိကြွယ်၏ မိုးလယ်ထိအောင် ဖြူရောင်ဆွဆွ ပုညစေတီ လုံးညီ ပေါ်ထင် မွေခာတ်ရှင်နှိုက် ကြည်လင်စိတ်သန် တောင်းဆုပန်သည်။ နိဗ္ဗာန်ပြည့်မျဉ်းကြောင်းတကား။[၁]

---

၁။ နဝဒေရတုပေါင်းချုပ်။ ၁၀၈-၁၁၁။

## လောကဒီပနီကျမ်းပြု ပထူးကြီးသံဃရာဇာ

ပထူးကြီးသံဃရာဇာသည် သက္ကရာဇ် ၇၂၆-ခုနှစ် အင်းဝမြို့နန်းတည် သတိုးမင်းဖျားလက်ထက်တွင် လွန်စွာထင်ရှားသည့် ဆရာတော်ဖြစ်လေသည်။

လောကီဗေဒင်ကျမ်းဂန်တို့၌ တတ်မြောက်ကျွမ်းကျင်တော်မူသည်၊ ပိဋကတ်ကျမ်းဂန်တို့၌မူကား သင့်ရုံသာ တတ်ဟန်ရှိပေ၏၊ သတိုးမင်းဖျားသည် အင်းဝမြို့တည်မည်ဟု ကြံစည်တော်မူ၍ မြစ်ညာဝတွင် နဝရတ်ရွှေဘောင်နှင့်နေ၍ စီရင်တော်မူစဉ် ညဥ့်စက်တော်ခေါ်ခိုက်တွင်—

၁။ မြို့ရာအရပ်၌ လက်ပံပင်ကြီးတပင်ရောက်၏၊

၂။ အထက်ဖျား၌ ဆဒ္ဒန်ဆင်ပျံနား၏၊

၃။ ခက်မလေးဖြာ၌ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန္တာလေးပါးသီတင်းသုံးတော်မူနေ၏၊

၄။ အပင်ရင်း၌ ခြသေ့်စောင့်၏၊

၅။ အမြစ်ဖျား၌ နဂါးစောင့်၏၊

၆။ ခက်မလေးဖြာတွင် သီတင်းသုံးတော်မူသော ရဟန္တာလေးပါးကို ဂဠုန်သုတ်လေ၏-ဟူ၍ အိပ်မက်မြင်မက်လေ၏။

ယင်းအိပ်မက်ကို ပထူးကြီးသံဃရာသည်—

၁။ လက်ပံပင်တို့၏သဘောသည် ၃-နှစ်တကြိမ် သာလွန်၍ စီပင်သကဲ့သို့ ရွှေပြည်တော်သည် ၃-နှစ်တကြိမ် သာလွန်၍ သာယာစီပင်မည်။

၂။ ဗုဒ္ဓဟူးသား ဤမြို့ကို တည်မည်၊

၃။ လေးမျက်နှာ သာသနာတော်ထွန်းလင်းမည်၊

၄။ ရန်သူအပေါင်းတို့ ကြောက်ရွံ့ခန့်ညားမည်၊

၅။ ဤပြည်၌ အဆုံးစွန်သောမင်းသည် စနေနံဖြစ်မည်၊

၆။ တနင်္ဂနွေသား မင်းပြုသောအခါ သာသနာတော်ကို အထူးသဖြင့် သုတ်သင်မည်-ဟူ၍ အစဉ်အတိုင်းဖတ်၍ မင်းတရားအား သိစေတော်မူ၏။

ယင်းပထူးကြီးသံဃရာဇာ သီတင်းသုံးသည့်ကျောင်းကို သံဃရာဇာကျောင်းဟု ခေါ်သည်၊ ကျောင်းအနီး ချောင်းကိုလည်း သံဃရာဇာချောင်းဟု ခေါ်ကြ၏၊ ကာလရွေ့သော် သင်္ဂဇာချောင်းဟု တွင်လေသည်။

## ဘုရားများတည်

ပထူးကြီးသံဃရာဇာသည် ထိုခေတ်က လွန်စွာတန်ခိုးထွား၏၊ လက်ညှိုးညွှန်ရာ ရေဖြစ်သကဲ့သို့သာတည်း၊ စစ်ကိုင်းတောင်ရိုး၌ ဥမင်သုံးဆယ် ရုပ်ပွားတော်များ, ပတ္တမြားစေတီစသည့် ကိုးကွယ်ရာစေတီပုထိုးများကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုခြင်း

၁။ လောကဒီပနီကျမ်း၊

၂။ ဩကာသဒီပနီကျမ်းတို့ကို ပြုစုခဲ့သည်ဟု သိရ၏၊ ထိုကျမ်းများမှာ လိင်ဝုစ်ကာရံစသည် မတည့်ဟု ဆိုကြ၏၊ စာသွားညံ့သည်ဟူ၏။

ပထူးကြီးသံဃရာဇာတိ၊ ပါကဋော အင်းဝမာပနေ။[၁]
လောကိယေ ပါယသော ကိစ္စေ၊ ကတ္တာ မစ္စုမုခံ ဂတော။

---

၁။ အင်းဝမာပနေ= အင်းဝမြို့တော်ဖန်ဆင်းကာစ ခေတ်ခါသမယ၌-ဟု အနက်ယောဇနာလေ။

## ရခိုင်မဟာသံဃရာဇာ

ရခိုင်မဟာသံဃရာဇာ သာသနာပိုင်ကား အင်းဝဘုရင်မင်းကြီးစွာစော်ကဲ၏ ဆရာဖြစ်လေသည်၊ အင်းဝဘုရင်သည် ဖော်ပြပါ ရခိုင်ဆရာတော်အား သာသနာပိုင်အရာအပ်၍ ကိုးကွယ်ခဲ့လေသည်၊ ပိဋကတ်ကျမ်း, ဗေဒင်ကျမ်းတို့၌ တတ်မြောက်လေသည်။

တနေ့သောအခါ ရခိုင်မင်းသည် သရက်မြို့ကို လုပ်ကြံ၍ သရက်မြို့စား မင်းရှင်စောကို သားမယားနှင့်တကွ ရခိုင်ပြည်သို့ ခေါ်လာခဲ့လေသည်၊ မင်းရှင်စောသည် ရခိုင်ရောက်လျှင် သားသုံးယောက်ကို ရခိုင်ဆရာတော်ထံ အပ်နှံ၍ ပညာသင်ကြားစေလေသည်။

တနေ့တွင် ရခိုင်ဆရာတော်သည် မင်းသားသုံးယောက်အနက် သားကြီးမြင်းစိုင်းရွှေနန်းရှင်ကား စမုံရေကို သောက်၍ ကုန်လေ၏၊ သားလတ်ပြမည်မင်း စောရန်နောင်ကား ဖိုဦးမော်ရေကို သောက်၍ ကုန်လေ၏၊ မင်းကြီးစွာဖြစ်မည့်သားငယ် စောကဲတရဖျားသည် ဧရာဝတီမြစ်ရေကို သောက်၍ ကုန်လေ၏-ဟု အိပ်မက်မြင်မက်သဖြင့် "အမောင်တို့ ၃-ယောက် စစ်ကိုင်း ပင်းယသို့ သွားကြလေ၊ မင်းဖြစ်ကြလိမ့်မည်၊ မင်းဖြစ်လျှင် ငါ့ကို မမေ့ကြနှင့်"ဟု မှာ၍ စေလွှတ်လိုက်လေ၏။

မင်းသားသုံးယောက်တို့သည် ရခိုင်ဆရာတော်ပြောသည့်အတိုင်း စစ်ကိုင်းပင်းယသို့ သွားကြရာ သားကြီးကား ပင်းယဥဇနာထံ ခစားသဖြင့် ဥဇနာက မြင်းစိုင်းရွှေနန်းကို ပေး၍ စားရလေသည်။

သားလတ်သည်လည်း ဥဇနာထံ ခစားလေရာ ဥဇနာနန်းစွန့်၍ ညီတော် ငါးစီးရှင်ကျော်စွာလက်ထက် စောရန်နောင်အမည်ဖြင့် ပြည်မြို့ကို ပေးသဖြင့် စားရလေသည်။ သားငယ်ကား စစ်ကိုင်းမင်းဆင်ဖြူရှင်တရဖျားထံ ခစားလေလျှင် အမြင့်မြို့ကို ပေးသဖြင့် စားရလေသည်။

သက္ကရာဇ် ၇၃၀-ပြည့်နှစ် အင်းဝတွင် မင်းကြီးစွာစော်ကဲ မင်းအဖြစ်သို့ရောက်ကြောင်း ရခိုင်ဆရာတော်ကြားလေလျှင် "ဒီမင်းသား

ငါ့ကို မေ့နေသည်တကား”ဟု နှလုံးမသာမယာရှိ၍ “ဘုန်းကြီးသက်ရှည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလိုလျှင် အနောက်တောင်ထောင့်၌ စည်းခုံတည်၍ ကိုးကွယ်လေ”ဟု မှာကြားလိုက်လေသည်၊ မင်းကြီးစွာသည် မှာကြားသည့်အတိုင်း သက္ကရာဇ် ၇၄၅-ခုနှစ်တွင် အင်းဝ၌ စည်းခုံတည်လေသည်၊ တည်မိလျှင် အင်းဝတပြည်လုံး အထိတ်ထိတ်အလန့်လန့် ရှိကြသည်။

ထိုအကြောင်းကို ရခိုင်ဆရာတော် ကြားလေလျှင် “ငါကားရဟန်းဖြစ်ချေသည်၊ မသင့်တော်ပါလေ”ဟု အင်းဝသို့လာပြီး ကုက္ကိုပင်, ဆင်ကျုံး, မော်ကွန်း, သရပါတံခါး, ရတနာဂူတည်၍ ရွှေစည်းခုံနှင့်ပြိုင်လေရာ အထိတ်တလန့်မရှိ ပကတိပြေငြိမ်းခဲ့လေသည်၊ မင်းကြီးစွာသည် ရခိုင်ဆရာတော်အား များစွာပူဇော်သက္ကာရပြု၍ “မဟာသံဃရာဇာ”ဟူသော ဘွဲ့တံဆိပ်တော်ကို လျှူဒါန်းလေသည်။

“ကြားပိမ့်သူမြတ် အမြဲမှတ်စိမ့် ဟိတတ္တိက ဩဝါဒဖြင့် ဆုံးမပေးထွေ နားဝင်စေလော့ နေသို့ထင်ရှား ဘုရားတရားသံဃာ ရတနာထွတ်ထား မြတ်သုံးပါးကို ဦးဖျားထိပ်ထက် အမြဲရွက်၍ စုံမက်သဒ္ဓါကြည်စေမင်း”စသည် ၅၅-ပိုဒ်ရှိ လောကသာရဆုံးမစာကို ယင်းဆရာတော် မင်းသားသုံးယောက်ကို ပညာသင်စဉ်က ရေးသားခဲ့သည်ဟုအဆိုရှိလေသည်။၁ ယင်းဆရာတော် အင်းဝ ကြွလာစဉ်က အင်းဝယူလာသတတ်။

ယင်းရခိုင်သံဃရာကား လောကရေးရာ၌ များစွာဂရုပြုသည်ဟုအဆိုရှိသည်၊ မင်းညီမင်းသားပုဂ္ဂိုလ်များ လောကကြီးပွားရေးကို များစွာဆောင်ရွက်ခဲ့ပြီး လွန်တော်မူခဲ့လေသည်။

ရက္ခင်္ဂသံဃရာဇာ သော၊ ဝေဒသတ္ထေသု ကောဝိဒေါ။
ပိဋကေသုပိ စာတုရော၊ ပယာတော မစ္စုနော ဝသံ။

## ပင်လယ်ကျေး သံဃရာဇာ

ပင်လယ်ကျေးသံဃရာဇာသည် ပိဋကတ်ကျမ်းဂန်များနှင့် ဗေဒင်ကျမ်းဂန်များကို တတ်သည်ဟု ထင်ရှား၏၊ မင်းတရားသည် မိမိ၏ သားများဖြစ်သော ၉-နှစ်သားအရွယ်ရှိ မင်းဆွေ, ၇-နှစ်သားအရွယ်ရှိ မင်းသိဒ္ဓတ်တို့ကို ဖော်ပြပါ ပင်လယ်ကျေးသံဃရာဇာထံ အပ်နှံ၍ ပညာသင်ကြားစေလေသည်။

သံဃရာဇာသည် မင်းသားတို့ဇာတာကို မြင်လေလျှင် မင်းဖြစ်စေလိုသဖြင့် "သိဒ္ဓံ နမော ဗုဒ္ဓါယ၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ အံ အား"မှစ၍ အတတ်ပညာများကို သင်ပေးလေ၏၊ မင်းဆွေ ၁၂-နှစ်ရှိသောအခါ ကိုယ်က အူများထွက်၍ အင်းဝမြို့အလုံးကို ရစ်ပတ်မိသည်ဟု သန်းခေါင်ကျော်အချိန်တွင် အိပ်မက်မြင်မက်လေ၏၊ မင်းသားသည် မိမိဆရာသံဃရာဇာအား လျှောက်ထားလေရာ ဆရာတော်သည် မင်းသားကို ခြေနှင့်ကန်ကျောက်လေ၏၊ တုံးလုံးလည်းလေ၏။

## မင်းဖြစ်မည် တံတားလုပ်ရမည်

မင်းသားက အဘယ့်ကြောင့် ကန်ကျောက်ပါသနည်း?ဟု လျှောက်လေလျှင် ငါပဥ္စင်း ၅-ဝါရက တောင်ဘီလူးပရက္ကမမှာ စာသင်သည့်ကာလ လေ့လာရာတွင် "ငါ့ဦးထုပ် ကျလေသည်ကို ငါ့ခြေနှင့် နင်းမိ၍ မင်းဆရာ ဧကန်ဖြစ်မည်၊ မင်းဆရာဖြစ်လျှင် တံတားဦးကို ယက်မလျှိုအမိုးနှင့် တံတားလုပ်မည်ဟု အဓိဋ္ဌာန်ရှိသည်၊ မင်းသား မြင်မက်သော အိပ်မက်အလို မကြာမတင် မင်းဖြစ်မည်၊ မေ့မည်စိုး၍ ငါကန်ကျောက်သည်၊ မင်းဖြစ်လျှင် ငါဓိဋ္ဌာန်သည့်အတိုင်း ပြုလုပ်ပါဟု ဆရာတော်က ဆိုလေသည်၊ မင်းသားသည် ပြုလုပ်ပါမည်ဟု ဝန်ခံလေသည်၊ မင်းဖြစ်၍ ပုဂံရွှေစည်းခုံသို့ အဖူးအမျှော်ရောက်သော နေ့ညဥ့်တွင် မင်းခေါင်စံလေဟု အိပ်မက်မြင်သောကြောင့် မင်းခေါင်ဟု တံဆိပ်နာမံ ခံတော်မူ၏၊ ဝန်ခံခဲ့သည့်အတိုင်း တံတားဦးကို ယက်မလျှိုအမိုးနှင့် တံတားပြုလုပ်တော်မူ၏။

ဆရာတော်ဆိုသမျှ နာခံ၍ အမွေအနှစ်နှင့် ကျောင်းတံစိုးကိုလည်း စွန့်တော်မူ၏၊ ပင်လယ်ကျေးသံဃရာဇာကား ပေဒင်လွန်စွာနိုင်၏၊ များစွာသောပုဂ္ဂိုလ်တို့အား ပေဒင်ဟောခြင်းအမှု ပြုလေ့ရှိ၏၊ လဇ္ဇီပေသလပုဂ္ဂိုလ်အဖြစ် အသိအမှတ်မပြုကြကုန်ဟု သိရ၏။[၁]

ပင်လယ်ကျေးသံဃရာဇာတိ၊ ဝေဒသတ္တေ ဝိသာရဒေါ။
ဇနဟိတံ သော ကတွာ၊ ယထာကမ္မံ ယာတောဟိ သော။

---

၁။ သာသနာလင်္ကာရစာတမ်း။ ၁၃၈။
ဦးကုလားရာဇဝင်၊ ၃။ ၃၈၇။ ကြည့်။

## အောင်စည်းခုံသံဃရာဇာ

အင်းဝခေတ်က ဂါမဝါသီ ပွဲကျောင်းနေ ရဟန်းတို့သည် ပွဲလမ်းသဘင် ဝင်ကြကုန်၍ လက်ဝှေ့လက်ပန်း ထိုးသတ်ကြကုန်၏၊ သာသနာပိုင်သံဃရာဇာသည်ပင်လျှင် လက်ဝှေ့သတ်ကြောင်း သိရလေသည်။ အောင်စည်းခုံသံဃရာဇာကား လက်ဝှေ့သတ် အလွန်ကျွမ်းကျင်လေသည်၊ နှစ်စဉ်နှစ်တိုင်း လက်ဝှေ့ဆု မြင်းတဆယ့်ငါးစီး အစီးနှစ်ဆယ် ရလေ့ရှိသည်။

မင်းခေါင်ကြီးလက်ထက် အနုန်းဘောင်စော်ဘွားက လက်ဝှေ့သတ်ကောင်းသော ရှမ်းကြီးတစ်ယောက်ကို အင်းဝသို့ ခေါ်ခဲ့၍ လက်ဝှေ့ကွန်းတင်မည်ဟု လာရောက်လေရာ အင်းဝ စစ်ကိုင်းတို့၌ ယှဉ်ပြိုင်သတ်ဝံ့သူမရှိ ဖြစ်လေ၏။

ထိုအကြောင်းကို အောင်စည်းခုံသံဃရာဇာ သိသဖြင့် သံဃရာဇာက "ငါသည် အထက်မင်းများလက်ထက်က လူပျိုလူရွယ်ဖြစ်၍ ကျော်စောရုံမျှသာ သတ်သည်၊ ယခု ၆၉-ခုနှစ်အရွယ်ရှိပြီဖြစ်ရကား သေအောင် သတ်တော့မည်"ဟု ပြောဆိုလိုက်လေသည်၊ ထိုအခါ အနုန်းဘောင်စော်ဘွားက "မသေပါစေနှင့် တန်ရုံသတ်ပါ"ဟု လျှောက်ထားပြီးလျှင် စကားကျောင်းတော် မော်ကွန်းစိုက်မုခ်ဝတံခါးအရှေ့ငါးတာခြားကွာသည့် ကုန်းမြေ၌ လက်ဝှေ့သတ်ပွဲ ကျင်းပလေသည်၊ မင်းစော်ဘွားမှစ၍ ရဟန်းရှင်လူပရိသတ်တို့ ကုန်းလုံးပြည့်မျှ လက်ဝှေ့ပွဲ ကြည့်ရှုကြကုန်၏။

ထိုအခါ သံဃရာဇာနှင့် ရှမ်းလက်ဝှေ့သမားတို့ သတ်ကြမည်ဟု ကခုန်သီဆိုကြပြီးလျှင် အောင်စည်းခုံသံဃရာဇာက ခြေဖြင့်ခတ်ယောင် ချောက်၍ ယာဖက်လက်ဖြင့် ရှမ်းကြီးကို ထိုးသတ်လိုက်ရာ ရှမ်းကြီး၏မျက်နှာသည် နောက်မှ နေလေတော့သည်။ ထိုအခါ အနုန်းဘောင်စော်ဘွားက သေသော်ပင် အမြင်ကောင်းပါသေးသည်၊ ယခုမူ အမြင်မကောင်းတော့ဟု ဆိုလေလျှင် ဝဲဖက်လက်ဖြင့် ထိုးသတ်လိုက်ပြန်ရာ ရှမ်းကြီး၏မျက်နှာမှာ ရှေ့မှာ နေမြဲနေလေတော့သည်။

မင်းနှင့် စော်ဘွားတို့သည် များစွာအံ့ဩဖွယ်ကောင်းလှပေသည်ဟု ပြောဆိုကြကာ မြင်းနှစ်ကောင်, ဖျင်သုံးလိပ်နှင့် ငွေတစ်ပိဿာ ဆုလာဘ်ပေးကြကုန်၏။[၁]

## သံဝေဂဖြစ်ဖွယ်နှင့် ဥယျာဇဉ်

ဤဖြစ်ရပ်မှာ လွန်စွာ သံဝေဂဖြစ်ဖွယ်ကောင်းသည့် ဖြစ်ရပ်ပေတည်း၊ သာသနာ့ဝန်ထမ်းတို့ ဤကဲ့သို့ မယိုယွင်းသော်လည်း သတိပြုရာသည်၊ သာသနာကို ချီးမြှောက်သူတို့လည်း ဘေးရန်မဖြစ်အောင် ချီးမြှောက်ရာသည်။

သံသာရယောရအာဝါသေ၊ နာနာကာရေန ဝတ္တတိ။
သုဘာကာရဝတ္တနာယ၊ အနုယုဥ္ဇေယျ ပဏ္ဍိတော။

---

၁။ သာသနာလင်္ကာရစာတမ်း။ ၁၃၁။ ကြည့်။

## သာသနာပိုင် အရှင်သာပုံ

သာသနာပိုင် စရစ်ဆရာတော် ပျံလွန်တော်မူလျှင် အရှင်သာပုံသည် သာသနာပိုင် ဖြစ်လေသည်၊ တတိယအင်းဝတည် ဆင်ဖြူရှင်လက်ထက်တွင် ဖြစ်မည်ဟု ခန့်မှန်းကြကုန်၏။

အရှင်သာပုံကား သာသနာပိုင်ဖြစ်သော်လည်း သိုင်းကစားလေ့ရှိသည်ဟု သိရ၏၊ ဆွမ်းခံဝင်စဉ်ပင် သိုင်းကိုင်နှင့် ဆွမ်းခံဝင်သတတ်။ ယင်းသို့ သိုင်းကိုင်နှင့် ဆွမ်းခံဝင်သည်ကို ကြက်သွန်ခင်းဆရာတော်ကြီးနှင့် တခါတွင် ဆုံမိလေရာ "သာပုံ သည်နှင်တန်နှင့် နှင့်ကို လူကြောက်မည်လော၊ ကြောက်စေလိုလျှင် အမြောက်ဆောင်လော့"ဟု မိန့်တော်မူလေရာ အရှက်ရသဖြင့် သိုင်းမကိုင်တော့ချေ၊ မကြာမီပင် လွန်လေသည်။

## သံဝေဂယူဖွယ်

ဘုရားမြတ်စွာ သာသနာတော်သည် ခေတ်အဆက်ဆက် ကျော်ဖြတ်လာပြီး နှစ်ပရိစ္ဆေဒ ကာလကြာညောင်းလာလေရာ သာသနာဝန်ထမ်း တချို့တို့ ဖောက်ဖောက်ပြန်ပြန် ကျင့်ကြံကြလေရာ များစွာသံဝေဂယူဖွယ် ကောင်းလှပါသတည်း။

တိလောကလောစနေ ဗုဒ္ဓေ၊ အတ္ထင်္ဂတေ ဒိဝါကရေ။
နာနာ တေ ပဋိပဇ္ဇန္တိ၊ အဟော လောကဝိစိတ္တတာ။

## သိကြားမင်းသေ၍ စည်တီးခတ်သော ဆရာတော်အရှင်ခေမာစာရထေရ်

သက္ကရာဇ် ၇၃၀-ပြည့်နှစ်တွင် အင်းဝမြို့၌ မင်းကြီးစွာစော်ကဲ မင်းပြုသည်၊ နန်းစံ ၃၃-နှစ် ဖြစ်လေသည်၊ အရှင်ခေမာစာရသည် ဖော်ပြပါ မင်းကြီးစွာစော်ကဲလက်ထက်တွင် ထင်ရှားသော မထေရ်မြတ် ဖြစ်လေသည်၊ စကားကျောင်းထွက် ပရက္ကမအနွယ်ဝင် မနာပြင်ငါးဆူ အရပ်တွင် သီတင်းသုံးတော်မူ၏၊ ဘုရင်က သီလဝန်, ဂုဏဝန်, ပညာဝန်မဟုတ်သော ပုဂ္ဂိုလ်များကို ချီးမြှောက်သဖြင့် ညဥ့် ၂-ချက် တီးကျော်အချိန် တိတ်ဆိတ်လှသည့်အခိုက် ဘုရားရှေ့၌ ဆွဲချိတ်ထား သော စည်ကြီးကို အချက်များစွာ တီးခတ်လေသည်။

## သိကြားမင်းသေ၍ တီးခတ်

နန်းတော်ကနေ ဘုရင်မင်းမြတ် ကြားသိသဖြင့် ဘုန်းကြီးပျံ လွန်၍ တီးခတ်လေသလော့ဟု မေးမြန်းစုံစမ်းစေလေရာ သိကြားမင်း သေ၍ တီးခတ်သည်၊ သိကြားမင်းသည် မြတ်စွာဘုရားထံတော်မှောက် ၌ သာသနာတော်ကို စောင့်ရှောက်ပါမည်ဟု ဝန်ခံထားလျက် ယခု မစောင့်ရှောက်သောကြောင့် သိကြားမင်းသေကြောင်း ငါသိရသည်ဟု အမိန့်ရှိလေ၏။

## ကျောင်းဆောက်ကိုးကွယ်

ထိုအကြောင်းကို မင်းတရားသိလျှင် သဒ္ဓါရွှမ်းစို ကြည်ညိုခြင်း ဖြစ်၍ ဝမ်းဘဲအင်းမြောက်ဖက်ခန့် တောအရပ်တွင် ကျောင်းဆောက် ၍ ဆရာတော်အရှင်ခေမာစာရအား တင်လှူလေသည်။ စည်းခုံနှင့် သိမ်လည်း သမုတ်တော်မူသည်။ အရှင်ခေမာစာရသည် သထုံဆက် သီဟိုဠ်နွယ် လဇ္ဇီပေသလဖြစ်ကြောင်း ဆိုကြ၏။

ခေမာစာရော မဟာထေရော၊ လဇ္ဇီဝံသေ သုပါကဋော။
ရာဇာနံ သညာပေတွာ၊ သမ္ဗုဒ္ဓသာသနန္တရော။

## ပေလေးပင် ရှင်လေးပါး အပါအဝင်
## ရှင်ခေမာ

ရှင်ခေမာသည်လည်း တောင်တွင်းကြီးမြို့နယ် မန်ကျည်းယောင်ရွာ၌ သက္ကရာဇ် ၈၁၅-ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ပေလေးပင်ရှင်လေးပါးအပါအဝင် ဖြစ်လေသည်၊ နံတော် တနင်္လာသားတည်း။

## ရှင် ရဟန်းပြုခြင်း

အရွယ်ရောက်သော် ရှင်သာမဏေဝတ်ကာ သာသနာ့ဝန် ထမ်းဆောင်တော်မူ၍ သက်တော် ၂၀-ပြည့်မြောက်ရာ ၈၃၅-ခုနှစ်တွင် ရဟန်းပြု၍ စာပေသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

## ထင်ရှားသည့်စာတတ်ပုဂ္ဂိုလ်

ရှင်ခေမာသည် ကျော်စောထင်ရှားသည့် စာတတ်ပုဂ္ဂိုလ်ဖြစ်ပါပေသည်၊ သို့ရာတွင် ရှင်ခေမာပြုစုသည့် ကျမ်းစာကိုလည်း တစောင်မျှ မတွေ့မရှိရခြင်း ပျောက်ပျက်ခဲ့ခြင်းကြောင့် ဖြစ်ရာသည်ဟု မှတ်ယူသင့်ပေသည်။

## ပျံလွန်တော်မူခြင်း

သက္ကရာဇ် ၈၆၅-ခုနှစ်ခန့်တွင် ပျံလွန်တော်မူကြောင်း သမိုင်းပညာရှင်တို့ ခန့်မှန်းပြောဆိုကြကုန်၏။

ခေမာဝှထေရသေဌောပိ၊ အင်းဝကာလေဘိပါကဋော။
သာသနေ တိဋ္ဌေ သော ကတွာ၊ ပဝိဋ္ဌော မစ္စုနော မုခံ။

## ဇိနာလင်္ကာရဒီပနီကျမ်းပြု
## အရှင်ဥပတိဿထေရ်

မြတ်စွာဘုရား၏ အဖြစ်တော်စဉ် ဗုဒ္ဓဝင်ပါဠိကဗျာကျမ်းတို့တွင် ဇိနာလင်္ကာရစာကိုယ်နှင့် ဋီကာသည် လွန်စွာကောင်းမွန်ပြောင်မြောက်သော ကျမ်းတို့ ဖြစ်ကုန်၏၊ ဇိနာလင်္ကာရစာကိုယ်မှာ အလွန်သာယာလှပသော ဂုဏ်မြောက်သော ဂါထာတို့ဖြင့်ချည်း ပြီးသည်၊ ပဇ္ဇမယကျမ်းမွန် ဖြစ်လေသည်၊ ယင်းဇိနာလင်္ကာရစာကိုယ်နှင့် ဋီကာကျမ်းကို ကြိုးပမ်းရေးသားစီရင်ခဲ့သူမှာ သီဟိုဠ်ကျွန်း တောင်ပိုင်း ရောဟဏဇနပုဒ်တွင် သာသနာသက္ကရာဇ် ၁၇၀၀-ပြည့်နှစ်တွင် ပေါ်ထွန်းခဲ့သည့် မဟာကဝိ အရှင်ဗုဒ္ဓရက္ခိတထေရ် ဖြစ်လေသည်။[၁]

ရတနာပူရ အင်းဝမြို့တော်နေ အရှင်ဥပတိဿထေရ်သည် ဖော်ပြပါ ၂-ကျမ်းအနက် ဇိနာလင်္ကာရစာကိုယ်အဖွင့်ကျမ်းကို ဂူဠတ္ထဒီပနီမည်သော ဇိနာလင်္ကာရဒီပနီကျမ်းအမည်ဖြင့် ဖွင့်ဆိုစီရင်တော်မူခဲ့လေသည်။[၂]

သာမန်ပါဠိနိုင်ရုံဖြင့် ဇိနာလင်္ကာရကျမ်းကို ဖွင့်ဆိုရန် မလွယ်ပါချေ၊ အရှင်ဥပတိဿထေရ်ကား ပါဠိကျမ်းဂန်တို့၌ လွန်စွာတတ်မြောက်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလှပေသည်။

ဥပတိဿော မဟာထေရော၊ ပါဠိသတ္ထေသု ကောဝိဒေါ။
ပါဠိယာ ဇိနာလင်္ကာရ-နာမိကာယ ဝိဝဏ္ဏယိ။

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၀၀။ ကြည့်။
၂။ ပိဋကတ်တော်သမိုင်း။ ၁၁၆။ ပိဋကတ်သုံးပုံစာတမ်း။ ၁၂၀။

## အရှင်မဟာသီလဝံသထေရ်

ဗုဒ္ဓဝံသအဋ္ဌကထာ စသည်ကျမ်းပြု အရှင်မဟာဗုဒ္ဓဒတ္တကို ပါဠိဂါထာကဗျာရေး ကောင်းလှသည့်အတွက် "မဟာကဝိဗုဒ္ဓဒတ္တ"ဟူ၍ ထေရဝါဒဂိုဏ်းဝင်ထေရ်တို့ ခေါ်ဝေါ်ပြောဆိုကြကုန်၏။

သုန္ဒရနန္ဒ, ဗုဒ္ဓစရိယစသော ကျမ်းပြုပုဂ္ဂိုလ်ကြီး အဿဃောသကို သက္ကတဂါထာကဗျာ အရေးအသားကောင်းမွန်ပြောင်မြောက်လှသောကြောင့် မြောက်ပိုင်းဗုဒ္ဓဘာသာဂိုဏ်းသားတို့က "မဟာကဝိ အဿဃောသ"ဟု ဂုဏ်ပြုခေါ်ဝေါ် ပြောဆိုကြကုန်၏။

အရှင်မဟာသီလဝံသထေရ်ကား အင်းဝခေတ်၏ ထူးခြားပြောင်မြောက်သော မြန်မာကဗျာစာဆိုပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

အရှင်မဟာသီလဝံသစသော ကဗျာ့စာဆို စာပေဖခင်ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံ၌ မြန်မာ့ကဗျာ ထူးချွန်ပြောင်မြောက်သောပုဂ္ဂိုလ်များ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။

## ဖွားမြင်ခြင်း ပညာသင်ခြင်းစသည်

တောင်တွင်းကြီးမြို့ မြောက်ဖက် မြို့လုလင်အိမ်ရွာ၌ အဖ-ဦးကြည် အမိ-နတ်ထိန်းကြီး ဒေါ်ဒွေးတို့မှ သက္ကရာဇ် ၈၁၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်ညို ဖြစ်လေသည်၊ ၇-နှစ်သား အရွယ် နုနယ်ငယ်လျစဉ်က တောင်တွင်းကြီးမြို့ ငှက်ပစ်တောင် နတ်မီးလင်း ဆရာတော်ထံတွင် ပညာသင်ကြား၊ သာမဏေအရွယ်တွင် သာမဏေဝတ်ကာ သက်တော် ၂၀-တွင် ရဟန်းပြုတော်မူခဲ့လေသည်၊ အရှင်မဟာသီလဝံသဟု ဆရာသခင်တို့က မှည့်ခေါ်ကြကုန်၏၊ ဆက်လက်ပညာသင်ကြား လေ့လာရာ ပါဠိစာပေ, မြန်မာစာပေ နှစ်ထွေလုံး၌ သရဖူဆောင်း တတ်မြောက်တော်မူခဲ့လေသည်။

## အင်းဝနေပြည်တော်သို့

အရှင်မဟာသီလဝံသ ပါရမီတော်ခန်းပျို့ကို ရေးသားပြီး နောက်တစ်နှစ်ကျော်ခန့်အကြာ သက္ကရာဇ် ၈၅၄-ခုနှစ် တပို့တွဲလမှ စ၍ အင်းဝနန်းမြို့တော်သို့ ကြွရောက်ရန် အခွင့်အခါကို ရှာမှီးခဲ့လေသည်။[၁]

သို့ရာတွင် ဆရာသမား, မိဖတို့ကို အကြိမ်ကြိမ်ခွင့်ပန်ရသည်၊ မကြွစေလိုကြ၊ နောက်ဆုံး ၈၅၅-ခုနှစ်တွင် ခွင့်ရသဖြင့် ကဆုန်လပြည့်နေ့တွင် အင်းဝမြို့သို့ ကြွမည်ရည်ရော်၍ ထွက်တော်မူခဲ့လေသည်၊ ရှေးဦး ပင်းယမြို့သို့ ရောက်တော်မူ၍ ရက်အနည်းငယ် သီတင်းသုံးတော်မူ၏၊ ၎င်းနောက် အင်းဝအနီး တံတားဦးသို့ ရောက်တော်မူလေသည်။

## ဒုတိယမင်းခေါင် ကျောင်းတင်လှူကိုးကွယ်

ဒုတိယမင်းခေါင် မင်းတရားသည် အရှင်မဟာသီလဝံသ၏ ကျမ်းဂန်တတ်ကျွမ်းသည့်ဂုဏ်, ပျို့ကဗျာလင်္ကာရေး တဖက်ကမ်းခတ်သည့်စွမ်းရည်သတ္တိတို့ကို ကြည်ညိုပါသဖြင့် စစ်ကိုင်းမြို့ ထူပါရုံစေတီ၏ အရှေ့မြောက်ယွန်း ထူပါရုံစေတီဒါယကာ နရပတိကြီး၏သမီးတော် ရွှေအိမ်သည်နှင့် မြောက်သားတော် အရိုးတော်သား ဥဇနာတို့၏ ကောင်းမှုဖြစ်သော ရတနာဝိမာန်ကျောင်းတိုက်ကြီးကို တင်လှူတော်မူခဲ့လေသည်၊ ရတနာဝိမာန်ကျောင်းတိုက်ကို အလှူခံရသော ဆရာတော်များအနက် အရှင်မဟာသီလဝံသသည် ရှစ်ဆက်မြောက် ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း–

---

၁။ သဘင်ဆောင်ပြီး ရာသီနီး၍ ဆောင်းမြီးအလယ် သခေနှင့် မာသဆင့်၍ ခါသင့်ဆုန်ကျွမ်း အသာပြွမ်း၍ သာရွှမ်းသနှင့် နမောပင့်သည်။ သနှင့်ဧကို နာနှင့်ဆို။ ။တောင်တွင်းလာပျို့။

စစ်ကိုင်းကြီးတောင် မော်ကျောက်ဆောင်လျှင် ရန်အောင်
မြင်နောက် သဖန်းမြောက်တွင် ပေါက်ရောက်ရွှေဘုံ ထူပါရုံ
ဝယ် လက်ဝဲစွယ်သို့ အောင်ရွှယ်နီးသောင်း မြို့ကောင်း
ကျောင်း၌ နောက်နှောင်းသာသနာ စေ့ခါတိုင်အောင် တည်
စိမ်အောင်သား ကျောက်ဆောင်လက်ာ သံပိုင်းစာကို မဟာ
သီလဝံသ ထေရ်ထုံဝလျှင် မဆွမ်ရှေးစို ကျောင်းရိပ်ခိုသား
ပုဂ္ဂိုလ်များနောက် ရှစ်ဆက်မြောက်၍-

စသည်ဖြင့် အရှင်မဟာသီလဝံသထေရ် ရတနာဗိမာန်ကျောင်း ကျောက်စာနိဂုံး၌ ကိုယ်တိုင်စပ်ဆိုတော်မူခဲ့လေသည်။

## စာရေး စာချ ချမ်းမြစွာနေ

ရတနာဗိမာန်ကျောင်းတိုက်၌ နှစ်ပေါင်းကြာမြင့်စွာ သီတင်းသုံးတော်မူပြီး ကျမ်းဂန်များရေးသားပြုစုခြင်း, တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေပို့ချခြင်းဖြင့် ချမ်းမြေ့ရွှင်ပျော်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

## ပြုစုတော်မူသည့် ကျမ်းဂန်များ

၁။ နေတ္တိပါဠိတော်နိသျ
၂။ နေတ္တိဟာရအရကောက်
၃။ ဗုဒ္ဓါလင်္ကာရကျမ်း
၄။ မဟာရဟနီတိ
၅။ ဓမ္မပါလပျို့
၆။ သံဝေဂခန်းပျို့
၇။ တောင်တွင်းလာပျို့
၈။ ရာဇဝသတိလင်္ကာ
၉။ နန်းဖွင့်လင်္ကာ
၁၀။ သျှိသျှားကန်တော် (မိတ္တိလာကန်တော်)ဘွဲ့များ

၁၁။ ရွှေနန်းဘွဲ့မော်ကွန်း
၁၂။ ထူပါရုံကျောက်စာ
၁၃။ ရတနာဗိမာန်ကျောင်း ကျောက်စာ
၁၄။ အရှင်မဟာရဋ္ဌသာရ အမေးကို ဖြေဆိုသည့်စာတမ်းများ
၁၅။ ရာဇဝင်ကျော်
၁၆။ ပါရာယနဝတ္ထု
၁၇။ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း
၁၈။ ပါရမီတော်ခန်းပျို့
၁၉။ ဆုတောင်းခန်းပျို့
၂၀။ ဗုဒ္ဓုပ္ပတ္တိပျို့
၂၁။ တိလောကဟူ အစချီသည့် ဆုံးမစာ- စသည်တို့ဖြစ်ကုန်၏။

## ထူးခြားသည့်ပညာရှင်

အရှင်မဟာသီလဝံသသည် အင်းဝသာသနာဝင်တည်းဟူသော ပြတိုက်၌ ထူးခြားပြောင်မြောက်လှသော ပါဠိပညာရှင်, သမိုင်းပညာရှင်, ပျို့လင်္ကာကဗျာတတ် ကာဗျသတ္တပညာရှင် စစ်မှန်လှကြောင်း သူ၏ကျမ်းစာများက ဖော်ပြနေလေသည်။

သီလဝံသော မဟာထေရော၊ ပါဠိဂန္ထေသု ကောဝိဒေါ။
ကောဝိဒေါ က္လတိဟာသေသု၊ ကာဗျသတ္ထဝိသာရဒေါ။

## ရာဇဝင်ကျော်

ဖော်ပြပါ ကျမ်းများအနက် ရာဇဝင်ကျော်ကျမ်း ကရောင်း ၁၆-ချိုးအောက် အနည်းငယ်ဖြင့် စာမျက်နှာ ၄၀-ခန့်ရှိ သေးငယ်သောလက်ဖဝါးခန့်ဆိုက်သာရှိသော ကျမ်းငယ်ဖြစ်၏။ သို့ရာတွင် အရှင်အနုရုဒ္ဓါ၏ သင်္ဂြိုဟ်ကျမ်းငယ်သည် ကြည့်ရှုလေ့လာသူတို့အား

အဘိဓမ္မာအသိဉာဏ်ကို လုံလောက်လုနီးအောင် ပေးနိုင်သကဲ့သို့ ရာဇဝင်ကျော်သည်လည်း မဇ္ဈိမ, သီဟိုဠ်, မြန်မာရာဇဝင်ကို တော်တော်အရည်ဝအောင် ပေးနိုင်သော ရာဇဝင်သမိုင်းကျမ်း ဖြစ်လေသည်။ ကျမ်းဦး၌-

မဟာသမ္မတရာဇဿ၊ ဝံသဇာတိ မဟာမုနိ။

ကပ္ပါဒိသ္မိံတိ ရာဇာသိ၊ မဟာသမ္မတနာမကော။

စသော မဟာဝံသဂါထာများအတိုင်း မဟာသမ္မတမင်းစဉ်ကို ရေတွက်ဖော်ပြတော်မူခဲ့လေသည်၊ ဤကျမ်းပြီးချိန်မှာ သက္ကရာဇ် ၈၈၂-ခုနှစ်က ဖြစ်လေသည်၊ ကျမ်းစာအဆုံး၌-

> . . . . သက္ကရာဇ် ရှစ်ရာရှစ်ဆယ့်ခုနစ်ခု သာသနာတော်နှစ် ထောင်ခြောက်ဆယ့်လေးနှစ် သုံးပါးသောသာသနာကြိုက်သောအခါလျှင် မဟာပုညကိရိယဝတ္ထု ဆယ်ခုကာစ ဓမ္မမိမိ မငြိမူသား ဖြူစင်ထွားမှ တရားဇကန် နိဗ္ဗာန်ငါတို့ ငြိမ်းတုံမြို့အံ့ ဤသို့နားဝင် မှတ်စေချင်၍ စိတ်၍ရှင်ကရုဏာ မဟာသီလ ပြုသကျမ်းဂန် ဓမ္မခန်ကား သုတ္တန်ဝိနည်း ဓမ္မပဒငါးရာ ဘိဓမ္မာနှင့် ဇာတ်မှာသတ်ကျမ်း သုံးဘုံလျှမ်းသည် ငြိမ်းချမ်းရွယ်ချ ဆုကြီးတည်း-

ဟူသောစကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

## ပါရာယနဝတ္ထု

အရှင်မဟာသီလဝံသသည် ပါရာယနဝတ္ထုဖြင့် ထိုခေတ်က ခေတ်မစားသေးသော မြန်မာစကားပြေရေးနည်းကို လမ်းခင်းပေးခဲ့လေသည်၊ သို့ဖြစ်၍ အရှင်မဟာသီလဝံသသည် အင်းဝခေတ် မြန်မာစကားပြေရေး ခေါင်းဆောင်လည်းဖြစ်ကြောင်း သိသာလေသည်။ ယင်းပါရာယနဝတ္ထုကို ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆-ချိုး စာမျက်နှာ ၃၂၃-ရှိလေသည်၊ ဂန္ထာရမ္ဘစကား, နိဂုံးစကားများ မပါမရှိပါချေ။

## တံတားဦးတည်မော်ကွန်း

တံတားဦးတည်မော်ကွန်းမှာ-

ကြွားပိမ့်ကျက်သရေ အောင်မြင်စေအံ့ ကုဋေတသိန်း ကျော်လှို့ရှိန်းသား ရေးကိန်းစကြာဝဠာ ပေါ်သောခါ၌ ပြဟ္မာလက်ထက် မြေမှာထွက်-

စသည်ဖြင့် အပိုဒ်ပေါင်း ၁၂-ပိုဒ် ရှိလေသည်။[၁]

## ပါရမီတော်ခန်းပျို့

ပါရမီတော်ခန်းပျို့မှာ မြတ်စွာဘုရားအလောင်းတော်မြတ်၏ ပါရမီတော်ကို ဆင်ခြင်ပုံ, ပါရမီတော်ဖြည့်ခန်းတို့ကို ကြည်ညိုဖွယ်ရာ ဖွဲ့ဆိုထားသည့်ကျမ်းစာကောင်း ဖြစ်လေသည်၊ အဋ္ဌသာလိနီအဋ္ဌကထာနှင့် ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာစသည်တို့ကို မှီငြမ်းပြု၍ ဖွဲ့ဆိုရေးသားတော်မူခြင်း ဖြစ်လေသည်၊ ဗုဒ္ဓသာသနာအဖွဲ့ရိုက် ကရောင်း ၁၆-ချိုး ၂၆၉-မျက်နှာ ရှိလေသည်။

"ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်က ချက်ရိုင်ပြည့်စုံ နဝင်္ဂတည့် ဆန်စုံအောက်ထက် ကျော်ဝှန်းတက်၍ ဘဝဂ်ရပ်သူ သယမ္ဘူဟု"

စသည်ဖြင့် စတင်ဖွဲ့ဆို ရေးတော်မူခဲ့လေသည်၊ အပိုဒ်ပေါင်း ၁၅၆-ပိုဒ် ရှိလေသည်။ ပါရမီတော်ခန်းပျို့ ရေးသားဖွဲ့ဆို ပြီးစီးရာအခါ စသည်ကိုလည်း-

"ဘုရားမြတ်မွန် နိဗ္ဗာန်ပြည်ခေါင် လွန်ပြီးနောင်မှ နှစ်ထောင့်သုံးဆယ် ငါးနှစ်ဝယ်၌"

စသည်ဖြင့် ကျမ်းစာအဆုံး နိဂုံးဖွဲ့ဆို ဖော်ပြတော်မူခဲ့လေသည်။

---

၁။ ယင်းတံတားဦးတည်မော်ကွန်းနှင့် စပ်၍ မှတ်သားဖွယ် အရှင်မဟာသီလဝံသ၏ အဋ္ဌုပ္ပတ္တိနှင့် စာဆိုတော်သမိုင်းများကြည့်။

## ဆုတောင်းခန်းပျို့

ဆုတောင်းခန်းပျို့မှာ ကရောင်းဆိုက် ၁၆၁-မျက်နှာ ရှိလေသည်၊ နိဂုံးပိုဒ်ရေနှင့်တကွ ပိုဒ်ရေ ၁၉၀-ရှိလေသည်၊ ပဌမဆုံးအပိုဒ်မှာ–

"ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက် ဆန်းကြွယ်ပေါက်သား ရောင်တောက်ပလ္လင် သမိုက်ပြင်ထက် အောင်မြင်ခါသင့် သစ္စာပွင့်က မြင့်အံ့အယူ သုံးပါးလူဝယ် မပြုလျှင်းပဲ လွန်ကျူးကဲလျက်"

စသည်ဖြင့် ရေးသားဖွဲ့ဆိုတော်မူခဲ့လေသည်။

## ဗုဒ္ဓုပ္ပတ္တိပျို့

ဗုဒ္ဓုပ္ပတ္တိပျို့ကို ၁၃၀၃-ခုနှစ်က ရန်ကုန်မြို့ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်၊ ဒီမိုင်းဆိုက် စာမျက်နှာ ၁၂၉-ရှိလေသည်၊ ပိုဒ်ရေများမှာ ရှည်လျားလှ၏၊ ၃၄-ပိုဒ် ရှိလေသည်၊ ဗုဒ္ဓုပ္ပတ္တိပျို့ဟု ဆိုသော်လည်း ဘုရားဖြစ်တော်စဉ် ဗုဒ္ဓဝင်တခုလုံးကို အသားပေးဖွဲ့ဆိုသည် မဟုတ်ပဲ ဖွားတော်မူခန်း, တောထွက်ခန်း, ပြည်တော်ဝင်ခန်း, ယသော်ဓရာ အဆောင်တော်ကြွခန်း, ယသော်ဓရာ၏ ပူခန်းဆွေးခန်း, ယသော်ဓရာ ရဟန်းပြုခန်း, ယသော်ဓရာ ပရိနိဗ္ဗာန်ပြုခန်းတို့ကို အသားပေး၍ ဖွဲ့ဆိုတော်မူခဲ့လေသည်။

ယင်းဗုဒ္ဓုပ္ပတ္တိပျို့၌ လှပတောက်ပြောင်သော စကားလုံးများစွာတို့ကို စိတ်ဝင်စားစွာ ဖတ်ရှုရ၏၊ ၎င်းတို့မှာ–

သီဒါရစ်မြောင် ငါးလုံးတောင်နှင့် တိမ်တောင်တိမ်လှိုင်း ပန်းစုံဆိုင်းသည့် မှိုင်း၍ညိုညို ရာဇဂြိုဟ်တွင်. . . စာမျက်နှာ၊ ၁။

မြို့တွင်းမြို့ပြင် လူတွင်တွက်ရေ ကိုးကုဋေနှင့် တိုင်းပြေသာယာ သာသနာလည်း ကောင်းစွာထွန်းပ. . . (ရာဇဂြိုဟ်လူဦးရေ) နှာ၊ ၃။

သောကလောင်မီး ရွှေရင်တီး၍ လှိုက်ကြီးလှိုက်ဖို ငိုကြီးငယ်နှင့်. . . နှာ၊ ၃။

အသွင်တွဲလှ မှုဆိုးမဟု ညှိုးလျှနွမ်းညစ်. . . နှာ၊ ၅။

နန်းမပရမေ ပြန်လေ၍သာ ရာဟုလာကို ပွေ့ကာဖက်ယမ်း ဘယ်ညာနမ်းသည် အလွမ်းဖြေ၍. . . နှာ၊ ၆။

တမန်တန်မြောက် မတ်ကိုးယောက်ကို တယောက်-တထောင် တပ်ပေါင်းဆောင်၍ ဘုန်းခေါင်ပရမေ သားစိန္တေကို ပင့်စေညွှတ်ပြား. . . နှာ၊ ၉။

များစွာမိန်းမ လှပအောင်လျှင် ဖီးလိမ်းဆင်လည်း လင်ရှိမှသာ တင့်တယ်ပါ၏ ဝေးကွာ၍ပင် လင်နှင့်တခြား နေရပြားသော် ရွှေသားရွှေထည် မွှေးရည်နံ့သာ လိမ်းကပ်၍လည်း ကျိုးသာမရှိ. . . နှာ၊ ၄၃။

မကြောင့်ကြနှင့် ဆောင်းလဒိပ်မက် အတွက်မရှိ. . . နှာ၊ ၄၅။

ကျောင်းတော်ဝိဟာ နိဂြောဓာမှ စကြာတော်မြတ် ကြွတုံလတ်၍. . . နှာ၊ ၆၈။

သားဦးဖခင် ရှင်ပင်ဘုရား ဖြစ်လေပြား၍ မိသားတို့ကို မိကိုစိမ်းကား ပစ်သွားတော့မယ် မညိုးငယ်နှင့် မွေးမယ်အသစ် တိုး၍ချစ်မည်. . . နှာ၊ ၇၆။

ကြည်နူးချစ်ခင် ဆွေငယ်လင်နှင့် ရှင်လည်းအတူ သေမူမကွာ လိုက်ပါရလို. . . နှာ၊ ၈၄။

ကလေးနှမ ဤလောကတွင် လှတပင်ဟု လူတွင်ထွန်းတောက် ချီးမွမ်းလောက်၏. . . နှာ၊ ၈၇။

လူပျိုဘုရား မရှိပြားတည့် သားတယောက်မှ တောထွက်ရသည် မုချစဉ်လာ ဓမ္မတာတည်း. . . နှာ၊ ၁၀၀။

သာဝတ္ထိဆို ပြည်နဂိုရ်၏ နံပြိုဟ်ဗုဒ္ဓ ဒက္ခိဏာတွင် တောက်ပတင့်လွန် ဇေတဝန်ခေါ် ရွှေကျောင်းတော်၌. . . နှာ၊ ၁၁၅။

ဘုရားလျှာလည်း ပဘာဝတီ လှသိင်္ဂီကို စုံညီတင်ပြ
မြင်ချင်လှ၍ လုံ့လကြိုးပမ်း. . . နှာ၊ ၁၁၈။
စသည်တို့ ဖြစ်ကုန်၏။

## ဗုဒ္ဓုပ္ပတ္တိပျို့ ထင်ရှားရှိ

ဗုဒ္ဓုပ္ပတ္တိပျို့ကို မတွေ့ဘူး၊ မဖတ်ဘူးကြသော စာပေသမား တချို့ကမူ ဗုဒ္ဓုပ္ပတ္တိပျို့ဟူ၍ သီးခြားမရှိဟု ဆိုကြကုန်၏၊ ပါရမီတော်ခန်းပျို့ကိုပင် ဗုဒ္ဓုပ္ပတ္တိပျို့ဟု ဆိုကြကုန်၏၊ သို့ရာတွင် ဗုဒ္ဓုပ္ပတ္တိပျို့ဟူ၍ ရေးသားပြီးကာစ အထက်ပါစကားဖြင့်ပင် ဗုဒ္ဓုပ္ပတ္တိပျို့ ထင်ရှားရှိကြောင်း သိသာလေသည်။

## တိလောကဟု ဆုံးမစာ

တိလောကဟု ဆုံးမစာကိုလည်း တပည့်က ဆရာ၊ သားက မိဖကို အရိုအသေလျှော့ပါးကာ စေတီပုထိုးတို့၌ အကိုင်းအရှိုင်း နည်းပါးလာသဖြင့်လည်းကောင်း၊ အစစအရာရာ ကောင်းရာ၌ ချွတ်ယွင်းလာသဖြင့်လည်းကောင်း၊ တပည့်က ဆရာကို လေးစားရန်လည်းကောင်း၊ သားက မိဖကို ရိုသေရန်လည်းကောင်း၊ ဘုရားပုထိုး ကျောင်းကံများကို ကိုင်းရှိုင်းရန်လည်းကောင်း ကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာ၌ တည်စေရန်လည်းကောင်း ရည်သန်တော်မူ၍ ရေးသားတော်မူခဲ့လေသည်။ ယင်းဆုံးမစာမှာ-

> "တိလောကဟု မရနိုင်းတု ဘက်မပြုသည် သုံးလူ့ရတနာ မာတာပီတ ဆရာစသား အရှင်များကို ပြစ်မှားမဆို ရိုသေကြစေ သာမဏေက သူငယ်စသား တပည့်များတို့ မှတ်သားကြပ်ကြပ် မပြတ်သို့ပင် ဆုံးမသင်သည် ဝမ်းတွင်သွတ်မြဲသွတ်"

ဟူသောလင်္ကာဖြင့် စတင်ရေးသားတော်မူခဲ့လေသည်။ ၎င်းဆုံးမစာ ဆုံးလုနီးတွင်-

"သျှင်သီလဝံသ ထေရ်ဂုဏ၏ ဆုံးမစကား မနာကြားက
လားလိမ့်ပါယ်ရပ်ရွာ"

ဟု ဖော်ပြခဲ့လေသည်၊ ၎င်းဆုံးမစာမှာ ရဟန်း ရှင် လူ ၂-ဦးလုံး နှုတ်ရဆောင်၍ လိုက်နာပြောဆိုဆုံးမရန် သင့်လျော်ပေသည်။

## ကိုယ်ရည်သွေးခဲ့

အရှင်မဟာသီလဝံသသည် ဒုတိယမင်းခေါင်၏ အင်းဝနန်း ရင်ပြင်တွင် အရှင်မဟာရဋ္ဌသာရနှင့် ဆုံမိရာ သံဃပရိသတ်, မင်း မိဖုရားပရိသတ်တို့၏အလယ်တွင် "သီလဝံသ နာမတံခွန် ပုဂ္ဂိုလ်မွန် သည် နိဗ္ဗာန်တံခါး ဟင်းလင်းထား"ဟူ၍လည်းကောင်း၊ "တောင်းကို မဖောက် တောင်ကိုဖောက်သည် စိန်ကျောက်အသွင် သီလဝင်"ဟူ၍ လည်းကောင်း စသည်ဖြင့် ကိုယ်ရည်သွေးတော်မူခဲ့လေသည်။

## ဩစိတျဟီနဒေါသမရောက်

ဒုတိယမင်းခေါင်၏ နန်းယင်ပြင်၌ အရှင်မဟာရဋ္ဌသာရ ကလည်း ကိုယ်ရည်သွေးနေသဖြင့် မိမိဂုဏ်ကို ထုတ်ဖော်မှ ပြီးမည် ဖြစ်သဖြင့် အကျိုးရှိမည့်အရာ မှန်သည့်အတိုင်း ထုတ်ဖော်ဖြေဆိုသော အရှင်မဟာသီလဝံသအား ဩစိတျဟီနဒေါသ မသင့်သည်သာ ဂုဏ် ပင် မြောက်သေး၏။[၁]

## သီလဝံသမဟာဓမ္မရာဇဂုရု

အင်းဝဘုရင် ဒုတိယမင်းခေါင်သည် အရှင်မဟာသီလဝံသ အား "သီလဝံသမဟာဓမ္မရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက် ကပ်လှူဒါန်းခဲ့လေသည်။

---

၁။ သဂုဏာနာဝိကရဏေ၊ ကာရဏေ သတိ တာဒိသေ။
ဩစိတျဟီနတာပတ္တိ၊ နတ္ထိ ဘူတတ္ထ သံသိနော၊
(သုဗောဓာလင်္ကာရ။ ၁၁၃။ ဂါထာ။)

## ပျံလွန်တော်မူခြင်း

စာပေရေးသား ကြည့်ရှုချပို့ကာ ရွှင်ပျော်မြို့တော်မူသော အရှင်မဟာသီလဝံသသည် ဓမ္မပါလပျို့ကို ရေးသား၍မပြီးမီ သက်-တော် ၆၇-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။[၁]

သီလဝံသော မဟာထေရော၊ ထိရော ဝိသာရဒေါ သုဓီ။
ဒီပေတွာ သာသနံ သတ္ထု၊ ပယာတော မစ္စုနော မုခံ။

---

၁။ စာဆိုအကျော် ဆရာတော်အရှင်မဟာရဋ္ဌသာရမဟာထေရ်လည်းကြည့်။

## ဂါထာချောက်ဆယ်ပျို့ စာဆိုတော် ရှင်အုန်းညို

ရှင်အုန်းညိုသည် ဂါထာချောက်ဆယ်ပျို့ တဆောင်တည်းဖြင့် ထင်ရှားကျော်ကြားသော စာဆိုတော်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။

ရှင်ဥတ္တမကျော်, အရှင်မဟာသီလဝံသ, ရှင်ခေမာတို့ကဲ့သို့ တောင်တွင်းကြီးမြို့ ရွှေအိုးရစ်ရပ်တွင် အဖဦးအေး အမိဒေါ်ထွေးတို့မှ သက္ကရာဇ် ၈၁၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ရှင်အုန်းညို၏ ဘိုးဘေးအစဉ်အဆက်တို့မှာ မျုးမတ်မျိုးဖြစ်ကြောင်း–

"ပုဂံမြင်းစိုင်း စစ်ကိုင်းပင်းယ အင်းဝဟူသည် ဘုံနန်း
တည်က ရဲစည်အမျိုး တို့ဘေးဘိုးကား မတ်ရိုးမင်းစည်
ကောင်းဆက်ရှည်၏ ဤသည်ပညာ ဝါသနာကြောင့်"[၁]

စသည်ဖြင့် ရှင်အုန်းညိုကိုယ်တိုင် သူ၏ ဂါထာချောက်ဆယ်ပျို့နိဂုံး၌ မိန့်တော်မူခဲ့လေသည်။

## အင်းဝမြို့တော်သို့

ထိုစဉ်က လွန်စွာမှ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သည့် ပညာရှင်ရဟန်းတော်တို့ ရှင်ပျော်ပျို့ရာ အင်းဝမြို့တော်သို့လည်း ကြွရောက်လေ့လာ နေထိုင်ဘူးလိမ့်မည်ဟုလည်း မှန်းဆမိပေသည်။

## ဂါထာချောက်ဆယ်ပျို့ ရေးသားဖွဲ့ဆိုခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့မှ ကပိလနန်းမြို့တော်သို့ ကြွတော်မူ၍ ကာဠုဒါယီမထေရ်မြတ်သည် မြတ်စွာဘုရားအား အကြိမ်ကြိမ် လျှောက်ထားခဲ့လေသည်၊ ယင်းသို့ လျှောက်ထားစဉ်က ဆက်

---

၁။ ဂါထာချောက်ဆယ်ပျို့။ နိဂုံးလင်္ကာ။ အပိုဒ်၊ ၅။

လက်၍ ခရီးလမ်းပမ်းသာယာပုံ, အချိန်အခါကောင်းမြတ်ပုံ အစရှိသည်တို့ကို ဂါထာ ၆၀-ကျော်တို့ဖြင့် ဖွဲ့ဆိုလျှောက်ထားခဲ့လေသည်၊ ယင်းဂါထာများမှာ ဗုဒ္ဓဝံသအဋ္ဌကထာ-[၁] ၌ ၆၄-ဂါထာ ရှိလေသည်၊ အပဒါန်အဋ္ဌကထာ၌-[၂] ၆၃-ဂါထာ လာရှိလေသည်။

ဗုဒ္ဓဝံသအဋ္ဌကထာလာ ဂါထာများနှင့် အပဒါန်အဋ္ဌကထာလာ ဂါထာများမှာ ဆင်တူရိုးမှား တူကုန်၏၊ လုံးလုံး မတူချေ၊ ရှင်အုန်းညိုသည် အပဒါန်အဋ္ဌကထာလာ ဂါထာများကို ကြည့်ရှုဖွဲ့ဆိုခြင်း ဖြစ်လေသည်။

## မဟာကဝိဖြစ်ခြင်း

ရှင်အုန်းညိုကား ပဋိသန္ဓေကတည်းက ကဗျာဉာဏ်ပါလာသူ, ဗဟုသုတကုံလုံပြည့်ဝသူ, လွန်ကဲသော လုံ့လရှိသူဖြစ်သဖြင့် စာဆို, စာဖတ်တို့ နှလုံးအသဲစွဲလောက်အောင် ကဗျာဖွဲ့စွမ်းနိုင်သည့် မဟာကဝိပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ သို့ဖြစ်ရကား ဤဂါထာခြောက်ဆယ်ပျို့ကိုလည်း အကျယ်တဝင့် ချဲ့ဖွင့်ကာ တောလား, တောင်လား, ရေလားများတွင် သစ်ပင်မျိုးစုံ, ပန်းမျိုးစုံ, သားမျိုးစုံ, ငှက်မျိုးစုံ, ကြာမျိုးစုံ, ရေကန်မျိုးစုံများကို အံဝင်ဂွင်ကျဖြစ်အောင် ဆေးရောင်စုံချယ်ထားဘိသကဲ့သို့ ဖွဲ့ဆိုတော်မူခဲ့လေသည်၊ ရှင်အုန်းညို၏ မူလပင်ကိုယ်ဉာဏ်စခန်းကို ခန့်မှန်းနိုင်ရန် ဂါထာခြောက်ဆယ်ပျို့မှ စာပိုဒ်တချို့ကို ထုတ်ပြအပ်ပါသည်။

> မဟာဗုဒ္ဓဟော ဦးထိပ်ဗွေဟု မြုတေထွတ်ခေါင် မြရိပ်ဆောင်သား ရွှေညောင်ပင်မင်း ဗောဓိရင်း၌. . . ဂါထာခြောက်ဆယ်။ စာမျက်နှာ။ ၁။
>
> တရားတည်လှ မောဟဘာယာ ဆန္ဒာဒေါသ စွန်းရမရှိ ဂတိလေးအင် ညီလျက်ပင်တည့်. . . နှာ။ ၁၄။

---

၁။ ဗုဒ္ဓဝံသ၊ ဌ။ ၂၈-၃၇။ ၂။ အပ၊ ဌ၊ ၂။ ၂၅၈-၂၆၃။

ထုံးပုံပိုက်၍ အလိုက်သင့်ရာ ရှိညွတ်စွာလျှင် ပမာချိန်
ထောက် နားတော်လျှောက်အံ့. . . နှာ။ ၁၆။
ပရမေဘုန်းပေါင်း ရွှေနားညောင်းလော့ အကြောင်းတည်
ထွင် ရှိဦးတင်အံ့. . . နှာ။ ၂၀။
မင်းရိုးမင်းကျော် ဘသုဒ္ဓေါ်နှင့် မယ်တော်ဘုန်းရှိ သိရိ
မဟာ မေတ္တာမြဲအောင် ချစ်ဆုံးနှောင်၍ နန်းဆောင်ရိပ်ကျယ်
ရွှေဘုံလယ်တွင်. . . နှာ။ ၂၃။
ပီတိပြောစွာ လွှန်သဒ္ဓါလျက် နံ့သာအမျိုး ထုံခိုးလူလူ
ပျံ့ကြူလှောင်းလှောင်း ဗိုလ်အပေါင်းတို့. . . နှာ။ ၃၈။
အလှူဆန်းကြယ် လွန်သပွါယ်သား ခြောက်သွယ်ရောင်
ထင် တို့ချစ်ရှင်ကို. . . နှာ။ ၅၃။

ဖော်ပြပါ ဂါထာခြောက်ဆယ်ပျို့ စာပိုဒ်များကို ထောက်ဆ၍ မည်မျှ ထူးချွန်ပြောမြောက်သော စာဆိုပုဂ္ဂိုလ်ဖြစ်ကြောင်း မှန်းဆနိုင်ပေသည်။

## ဂါထာခြောက်ဆယ်ပျို့ပြီးချိန်

ဂါထာခြောက်ဆယ်ပျို့ ရေးသားပြီးချိန်မှာ– "ဘုရားမြတ်စွာ ကုသိနာ၌ ချမ်းသာမြိုက်မွန် နိဗ္ဗာန်ဝင်စ ထိုကာလနှင့် ပြီးထ၍စာ သာသနာမူ ကြာသည်မြင့်လစ် နှစ်ထောင်နှစ်ဖြင့် ပွားသစ်ခြောက်ဆယ် တနှစ်ဝယ်လျှင် အကျယ်သက္ကရာဇ် ရှစ်နှင့်သတ္တ ကာလကိန်းခန်း အစွန်းကိုးခု ရတုသရစ် နှစ်ကားဇေယ ကဆုန်လလျှင် ပြည့်ဝပုဏ္ဏာ သောကြာဆန်းတက် ဆဲ့ငါးရက်ဝယ်"ဟု မိန့်ဆိုထားသည့်အတိုင်း သာသနာသက္ကရာဇ် ၂၀၆၀၊ ကောဇာသက္ကရာဇ် ၈၇၉၊ ကဆုန်လပြည့် (ကဆုန်လဆန်း ၁၅-ရက်၊ သောကြာနေ့)ဖြစ်ကြောင်း သိသာလေသည်။

## ဘုရားဆုပန်ပုဂ္ဂိုလ်

ဂါထာခြောက်ဆယ်စာဆိုတော် ကဗျာစာဆိုတော် ရှင်အုန်းညို သည် ဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ပေတည်း၊ အရိမေတ္တေယျဘုရားလက်ထက်တွင် နိယတဗျာဒိတ်ပန်းကို ဆင်းမြန်းပြီး တချိန်တွင် သမ္မာ-သမ္ဗုဒ္ဓ အနုတ္တရစစ် ဘုရားဖြစ်၍ ဝေနေယျကြာ သတ္တဝါများမြောက်စွာကို ဘဝနှောင်အိမ် လွတ်စေရန် ရည်သန်တော်မူခဲ့လေသည်။ ထိုသို့ဖြစ်ကြောင်း-

"သစ္စာရင့်ညောင်း မေတ္တေလောင်းလျှင် တသောင်းမြေထက် လူ့ပြည်သက်၍ ရေစက်သွန်းရာ တိမ်များခွာလျှင် ဆယ်ဖြာပါရမီ ဖြည့်တိုင်းညီ၍ ဘော်မှီရိုင်းပင်း ခုတရင်းမူ ပင်မင်းကံ့ကော် ပွင့်လတ်သော်လျှင် သူတော်တို့အား အင်ရှစ်ပါးနှင့် ဘုရားမြတ်၌ ဖူးရန်ကြိုက်က ရထိုက်ဆက်ဆက် ဗျာဒိတ်စက်နှင့် စုံမက်ရည်ငံ တည့်မတ်သံရှင့်" ၁

ဟူသောစကားဖြင့် သိသာလေသည်။

## ပျံလွန်တော်မူခြင်း

ဂါထာခြောက်ဆယ်စာဆို ရှင်အုန်းညိုသည် သက်တော် ၇၅-နှစ်ခန့်ရှိရာ သက္ကရာဇ် ၈၉၀-ခန့်တွင် ပျံလွန်တော်မူခဲ့လေသည်။

ရှင်အုန်းညိုထေရသေဋ္ဌောတိ၊ သုတော ကဝိနမဇ္ဈရေ။
သုတော သုဂတသုတောဝ၊ ပယာတော မစ္စုနော ဝသံ။

-----------------------

## ရှင်ဥတ္တမကျော်မဟာထေရ်

သက္ကရာဇ် ၈၀၀-ပြည့်နှစ်တွင် တောင်တွင်းကြီးမြို့၌ တဘောင် ပေါ်လာသည်မှာ-

ဘုရားရှစ်သောင်း လေးထောင်ဆောင်း၍ ကိန်းအောင်
စံရန် ဓမ္မက္ခန်သည် သံတောင်ဖြိုးမြင့် စွင့်လိမ့်လေး။
အကိုက်လေးဘော် မြေမှပေါ်သော် ရှင်ကျော်လေးဦး
ခူးလိမ့်လေး။
ခူးလည်း ခူးလတ့်၊ ကူးလည်း ကူးလတ့်၊ စူးလည်း
စူးလတ့်၊ မြူးလည်း မြူးလတ့်-ဟူလေသည်။

ယင်းတဘောင်ကို မျက်စိကြီး နားကြီး ပညာရှင်တို့က အောက်ပါအတိုင်း နိမိတ်ဖတ်ကြကုန်၏။

"ဘုရားရှစ်သောင်း လေးထောင်ဆောင်း၍" ပဌမပိုဒ်အလိုမှာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကိုပင် ဘုရားဟု ယူရမည်။

"ကိန်းအောင်စံရန် ဓမ္မက္ခန်"ဟူသည်ကား ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့၏ ကိန်းအောင်းစံရာ ပေဖူးပေရွက်ပင်တည်း။

"သံတောင်ဖြိုးမြင့် စွင့်လိမ့်လေး"ဆိုသည်ကို ပေအပင်မြင့်ဖြိုးစွင့်စွင့်လျက် တိုးတင့်ကျက်သရေ ရှိလတ့်ဟု မှတ်ယူရမည်။

"အကိုက်လေးဘော် မြေမှာပေါ်သော်"ဆိုသည်မှာ ပေဖူးပေရွက်တို့၏ အကိုက်ဟုဆိုအပ်သော အညွန့်အညောက်ပေါ်တွင် ပေလေးပင်တို့၏ သည်မြေပြင်ထက်သို့ အခြားပေတို့နှင့် မတူပဲ ထူးခြားစွာ ထွက်လတ့်ဟု ဖြစ်လေသည်။

"ရှင်ကျော်လေးဦး ခူးလိမ့်လေး"ဆိုသည်မှာ ယင်းပေလေးပင်ကို ပိဋကတ်တတ် သာမဏေကျော်လေးဦးတို့သည် တပြိုင်နက်ပေါ်ထွက်ပြီးလျှင် ဖြတ်လှီးခူးယူကြကာ ကျမ်းဂန်များ ပြုကြကုန်လတ့် ဖြစ်လေသည်။

"ခူးလည်း ခူးလတ့်"ဟူသည် ဧကန်မုချ ပေများကို ဖြတ်ခူး၍ ကျမ်းဂန်ပြုလတ့် ဖြစ်သည်။ "ကူးလည်း ကူးလတ့်"ဟူသည် ပိဋကတ်

သုံးသွယ် ကျမ်းပင်လယ်ကို ကူးလတံ့ ဟူ၏။ "စူးလည်း စူးလတံ့" ဟူသည် ပိဋကတ်လာ အဓိပ္ပါယ်အထူးထူးကို ဉာဏ်ရည်စူး၍ သိမြင်လတံ့ ဟူ၏။ "မြူးလည်း မြူးလတံ့"ဟူသည် ဝမ်းသာရွှင်မြူးစွာ ရတု, ရကန်, အဲအန်, လင်္ကာတို့ကို ဆန်းကြယ်စွာ ရေးလတံ့ ဟူ၏။

"ပေလေးပင် ရှင်လေးပါး ပေါ်လိမ့်မည်"ဟူသော စကားသည် တောင်တွင်းကြီးမြို့ပေါ်တွင် လွန်စွာမှ ကျော်ကြားခဲ့လေသည်။

ယင်းသို့ တဘောင်ပေါ်ပြီးနောက် ၁၅-နှစ်ရှိရာ သက္ကရာဇ် ၈၁၅-ခုနှစ်တွင် မြို့လုလင်ရွာ အဖ-ဦးသောကြာ, အမိ-ဒေါ်နှင်းဆီတို့မှ ရှင်ဥတ္တမကျော်လောင်းလျာကို ဖွားမြင်ခဲ့လေသည်၊ ငယ်မည် မောင်ဥက္ကာ ဖြစ်လေသည်။

ထိုနေ့မှာပင် သတိုးထမ်းရွာ၌ ရှင်အုန်းညိုကို ဖွားမြင်ခဲ့လေသည်၊ အချိန်နာရီမျှသာ ရှင်ဥတ္တမကျော်က ကြီးသည်ဟု သိရ၏၊ သူငယ်နာမည်မှာလည်း မောင်အုန်းညိုပင် ဖြစ်လေသည်။

ထို့နောက် ၆-ရက်မြောက်နေ့တွင် မြို့လုလင်ရွာ အရှေ့ပိုင်း အသည်မျိုးဖြစ်သူ အဖ-ဦးကြည်, အမိ-နတ်ထိန်းကြီး ဒေါ်ဒွေးတို့မှ အရှင်မဟာသီလဝံသထေရ် လောင်းလျာကို ဖွားမြင်လေသည်၊ ငယ်မည် မောင်ညို ဖြစ်လေသည်။

မောင်ညို ဖွားမြင်ပြီးနောက် လေးရက်မြောက်နေ့တွင် မန်ကျည်းထောင်ရွာ၌ ရှင်ခေမာ လောင်းလျာကို ဖွားမြင်တော်မူခဲ့လေသည်။

ဖော်ပြပါ ကျမ်းဂန်ပေစာတတ်ပုဂ္ဂိုလ် လေးပါးကို ပေလေးပင်ဟု ဆိုသည်၊ ရှင်လေးပါးဟူသည် ရှင်ရဟန်းကျော်ဖြစ်ကြမည့် ဤပုဂ္ဂိုလ်လေးပါးကိုပင် ဆိုလေသည်။

ဥတ္တမော စေဝ အုန်းညို စ၊ သီလဝံသော ခေမာဝှယော။
စတ္တာရော ပုဂ္ဂလာဟောသုံ၊ ပေလေးပင်ရှင်လေးပါးတိ စ။

## အရှင်မဟာသီလဝံသလောင်းလျာ မောင်ညိုနှင့် ကစားဖက်

ရှင်ဥတ္တမကျော်လောင်းလျာ မောင်ဥက္ကာသည် နုနယ်ငယ်လျ ကလေးဘဝကပင် ဉာဏ်ပဋိဘာန် လျင်မြန်ထက်မြက်၏၊ ဉာဏ်ပဋိဘာန် လျင်မြန်ထက်မြက်သော တရပ်တည်းနေ အရှင်မဟာသီလဝံသ လောင်းလျာ မောင်ညိုနှင့် တမိသားချင်းပမာ ချစ်ခင်ရင်းနှီးစွာ သွားအတူ စားအတူပင် ဖြစ်လေသည်။

## ကျောင်းနေပညာသင် ရှင်ရဟန်းပြု

သက်တော် ၇-နှစ်သားအရွယ်တွင် နတ်မှီးလင်းဆရာတော် ဦးသီလာစာရာဘိဓဇထံတွင် ရောက်ရှိပညာသင်ကြားခဲ့လေသည်၊ သက်တော် ၁၅-နှစ်သားအရွယ် ၈၃၀-ပြည့်နှစ်တွင် ရှင်သာမဏေဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ ရှင်ဥတ္တမ ဖြစ်လေသည်၊ သက်တော်ပြည့်မြောက်ရာ သက္ကရာဇ် ၈၃၅-ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ရဟန်းဘွဲ့တော်မှာလည်း သာမဏေဘွဲ့အတိုင်း အရှင်ဥတ္တမပင် ဖြစ်လေသည်၊ ပေလေးပင် ရှင်လေးပါး အပါဝင် ဖြစ်တော်မူကြသော ရှင်မဟာသီလဝံသ, ရှင်အုန်းညို, ရှင်ခေမာတို့သည် ထိုနှစ်အတွင်းမှာပင် ရဟန်းအဖြစ်သို့ ရောက်တော်မူကြကုန်၏။

## ပညာတတ်မြောက်

အရှင်ဥတ္တမသည် ဉာဏ်ကလည်း ထက်မြက်ထူးချွန်၊ ဝီရိယကလည်း ကဲလွန်သူဖြစ်ရကား ငယ်ရွယ်စဉ်ကပင် ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများနှင့် မြန်မာစာပေ ပျို့ ကဗျာ လင်္ကာအရေးအသားပါမကျန် ကျွမ်းကျင်တတ်မြောက်တော်မူခဲ့လေသည်။

## စာပေချပို့လေ့လာ

စာပေတတ်မြောက်ပြီးဖြစ်သဖြင့် တောရဆောက်တည်ကာ တပည့်တပန်းတို့အား စာပေချပို့ခြင်း, ပဋိပတ်အလုပ်ကို ကြိုးကုတ်အားထုတ်ခြင်း, ကျမ်းစာပြုစုခြင်းတို့ဖြင့် သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## အင်းဝနန်းမြို့တော်ကြွ မောင်ကျဘမ်းဆုံးမ

သက္ကရာဇ် ၈၅၉-ခုနှစ်တွင် အင်းဝနေပြည်တော်သို့ ကြွတော်မူသည်၊ အင်းဝ၌ မာနတံခွန် မိုးစွန်မြင့်မား ထောင်လွှားလှသော ခုံတော်မောင်ကျဘမ်းကို တရားစစ် စကားစစ်ဖြင့် အနိုင်ယူတော်မူခဲ့လေသည်၊ ဆုံးမတော်မူခဲ့လေသည်၊ ယင်းသည့်နောက်တွင်မှ (အရှင်) ဥတ္တမကျော်ဟု တွင်လေသည်၊ [၁] လွန်စွာလည်း ကျော်ကြားထင်ရှားလေသည်။

ဂန္ထာ အင်းဝသုပုရံ သော၊ မောင်ကျဘမ်း မာနသံယုတံ။
ပုဂ္ဂလံ ဒမိယိတွာန၊ ကိတ္တိသဒ္ဒေါ သမုဗ္ဘဝိ။

## ဒုတိယမင်းခေါင် အကြိမ်ကြိမ်ပင့်

အင်းဝဘုရင် ဒုတိယမင်းခေါင်က အင်းဝနေပြည်တော်၌ သီတင်းသုံးတော်မူပါ ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးလိုကြောင်း အကြိမ်ကြိမ်လျှောက်ထားတောင်းပန်သော်လည်း လက်မခံပဲ ပယ်မြစ်တော်မူခဲ့လေသည်၊ နေမြဲ တောင်တွင်းကြီးမြို့၌ အရညကင်စုတင် ဆောက်တည်သီတင်းသုံးတော်မူခဲ့လေသည်။

---

၁။ ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဘမ်း ဇာဝိသေနဂ်ဗျူဟာကျမ်း။ ကြည့်။

## ရွှေနန်းကြော့ရှင်လျှောက်ထားလည်း လက်မခံ

သက်တော် ၆၇-နှစ်၊ ဝါတော် ၄၇-ဝါရရှိရာ သက္ကရာဇ် ၈၈၂-ခုနှစ်က ရွှေနန်းကြော့ရှင် ဘုရင်နရပတိ၏ ပင့်ဖိတ်လျှောက်ထားချက်အရ ဒုတိယအကြိမ် အင်းဝသို့ ကြွတော်မူခဲ့ရလေသည်၊ မင်းတရားကြီးက အင်းဝ၌ သီတင်းသုံးပါရန် ခမည်းတော်မင်းတရားအတူတောင်းပန်လျှောက်ထား၏၊ သို့ရာတွင် လက်ခံတော်မမူပါချေ။

## ကျမ်းဂန်ပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ–

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နိသျ
၂။ မဟာနိဒ္ဒေသပါဠိတော်နိသျ
၃။ ပေဋကောပဒေသပါဠိတော်နိသျ
၄။ ဓမ္မသင်္ဂဏီပါဠိတော်နိသျ
၅။ ဝိနယသင်္ဂဟအဋ္ဌကထာနိသျ
၆။ သဒ္ဒသံခိပ်ဋီကာသစ်နိသျ
၇။ ခုဒ္ဒသိက္ခာဋီကာသစ်နိသျ
၈။ အဘိဓမ္မာဝတာရဋီကာသစ်နိသျ
၉။ သဒ္ဒသာရတ္ထဇာလိနီစာကိုယ်နိသျ
၁၀။ ဂဇိရသာရတ္ထသင်္ဂဟစာကိုယ်နိသျ
၁၁။ ကစ္စာယနဘေဒစာကိုယ်နိသျ
၁၂။ ဝါစကောပဒေသစာကိုယ်နိသျ
၁၃။ တောလားရတုကိုးပုဒ်- စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းဂန်တို့ကို ပြုစုကြောင်း စာရင်းရှိသာ တွေ့ရ၏၊ ဂန္ထက္ကမပျို့တွင်လည်း–

"ပဋိသမ္ဘိဒါ မဟာနိဒ္ဒေသ ပေဋကနှင့် ဓမ္မသင်ခေါ်
ပါဠိတော်မှ ဝိနယသင်္ဂဟာ အဋ္ဌကထာပြင် သဒ္ဒသံခိပ် ခုဒ္ဒ

သိက်မည်ရှိ အဘိဓမ္မ ဝတာရလျှင် ဋီကာသစ်မူ ကျမ်းသုံး
ဆူမျှ သဒ္ဒသာရတ္ထဇာလဂီ ဝဇိရသာရ ကစ္စာယနဟု ဝါစကော
ပဒေသခေါ်ဆို စာကိုယ်နိသျည်း မှီရာနည်းကို သိဿည်း
သေချာ သိစေငှာပ သဒ္ဒါပုဒ်ပါဌ် တည်းဖြတ်ပြုစု ဗဟုပကာရ
ဖြစ်ကြစေလို ပုဂ္ဂိုလ်ထင်ပေါ် ဥတ္တမော်တွင် ကျော်တလုံးရ
ထင်မာနနှင့်"

စသည်ဖြင့် မှတ်တမ်းတင် ဖော်ပြပါရှိကြောင်း သိရလေ၏။

## တောလားရတုကိုးပုဒ်

ဖော်ပြခဲ့သည့်အတိုင်း အရှင်ဥတ္တမကျော်ပြု ကျမ်း ၁၃-ကျမ်းဟု ဆိုသော်လည်း နောက်ဆုံးဖော်ပြသည့် တောလားကြီးကိုးပုဒ်ကိုသာလျှင် တွေ့ရှိပေသည်၊ ယင်းတောလားရတုကိုးပုဒ်မှာ မြန်မာကဗျာလောက တွင် ပဌမတန်းကလိုက်သော ကဗျာဖြစ်လေသည်၊ စကားအသုံးအနှုန်း ခန့်ငြားထည်ဝါသည်၊ တောလားဆိုသည့်အတိုင်း တောလမ်းခရီး အတွေ့အကြုံ ရေမြေတောတောင် ကျေးငှက်တိရစ္ဆာန် ပန်းမာလ်သစ် သီးတို့ကို အသက်သွင်း၍ ကဗျာစကားဖြင့် ပိုင်နိုင်စွာ ဖွဲ့ဆိုတော်မူ ခဲ့လေသည်၊ ရာသီဥတုအမျိုးမျိုးကို ဖွဲ့ဆိုခြင်းနှင့် ဘုရားမြတ်စွာအား လောကဓာတ်အလုံးက ညွတ်ရုံးပူဇော်ပုံကို ဖွဲ့ဆိုခြင်းမှာ ထူးခြားလှ ပေ၏၊ ဘုရားဘုန်းမို ရာဇဂြိုဟ်မှ ကပိလနန်းမြို့ကြွချီတော်မူမည့် ခရီးလမ်း၏ သာယာပုံကို ဖွဲ့ဆိုခြင်းဖြစ်ရာ ကာဠုဒါယီဖွဲ့ဆိုတင် လျှောက်သော ဂါထာ ၆၀-ကို အာရုံပြု၍ ဖွဲ့ဆိုခြင်းဖြစ်ဟန် တူပေ သည်။

## ချီပုံချပုံ

ယင်းတောလားရတုကိုးပုဒ်အနက် ပဌမအပိုဒ်ကို– "စက်ဆယ် နှစ်လီ ဒွါဒသီဝယ် သုံးလီဥတု လက်ဝဲလုသား ရတုသာစွ လမဏ္ဍလင် သဘင်ဂိမှန်". . . စသည်ဖြင့် ချီ၍ "ညွန့်ညွန့်ဖြိုးသည်။ ။သီးမျိုးခိုင် ညှာ လပွတ်တည်း။"ဟူ၍ အချရေးတော်မူခဲ့လေသည်။

ဒုတိယပိုဒ်ကို– "စကြာဝဠာ အာဏာဇာတိ ခေတ်ဝိသယ နိုင်းမမျှသား အနန္တဂုဏ် သဗ္ဗညုံ၏ ဘုံဘဝဂ်ဖျား ဘုန်းတော်အားလည်း". . . စသည်ဖြင့် ချီ၍ ". . . ဝမ်းမြောက်ဝမ်းသာ စေတနာနှင့် သဒ္ဓါ၍ခ်မြူး ကြည်ညွတ်နူးသည်။ ။ဘီလူးသွားကို လဖြတည်း။"ဟူ၍ အချရေးတော်မူခဲ့လေသည်။

တတိယပိုဒ်ကို– "ဝသန်ဟေမ ဂိမှအပြင် ဒွါဒသင်ဝယ် နဝင်္ဂကိုး ဂုဏ်တော်ဖြိုးသား". . . စသည်ဖြင့် ချီ၍ ". . . သုံးလူ့ဖျားကို တတ်အားသမျှ ဖူးကုန်ကြလျက် ရှိစုံဆက်သည်။ ။တောကြက်တောင်ပံ လဖြန်းတည်း။"ဟု အချပြုတော်မူခဲ့လေသည်။

စတုတ္ထပုဒ်ကို– "တထာဂတ နိုင်းထမမြော် မြတ်ရှင်တော်ကို ပူဇော်ကြရာ". . . စသည်ဖြင့် ချီ၍ ". . . သုံးလူ့ချာကို သဒ္ဓါလှူလှူ ပူဇော်မူဖြင့် တောထုတောင်ရိုး ပျပ်ဝတ်ကျိုးသည်။ ။မုဆိုးချုံက လချောင်းတည်း။"ဟု အချပြုတော်မူခဲ့လေသည်။

ပဥ္စမပိုဒ်ကို– "အနုတ္တရ တိလောကဟု သကျမုနိန် မာရဇိန်ကို ကြွန္ဒာသက္က ဒေဝသူရာ ပြဟ္မာမကျန်". . . စသည်ဖြင့် ချီ၍ ". . . ရှင်ချစ်မြတ်စွာ သာသနာကို တာရာမန္ဒ သူရိယတို့ တုပ်ကွ ရိုကျိုး ရောင်စုံဖြိုးသည်။ ။မိုးမှာရွှေကြယ် လဥတည်း။"ဟု အချရေးတော်မူခဲ့လေသည်။

ဆဋ္ဌအပိုဒ်ကို– "မြတ်သယမ္ဘူ ထွတ်မှန်ကူလည်း မြိုင်မူသေလာ ဂန္ဓမာသို့ ဒေသမာရော် မြန်းကြွသော်လျှင်". . . စသည်ချီ၍ ". . . မင်္ဂဖိုလ်ကမ်းသောင် ပို့ကြဉ်းဆောင်သည်။ ။ရွှေဘောင်မြစ်ညာ လဆန်တည်း။"ဟူ၍ အဆုံးသတ်တော်မူခဲ့လေသည်။

သတ္တမအပိုဒ်ကို– "မဟာသကျ မုနိန္ဒဟု အနန္တဂုဏ် သဗ္ဗညုံလျှင် ရေစုံမီးပွင့် တန်ခိုးလွှင့်၍". . . စသည်ဖြင့်ချီ၍ ". . . သံယောဇဉ်ဖြင့် လွှင့်စဉ်ကွာရှား လေးနှင့်မြားသည်။ ။တရားထားသို့ လလက်တည်း။"ဟူ၍ချကာ အဆုံးသတ်တော်မူခဲ့လေသည်။

အဌမပိုဒ်ကို– "ဗျာဒိတ်ဩဘာ မင်္ဂလာနှင့် အောင်ချာနဂရ ကပိလသို့"...စသည်ဖြင့်ချီ၍ "...အမြွတ်တနိုး လျှုမျိုးပုည ဓမ္မဝတ္ထု ဆည်းပူးစုသည်။ ။ပြုစုပြိုးထောင် လမ္မွေးတည်း။"ဟု ချတော်မူခဲ့လေသည်။

## သဗ္ဗညုဘုရားဆုပန်

အရှင်ဥတ္တမကျော်သည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်လက်ထက်တော်တွင် နိယတဗျာဒိတ်ရရှိ၍ နောင်တခေတ်တွင် သဗ္ဗညုဘုရားရှင် ဖြစ်ရလိုကြောင်း–

"နှောင်းဖြစ်အလာ မိတေယျာတွင် ရိန္ဒမာထား အသွားသုံးရွက် ရိုးလက်တကိုင် အပြိုင်ငါးကြိမ် အိမ်နှင့်တကွ ကျောက်မှပေါ်ထွက် ရွှေဘုန်းဆက်သည် သန့်လျက်သီလဝင် နိဗ္ဗာန်ရှင်ကား မဂ္ဂင်ရှစ်တန် လမ်းမှန်ခရီး ရပ်ကြီးသာစည် ရောက်အံ့ရည်၍ ဆုံးမည်ပရမေ ဗျာဒိတ်ချွေသား သပြေကျွန်းသာ နောင်အခါဝယ် သညာသမုတ် ပညာတုတ်သည် ရှင်ဥတ္တမကျော် ထေရ်မြတ်သော်လည်း အတော်နောင်လာ ငါ့ရိုက်ရာကို သစ္စာဖူးငုံ ပွင့်အံ့တုံဟု ကိုးဂုဏ်ရှင်ပင် အံ့မျိုးတင်သည် ငါလျှင်လည်းကောင်း ဗောဓိလောင်းဟု ညွှတ်ညောင်းတံဆိပ် နူတ်ဗျာဒိတ်ဖြင့် ခတ်နှိပ်သချာ နူတ်ဩဘာသည် မြဲစွာဖြစ်လိမ့် လမ္မွန်တည်း"

ဟု နောက်ဆုံး နဝမအပိုဒ်ဖြင့် ဖော်ပြတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် စာပေရေးရာ၌ ကျော်ကြားထင်ရှားလှသည့် အင်းဝခေတ် စာဆိုကျော် ဆရာတော်အရှင်ဥတ္တမကျော်သည် သက်တော် ၈၉-နှစ်ရှိရာ သက္ကရာဇ် ၉၀၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ အရှင်ဥတ္တမကျော်ကား ပညာတတ်လှပါပေသည်။ စာပေအဖွဲ့

အနွဲ့လွှန်စွာပြောင်မြောက်ထူးချွန်သူပါတည်းဟု ကျော်စောခြင်းမှုသာ ကြွင်းကျန်လေတော့သတည်း။

ဘဒန္တဥတ္တမော ထေရော၊ ဝါဒိနံ ပဝရော သုဓီ။
ကိစ္စေ သော သာသနေ ကတွာ၊ ကိတ္တိသေသတ္တမဂမီ။

## စာဆိုအကျော်
## ဆရာတော်အရှင်မဟာရဋ္ဌသာရမဟာထေရ်

အရှင်မဟာရဋ္ဌသာရသည် သိမ်မွေ့နက်ကျယ်သော စိတ်ကူး ဆန်းထူးသစ်လွင်သော ကဗျာဉာဏ် ရင့်သန်များမြတ်သော အကြား အမြင်တို့နှင့် ပြည့်ဝကုံလုံသည့် အင်းဝစာဆိုတော်ကြီးပါပေတည်း။

နဝဒေး၊ နတ်သျှင်နောင်၊ စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ၊ ဦးတိုး၊ ဦးစ၊ ဦးကြင်ဥ၊ ဦးပုည အစရှိသော နှောင်းခေတ်စာဆိုတော်ကဝိတို့သည် အရှင်မဟာရဋ္ဌသာရ၏ စာပေကို ဖတ်ရှုလေ့လာ တပည့်ခံကာ တပည့်ခံယူကြရကုန်၏။

## မီးရှူးသန့်စင် ဖွားမြင်ခြင်း

ရတနာပူရ အင်းဝရွှေမြို့တော်ကြီး၏ အလယ်တွင် ခမည်းတော် ဓမ္မပါလအမတ်နှင့် ဇနီးအမတ်ကတော်တို့မှ သက္ကရာဇ် ၈၃၀-ခုနှစ် ဝါဆိုလတွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်မောက်ဖြစ် လေသည်၊ နောက်တွင် လွန်စွာကျော်ကြားသည့် စာဆိုတော်ကြီးဖြစ် လေရာ နာမည်မှာ အရည်အသွေးနှင့် ကိုက်ညီပေသည်။

ထေရဿ ရဋ္ဌသာရဿ၊ ဒဟရေ ကော နာမော ဘဝေ။
ဣတိ စေ ကောစိ ပုစ္ဆေယျ၊ မောင်မောက်တိ ဝိဿဇ္ဇနံ ကရေ။

ဖွားမြင်ရာဒေသ, ဖွားမြင်ရာကာလ စသည်နှင့်စပ်၍–

"ကြားပိမ့်သိလော့ သိရိခေတ္တ ပုဂံစသည် ပြည်မတန် ဆောင် ငါးကြိမ်နောင်ဝယ် တောင်ကပင်းယ မြောက်မှစစ်ကိုင်း ရံဆိုင်းသာလှ ရွှေအင်းဝ၌ နန်းကမြင်ထင် မြို့လယ်ခွင်ဝယ် သခင်ဘုရား ထားသည့်သာသနာ သချာအမှန် နှစ်ထောင်လွန် ၍ အစွန်းမြတ်မူ ဆယ့်နှစ်ခုဝယ် ဥတုဝဿ မိုးလရှေ့ဖျား နေသွားကရကဋ် ခေါ်မှတ်ဝေါဟာ အာသဠ္ဍ၌ ပညာပွားဘို့

ကုသိုလ်ပို့သား ငါတို့ဘွားရာ ချက်မြှုပ်ရွာသည် အောင်ချာ
ပြည်ကြီး နားဘေးချောင်းတည်း"

ဟူ၍ စတုဓမ္မသာရကိုးခန်းပျို့ နိဂုံး၌-[၁] ဖော်ပြခဲ့လေသည်။

## အရှင်မဟာရဋ္ဌသာရ၏ မိခင်

အရှင်မဟာရဋ္ဌသာရ၏ မိခင်မှာ သက္ကရာဇ် ၇၂၆-ခုနှစ် ရတနာပူရမြို့ နန်းစတင်တည်ထောင်သူ သတိုးမင်းဖျား၏ အနွယ်တော်ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း-

"တို့မိမျိုးလည်း သတိုးမင်းဖျား တရားစောင့်သုံး ရန်လုံး
တွင်ချွေ ရွှေမြေအင်းဝ တည်စနန်းထီး ပြည်ထောင်ကြီး၏
သမီးမြစ်ရင်း နွယ်မယွင်းသည် စည့်တွင်းမထိမ် လျှည့်တောင်း
တည်း"

ဟု ကိုယ်တိုင် မိန့်ဆိုတော်မူခဲ့လေသည်။[၂]

## ပညာသင်ကြားခြင်း

မောင်မောက်သည် သက်တော် ၅-နှစ်သား ကလေးငယ်ဘဝကပင် အင်းဝရွှေနန်းတော်တွင်း၌ နန်းတွင်းသူ နန်းတွင်းသားပညာရှင်များ, ဖခင်ဓမ္မပါလအမတ် စသည်တို့ထံတွင် ပညာသင်ကြားခဲ့လေသည်၊ ဒုတိယဘုရင်မင်းခေါင်ကိုယ်တိုင်က ဉာဏ်ပညာ လွန်စွာထက်မြက်သူဖြစ်သဖြင့် မောင်မောက် ပညာတတ်မြောက်ရေးကို မိမိသားရင်းပမာ လွန်စွာကြောင့်ကြ ပြုခဲ့လေသည်၊ ယင်းသို့ဖြစ်ကြောင်း-

"မှတ်လော့နောင်လာ ကဗျည်းမှာပိမ့် ရတနာပူရ ပြည်မ
တန်ဆောင် ထမ်းခွန်ဆောင်သား မင်းခေါင်လက်ထက် ပျို

---

၁။ စတုဓမ္မသာရကိုးခန်းပျို့ နိဂုံးအပိုဒ်။ ၂။

၂။ စတုဓမ္မသာရကိုးခန်းပျို့ နိဂုံးအပိုဒ်။ ၃။

ရွှယ်သက်က ဝမ်းထွက်စတေ မှတ်သောထွေဖြင့် စာပေသင်
ကာ နေလှည့်ရာတွင်"-[၁]

စသည် ကိုယ်တိုင် ဖော်ပြတော်မူခဲ့လေသည်။

## ဆယ်နှစ်သား ကဝိလင်္ကာဖွဲ့ဆို

မောင်မောက်သည် ပဋိသန္ဓေပင်ကိုဉာဏ် ထက်မြက်သူဇာကေန် မှန်လှ၏၊ အခါတပါး မောင်မောက် ၁၀-နှစ်သား အရွယ်တွင် ဖခင် ဓမ္မပါလအမတ်သည် သားငယ်မောင်မောက်ကို လက်ဆွဲ၍ နန်းတော်တွင်းသို့ ဝင်ခဲ့လေသည်၊ နန်းတော်တွင်း၌ အိမ်ရှေ့မင်း မဟာသီဟသူ၏ တောင်ဆောင်စံ မြောက်သားတော်သမီး ရှင်စိုးမင်း မြောက်ဆောင်စံ "တန်ဆောင်ရှင်"ခံ မြောက်သားတော်သမီး မင်းလှမြတ်နှင့် မင်း-ဘုန်းထွတ်တို့ နားထွင်းမင်္ဂလာသဘင် ဆင်ယင်ကျင်းပခိုက် ဖြစ်၏၊ အိမ်ရှေ့မင်းက ဓမ္မပါလအမတ်အား သမီးတော် ၃-ပါးနှင့် စပ်၍ သုတိသာမင်္ဂလာရှိသည့် ပျို့ကဗျာလင်္ကာရတုများ ဖွဲ့ဆိုလျှောက်တင်ရမည်ဟု အမိန့်တော်မှတ်ရာတွင် ၁၀-နှစ်သားအရွယ် နုနယ်လှသေးသော မောင်မောက်က ကျွန်တော်မျိုး ဖွဲ့ဆိုလျှောက်ထားပါမည်ဟု သံတော်ဦးတင်ကာ ယုတ်တရက် ရှင်မိုးမင်းနှင့်စပ်၍ "အိုဘဲ့ဘယ် အိုဘဲ့သမီးတော် ထင်ပေါ်ဖုန်းပျံ့သင်း"ဟူ၍လည်းကောင်း၊ မင်းလှမြတ်နှင့်စပ်၍ "အိုဘဲ့ဘယ် အိုဘဲ့သမီးတော် နတ်သော်ပုံမယွင်း"ဟူ၍လည်းကောင်း၊ မင်းလှဘုန်းထွတ်နှင့်စပ်၍ "အိုဘဲ့ဘယ် အိုဘဲ့သမီးတော် စန္ဒော်လနှယ်ဝင်း"ဟူ၍လည်းကောင်း အရွယ်နှင့်မလိုက်အောင် ကာရန်ဝါကျ ညီညွတ်စွာ ဖွဲ့ဆိုလျှောက်ထားလိုက်လေသည်၊ မောင်မောက်၏ ကဗျာဖွဲ့ဆိုမှု အရည်အချင်းမှာ လွန်စွာလွန်စွ အံ့ဩဖွယ်ပါပေတည်း။

---

၁။ သံဝရပျို့ နိဂုံးအပိုဒ်။ ၁။

ဒသဝဿိကကာလေဝ၊ ကာဗျဗန္ဓေ ဝိသာရဒေါ။
ထေရကုံရဿ တိတိက္ခ-ဉာဏံ အစ္ဆရိယံ ဟိ ခေါ။

## အရှင်ဝရစက္ကပါလထံ ပညာသင်

ရှမောင်မောက်သည် မိမိ၏နောင်တော် သီဟိုဠ်ကျွန်းတိုင်အောင် ကျော်စောကိတ္တိရှိသော စစ်ကိုင်း၌ သီတင်းသုံးတော်မူသော အရှင် ဝရစက္ကပါလထံ၌လည်း–[၁] လောကီ, လောကုတ္တရာကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်၊ အထူးသဖြင့် ဇာတ်တော်ကြီးဆယ်ဘွဲ့ စသည့်ကျမ်းဂန်များကို ပိုမိုလေ့ကျက်ဟန်ရှိပေသည်။

ဝရစက္ကသ ပါလဿ၊ ဝရစက္ကပါလောတိ ခေါ။
သုတဿ ထေရသေဋ္ဌဿ၊ သန္တိကေ သိက္ခနံ အကာ။

## ရှင်သာမဏေပြုခြင်း

သက်တော် ၁၆-နှစ်သား အရွယ်တွင် ဖော်ပြပါ ဆရာရင်း နောင်တော်ဖြစ်တော်မူသော သီဟိုဠ်ရောက် အရှင်ဝရစက္ကပါလထံ၌ ပင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်း ဆောင်တော်မူခဲ့လေသည်၊ သာမဏေဘွဲ့မှာ ရှင်ရဋ္ဌသာရ ဖြစ်လေ သည်။

သောဠသဝဿိကော သော ဟိ၊ ပတ္တော သာမဏေရတံ ဝရံ။
ရဋ္ဌသာရောတိ နာမံပိ၊ အဒါသိ ထေရသေခရော။

ဆက်လက်၍လည်း အရှင်ဝရစက္ကပါလထံ ပညာသင်ကြား တော်မူခဲ့လေသည်၊ ဆရာတော်သည် မိမိ၏ ၅-နှစ်သားအရွယ်မှစ၍

၁။ အရှင်ဝရစက္ကပါလနှင့် သီဟိုဠ်ရောက်ဆရာတော် ၂-ပါးထံ သင်ယူသည် ဟုလည်း ဆိုကြ၏။

နန်းတွင်း၌ ပညာသင်ခဲ့ပုံ, ရှင်သာမဏေပြု၍ ပညာသင်ကြားခဲ့ပုံ စသည်တို့ကို–

"ရွှေနန်းတော်ထက် ငါးနှစ်သက်က လေ့ကျက်ခဲ့မြောက် စစ်ကိုင်းချောက်၌ မပြောက်အာပတ် ပိဋကတ်တတ်စွာ သုဒ္ဓါစာရ သီလဂုဏဝန် ထေမွန်ပုဂ္ဂိုလ် သီဟိုဠ်ရောက်ကြီး သံဃာ့ထီးကို ယှဉ်မှီးငြမ်းထောက် ထိပ်စက်ဆောက်မှ ဆဲ့ခြောက်နှစ်ရှွယ်"–[၁]

စသည်ဖြင့် ကိုယ်တိုင်ဖော်ပြ ဖွဲ့ဆိုတော်မူခဲ့လေသည်။

## ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်

သက်တော် ၂၀-ပြည့်မြောက်ချိန်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူ၍ စာပေချပို့ခြင်း, ပျို့လင်္ကာကျမ်းများ ရေးသားပြုစုခြင်း စသည်တို့ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## အရှင်မဟာသီလဝံသနှင့် တွေ့ဆုံခြင်း

သက္ကရာဇ် ၈၅၅-ခုနှစ်တွင် အရှင်မဟာသီလဝံသသည် တောင်တွင်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ကြွတော်မူခဲ့လေသည်၊ အင်းဝမြို့ ထူပါရုံစေတီတော်၏ လက်ျာတောင်ဖက် စရပ်ငယ်တွင် တည်းနေလေရာ နေပြည်တော်ဆရာတော် အရှင်မဟာရဋ္ဌသာရသည် ကြွရောက်လာပြီး အရှင်မဟာသီလဝံသနှင့် တွေ့ဆုံ၍ မပြတ်မလပ် အောက်မေ့အပ်သောစကားများ, ဝမ်းမြောက်ဖွယ်စကားများကို ပြောဆိုနှုတ်ဆက်တော်မူခဲ့လေသည်။

---

၁။ စတုဓမ္မသာရကိုးခန်းပျို့ နိဂုံးအပိုဒ်။ ၄။

## ဆရာတော်နှစ်ပါး ကိုယ်ရည်သွေးကြ

ဒုတိယမင်းခေါင်မင်းတရားသည် ဆရာတော်နှစ်ပါးကို နန်းတော်သို့ ပင့်၍ စာပေဆွေးနွေးပွဲ ပြုလုပ်လေသည်၊ စာပွဲအပြီးတွင် မင်းတရားက "ဆရာတော်နှစ်ပါးတို့၏ ဉာဏ်ရည်ဉာဏ်စွမ်းများကို သိလိုပါသည်၊ အသီးအသီး မိမိတို့၏ဂုဏ်ကို ချီးမွမ်း၍ ရွှေစာတိုင်ပေါ်မှ ဆင်းကြွတော်မူကြပါ"ဟု လျှောက်ထားလေရာ

အရှင်မဟာရဋ္ဌသာရက- "ရဋ္ဌသာရ မည်ရထင်ပေါ် ကျွန်းလုံးကျော်"ဟု မိန့်တော်မူ၍၊

အရှင်မဟာသီလဝံသကမူ- "သီလဝံသ နာမတမ်းခွန် ပုဂ္ဂိုလ်မွန်သည် နိဗ္ဗာန်တံခါး ဟင်းလင်းထား"ဟု မိန့်တော်မူ၍ အသီးအသီး ကျောင်းတိုက်သို့ ကြွတော်မူကြကုန်၏။

## ဆရာတော်နှစ်ပါး မေတ္တာစာဆက်သွင်း

အရှင်မဟာသီလဝံသသည် တနေ့တွင် ဒုတိယမင်းခေါင်ကို ပစ္စုပ္ပန် တမလွန် လမ်းနှစ်တန်ကို ဆင်ခြင်တော်မူ၍ တရားရစိမ့်သောငှာ အောက်ပါမေတ္တာစာ ဧကပိုဒ်ကို စီကုံးသွင်းတော်မူခဲ့လေသည်။

## အရှင်မဟာသီလဝံသ၏ မေတ္တာစာ

ဇာတိသန္ဓေ ပုဒ်ကိုဖွေသော် အနေဆင်းရဲ မိဝမ်းထဲ၌ စွဲသည်သိမ်မွေ့ ကိုယ့်မျိုးစေ့ကို အောက်မေ့လိုက်လျှင် ဥမရှင်တည့် ဘင်ကို မမှီ ဌီတွင်တန့်နား ခြောက်စုသားတို့ နှစ်ပါးဆင့်လောင်း ကြိုးစားကောင်းလျက် တပြောင်းပြန်ပြန် လောကမံဝယ် မစံစမာ သို့ကိုသာလျှင် အကာအတိ နှစ်မရှိတည့် မသိနိုင်စွန်း ကိုယ်လုံးမွန်းနှင့် ကျွန်းကိုမအောင် သောင်တိမကူး ကူတို့မျှုးတို့ ကျေးဇူးလက်လွတ် ဝဲကြက်ခွက်၌ ဆီပွတ်ကျည်ပွေ့ လည်မရွေ့သို့ အငွေ့လူလူ နေ့တိုင်းပူရှင့် မသူတော်ရဲ စိုးကွပ်ကဲလျက် ဆင်းရဲပုပ်တိ စက်ဆုပ်ဘိသည် ကြိုသုံး

သွယ် အမြစ်တွယ်လျက် ရှစ်ဆယ်လဟာ စိတ်စကြာကို တဏှာလုံးမိုး နေ့တိုင်းတိုး၍ ထမ်းပိုးမက ဘဝဖျင်းသိမ် လုံးစည်းစိမ်ကို တင်းတိမ် ပြီလော့ ထွေးအန်အော့လျက် ကန်တော့လက်ဆောင် ထိုက်တန် အောင်လျက် တထောင်ကိုခွာ ငါးရာကိုခွင်း ဆဲ့နှစ်သင်းနှင့် ကင်းပေ အံ့လောက် ရံခြောက်ယောက်ကို သည်ခေါက်အောင်မြင် လွတ်မြောက် စင်သည်။ ။အရှင်မရှိ ပြည်ကိုသောဝ်။

## အရှင်မဟာရဋ္ဌသာရ မေတ္တာစာသွင်း

အရှင်မဟာသီလဝံသ၏ သွင်းသောစာတွင် ဒုတိယဘုရင်မင်း ခေါင်သည် အရှင်မဟာရဋ္ဌသာရအား ကြားနာစေလေသည်၊ အရှင် မဟာရဋ္ဌသာရသည်လည်း ဒုတိယမင်းခေါင်ထံ အောက်ပါ မေတ္တာစာ ဧကပိုဒ်ကို သွင်းတော်မူခဲ့လေသည်။

ရဋ္ဌသာရော ရဋ္ဌသာရော၊ သုရညော သန္တိကံ သုဓီ။
နိယျာတယိ ဓမ္မတ္တာယု-တ္တ လေခနံ ကဝိနန္ဒိတံ။

## အရှင်မဟာရဋ္ဌသာရ၏ မေတ္တာစာ

မေးဖြေဖြောင့်သည် ရှစ်သောင်းလေးထောင် အစောက်ဆောင် သည် တောင်၏လမ်းဆီ ယုဂန်ညီသို့ အစီအလျဉ် အစဉ်မပြတ် လေးကျွန်းပတ်သည် နက္ခတ်တာရာ ကြယ်ပမာသို့ လင်္ကာထုံးသီ စကားစီလည်း အချီအချ သတ္တရတနာ လင်္ကာနှင့်ဆန်း ဆိုညွန်းမိန့် သင့် အခွင့်ခြောက်တန် သမ္မန်ခြောက်ပါး စကားစာစပ် စကားချပ် နှင့် စုအပ်ရာထား ဆားနှင့်ဖုံးမသိမ် စိန်နှင့်သလင်း တွင်းတူးတွင်းနေ လေးပါးထွေကို စေ့ရေသမှု မုဒုဇဝန တိက္ခဟာသော် လေးပါးခေါ်၏ အာဘော်ထုတ်၍ စုဒ်စောဒနာ ပါဠိအနက် စက်နှင့်ပိုင်းသို့ တိုင်းတိုင် တွင်တွင် သွင်သွင်ရထား စကားဥသုံ အာဂုံအာဂါ အရာဖြန့်မိုး ဉာဏ်အရိုးလည်း ပြောက်ထိုးတင်းမာန် လက်ရွေးဆန်သို့ ကာရန်

ဖြစ်က အနှစ်ရမြဲ သာရခဲ့ကို အမြဲမဟူ တံချူမည့္တတ် မဆွတ်လေရွှေ နည်းမတွေ့သာ ခြသေ့်ဆီလျက် သိင်္ဂါခွက်တွင် တည်မြဲပင်သို့ အစင်သန့်သန့် တရောင်ဖြန့်သည်။ ။ကောင်းညွှန့်ထပ်ပွား စကားသင့်အောင် ဆိုစေသောဝ်။

## အရှင်မဟာရဋ္ဌသာရ မေတ္တာစာကို ပို၍နှစ်သက်

မင်းတရားသည် မေတ္တာစာ ၂-စောင်ကို ယှဉ်တွဲ၍ ဖတ်လေရာ အရှင်မဟာရဋ္ဌသာရ၏ မေတ္တာစာကို ပို၍ နှစ်သက်တော်မူလေသည်၊ သို့ရာတွင် အရှင်မဟာသီလဝံသထံ ဆွမ်းတအုပ် ပို့လှူစေတော်မူလေသည်၊ အရှင်မဟာရဋ္ဌသာရကိုကား ကြည်ညိုမြဲထက် ပိုမိုကြည်ညို၍ ထောက်ပံ့လှူဒါန်းတော်မူလေသည်။

## ဆရာတော်နှစ်ပါး ထပ်မံမေတ္တာစာသွင်း

ရက်အနည်းငယ်အတွင်း အရှင်မဟာသီလဝံသသည် ဒုတိယမင်းခေါင်ထံ အောက်ပါမေတ္တာစာကို သွင်းပြန်လေသည်။

"ဤသို့စုံစီ တောင်ကိုသီ၍ ဤတွင်ရွှေ့ကား ချောမြွေ့သာယာ ဒေသနာဖြင့် ဂါထာအနက် အစုံတက်လျှင် ကျမ်းထွက်အညီ လင်္ကာစီသား ပန်းချီရေးချက် ဆေးမစက်သို့ ပဒက္ခရ ဝဏ္ဏမတြာ ဂါထာဆန်းဂိုဏ်း ကရိုဏ်းပယတ္တ အန္ဝယနှင့် ဝဏ္ဏပရိစ္ဆေဒ ကမ္မနိရုဒ္ဓ ပသာဒဟူ ဒေါသလွတ်မှု ကျိုးပြစ်ရှု၍ အဏုမြူညှင်း မြင့်မိုရ်တွင်းသို့ သီတင်းဝှန်ချောက် တောင်ကိုဘောက်သည် စိန်ကျောက်ပမာ သီလဝါလျှင် ရတနာမွေ့လျော် ဓာတ်တော်စုပုံ ထူပါရုံဝယ် စည်းခုံလုံးညီ မဟေသီဌ် စေတိယင်္ဂဏဝတ် နိစ္စဗဒ်လျှင် မပြတ်တံမြက် ရှိဝတ်တက်၍ မပျက်စေရ မျိုးသိဿအား သင်ကြားကျမ်းဂန်ခိပ္ပါယ်ပြန်မှ ဂန္ထဓုရ ရောက်သမျှကို သမထဝိပဿနာ စီးဖြန်း

ပါ၏ နောင်လာတို့အား တပည့်သားတို့ မှတ်သားဆောင်ကြဉ်း ဂုဏ်ကိုမှျဉ်း၍ စိုးစဉ်းကျမ်းဂန် တတ်သောဟန်သို့ မာန်လည်းတင်းတင်း စိတ်ဟင်းလင်းနှင့် အတွင်းတရား ပြင်မှာထား၏ ပြင်တရားကို ထိန်ဝှက်သိုမှု ထိုးလျှိုပတ်ပါ မြစ်လဟာသို့ ပညာကျယ်လျက် အဝင်နက်သည် ဝက်လေးချင်မှာ ထွတ်ထွတ်ပါ၏ ငါသာငါ့ထက် မာန်မတက်နှင့် အထက်နေမင်း လေးကျွန်းချင်းသည် မလင်းတိမ်တိုက် တကျွန်းမိုက်၏ နိုင်းလိုက်သည်သာ သည်အရာကို ပညာရှိက သတိရလိမ့်လကိုနှုန်းထွေ နေကိုနှုန်းသင့် မြေနှင့်ပမာ ကျင့်အပ်ရာ၏ မြတ်စွာဟောနည်း လိပ်ကမ္ဘည်းကို သိလည်းသိလျက် သိခေါက်နက်နှင့် သရက်နှင့်အိုး ကြွက်နှင့်မိုးသို့ အရိုးစင်စစ်အကာပစ်လျက် အနှစ်ကိုသာ ယူအပ်ရာ၏ ပမာသွေးသီထုံးရိုးမှီမူ ဂမ္ဘီထဲနက် လွန်ခဲခက်စွ ရွှေဖြတ်စသို့ ဓမ္မသိမ်းအုပ်ပေယျာချုပ်လျက် သရုပ်ကျယ်ဝင်း ဒလဟင်းလျှင် ဖြောင့်စင်းဇာနာ တက်စိမ့်ငှာလျှင် မဟာသီလဝံသ ဉာဏနက်စံ အပြည့်ခံ၏။ ။ပုံစံဝှန်းသည် သမိုင်းတည်သည်။ ။ကမ္ဘည်းရွှေစာမော်ကွန်းတည်း။

ဖော်ပြပါ မေတ္တာစာကို တင်သွင်းလေရာ ဒုတိယမင်းခေါင်မင်းမြတ်က သီဟိုဠ်ရောက်ဆရာတော်နှင့် အရှင်မဟာရဋ္ဌသာရတို့ကိုနန်းတော်သို့ ပင့်၍ ကြားနာစေလေသည်၊ ပဌမမေတ္တာစာများအနက်အရှင်မဟာရဋ္ဌသာရ၏ မေတ္တာစာက သာလွန်ကောင်းမွန်သည်ဟုဒကာတော် ယူဆပါသည်၊ ယခုတဖန် အရှင်မဟာသီလဝံသ မေတ္တာစာထက် သာလွန်အောင် တင်သွင်းနိုင်မည်လော၊ သို့မဟုတ် မတင်သွင်းနိုင်မည်လောဟု လျှောက်ထားလေရာ အရှင်မဟာရဋ္ဌသာရသည်မည်သို့မျှ မိန့်တော်မမူပဲ အောက်ပါမေတ္တာစာကို တင်သွင်းတော်မူလေသည်။

## အရှင်မဟာရဋ္ဌသာရ၏
## ဒုတိယအကြိမ် မေတ္တာစာ

အမျိုးလေးပါး သူတို့အားကို စီးပွားယုတ်မြတ် အတတ် ပညာ အဖြာဖြာတွင် လူတို့တွင်၌ သိမြင်ခဲမှု လေးလေးခုတွင် နှစ်ခုခွဲဝေ ဒွေးရှစ်ထွေကို သိန်းနေမှန်စွာ ကြောင်းခြင်းရာမူ ပမာဆိုရိုး မိုးနှင့်သရက် အိုးနှင့်ကြွက်သို့ သိခက်ခဲစွာ ပညာ တိမ်ညင် ကြံဆင်ခြင်၍ ကျယ်လျှင်ကားချဲ့ ပဲ့လျှင်ဖွဲ့လော့ နွဲ့လျှင်ကားသပ် ခိုင်လျှင်ထပ်လော့ ကျပ်လျှင်သပ်ပင်း ချောင် လျှင်တွန်းလော့ နိုင်ချင်းဆိုရေး သိရေးခဲငြို မြက်ကိုခွေးယူ ဆိတ်မူခဲတင် လဲချင်အနေ အဆွေခင်ပွန်း အကြံဆန်းသည် နုကျန်းအင်္ဂါ လူတကာတို့ အကာအနှစ် အသစ်စိမ်းစို ကျောက်ကိုကျောက်မျိုး အဘိုးသိခဲ ဤဖြစ်မြဲတည့် ဝမ်းထဲ မှတ်ပိုက် သတိုးထိုက်တွင် ထားစေချင်စွ သံလျှင်သံကို ဖျက် သောဆိုသို့ လှေကိုလှေပင် ဆယ်ယူငင်သို့ ပုံပြင်ခြင်းရာ မေတ္တာစာကို ကြောင်းချာယူဆ တတ်စေသော်။

ဤမေတ္တာစာကိုလည်း မင်းမြတ်ဖက်ရှုတော်မူလေသည်၊ မင်း တရားသည် ဆရာတော်နှစ်ပါးကို ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူ လေးမြတ်တော်မူခဲ့လေသည်။

## ထပ်မံကိုယ်ရည်သွေးခဲ့ခြင်း

အရှင်မဟာရဋ္ဌသာရနှင့် အရှင်မဟာသီလဝံသတို့သည် သံဃာ တော် ၁၀၀၊ သို့မဟုတ် ၅၀-စသည် ခြံရံ၍ ဒုတိယဘုရင်မင်းခေါင် နန်းတော်သို့ ရံဖန်ရံခါ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူကြရကုန်၏။ ပြန်အကြွတွင် မင်းမြတ်က "အရှင်ဘုရားတို့ကို ကိုယ့်ဂုဏ်ရည်ကို ဖော်၍ ကြွတော်မူပါကုန်"ဟု လျှောက်လေ့ရှိရာ အရှင်မဟာရဋ္ဌသာရ သည်- "တောင်ကိုမဖောက် တောင်းကိုဖောက်သည် စူးဆောက်ပမာ ရဋ္ဌသာ"ဟု မိန့်တော်မူလေ၏၊ အရှင်မဟာသီလဝံသက- "တောင်း

ကိုမဖောက် တောင်ကိုဖောက်သည် စိန်ကျောက်အသွင် သီလဝင်" ဟူ၍ ကိုယ်ရည်သွေးခဲ့လေသည်။–[၁]

## နေလပမာတင့်တယ်ခဲ့

ထိုခေတ်က အင်းဝသာသနာဝင်တွင် အရှင်မဟာရဋ္ဌသာရသည် နေဗိမာန်ကဲ့သို့လည်းကောင်း၊ အရှင်မဟာသီလဝံသသည် လဗိမာန်ကဲ့သို့လည်းကောင်း အသီးအသီး တင့်တယ်ခဲ့လေသည်။

ရဋ္ဌသာရော အာဒိစ္စောဝ၊ စန္ဒော သီလဝံသော ယထာ။
အင်းဝသာသနဝံသမှိ၊ အတီဝ သောဘယုံ တဒါ။

## ကျမ်းဂန်ပြုစုခြင်း

၁။ ပုံတောင်နိုင်မော်ကွန်း
၂။ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း
၃။ မင်္ဂလာအောင်ပွဲတော် ရဲရည်တက်မော်ကွန်း
၄။ ရတနာပူရမြို့တည်မော်ကွန်း
၅။ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း
၆။ ဘူရိဒတ်လင်္ကာကြီး
၇။ ဘူရိဒတ်ဇာတ်ပေါင်းပျို့
၈။ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်းများ
၉။ စတုဓမ္မသာရကိုးခန်းပျို့
၁၀။ သံဝရပျို့
၁၁။ လက်သစ်တောင်တာဆုံးမစာ
၁၂။ သု စိ ပု ဘာ ဆုံးမစာ

---

၁။ ကိုယ်ရည်သွေးပုံများ အများအပြားပင် ရှိသေးရာ ကျမ်းလေးမည်စိုး၍ ချန်ထားခဲ့ပါသည်။

၁၃။ ဂမ္ဘီရသာရဆုံးမစာ
၁၄။ အခါတော်ပေးမေတ္တာစာ
၁၅။ အဒေါသကထာမေတ္တာစာ
၁၆။ ရွှေစက်တော်သွား တောလားရတုလေးပုဒ်
၁၇။ တရာ့ရှစ်ကွက် စက်လက္ခဏာဘုရားရှိခိုး
၁၈။ ရာဇဝသတိခန်းပိုဒ်စုံရတု
၁၉။ ဒုတိယမင်းခေါင်ထံသွင်း မေတ္တာစာများ
၂၀။ ရတုကဗျာအမျိုးမျိုး စသည်တို့ ဖြစ်ကုန်၏။

## ဘူရိဒတ်လင်္ကာကြီး

ဖော်ပြပါ စာပေအမျိုးမျိုးအနက် ဘူရိဒတ်လင်္ကာကြီးမှာလည်း ထူးခြားပြောင်မြောက်သည့် ပျို့လင်္ကာကဗျာကျမ်းဂန် ဖြစ်လေသည်၊ အရှင်မဟာရဋ္ဌသာရ သက်တော် ၂၀-တွင် ပြီးမြောက်လေသည်၊ ဘူရိဒတ်လင်္ကာကြီးလာ အောက်ပါစာပိုဒ်တို့ကို ဖတ်ရှု၍ အရှင်မဟာရဋ္ဌသာရ၏ အရည်အချင်းကို အကဲခတ်နိုင်ပေသည်။

"သာကိယဟု တေဇကျော်ဟိုး မင်းရိုးအပေါင်း ရှစ်-သောင်းမျိုးနွယ် သုံးဆယ်ပါရမီ ဖြည့်ညီသမ္ဘာ ဉာဏ်စကြာဖြင့် လင်္ကာသုံးထွေ ပွတ်နှယ်ရွေသား ကဝေမြောက်ပြီး ပညာရှိတို့"... ကျမ်းဦးအစ အပိုဒ်။ ၁။

"ခန္ဓာပင်စည် လူဟူသည်ကား ဖြစ်မည်မူမူး အထူးငြိုငြင် လွန်ခဲ့အင်၏ သာသနာနှိုက် ကြိုက်ပါခဲ့အင် လွန်ငြိုငြင်၏ အကြင်ရောခါ သာသနာနှိုက် ကြိုက်ပါတုံလည်း သုံးပုံပိဋကတ် ဟောမှတ်ထင်ရှား ငါ့တရားကို မှတ်သားလေ့ကျက် နာရခက်၏ နှစ်သက်တရား နာရငြားလည်း ငါးပါးသီလ စသည်မကြွင်း လျှုခြင်းကတ်ခဲ စွန့်ကြဲသဖြင့် ကျင့်အံ့သောငှာ ခဲစွာထို့ထက် တံပိုးတက်၍ ဖြစ်ခက်လေးပါး ဤတရားကို.. အပိုဒ်။ ၄။

"အိမ်ထောင်ရာသား ပျော်ပါးမွေ့လျော် ပေါင်းဘော် တကွ သံဝါသဖြင့် ကာမချမ်းသာ စံလိုပါမူ သဒ္ဒါစိတ်ထက်" . . .။ အပိုဒ်။ ၁၇။

"ငါးပါးအင်္ဂါ လက္ခဏာနှင့် ရုပ်ဝါပုံပြင် လှမောသွင်ကို တင်တင်မျက်စိ မြင်ဘိသရော် ချစ်တပ်ပျော်လည်း". . .။ အပိုဒ်။ ၂၃။

"လုလင်မင်းသား ရေနဂါးနှင့် သနားကျွမ်းဝင် လျှင်လျှင် မွေ့လျော် ပေါင်းဘော်ယှဉ်နွဲ့ မကွဲမကွာ မေတ္တာမြဲဆုံး ချစ် ကြိုးထုံး၍ နှလုံးမပြား ကိုယ်ကားနှစ်ထွေ ကြာနှင့်ရေသို့". . . အပိုဒ်။ ၄၀။

"အင်္ဂါကြွန်စုံ ရွှေကြေးမုံသို့ ရှုတုံမငြီး ချစ်သမီးကို အသီး တဖန် မီးရှူးလွန်သော်". . .။ အပိုဒ်။ ၄၄။

"ကွပ်မဲ့ကြမ်းသို့ ပရမ်းပတာ ဖြစ်တို့ရာ၏". . . အပိုဒ်။ ၄၆။

"ထိုသို့ညီညွတ် မျှုးမတ်အပေါင်း ခွင့်တောင်းပန်ထွာ ပြုသောခါ၌". . . အပိုဒ်။ ၄၈။

"မသက်မသာ လွန်ကြင်နာလျက် ဝမ်းရေထွက်သို့ မျက် ခွက်ပြည့်မျှ ရွှမ်းရွှမ်းကျသည် ယိုမျက်ရည်နှင့်". . . အပိုဒ်။ ၆၈။

"နှံ့စုတ်ငှက်လျက် အကြံနက်၍ ကိုယ်လက်ကြီးဆန်း မိုက်စွာလွန်းသည် သွန်းသွန်းစွယ်ရောက် တောဆင်ပေါက်ကို မလောက်မလား ပညာအားဖြင့် ကျားထားအသေ". . . အပိုဒ်။ ၁၀၁။

"လှထွန်ရုပ်သွင် တုမမြင်သား တို့ရှင်သမီး ရှုမငြီးကို မင်းကြီးရည်ချူ ရအောင်ယူလော့". . . အပိုဒ်။ ၁၁၄။

"မိုးကြိုးစက်ရှိန် ဝရဇိန်သို့ နှိုင်းချိန်မယွင်း အာဏာပြင်း ၍ မငြင်းမဆန် ရက်မချန်တည်း". . . အပိုဒ်။ ၁၂၄။

"သက်ထက်ဆုံးလျှင် ချစ်ထုံးမြဲအောင် မေတ္တာနှောင် လျက်"...အပိုဒ်။ ၁၂၆။

"ကောင်းကင်မိုးလယ် သောက်ရှုးကြယ်သို့ ရှုဘွယ် နှင်နှင် တန်ဆာဆင်သား"...အပိုဒ်။ ၁၇၃။

"မိုးကြယ်နေလ တူပြိုင်ပသို့ မြင့်လှဖြူးဖြူး ရောင်လျှံ မြူးလျက် အထူးတလည်"...အပိုဒ်။ ၁၈၀။

"အံ့အဲဘနန်း ဆန်းဆန်းကြယ်ကြယ် ရှုဘွယ်နှင်နှင် တန် ဆာဆင်လျက်"...အပိုဒ်။ ၁၈၀။

"မင်းဖျားနတ်ရှင် စိတ်တွင်နှောင့်နှေး မျက်ရှိန်ပြေးလျက် ငါမွေးသည့်မျောက် ငှါကိုချောက်သို့"...အပိုဒ်။ ၁၉၈။

"မိန်းမမြတ်တို့ ကျင့်အပ်တရား ဝတ်ငါးပါး၌ မမှား မယွင်း တော်ဖြောင့်စင်း၍ ချစ်ခြင်းသဘော တည်လှမော သည်"...အပိုဒ်။ ၂၀၄။

"ပဋိသန္ဓေ ဆယ်လနေ၍ မြူတေမျက်နှာ မြင်သော ခါက နံ့သာပန်းမျိုး မဥ္ဇူပျိုးသို့ မြတ်နိုးလှမော ချစ်သဘော ဖြင့် ကျော်စောထင်အောင်"...အပိုဒ်။ ၂၃၈။

"ပရမေသမ္ဘာ သစ္စာပွင့်ညောင်း ဘုရားလောင်းလည်း နီမောင်းပတ္တမြား"...အပိုဒ်။ ၂၉၂။

"ရဲရဲမျက်စိ တိတိနဖူး ကော့ဖြူးမျက်မှောင် နှာယောင် ဖြောင့်ဖြောင့် အမြောင့်စားစား ဦးနားတပ်တပ် အာစပ်ရေးရေး မေးလည်းတည့်တည့် ပြည့်သော်ဖီးဖီး နှုတ်သီးစွေးစွေး ကွမ်း သွေးမောင်းမောင်း ရိုးပြောင်းဖြောက်ဖြောက် လည်ယောင် ရှင်းရှင်း ထွန်းဝင်းပြောင်ပြောင် သွားရောင်ချက်ချက် ဆံနက် ကျောကျော တင့်မောလေလေ မြူတေဝါဝါ မျက်နှာပပ ခေါင်း မှလုံးလုံး လက်ရုံးဖြိုးဖြိုး ကုန်းရိုးမြေ့မြေ့ ခါးရွှေ့လျှလျှ ရင်ဝ ကားကား ရှုဘွယ်များလျက် ထွားထွားရုပ်သွင် နှိုင်းမမြင် သည်"...အပိုဒ်။ ၃၈၅။

ဤသည်တို့ကား ဘူရိဒတ်လင်္ကာကြီးမှ လင်္ကာပုဒ်တချို့ကို ထုတ်ပြချက်တည်း။ ဖော်ပြပါ လင်္ကာပုဒ်တို့ကို ထောက်ရှု၍ အသက် အရွယ် နုနယ်ငယ်လျစဉ်ကပင် အရှင်မဟာရဋ္ဌသာရ၏ မည်မျှဉာဏ် ထက်မြက်စူးရှကြောင်း, စာပေအမျိုးမျိုး၌ နိုင်နင်းကြောင်းတို့ကို မှန်းဆ သိနိုင်ပေသည်။

ယင်းဘူရိဒတ်လင်္ကာကြီးမှာ ဟံသာဝတီပုံနှိပ်တိုက်ရိုက် ကရောင်း ၁၆-ချိုးဆိုက်ငယ် စာမျက်နှာ ၂၂၀-ရှိပြီး လင်္ကာပိုဒ်ပေါင်း ၄၄၅-ရှိလေသည်။

## ဘူရိဒတ်ဇာတ်ပေါင်းပျို့

ဘူရိဒတ်ဇာတ်ပေါင်းပျို့မှာလည်း မြန်မာစာပေကို မြင့်မြင့် မားမား လေ့လာသူတို့ မုချကြည့်ရှုလေ့လာရသည့် ပျို့ကဗျာကျမ်းစာ မွန် ဖြစ်လေသည်။ ယင်းဘူရိဒတ်ဇာတ်ပေါင်းပျို့မှာ ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်ရိုက် ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၁၁၁-ရှိလေသည်။ အပိုဒ်ပေါင်း ၁၂၁-ရှိလေသည်။

"သြဃာသဝ ဂန္ထမကင်း မှောင်ညဥ့်တွင်းဝယ် အလင်း
မယှဉ် ပုထုဇဉ်တို့ ဝိညာဉ်ခြောက်ပါး မပြတ်ပွားသည့်"

စသည့်လင်္ကာပိုဒ်ဖြင့် စတင်၍ ရေးသားဖွဲ့ဆိုတော်မူခဲ့လေသည်။

## ဘူရိဒတ်ဇာတ်ပေါင်းပျို့မှ လင်္ကာပိုဒ်တချို့

အင်းဝသာသနာဝင် ဖတ်ရှုလေ့လာရင်း အရှင်မဟာရဋ္ဌသာရ ၏ လက်ရာ ဘူရိဒတ်ဇာတ်ပေါင်းပျို့ စာပေအရသာကို ခံစားနိုင်ရန် စာပိုဒ်တချို့ကို ဖော်ပြအပ်ပါသည်။

"မှတ်လော့မှတ်စွာ အကြင်ငါကား မန္ဒာခိဋ္ဌ စသည်တို့
တွင် စိစစ်ကျင်သော် ပေါ်လွင်မြူးရယ် ပုံ့ပျူးဘွယ်သား"...

စာမျက်နှာ။ ၂။

"ဘုရားလုဘ မုနိန္ဒလျက် မိန်းမယောကျ်ား လူ့စကားဖြင့် စကားစတောင်း မဆိုကောင်းကို အကြောင်းဆောင်သွေး ဆိုတုံသေးရှင့် ဆိုရေးရှိက ဆိုအပ်လှ၏ ဆိုစများများ ထားပ ချေဘိ ငါ့ဝန်ရှိခဲ့ ပြီးမိပြီးစေ" . . . နှာ။ ၉။

"ဤစာသာရ ဂေါသီတကို နားဝနှစ်ဖက် မြကျောက် ထက်၌ ဉာဏ်လက်ကိုဆေး ဖြည်းဖြည်းသွေး၍ နှံ့မွေးတသုန် လိမ်းလင့်ကုန်" နှာ။ ၁၀။

"မရဏာသန် ဇောငါးတန်ဖြင့် သွေလှန်အသက် သေပြီး လျက်တည့် တချက်တဖန် ပေါ်လာပြန်သို့ အလွန်တင့်ကဲ အံ့အဲစရာ" . . . နှာ။ ၁၂။

"ဗောဓိငုံအာ ဘုရားလျှာလည်း ညီညာခစား ထိုသူများ နှင့် စကားသာပျော် ပြောလတ်သော်လျှင်" . . . နှာ။ ၁၂။

"မချောက်မချား ညွှံ့ညှံ့ထွား၍ ရုပ်အားအာသာ ခိုးတတ် စွာသား ဇရာစောရ မကြွမီခင် ရွှယ်ကုန်းတွင်၌ လုလင်သမဲ အမိညဲကို" . . . နှာ။ ၁၅။

"လေးပါးကြွရိယာ မဟာဘူတ ခတ်မမျှသော် ရောဂါ ဗျာဓိ စင်စစ်ရှိအံ့" . . . နှာ။ ၁၆။

"မလွတ်သာလျှင်း အာဏာပြင်းသား သေမင်းအရှင် မလာခင်တည့် နောင်ကျင်လိုရာ မျိုးရိက္ခာကို ကုံစွာယခု ပြုလေကုန်မင်း" . . . နှာ။ ၁၉။

"ဥဒေါင်းရလား သားလို့ထားသို့ အဖျားကော့တွန့် ဖြန့် သော်လန်တက် မည်းနက်ကျောလှ ကေသာစသား မိသ,အင္ဂိ ဆဝိ,ပယ ကလျာဏဟု" . . . နှာ။ ၂၉။

"လူတို့အကွပ် ဟိရောတ္တပ်ကို မလပ်မလွတ် စောင့် ရှောက်တတ်သား သူမြတ်ကြံမိ အရာသိကား ဇာတိဝယ သူရအစစ် ဗာဟုသစ်ဟု စင်စစ်လေးထွေ ပြားသတည်း" . . . နှာ။ ၃၂။

"တာဝတိံသာ ထက်နတ်ရွာ၌ ဒေဝါနမိန် ဒေဝိန်နတ်စစ်
ဒေဝရာဇ်၏ ရန်မြစ်ချိုးနှိမ် ဗိမာန်အိမ်၌"... နှာ။ ၅၁။
စသည်ဖြင့် ပြောင်မြောက်လှပသော ကဗျာလင်္ကာပိုဒ်တို့ဖြင့် အရှင်မဟာရဋ္ဌသာရ၏ အရည်အချင်းကို ကြည်ညိုမဆုံးနိုင် ဖြစ်ရပေသည်။

ဘုရားရှင်၏ ဖခင်ကြီးဖြစ်တော်မူသော သုဒ္ဓေါဒနမင်းကြီး၏ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုပုံနှင့်စပ်၍—

"ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ စသည်ဂါထာ ဒေသနာဖြင့် သောတာပန္န ကျွတ်ထတတန် လောကီလွန်၍ ဓမ္မဥ္စရေ ဆုံးမပေသား သံလေးနက်စွာ ဟောသောခါမူ သကဒါဂါမိ ဖိုလ်ဘူမိဟု ရတိရာဂ ဒေါသခေါင်းပါး တရားဘုံမြင့် နှစ်ဆင့်ရောက်ပြီး ဖြင့်ညီးလိစ္ဆဝိ ဝေသာလိဝယ် နမိဝရာ မုနိငါကား ကုဋ္ဋာဂါရ သာလှအဝှမ်း ငြိမ်းချမ်းမွေ့လျော် နေသရော်တည့် လေးဖော်ဦးစွန်း မင်းတုမှန်းလျက် ရဟန္တာမွန် မြတ်ဆုံးစွန်သို့ အမှန်တိုင်မြောက် ထီးဖြူအောက်တွင် စွန့်ပျောက်ခန္ဓာ ဓမ္မတာဖြင့် ပမာနှိုင်းချက် ကောင်းကင်ထက်ဝယ် ငှက်၏ခြေရာ ကြည့်ရှာမမြင် ထုံးပုံပြင်နှင့် အသွင်မယွင်း တူလေလျှင်းသည်။ ။သေမင်းပရိနိဗ္ဗာန်တည်း။"—[၁]

ဟူ၍ စပ်ဆိုတော်မူခဲ့သည်မှာ ပညာသား ပါလှလေ၏။ ၎င်းပြင်-

"ယေဓမ္မာက အာဟတိုင်ရုံ နှစ်စုံပါဒ ကြားကာမျှလျှင် နယတထောင် ကျယ်ဝန်းဆောင်လျက် ထွေမှောင်ကာ၏ ဒိဋ္ဌိခွာသော် သောတာပတ္တိ သိရိလာဘ ရှိဦးရ၍"—[၂] စသည်ဖြင့်လည်းကောင်း၊

"နာနာသတ္တိ တမြိုးရှိ၍ ဣဒ္ဓိအရာ မဟာသံဃာ့ သာဝကထက် ဧတဒဂ္ဂမ်း ချီးမွမ်းထိုက်တန် မောဂ္ဂလာန်ဟု"—[၂] စသည်ဖြင့်လည်းကောင်း၊

---

၁။ ဘုရိဒတ်ဇာတ်ပေါင်းပျို့။ နှာ။ ၈၈-၈၉။ ပိုဒ်ရေ၊ ၁၀၀။
၂။ ဘုရိဒတ်ဇာတ်ပေါင်းပျို့။ နှာ။ ၉၄၊ ၉၆။

"ရောက်လှာမာန်စစ် ရန်အမြစ်ကို ပယ်လှစ်တျင်းတျင်း
တန်ခိုးခွင်း၍ နေမင်းရောင်နီ မဝင်မီက အညီပျက်ကြွေ
ရှုံးပြီးစေမှ ပုဗ္ဗေနိဝါသ ဉာဏမကြွင်း တည၌တွင်းဝယ် လင်း
လင်းပွင့်စင် ခပ်သိမ်းအင်နှင့်"–[၁]

စသည်ဖြင့် အကြောင်းအားလျော်စွာ စပ်ဆိုချက်များမှာ လွန်စွာမှ သစ်လွင်လန်းဆန်းလှပေသည်။

ဖော်ပြပါ ဘူရိဒတ်ဇာတ်ပေါင်းပျို့ ရေးသားပြီးစီးချိန်မှာ သက္က-ရာဇ်တို့ ၅၈-ခုနှစ်၊ သက္ကရာဇ်ရှည် ၈၅၆-ခုနှစ်၊ သက်တော် ၂၆-နှစ် အရွယ်တော်က ဖြစ်လေသည်။

မည်သူတဦးတယောက်၏ တိုက်တွန်းချက်ကြောင့်မဟုတ်ပဲ မိမိ ဆန္ဒအလျောက် စပ်ဆိုခြင်း ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း-

"အတိုသကြရာဇ် ငါးဆဲ့ရှစ် ပြီးလစ်ဤသည့်စာ"

"မည်သူဆိုညွှန်း မတိုက်တွန်း လိုတွန်းကျမ်းလင်္ကာ"စသည်ဖြင့် ကိုယ်တိုင်စပ်ဆိုတော်မူခဲ့လေသည်။

## တံတားဦးတည်
## မင်္ဂလာစေတီတော် မော်ကွန်းများ

အရှင်မဟာရဋ္ဌသာရသည် မင်္ဂလာစေတီတော် မော်ကွန်း ၂-စောင်ကို ဖွဲ့ဆိုတော်မူခဲ့လေသည်၊ မော်ကွန်းဘွဲ့ခံ မင်္ဂလာစေတီတော်ကား ဒုတိယဘုရင်မင်းခေါင်ကြီး၏ ကောင်းမှုတော် အင်းဝတံတားဦး ရပ်ရှိ မင်္ဂလာစေတီတော်ပင် ဖြစ်လေသည်။

ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၄၂-ခုနှစ်တွင် မင်္ဂလာ စေတီကို စတင်၍ တည်တော်မူခဲ့လေသည်၊ ထိုစဉ်က အရှင်မဟာ ရဋ္ဌသာရမှာ သက်တော် ၁၂-နှစ်သာရှိလေသည်၊ လွန်စွာနုနယ်ငယ်လျ သေး၏၊ သာသနာ့ရိပ်မြုံ မခိုလှုံရသေးပဲ မောင်မောက်အမည်ဖြင့်

၁။ ဘူရိဒတ်ဇာတ်ပေါင်းပျို့။ နှာ။ ၉၉။

ခေတ်စားနေချိန် ဖြစ်၏၊ ထိုစဉ်က ကြားပိမ့်နတ်ရှင် အစချီသည့် စေတီတော်မော်ကွန်းကို လက်မွန်မဆွ ဖွဲ့ဆိုရေးစပ်တော်မူခဲ့လေသည်။

ဒုတိယမင်းခေါင်သည် ၈၅၄-ခုနှစ်တွင် တည်ထားဆဲဖြစ်သော မင်္ဂလာစေတီတော်၏ အလယ်ဌာပနာတော်ကို ထပ်ဆင့်တည်တော်မူလေသည်၊ ထိုအခါ သက်တော် ၂၈-နှစ်ရှိ အကျော်ကြီးကျော်စောလှသည့် စာဆိုတော်ကြီး ဖြစ်လေပြီ၊ ထိုစဉ်က-

"သုံးဆဲ့နှစ်ပါး ထင်ရှားလက္ခဏာ အင်္ဂါရှစ်ဆယ် ရောင်ခြောက်သွယ်ဟု လှုပ်နှယ်တောက်ရှိမ်း နှောင့်ယှက်ငြိမ်းလျက် ခပ်သိမ်းလက္ခဏာ မဟာဝိသယ ဉာဏပဘုတိ ဂုဏ်ထူးရှိသားမုနိကုဥ္စရ သမ္ဗုဒ္ဓနှင့် ဓမ္မသံဃာ ရတနာကား ဦးထိပ်ဖျား၌ မှန်းထားဝန္ဒနာ ရှိညွတ်စွာသည် သဒ္ဒါနှလုံး ကြည်ပြီး၍"

ဟု ရတနတ္တယပဏာမ ပြုတော်မူ၍ ရေးသားဖွဲ့ဆိုတော်မူခဲ့လေသည်။

ယင်းတံတားဦးတည် မော်ကွန်းမှာ ကရောင်း ၁၆-ချိုး စာ-မျက်နှာ ၃၃-ရှိ၍ အပုဒ်ရေ ၄၈-ရှိလေသည်။

## စတုဓမ္မသာရကိုးခန်းပျို့

ကိုးခန်းပျို့ကား အရှင်မဟာရဋ္ဌသာရ၏ ပျို့ကဗျာလင်္ကာ မော်ကွန်းတို့တွင် အကောင်းဆုံးဟုပင် ဆိုချင်ပါ၏၊ တရားဓမ္မ အကြောင်းအရာ၏ မွန်မြတ်ခြင်းအပြင် အရေးအသား ညက်ညောကျစ်လစ်ခြင်း, အစီအကုံး လွယ်ကူသန့်ရှင်းခြင်း, ပမာပမေ ဖွေရှာပုံပေါ်လွင်ခြင်း, အလင်္ကာဂုဏ်မြောက်အောင် ဖွဲ့ထားခြင်း, ဆန်းကြယ်ထူးထွေခြင်း စသည်တို့ကြောင့် ဖတ်ပြီးရင်းဖတ်ချင်၍သာ နေတော့သည်။ သားသမီး, မိဖ, ရှင်သာမဏေ, ရဟန်းတော်ငယ်, လတ်, ကြီး, မျုးမတ်, မင်းစိုးရာဇာတို့မှစ၍ ပုဂ္ဂိုလ်တိုင်းနှင့် အံဝင်ဂွင်ကျဖြစ်သော အဖိုးတန် ကောင်းမွန်သော ပျို့သာတည်း။

ယင်းစတုဓမ္မသာရကိုးခန်းပျို့ စာမွန်ကို- "ဇာတိပုည ဂုဏ်မာနဖြင့် သံပဟုံးစုံး ဘက်မဲ့ကြုံးသား အားသုံးထောင်ထား မျိုးလေး

ပါး၏ တက်ပွားစောင်မာန် လွှားတမ်းခွန်ကို ပြင်းဝှန်မုန်တိုင်း ခတ်ချိုးလှိုင်းသို့ ဖြတ်ပိုင်းလှည်းချ တတ်စွမ်းလှသား မိဘန္တယ်ပေါင်းသိန်းခြောက်သောင်းလျှင်" အစချီ၍ ဖွဲ့ဆိုရေးသားတော်မူခဲ့လေသည်။

ယင်းစတုဓမ္မသာရကိုးခန်းပျို့ကို ဒကာတော် ဘုရင်ဒုတိယမင်းခေါင်၏ ရှိသေညွတ်ပျောင်း တောင်းပန်သဖြင့် ရေးသားရကြောင်း- "ဟတ္ထိပါလ ဇာတကဟု ဓမ္မမြတေ ဟောကြားပေသော် တဲနေရပ်အောင် သာစည်ဘောင်တွင် မင်းခေါင်ဒုတိယ တို့မွေးဘရှင် နားဝငြိမ့်ငြိမ့် နှစ်သိမ့်ကြည်စွာ တောင်းပန်ထွာသည် တန်ဆာဆင်စိမ့်သောကြောင့်တည်း"–[၁] ဟူသောစကားဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ယင်းကိုးခန်းပျို့ကို အရှင်မဟာရဋ္ဌသာရသည် ရွှေနန်းကြော့ရှင်ဘုရင်လက်ထက် သက္ကရာဇ် ၈၈၅-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက် စနေနေ့တွင် ပရပိုက်ပေါ်တင်၍ ပြီးမြောက်ခဲ့လေသည်။

## ကိုးခန်းပျို့လက်ာပိုဒ်တချို့

"ပဌမရွယ် ငယ်သော်ကတည့် သိပ္ပခေါင်အား တတ်မြောက်မြားမူ တောသားရန်အောင် ခြသေ့ယောင်သို့ မရှောင်မလှာ တင်းတင်းမာ၍ ပညာရဲရင့် ပွဲလယ်တင့်လိမ့် ဆိုသင့်ဆိုထက် ဆိုလိုက်ဆိုလျော ဆိုပြောဟောလည်း သဘောထိထိ ဆိုရိုးမိလျက် တိတိမြေပြင် သိန္ဓောနှင်သို့"... ၂၇-ပိုဒ်။

"ကြွက်သေနှင့်သာ ရင်းစကာလျက် မကြာတင်းလင်း လေးလတွင်းဝယ် နှစ်သိန်းကြွယ်သို့ နည်းသွယ်ပိုက်ထား ကြံစိတ်ပြားသော် စီးပွားချမ်းသာ ကြီးကျယ်ရာသည် အိုခါမစိုးမရိမ်တည်း။" ၂၇-ပိုဒ်။

"ပဒက္ခရ ဝဏ္ဏမတြာ ဂါထာဆန်းဂိုဏ်း ကရိုဏ်းပယတ် ဌာန်မချွတ်တည့် ဟောရွတ်ပီပြင် မလျင်မထုံ နှုတ်အာဂုံဖြင့်

[၁] ကိုးခန်းပျို့နိဂုံး ပိုဒ်ရေ၊ ၄။

မဖုံမမှိုင် မယိုင်မယိမ်း မစိမ်းမဆွံ့ မရွံ့မထိတ် ခြသေ့်စိတ်သို့ ဖိုလ်ဟိတ်သွယ်ခိုင်း တခွန်းလှိုင်းက လူတိုင်းအံ့တဲ့ နာမရုံတည့် ကျော်သဲသီးသီး မြေကြီးရှင်းရှင်း”. . . ၃၃-ပိုဒ်။

“မောဟထူထပ် တောသွားသွပ်လျှင် တံလှပ်ကိုရေ မှတ်သားချေ၍ လိုက်လေလိုက်လေ ငတ်မပြေသည် ပန်းခြေလက်ချ သောက်ချင်တသို့ မွေးဘချီးမွမ်း တိတ္ထိကျမ်းကို စွဲလမ်းအယူ သင်သောသူသည်”. . . ၃၃-ပိုဒ်။

“သားဟူသည်လည်း တည်တည်ပပ မိဘတို့ကို ကယ်သဂြိုဟ်အံ့ အိုလည်းငါသာ နာလည်းငါ့ချည်း သေလည်းငါ့ဘို့ ဤသို့ထောက်ပင့် ဆိုသဖြင့်လျှင် လွတ်ခွင့်မရ သားမိဘကို”. . . ၃၇-ပိုဒ်။

“ရင်သွေးဟူက ချစ်မဝတည့် မိဘတံထွာ သားတကာနှင့် တရာနှစ်ကဲ လည်ချင်းနွဲ့လည်း ရောင့်ရဲမထင် စုံမက်ကြင်လျက် ဖြုတ်ခြင်ကိုက်နာ မြူရှိမာမျှ”. . . ၄၅-ပိုဒ်။

“လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိနှင့်ဘအား မွေးသည့်သားတို့ လိုလားသိမှတ် ကျင့်မြဲဝတ်ကား ရှိညွတ်လေးဖင် ကျေးဇူးရှင်ဟု”. . . ၄၆-ပိုဒ်။

“မိကိုညာက ဘကိုလက်ဝဲ ကိုင်စွဲချီလျက် ပခုံးထက်ဝယ် အသက်ဆုံးအောင် မြတ်နိုးဆောင်၍ အခေါင်အဖျား လုပ်ကျွေးငြားလည်း မွေးဘွားပိုက်ကျုံး ရှေးတင်ဘူးသည့် ကျေးဇူးလှယ်ပြိုင် မဆပ်နိုင်ခဲ့”. . . ၅၅-ပိုဒ်။

“ချစ်ရေးဤသို့ ပန်ထွာမြို့လည်း တွန့်တိုမရှိ တစိမညှာ ရက်ရောစွာသား ဇရာမွေ့ မရဏာဟု ယက္ခနှစ်ပါး သူ့သတ်စားသည် သနားမေတ္တာမဲ့မျိုးတည်း”. . . ၅၆-ပိုဒ်။

“သား၏ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမျှ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဖြင့် ချမ်းချမ်းမြေ့မြေ့ ပြကတေ့မျှ လွမ်းငွေ့လူလူ စိုးရိမ်ဟူသား”. . . ၉၆-ပိုဒ်။

"အိမ်ထောင်မချ သားမိန်းမအား မြင့်ရှည်ထားသော် မောင်ဘားမိဘ ထိန်းယခပဲ အရှက်ကွဲသို့"...၁၀၂-ပိုဒ်။

"နာရီပျူဟာ ရေးစဉ်လာသား မာယာလေးဆယ် အသွယ်သွယ်ဖြင့် ပြုံးရယ်လိုလို ဆိုလည်းပျပျ မြိုးမြိုးမြကျင် နားဝချမ်းချမ်း ချစ်သံလွှမ်းက"...၁၁၉-ပိုဒ်။

"အခြေပါဒ သင်ဦးစကာ ချနည်းမကျယ် ခိပ္ပါယ်ကောင်း စွာ လိုရုံသာဖြင့် အပ်ရာမသည်း နားထွင်းနည်းသို့ ညှံ့ဖြည်း မွေ့မွေ့ တရွေ့ရွေ့လျှင် တနေ့တထူး ကျေးဇူးချဲ့ထွင်"... ၁၅၇-ပိုဒ်။

"သူတော်ချင်းချင်း သီတင်းမြွေမြွေ ပေါင်းဘက်တွေ့က လေ့လေ့ကျက်ကျက် ကျွမ်းဘက်ပီပီ နှလုံးညီ၍"...၂၀၉-ပိုဒ်။

"စကြာသေဌ်နှင်း မင်း၏ရင်နှစ် ဖြစ်လင့်ကစား လင်မဲ့ ငြားမူ စီးပွားတွင်ကျယ် မတင့်တယ်ခဲ့"...၂၁၅-ပိုဒ်။

"ပုဒ်စပ်ချောပြေ သန္ဓေခြားဖြတ် သံလွတ်ဖွင့်ဆို ရှည်တို လေးပေါ့ တင်းလျော့နိဂ္ဂဟိတ် အစိတ်အဖြာ အင်္ဂါဆယ်ခု ဖတ်ရှုမကျွမ်း နားမချမ်းမူ"...၂၃၉-ပိုဒ်။

"ခုနစ်ဆယ့်ငါး နာမ်ရုပ်ထား၍ နှစ်ပါးဆယ်ထွေ မြှောက် ပွားရေသော် ကိလေသာစက် သုံးထောင်ဝက်ဟု မြူမှက်ထင် ညှိုး"...၂၆၁-ပိုဒ်။

"သက္ကသကြ မာဂဓနှင့် သက္ကတဘာသာ ဝေါဟာအပြား ဤနှစ်ပါးတွင် အိအားအက္ခရာ လွဲကာလည်းပြု မြန်မာမှုဖြင့် ယခုလူတွင် သိကြားထင်သည်"...၂၇၉-ပိုဒ်။

ဖော်ပြပါ စာပိုဒ်တချို့ဖြင့်ပင် ကိုးခန်းပျို့၏ မည်မျှကောင်းမွန်ပြောင် မြောက်သည်ကို သိနိုင်ပေ၏၊ စင်စစ်ကား ယင်းကိုးခန်းပျို့သည် ယောကျ်ားမိန်းမ ပျိုအိုမရွေး ရှင်ရဟန်းစ၍ လေ့လာသင့်သော ကျမ်း ဂန်သာ ဖြစ်ချေသည်။

## သံဝရပျို့

ပြည်ဘုရင် သတိုးမင်းစော ပြည်သို့စုံသောအခါ ရှင်ကြီးလူကြီး များကို သိမ်းယူခေါ်ဆောင် ပြည်သို့စုံလေရာလည်း အရှင်မဟာရဋ္ဌ သာရလည်း ပါရှိလေသည်၊ ပြည်ဘုရင်သတိုးမင်းစော နတ်ရွာစံလေ လျှင် သားတော်ဘုရင်ထွေးသည် ၈၈၈-၈၉၄ မင်းပြုလေသည်၊ ဘုရင် ထွေးသည် အရှင်မဟာရဋ္ဌသာရအား လွန်စွာမှ လေးမြတ်ကော်ရော် ကြည်ညိုဆည်းကပ်ကိုးကွယ် ပူဇော်တော်မူခဲ့လေသည်၊ ဘုရင်ထွေးသည် ခမည်းတော်သတိုးမင်းစောက ကျောင်းငါးကျောင်းလှူခဲ့သည်ကို အား မရ မတင်းတိမ်သေးပဲ ပြည်မြို့၌ပင် ထိုထက်ပင်ကြီးကျယ်သည့် ကျောင်းတော်ကြီးငါးဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ယင်းသို့ ဖြစ်ကြောင်း-

> "သရေခေတ္တရာ အောင်ချာတမွတ် နဂိုရ်ထွတ်မှ ထောင် မြတ်အရာ ရှေ့မျက်နှာ၌ ရှုသာဆိုင်းဆိုင်း တံတိုင်းဝန်းဆီး လုံးကြီးသစ်ရှည် အသည်တချောင်း တန်ဆောင်ဓမ္မအိမ် ရွှေ သိမ်တကွ"

စသည်ဖြင့် သံဝရပျို့နိဂုံး၌ စပ်ဆိုတော်မူခဲ့လေသည်။-[၁] သံဝရပျို့ကို ပြည်မြို့၌ သီတင်းသုံးစဉ် အသက် ၆၁-နှစ်အရွယ်တွင် ရေးသားတော် မူခဲ့လေသည်။ နောက်ဆုံးကျမ်းပင် ဖြစ်လေသည်။

## သံဝရပျို့လက်ာပိုဒ်တချို့

အရှင်မဟာရဋ္ဌသာရသည် သံဝရပျို့ကို-

> "ဇာတိဉာဏ်ခိုင် တပင်တိုင်ဖြင့် မယိုင်မည္ဆတ် ခေါင် တမွတ်သို့ လတ်လတ်ဘုန်းရှင့် မတ်မတ်တင့်လျက် သာပွင့် လင်းလင်း ပြိုင်ဆွယ်ကင်းသား လူမင်းစည်းစိမ် ဗိမာန်အိမ်၌"

စသည်ဖြင့် ချီ၍ ရေးသားတော်မူခဲ့လေသည်။ အောက်ဖော်ပြပါ

---

၁။ သံဝရပျို့နိဂုံး အပိုဒ်။ ၂။

လက်ာပိုဒ်တချို့ကို ဖတ်ရှုလေ့လာပြီးလျှင် သံဝရပျို့၏ ထူးမြတ်ကောင်းမွန်သော ပျို့ကောင်းတဆောင်ဖြစ်ကြောင်း သိကုန်ရာသည်။

"ကာလအစဉ် ဝဲယဉ်သုံးထပ် အစပ်သုံးခု စတုသချေ်တွက်ရေဝိသ အာကာရဖြင့် ပဋိစ္စသမုပ္ပါဒ် ဟောမှတ်လေးတွဲ့ ဟိတ်ဖိုလ်ချဲ့၍ တဆဲ့နှစ်အင် ဒွါဒသင်နှင့် ညွှန့်ရှင်ကျိုးစက် အဆက်ဆက်ကို"... ၇-အပိုဒ်။

"အသီးအသီး မျှုးမတ်ကြီးတို့ သမီးရတနာ လှမြတ်စွာကို ကွယ်ရာပြုပြင် တန်ဆာဆင်မှ သဘင်ပွဲလယ် ကျင်းသောနှယ်သို့ တတ်ဘွယ်ကိစ္စ မကျန်ရအောင်"... ၉-အပိုဒ်။

"တယောက်ချမ်းသာ ကိုယ်ဘို့ရှာ၍ သတ္တဝါပေါင်း ဆင်းရဲကြောင်းဖြင့် မကောင်းမှုချည်း"... ၁၈-အပိုဒ်။

"ယောကျ်ားတကာ တတ်စရာ၌ လိမ်မာမမွန် အရှက်လွန်မူ ရွှေဟန်ဆင်းရောင် ဟသ်ာဘောင်တွင် အတောင်ဖြူကာ ဗျိုင်းပမာသို့ ပညာရှိလယ် မတင့်တယ်ခဲ့ ငယ်ကတည်းက မဆုံးမသော် မိဘတည် ရန်သူမည်၏"... ၂၃-အပိုဒ်။

"ခပ်သိမ်းမင်း၏ ဦးကင်းထိပ်ဗွေ အမြုတေသို့ သပြေကျွန်းခွင် သိဒ္ဓိတင်သည်"... ၂၅-အပိုဒ်။

"ငါ့ကိုရှိညွှတ် ဆရာမှတ်၍ အထွတ်ပုဆိုး နတ်နှယ်ကိုးလျက် မင်းရိုးကျင့်ရေး သက်ာဆေးသည်"... ၅၉-အပိုဒ်။

"မေးလျှင်မေးလျှင် ချည်စငင်သို့ သိမြင်ကျယ်မောဉာဏ်သိန္ဓောဖြင့် လျင်ဆောဖြေတတ် ဗောဓိသတ်လည်း မင်းမြတ်မင်းကောင်း ဖြစ်ရာရောင်းသား အကြောင်းအဖြာ ဖွေနှည်ရှာ၍ နည်းနာပုလဲ မြုတေခဲသို့ ဆင့်ကဲပေးတုံ တုံသတည်း" ... ၆၆-အပိုဒ်။

"သစ္စံဓမ္မ ဝီရိယနှင့် စာဂဟူသည် ရန်သူအောင်မှုကြောင်းလေးခုဖြင့် သတ္တုမဒ္ဒန ကိစ္စပြီးကုံ"... ၁၁၂-အပိုဒ်။

“စကားတံဆိပ် တခွန်းရိပ်က တောင်ထိပ်ကြာရောက် အနောက်နေထွက် ပြီးအက်မြင်းမိုရ် မီးကိုမပူ ချမ်းစွဟူလည်း” . . . ၁၂၀-အပိုဒ်။

“တသီးတခြား သားချင်းများကို ချစ်အားထပ်မျှ ရေးသင် မလျက် ဒေါသကွဲဖြာ စေ့စပ်ငှာလျှင် မေတ္တာဂဟော ဆော် တတ်ပေသည်” . . . ၁၃၅-အပိုဒ်။

“မင်းနားတထောင် ကြားနှံ့ဆောင်သော် မင်းပေါင်းမင်း လက် ကျေးမက်ခရိုင်” . . . ၁၅၉-အပိုဒ်။

“အင်္ဂီရသ ဗုဒ္ဓဘဂဝါ သကျာမုနိ မာရဇိနှင့် ဘူရိပည စသည်မည်ခေါ် ဂုဏ်ကြောင့်ကျော်လျက် သုဒ္ဓေါ်မင်းသား ငါဘုရားလျှင်” . . . ၁၈၈-အပိုဒ်။

သံဝရပျို့ကျမ်းစာကား ဒီမိုင်းဆိုက် စာမျက်နှာ ၅၂-ရှိပြီး ကျမ်း ရင်းအပိုဒ် ၁၈၈၊ နိဂုံးစာပိုဒ် ၄-ပိုဒ် ရှိလေသည်။

## လက်သစ်တောင်တာဆုံးမစာ

လက်သစ်တောင်တာ ဆုံးမစာကို “လက်သစ်တောင်တာ ယူဇ နာပေါင်း တာပြန်ရှောင်းသော် ရှစ်သောင်းလေးထောင် အမြင့်ဆောင် သား တောင်မြင့်မိုရ်ရှိ ဂုဏ်ကြီးသည်”စသည်ဖြင့် ချီ၍ ရေးသားတော် မူခဲ့လေသည်၊ လက်သစ်တောင်တာ အစချီသဖြင့် လက်သစ်တောင် တာ ဆုံးမစာဟု တွင်လေသည်။

သားသမီးများက မိဖအပေါ် ကျင့်ရန်၊ ညီငယ်, ညီမငယ်တို့က အကိုကြီး, အမကြီးတို့အပေါ် ကျင့်ရန်၊ ဂုဏ်အားဖြင့်ကြီးသူ အရွယ် အားဖြင့်ကြီးသူ စသူတို့အပေါ် ကျင့်ရန်စသည်တို့ စုံလင်လှ၏၊ ယင်း ဆုံးမစာမှာ ဒီမိုင်းဆိုက် ၃-မျက်နှာ အပိုဒ်ပေါင်း ၄၃-ပိုဒ်ရှိလေသည်၊ နိဂုံး၌ “နားလည်စေကြောင်း သို့ကျင့်ကောင်းစွာ သောင်းပြောင်းနှံ့စပ် သည့်တိုင်းမှတ်ဟု ထေရ်မြတ်ဆရာ ရဋ္ဌသာလျှင် ပရာရကြောင်း ဉာဏ်နှင့်လောင်း၍ ရုံးပေါင်းဆင်ခြင် ဆုံးမသင်သည် ဤတွင်တခဏ်း ပြီး၏သော်”ဟူသောလင်္ကာဖြင့် အဆုံးသတ်တော်မူခဲ့လေသည်။

# သု စိ ပု ဘာ ဆုံးမစာ

သု စိ ပု ဘာ ဆုံးမစာမှာ ဗုဒ္ဓဘာသာစာပေလိုက်စားသော စာသင်သား ရဟန်းသာမဏေတို့ လိုက်နာရန် ရေးသားတော်မူခဲ့ခြင်း ဖြစ်ရာ သိပ်မများ မရှည်လျားလှသဖြင့် ဤ၌ ဖော်ပြအပ်ပါသည်၊ စာရှုသူသည် စာသင်ပျို ရဟန်းသာမဏေအဖြစ်က အရဆောင်၍ ပိဋကတ်ပါဠိ အဋ္ဌကထာ ဋီကာ စသည်တို့ကို လေ့လာရာသည်၊ ထေရ်ကြီးဖြစ်ပါက ၎င်းလင်္ကာကို ရွတ်ဖတ်၍ တပည့်တပန်းတို့အား ဆုံးမတော်မူကြပါကုန်။

“(၁) သု စိ ပု ဘာ (၂) ဝိ လိ သိ ခ အက္ခရာစွဲသုံး
ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ စာသင်ပျိုနု
အခြေပြုတို့ ဥဇုဘူတ လုံ့လပြင်းစွာ သူ့ထက်ငါဟု နှုတ်မှာ
ရွရွ ကြိုးပမ်းကလျှင် သိပ္ပကျေးဇူး အထူးသိမြင် ပညာရှင်ဟု
မထင်မပေါ် မကျော်စောဘဲ တီမှာလွဲအံ့ အရဲကြိုးကုတ်
စွန်ရဲသုတ်သို့ အားထုတ်ခုံမင် မသင်မခံ မကြုံမမေး ဆွေးနွေး
ရောနှော ပြောဟောမဲ့ထွေ ပေချပ်ရေဖြင့် ကုန်စေဆန်းသာ
သင်ချေပါလည်း ဘယ်မှာဂုဏ်ရှင် ကျော်စောထင်ချိန့် စာသင်
ဟူက ကျမ်းထိုမျှကို တွေ့ကမရှောင် ကြောင်ပုဇွန်စား ကျွတ်
ကျွတ်ဝါးသို့ လွှသွားပမာ ကျောက်ထက်စာသို့ လိုရာရအောင်
ကြံဆောင်လေ့ကျက် အနက်မိပ္ပါယ် နှုတ်ဝယ်ရွရွ ထားချေမှ
တည့် တစပေါ်လျှင် ချည်စငင်သို့ သဘင်ပွဲမှောက် ဆိုရေး
ရောက်က လန့်ကြောက်မယို သတိမြဲခိုင် ကျောက်တိုင်ပမာ
ကေသရာသို့ ရွံ့ရှာမဲ့လျှင်း ဆိုခင်းနည်းနာ အဖြာဖြာကို မကြာ
နှုတ်လျှောက် ခန့်ချင့်ထောက်လော့ အံ့လောက်ဘွယ်သာ
ဂါထာပါဠ်သား စကားဝိုက်လည် စဉ်ရှည်ရှေးတီး စကားကြီး
က စသည်ထိုထို ဝိဂြိုဟ်ဝစနတ် ခတ်ရပစ္စည်း ထုံးနည်းပမာ
ဂါထာဆန်းဂိုဏ်း ကရိုဏ်းဌာန်ဝယ် ဖွင့်လှစ်ဋီကာ အဋ္ဌကထာ
ပါဠိ အောက်ထက်ညှိ၍ ကဝိလက္ခဏာ အဖြာဖြာကို သချာ

ဆည်းဆ ဆိုဝံ့ကလျှင် ဘဝဤတွင် ခုမျက်မြင်လည်း မကျင် ဘယ်မှာ ရှိဘိရာအံ့ သံသရာလည်း ပမာကဲလွန် အဆုံးစွန်မူ ညီမွန်တုလွတ် သုံးလူ့နတ်ဝယ် အကျွတ်ဘယ်မှာ ဝေးဘော့ မည်။"

## တိုက်တွန်းချက်

အရှင်မဟာရဋ္ဌသာရသည် ဖော်ပြပါ သု စိ ပု ဘာ ဆုံးမစာ ဆောင်ပုဒ်ကို ရေးလည်းရေးတော်မူသည်၊ ယင်းဆောင်ပုဒ်အတိုင်း လိုက်နာလည်း လိုက်နာ၍ စာပေသင်ကြား ရေးသားချပို့ လေ့လာမှု ကို ပြုခဲ့၍ စာပေအရာ ပါရဂူမြောက် တစ်ခေါ်လောက်သည့်ပုဂ္ဂိုလ် ဖြစ်ခဲ့သည်၊ စာရှုသူသည် ဖော်ပြပါ သု စိ ပု ဘာ ဆုံးမစာကို အရ ဆောင်၍ စာပေကျမ်းစာ အဖြာဖြာကို လေ့လာသမှု ပြုပါလော့။

သေယျထာပိ ရဋ္ဌသာရော၊ ဂန္ထေသု ဥယျုတ္တော ဘဝိ။
ဂန္ထေသု ဥယျောဂံ ကတွာ၊ ဘဝ ပဏ္ဍိတဇာတိကော။

## ဂမ္ဘီရသာရဆုံးမစာ

ဂမ္ဘီရသာရဆုံးမစာကို ရွှေနန်းကြော့ရှင် ဘုရင်လက်ထက်က ရေးသားတော်မူခဲ့သည်၊ မိမိ၏ ကိုယ်ပိုင်ဉာဏ်မှ ပေါက်လာသော ပျို့ကဗျာလင်္ကာကျမ်းစာကောင်း ဖြစ်လေသည်၊ အလွန်နက်နဲပြီး အနှစ် သာရရှိလှသောကြောင့် မရိုးနိုင်ပဲ ယခုတိုင် ခေတ်စားလျက်ရှိပေသည်၊ ဒီမိုင်းဆိုက် ၁၀-မျက်နှာရှိပြီး အပိုဒ်ပေါင်း ၄၇-ပိုဒ် ရှိလေသည်။ ကျမ်းဦး၌—

"အနုသာသန ကျိုးကြောင်းပြပိမ့် မိဘရှေ့ညွှန် ဆရာ မွန်တို့ ဝေဘန်ပဲ့ပြင် ကြားသင်သမျှ ဩဝါဒကို နားဝဘန်လဲ နာမရဲလျှင် လွန်ကဲရှိညွတ် ဆည်းပူးတတ်သည် ကောင်းမြတ် ဇာတ သားမွေးဘ ဆုံးမစကား ဤကြောင်းလျားကို မှတ်သား

စိုက်စိုက် ဝမ်းထဲပိုက်လော့ စရိုက်သုံးလတ် ကျင့်ဝတ်ထူးခြား
လူသုံးပါးနှင့် မပြားရောပြွမ်း ပေါင်းဖက်ကျွမ်းသည် မဝှမ်း
မကော သူ့သဘောကို လိုက်လျောညီထွေ ကျင့်တတ်စေ”
ဟူသော အပိုဒ်ဖြင့် ဘခင်က သားကို ဆုံးမဟန်ဖြင့် ရေးသားပြုစု
တော်မူခဲ့လေသည်။

လောက လူတော်လူကောင်းဖြစ်ရန်လည်းကောင်း, လူရပ်နတ်ထံ သုဂတိဘဝသို့ ရောက်ရှိရန်လည်းကောင်း, စာပေအရေးအသား ကောင်းမွန်ရန်လည်းကောင်း ယင်းဂမ္ဘီရသာရဆုံးမစာသည် များစွာကျေးဇူးပြုမည် မချွတ်တည်း။

## အခါတော်ပေးမေတ္တာစာ

အခါတော်ပေး မေတ္တာစာမှာ ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ်ထံ ရွှေနန်းတည်ရန် ဆက်သွင်းသည့်စာတော်မူ ဖြစ်လေသည်၊ မေတ္တာစာမှာ- “သာမဂြဟ အမြိတ္တဟု”အစချီသောအပိုဒ်, “ခါကောင်းတည်၍ ရွှေပြည်ကြငှန်း”အစချီသောအပိုဒ်, “သေတကဥ္စရ လွှလွှဖြူစင် ငါစီးရှင်၏ မြစ်ပင်ဖြစ်သော”အစချီသောအပိုဒ်အားဖြင့် ၃-ပိုဒ်ရှိလေသည်။–[၁]

## အဒေါသကထာ မေတ္တာစာ

အဒေါသကထာမေတ္တာစာကို အမျက်တော်ပြေမေတ္တာစာဟုလည်း ကြားဘူးပါသည်၊ ရွှေနန်းကြော့ရှင် ဘုရင်မင်းတရားထံ အမျက်ပြေရန် ဆက်သွင်းသည့်မေတ္တာစာ ဖြစ်လေသည်။ ယင်းမေတ္တာစာကို -

“ယုဂန္ဓရ စသည်ဝန်းရံ ရောင်လျှံလေးဦး ဝင်းလျှံမြူးသား
ကျေးဇူးဝှန်ဖြိုး နတ်မျိုးမှီခို မြင့်မိုရ်တောင်ရင်း လေးပင်း
သမုဒ္ဒရာ ငါးဖြာမြစ်မ ဒီပလေးကျွန်း လှည့်ထွန်းမနော မိုးဝ

---

၁။ အပြည့်အစုံ မြန်မာရှုခင်း။ ၅၈-၆၀။ ကြည့်။

စမွယ် သောက်ရှူးကြယ်သို့ အံ့ဘွယ်တသီး အိုင်ကြီးခုနစ်မည် နတ်ပြည်ပြဟ္မာ ဖြစ်ချင်းရာကို စာနာလုံးပေါင်း သက်တချောင်းဖြင့် အကြောင်းအောက်မေ့ တစေ့စေ့လျှင် ညဥ့်နေ့မပြတ် နေ့တိုင်းရွတ်သား သူရဿတီ နတ်နှင့်ညီ၍ စီစီလျဥ့်လျဥ့် ပြောဟောစဥ့်သော် ဆုံးမမြော်ခဲ့ နှိုင်းလျော်ထိုသွင် ကျေးဇူးတင်တိ ပဥ်ဖျဥ်မိုးကျိ တိုင်းမသိသား နရပတိရာဇာ စောမင်းလျာကို ကျမ်းလာစကား အတိတ်ကြားပိမ့် မင်းဖျာ့ပဝရ အနောဇအား နန္ဒမည်မှတ် ရသေ့မြတ်လျှင် အပ်လွှတ်နိုင်ထက် သွေးတစက်မျှ ထွက်စိမ့်မဟူ သာလွယ်ကူလျှင် ဇမ္ဗူကျွန်းလုံး စိုးသောထုံးသို့ ကြီးဆုံးလိုစိုး တန်ခိုးတနာ ရှိဘိရာကား ငါ၏တေဇ ငါ့လုံ့လဖြင့် ဒီပလက်ငင်း ပေးနှင့်ချင်စွ ကျမ်းဝင်မေတ္တာ ရှိလရာတွင် ကြမ္မာပင့်ထောက် နတ်ချီမြှောက်၍ ထွန်းတောက်ဘုန်းတော် မျှော်ရတုံဘိ ငပီတိကား မိုးရှိမြင့်သွယ် မြစ်ဝှန်နှယ်သည် ပင်လယ်ရေသို့ ပြော၏တည်း"[၁]
ဟူသောအပိုဒ်ဖြင့် အစချီရေးသား၍ မင်းမြတ်ထံ သွင်းတော်မူခဲ့လေသည်။

## ရွှေစက်တော်သွား တောလားလေးပုဒ်

ရွှေစက်တော်သွား တောလား ၄-ပိုဒ်မှာလည်း အရှင်ဥတ္တမကျော်၏ တောလားကဲ့သို့ပင် နာမည်ကျော်ကြား အသိများလှပေသည်၊ ရှင်ဥတ္တမကျော်၏ တောလားကဲ့သို့ပင် ထင်ရှားလေ၏၊ ရှင်ဥတ္တမကျော်၏ တောလားမှာ ဘုရားဘုန်းရှိ ကပိလဝတ် နန်းမြို့တော်သို့ ကြွတော်မူရာ၌ ခရီးလမ်းပန်း၏ သာယာလှပဟန်နှင့် သတ္တလောက, ဩကာသလောက၏ တင့်မောဟန်ကို ကျမ်းဂန်အဆိုအမိန့်ကို မှီငြမ်းပြု၍ ရေးသားဖွဲ့ဆိုထားခြင်း ဖြစ်လေသည်၊ အရှင်မဟာ

---

၁။ မြန်မာရှုခင်း။ ၆၃-၆၉-၌ အစအဆုံး ကြည့်ရှုရာသည်။

ရဋ္ဌသာရ၏ တောလားမူကား ကိုယ်တိုင်ရွှေစက်တော်ကြွစဉ် လမ်းခရီး တလျှောက်၌ တွေ့ကြုံရသည့် ရှုခင်းမြင်ကွင်းတို့ကို ကိုယ်တွေ့စာပန်းချီ ခြယ်ထားခြင်း ဖြစ်လေသည်၊ ထို့ကြောင့် ပို၍ သဘာဝကျပေသည်၊ သုတေသီတို့ လွယ်လင့်တကူ ကြည့်ရှုလေ့လာနိုင်ရန် ပေါရာဏဒီပနီ ကျမ်းမှ ကူးယူဖော်ပြအပ်ပါသည်။

## ရွှေစက်တော်သွားတောလား

(၁) အောင်ဇေယျတု ကျမ်းဂန်ရှု၍ ဂမုဓာတ်ရ ဓာတွန္တဖြင့် ဂမနသဒ္ဒါ ကြောင်းခြင်းရာကို လက်ာကုံးသိ လမ်းစဉ်စီအံ့ ရောင်ညီလေးဦး ဖြစ်ခဲ့ဘူးတွင် တောင်ကူးလကျာ် ဒက္ခိဏာ ဟု ဒီပါကျွန်းမြတ် မိုးနတ်ကြွဿာ မြောက်မှာကျွန်းသူ မတူကြ ငြား ဘုရားမြတ်စွာ စကြာစိုးရ သည်ကဖြစ်စေ သန္ဓေတည် ကြည် ကောင်းညွန့်စည်သား နတ်ပြည်နိဗ္ဗာန် ကူးဆိပ်မှန် တွင် ဘုန်းသန်သကျ မုနိန္ဒလျှင် ရွှင်ပြုံကြည်ဖြူ ဟောတော် မူသည် လေးဆူကျွန်းမြတ် ဘုန်းထွတ်သီရိ တမ္ဗဒီထက် ကျော် သိထင်လျား ကျေးငှက်များ၏ နဂါးမုဆိုး ရိုကျိုးတောင်းပန် ပူဇော်ရန်ဟု နမ္မဒါနား–[၁] ရာ့တပါးနှင့် တောင်ဖျားကျောက် ထိပ် နင်းနှိပ်ရာသော် နှစ်ဖော်ရွှေစက် ရောင်ပြိုးပြက်သည်။ ဖိုလ်မဂ်နိဗ္ဗာန် စူးစူးတည်း။

(၂) စူးစူးနိဗ္ဗာန် ရောက်မည်မှန်၍ ဧကန်တဆော ယာယီ ကြောကို သဘောစိုက်စိုက် လမ်းရိုးလိုက်သော် တောင်ရိုး ကမ်းဆင်း ကုန်းကျင်းချောင်မြောင် မြောက်တောင်မှိုင်းဝေ သစ်ပင်တွေတွင် ပင်ခြေကျင်းကျင်း ပန်းအင်ကြင်းလည်း ရှက် ချင်းခိုက်ထိ စောင်းကြိုးညှိသို့ နှမိနှမြော လွမ်းဘွယ်မောစွ

---

၁။ မူအားလုံး၌ နမန္တာနားဟုချည်း ရှိနေ၏၊ နမ္မဒါနားဟုရှိမှ သင့်မည်၊ သက္ကတဘာသာအခေါ် နမ်ဒါမှသည် နမ္မဒါဖြစ်လာသည်။

တောတောင်ဝန်းကျင် သို့ရာတွင်မူ အကြင်တောင်သူ လွမ်းစေ ဟူသို့ လျှံဆူထွေပြား ငှက်အများလည်း ပျားသို့ချိုအေး ရင့်ရှူ ကြွေးလျက် မောင်ထွေးတို့လော မယ်တို့လောဟု သဘော နှုတ်ဆက် မေးနှင့်လျက်တည့် လင်းဝယ်တောလျှိုး ဥချိုးငှက် ပြင် မြေဆင်းငှက်ခါး သစ်ပင်ဖျားက သိမ်းကျားစွန်ရဲ လင်းမြီး ဆွဲလည်း ကြဲကြဲစစ်စစ် မြည်ကျစ်ထိုးစွပ် မြေဝပ်ဘီလုံး ပြေး တုံးအနီး တောင်သူသီးလည်း မြေကြီးနိမ့်မြင့် ပျံအားတင့်၏ ဖော်နှင့်မကွာ နှုတ်လျာမလျော့ သံသော့သော့နှင့် ဆော့သည့် နှုတ်သီး မြိုင်တောကျီးလည်း သံကြီးအာအာ ခါကတုတ်တုတ် ရှဉ့်စုတ်စုတ်နှင့် ဗုတ်ကအိမ့်အိမ့် တဖိမ့်ဖိမ့်လျှင် သိမ့်သိမ့် တောလုံး သံပေါင်းရုံး၍ ပတ်ကုံးမြိုင်နက် အုတ်ကျက်ကျက် သည် တောကျက်တွန်သံ မြူးမြူးတည်း။

(၃) တောကျက်တွန်မြူး ကျေးငှက်ကြူး၍ သံကျူးမြည်စည် စက်ရိပ်လည်၍ နေခြည်ဝင်ပြောက် ဆည်းစျာရောက်သော် မျောက်ကကြိုးခွေ ဒေါင်းအိုးဝေနှင့် သံချေကြွေးကြော် ဖိုမ ခေါ်၏ တောက်ကျော်ထွန်သွား ငှက်နွှားလည်း တောဖျား မြိုင်အောက် သေသောက်ကြူးငှက် သေသောက်လျက်တည့် တောင်လက်တူးမည် ဝန်တင်သည်လည်း ထိုးမည့်စောင်စောင် တောခေါင်ပျော်မွေ့ ဓလေ့မိုးခေါင် ခေါ်ယောင်ဖန်များ တော လုံးကြားအောင် ကျားလည်ရုတ်ရုတ် သံကြုတ်ကြုတ်နှင့် သစ် ကျုတ်ပြေးလွှား ကြောင်ဘားပြေးခုန် စွေ့ဟုန်ပြေးသန်း နွယ် တန်းတိုင်လျှောက် သစ်တောက်ငှက်တောင် သံကျော်ဆက်ရက် မြီးဆက်ဖားဖား ခွေးကျားခွေးရှေ ဝံပုလွေနှင့် ချေကလည်း တောက် ဟောက်သည်သမင် ဆင်ကကျိုးကျည် ပျော်ဘွယ် စည်သည် လေပြည်ပျံ့ပျံ့ ပျူးပျူးတည်း။

(၄) ပျူးပျူးလေပြည် အလွမ်းစည်လျက် လမ်းစဉ်ဆက်သော် ချိုးငှက်လည်ပြောက် ကျွမ်းဘော်ပျောက်သို့ နားထောက်ကွန့်

မြူး သံပြိုင်ကျူးလျက် တဦးတိုင်က တဦးချ၏ ဖိုမလင်းပြာ တွန်သံသာနှင့် ဆပ်ပြာစမ်းတွင် တွေ့ကြိမ်မြင်သော် စုံလင် ဖိုမ နိမိတ်ပြ၏ ဉာဏကဝိ ပဏ္ဍိတစစ် ငါတည်းဖြစ်မူ အနှစ် သာရ သုံးပုံမျှရှင့် အစအလယ် အဆုံးဝယ်၌ မိပ္ပါယ်ကျွမ်းသိ မှတ်သားမိလျက် ဇာတိလိုက်လျော် ချိုးနှစ်ဖော်မူ ရှင်ပျော်စမြ လည်ချင်းတွဲ၍ မကွဲတူကွ နေသည်ဆသော် ကာမလူ့ဘောင် မရှောင်နိုင်ချေ ညာကြေကျော်စော သဘောစင်စစ် ရှု၏ဖြစ်မှ တဆစ်လူ့ခွင် ဝင်လဦးမည် ချစ်ကြည်မျိုးနွယ် ဥစ္စာကြွယ်သည် လူဝယ်လူဟောင်း အကြောင်းရုံးစည်း ဖြစ်မည်တည်းဟု စနည်းနိမိတ် မျိုး၏ဟိတ်ကို တိတ်တိတ်မှတ်ယူ နှစ်လို့မူကား မပူမဆာ ရေသီတာသို့ မျက်နှာရှင်လမ်း မပန်းမညှိုး သာ-အားကြိုးလျက် အကျိုးရှိမည် မကြည့်စိတ်မှုန်း တကုန်းဆင်း သက် တကုန်းတက်၍ မြိုင်နက်မြိုင်ကြော တတောထွက်ဝင် တတောမြင်က တပင်ရိပ်နား တပင်သွား၍ တောဖျားမြိုင်နက် လမ်းချက်စူးစမ်း ရိပ်ဖမ်းဆွေးနွေး ဘထွေးတယောက် ရဲစောင် မြောက်နှင့် ချစ်ရောက်လည်သီး ဦးရီးတတည် ချစ်ကြည်မြတ် လေး လုပ်ကျွေးမစ ညွှန်ပြလမ်းရိုး တောင်နှယ်ကိုး၍ မိုးချုပ် ရီညှ သွားကုန်ကြသည်။ ။စိတ်ကရောက်ချင် ရှူးရှူးတည်း။

ဖော်ပြပါ တောလား ၄-ပုဒ်ကို ထောက်ဆ၍ အရှင်မဟာရဋ္ဌ သာရကား တော၏ဖြစ်ဟန်, တော၌ ဖြစ်ထွေထွေ, တော၌ တွေ့ကြုံ သမျှကို ကျနစွာ စာဖွဲ့နိုင်သည့် ဆေးစက်ကျရာ အရုပ်ထင်သည့် စာဆိုကဝိသာ ဖြစ်သည်။

ရဋ္ဌသာရော ရဋ္ဌသာရော၊ သာရော ကဝီသု သေခရော။
ဝနဂတီသု နေကေသု၊ ကာဗျဗန္ဓေသု ကောဝိဒေါ။

## တရုတ်ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး

ဘုရားမြတ်စွာ၏ ခြေတော်၌ စက်လက္ခဏာတော် ၁၀၈-ပါး တို့သည် အများလူထု၏ ချမ်းသာမှုပြုလုပ်ခြင်းစသည့် ဘုန်းကံပါရမီတော် အမျိုးမျိုးအစားစား များပြားစွာလှတို့ကြောင့် ထင်ရှားကုန်၏-၁

ယင်းတရုတ်ရှစ်ကွက် စက်လက္ခဏာတော်များကို ဇိနာလင်္ကာရဋီကာ၌ တွေ့ရ၏-၂ စတုရင်္ဂဗလအမတ်ကြီးသည် ယင်းတရုတ်ရှစ်ကွက် စက်လက္ခဏာတို့ကို နူးညံ့ပြေပြစ် ကျစ်လစ်လှစွာ ဂါထာဖွဲ့ဆို၍ ဘုရားရှိခိုးဂါထာအဖြစ် ဖွဲ့ဆိုခဲ့လေသည်။ တဖန် အရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သည် မြန်မာပြည်ဘွား တိုင်းရင်းသားတို့ ကျက်မှတ်၍ သုံးလောကဥက္ကဋ် ခြေရာတော်ကို ရှိခိုးပူဇော်နိုင်ရန် လင်္ကာသီကုံးထုံးဖွဲ့ရေးစီတော်မူခဲ့လေသည်၊ ဗုဒ္ဓဘာသာဝင် သူတော်စင်သည် အောက်ပါ တရုတ်ရှစ်ကွက် စက်လက္ခဏာလင်္ကာကို အာဂုံနှုတ်တက် ဆောင်ရွက်ကာ ဖူးမြော်ပူဇော်ရာသတည်း။

## တရုတ်ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးလင်္ကာ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမ၏ ပါဒမြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လစ် တရုတ်ရှစ်ကို စင်စစ်ကောင်းထွေ လှည့်လည်ရေအံ့ ချီထွေအစ လုံမအိမ်မွန် မကျန်ပွင့်ချပ် ဇလပ်ပျံ့မွှေး လည်ရေးသုံးဆင့် လှတင့်သွန်းသွန်း ဦးဆောက်ပန်းက စသည်မကွဲ ထမင်းပွဲတည်ဟန် ရွှေသလွန်ချွန်းတောင်း ရောင်မောင်း ပြာသာဒ် အထွတ်မြင့်ခိုင် တံခါးတိုင်နှင့် အပြိုင်ထီးဖြူ အတူသန်လျက် ထန်းရွက်ယပ်ဝန်း တခန်းတကြောင်း ဥဒေါင်းမြီးယပ် သင့်ကျပ်တခြား

---

၁။ ဒီ၊ ၃။ ၁၂၁။ ကြည့်။

၂။ ဇိနာလင်္ကာရဋီကာ၊ ဝိဇာတမင်္ဂလဝဏ္ဏနာ။ ၁၆၉။

ပတ္တမြားရောင်ဖိတ် သပိတ်ပန်းဆိုင်း တုန္နိုင်းမရ ပွင့်လှထွားထွား ငါးပါးကြာမျိုး ရေအိုးဖလား ထူးခြားသမုဒြာ စက္ကဝါမြင့်မိုရ် ထိုထို နေလ နက္ခတ်စသား ဒေသလေးခု ဇမ္ဗူဒိပ ပြုဗ္ဗာဥတ္တရ ပရဂေါယီ တလီအံ့ဖွယ် ကျွန်းငယ်နှစ်ထောင် ဘုန်းခေါင်လျှံဝင်း စကြာမင်းနှင့် ခရုသင်းဖြူဆွတ် ငါးကြင်းပွတ်စကြာ သီဒါခုနစ်တန် သတ္တရဗ္ဗန် တောင်စဉ်ခုနစ်ထပ် ကြပ်ကြပ်မြင့်ခိုင် ခုနစ်အိုင်တသုန် ဂဠုန်တကြောင်း မိကျောင်းရေသား ကုက္ကားတမ်းခွန် မင်းတင်သံလျှင်း မကြွင်းတသီး သားမြီးကေသာ ကေလာသဘ သီဟကျားမင်း ဆင်မင်းမြတ်စွာ ဥပေါသထာယာဉ်မွန် ဆဒ္ဒန်တခြား နဂါးဝမ်းဘဲ မကွဲတူကွ ဥသဘ မကျန် ဧရာဝဏ်မကာရီး ထူးဆန်းအံ့ဖွယ် တင့်တယ်လှထွေ ရွှေလှေ လျှံဝါ မျက်နှာလေးပါး နွားသားမိတ်စစ် အဖြစ်များစွာ ကိန္နရာကိန္နရီ တူပြိုကရဝိတ် ထိတ်ထိတ်သံညောင်း ဥဒေါင်းကြိုးကြာ ဟသာၤစက္ကဝတ် ငှက်၏အမျိုး ဇီဝဇိုးအစုံ ခြောက်ဘုံနတ်ရွာ ဆကာမာနှင့် ပြဟ္မာထက် ရပ် ဆယ့်ခြောက်ထပ်က စေ့စပ်မကြွင်း ခပင်းများစွာ ရံခကာနှင့် စကြာခြေမွန် တင့်စဟန်ကို ထက်စွန်မိုးဖျား သိကြားပြဟ္မာ ရေးထု ကာလည်း ဘယ်မှာတူမျှ အတုရခြိမ့် အသမာသမာ သို့လူ့ချာ၏ ရတနာထိန်ဝင်း နီလင်းစင်သန့် အကန့်တထောင် ရွှေရောင်ခြယ်ကာ သန္တာအကွပ် ထိန်လျှပ်မြကောင်း ပုံတောင်းပြိုးပြက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုးလျှင်ဆော ပြည့်စေသော။

## ရာဇာဝသတိခန်း ပိုဒ်စုံရတု

ရာဇဝသတိခန်း ပိုဒ်စုံရတုမှာ မင်း၏ထံပါး ခစားချဉ်းကပ် မင်းမှုထမ်းကြရသော အမျိုးသား အမျိုးသမီးတို့ မှတ်သားလေ့လာ လိုက်နာထိုက်၏၊ သို့ဖြစ်၍ ဤနေရာ၌ အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်။

ဘူမိပါလ ရာဇိန္ဒဟု နရသနင်း မင်းဟူသည်၌ အရည် အချင်း သတင်းဥစ္စာ ပညာအမျိုး မတိုးသာချေ ကမ်းခြေ

သစ်ပင် ရောက်သောသွင်သို့ ပုံပြင်တူငြား သနားသော်သာ လိုရာရောက်နိုင် အပြီးတိုင်ရှင့် ဖြည်းလှိုင်ဂုဏ်အင် ရှိပါချင် လည်း အရှင်တပည့် မချစ်ကြည်က လူရည်ညံ့ချေ မိတ်ဆွေ ပေါင်းဖက် မိဘလျက်လည်း ယွင်းကွက်နှောင့်နှေး မလေး မမြတ် ဖြစ်တို့တတ်၏ အထွတ်ရန်နှင် မင်းလျှင်မွေးမြူ ချစ် ကြည်ဖြူက ဗိုလ်လူတကာ မျက်နှာပြုချင် ဆိုလျှင်နာပျော် ဝတ်သော်တင့်နိုး တန်ခိုးတေဇာ ကုမုဒ်ကြာသို့ တူကာဖြစ်မြဲ မချွတ်လွဲသည်။ ။ဝမ်းထဲစင်းလျင်း ကြည်စေမင်း။

မုနိရာဇ မိန့်တော်ပြသား နရသနင်း မင်းနှင့်ရဟန်း ထွေဆန်းတသီး မြွေနှင့်မီးကို မကြီးငယ်ဟု နှလုံးပြု၍ ဂရု မထင် မဆန့်ကျင်နှင့် မမြင်ရန်မိတ် မင်းတို့စိတ်ကို ငင်ချိတ် မယား တဆံဖျားမှ မမှားစောင့်ပေ မှားရှောင်ချေသော် ကပ် လေမှုပြစ် မွဲပြာဖြစ်အောင် ပြစ်ရာဇဝတ် ပေးတို့တတ်၏ ရေးကပ်ရာခဲ တပွဲခွင့်သိ လိုသင့်ဘိမူ ခန့်သိမြတ်လေး အရှင် မွေးက နီးဝေးအံ့ချီး နေ့ချင်းကြီး၏ ထီးနှင့်မြောက်စည် လည် စလွှပတ် ရာကြီးမြတ်၏ မင်းမတ်ခံလို လုလင်ပျိုတို့ သည်ကို ရည်မှတ် မင်းလေးမြတ်အောင် ကျင့်ဝတ်ကိုယ်တွင် စုံစေချင် သည်။ ။ပုံပြင်ခင်းကျင်း တည်စေမင်း။

သုတိသာရ ဌာရသဟု ယောက်ျားဉစ္စာ စုံမှသာလျှင် နရာဘုန်းလူ ချစ်ကြည်ဖြူ၍ ဗိုလ်လူနှုတ်ပိတ် ကြည့်ရှုစိတ်၏ ပုရိက္ခတ ကံပုညကြောင့် သိပ္ပမစုံ မေတ္တာထုံလည်း ရှက်ဆို မပြား အူတုံ့ဖွားမှ စိတ်ထားဝမ်းထဲ ရှုစိတ်ခဲစွ ပေါ်ထဲစုံညီ သိင်္ဂီနှင့်နှိုင်း တတ်စုံလှိုင်း၍ တတ်တိုင်းရာကျ ခွင့်သိကြလျက် ကာလကိုစာ ရပ်ရွာကိုမြော် သူ့အာဘော်ကို ကော်လျော်စေ လျှင်း ဖော်ရွေချင်းနှင့် တွယ်တင်းမျက်မြင် ပြစ်တင်မဆို ဝန်တိုမတတ် စိတ်မှတ်မထား မင်းနားမချော သဘောဖြော င့်

စိုက် မင်းသုံးထိုက်အောင် နှုတ်လိုက်လက်ပါ တတ်ပညာ သည်။ ။ဥစ္စာနှီးရင်း တည်စေမင်း။

## ဒုတိယမင်းခေါင်ထံသွင်း မေတ္တာစာများ

ဒုတိယမင်းခေါင်ထံသွင်းသော မေတ္တာစာများမှာ "မေးဖြေ ဖြောင့်သည်" အစချီသော မေတ္တာစာများ, "အမျိုးလေးပါး" အစချီ သော မေတ္တာစာ–[၁] စသည်တို့ ဖြစ်ကုန်၏၊ မည်မျှများပြားသည်ဟု တိကျစွာ မဖော်ပြနိုင်ပါချေ။

## ရတုကဗျာလင်္ကာအမျိုးမျိုး

ရတုကဗျာလင်္ကာအမျိုးမျိုးဟူရာ၌ အရှင်မဟာရဋ္ဌသာရ၏ ရတု ကဗျာစသည်တို့မှာ လွန်စွာမှ များလှကုန်၏၊ ဖော်ပြခဲ့ပြီးသည့် ကျမ်း စာများ, ရတုများတွင် မပါဝင်သည့် ရတုကဗျာလင်္ကာများကို ရတု ကဗျာလင်္ကာအမျိုးမျိုးဟူ၍ ဆိုပါသည်၊ ယင်းရတုကဗျာလင်္ကာအမျိုး မျိုးတို့တွင် –

## အမြွတ်ဆုံးငါးဆူ ဧကပိုဒ်ရတု

"ငါးဆူရွှေကြာ နိမိတ်လာ၍ ငါးဖြာမြွာလျက် တပင် နက်ဝယ် ငါးချက်ဖူးငုံ ပေါ်လတ်တုံက ငါးစုံသင်္ကန်း ကြိုင်ပျံ့ မွှန်းကို ငါးခန်းဘုံနေ ယူတုံလေ၍ ငါးထွေအောင်မြင် ရွှေ ပလ္လင်ထက် ငါးအင်ခက်ကျိုင်း နောက်မှိုနှိုင်းလျက် ငါးဆိုင်း မာရ်မြောက် ဗောဓိအောက်ဝယ် ငါးယောက်ထင်ရှား ဗော ဘုရားတို့ ငါးပါးအညီ ဖြစ်တန်သည်ဟု ငါးမည်မိုးနတ် နိမိတ် ဖတ်သည် မချွတ်ကမ္ဘာ ပွင့်ရာသော်"

ဟူသော အမြွတ်ငါးဆူ ဧကပိုဒ်ရတုလည်း ပါဝင်ခဲ့လေသည်။

---

၁။ ယင်းမေတ္တာစာများ ဖော်ပြခဲ့ပြီး။

## သိကြားတိုင်ဧကပိုဒ်ရတု

"အတာအတာ ဆင့်၍တာသော် သင်္ချာစုရုံး အစ်တစ်လုံးကို ပေါင်းရုံးစရေး လေးဆဲ့လေးတည့် ရှည်ဝေးမြင့်ဖြူ မြင့်မိုရ်ဦးဝယ် နတ်မှူးနတ်စစ် သိကြားဖြစ်လျက် ကသစ်ပင်ရင်း ခင်းသည့်ကျောက်ဖျာ ရွှေနေရာထက် သူဇာတူပြီ ဒေဝီလေးပါး ညွှတ်တွားလျောင်းရာ မပျော်ပါနှင့် သွန်းကာစီမံ ရွှာမြဝန်ကို မှန်ပါစေတော့ မှန်စေတော့"

ဟူသော သိကြားမင်းတိုင် ဧကပိုဒ်ရတုလည်း ပါဝင်ခဲ့လေသည်။

## ဘုန်းဘွဲ့လင်္ကာလေးပုဒ်

မြန်မာသမိုင်းရာဇဝင်တွင် ထင်ရှားပြောင်မြောက်ကြ သတ္တိရှိသည့် ပြူစောထီး၊ အနော်ရထာ၊ အလောင်းစည်သူ၊ နရပတိစည်သူ ဟူသော မင်းဧကရာဇ်လေးပါးတို့၏ အကြောင်းကို ဖွဲ့ဆိုထားသည့်– "လွမ်းဘုန်းကျော် တွေ့တော်ချိုင့်ကောက် နားတော်လျှောက်အံ့ စွန်းတောက်လှည့်သွား နေမင်းသားလျှင်"စသည်ဖြင့်လည်းကောင်း၊ "လွမ်းထင်ပေါ် မျိုးဖော်အလတ် လှံ့ပတ်အာဏာ" စသည်ဖြင့်လည်းကောင်း၊ "လွမ်းကြေညာ သပြေချာထွန်း ကျွန်းမြရောင်ကို"စသည်ဖြင့်လည်းကောင်း အစချီသည့် ဘုန်းဘွဲ့လင်္ကာလေးပိုဒ်လည်း ပါရှိလေသည်။

## ဝဲရိုက်သွင်းလင်္ကာဆုံးမစာ

ၐင်းပြင် "မိန့်သည်မှာ နာလော့နား ဓားမြက်မြက် ထက်အောင်သွေး ရွှေကတုံး သုံးယောက်လူ"စသည့် ဝဲရိုက်သွင်းလင်္ကာဆုံးမစာလည်း ပါဝင်လေသည်။

## ရွှေနန်းတက်လင်္ကာ

ထို့ပြင်တဖြာ "ခါကောင်းတည်၍ ရွှေပြည်ကြငှန်း မင်းဝံစွန်း ထက် သိုက်ညွှန်းပင်ရောက် ဆောက်တုံအစ လကဆုန်လျှင် နယုံ နွယ်တာ နံကာရေပြင်း တော်သလင်းဟု"စသည့် ရွှေနန်းတက်လင်္ကာ လည်း ပါရှိလေသည်။

## ပရိတ်မေတ္တာပိုဒ်စုံရတု

ထိုမှတပါး "မဇ္ဈိမတိုက် ပြည်ကြီး၌ဝယ် အောင်မြိုက်သာစည် ဝေသာပြည်တွင် သုံးမည်လူ့ဖျား မြတ်ဘုရားလျှင် တရားဒေသနာ မှန်လှစွာသည် မေတ္တရတနသုတ် အဟုတ်လွှံဘိ ယံကိဥ္စိကို"စသည့် ပရိတ်မေတ္တာပိုဒ်စုံရတု–[၁] စသည်တို့လည်း ပါဝင်ခဲ့လေသည်။

## ရှာပြ၍ မကုန်နိုင်

အရှင်မဟာရဋ္ဌသာရ၏ စာပေများမှာ ရှာဖွေပြ၍ မကုန်နိုင် ပါ၊ စာပြုသူ ရှာဖွေရသည်များအနက် များစွာပင်ကျန်ရှိသေး၏၊ ရှာဖွေမရ ပပျောက်၍ နေသည်များလည်း များစွာပင် ရှိကုန်မည်သာ၊ အရှင်မဟာရဋ္ဌသာရကား မြန်မာပြည်၏ စာပေတန်ခွန်စိုက် ကဝိမွန် တဆူသာတည်း၊ မြန်မာစာပေအတွက် လိုသလိုပေးနိုင်သည့် စိန္တာမဏိ ပတ္တမြားသဖွယ်သာတည်း၊ ယခုတိုင် စာပေသမားတိုင်းအား အသိ ဉာဏ်အမျိုးမျိုးကို ပေးလျက်ရှိတော်မူခဲ့သည်။

## ပျို့လွှန်တော်မူပြီ

စာပေအရပ်ရပ်၌ တဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက် တော်မူသော ပျို့, လင်္ကာ, မော်ကွန်း, ရတုစသည့် စာပေပိမာန်

---

၁။ ယင်းပရိတ်မေတ္တာပိုဒ်စုံရတုမှာ သက္ကရာဇ် ၈၆၃-ခုနှစ်က ဒုတိယဘုရင် မင်းခေါင် နာမကျန်းရှိသဖြင့် ကျန်းမာစေရန် မေတ္တာပြုသော ပရိတ် မေတ္တာပင် ဖြစ်သည်။

အမျိုးမျိုးကို တည်ဆောက်တော်မူခဲ့သော အရှင်မဟာရဋ္ဌသာရ စာဆို တော်ကြီးသည်–

"ဘဝဩဃာ စကြာရဟတ် သုံးပါးဝဋ်တွင် လူနတ်ပြဟ္မာ သတ္တဝါကား ကြမ္မာအလျောက် အခါရောက်က မြေအောက်ပုန်းလျှိုး ခွန်အားကိုးလည်း လွတ်မျိုးမထင် ရေတွင်စုပ်စုပ် နက်စွာငုပ်လည်း လွတ်ရုပ်မမြင် ကောင်းကင်ပျံတက် ငှက်နှယ်ပတ်လည်း မလွတ်နိုင်နိုင် သေမင်းငင်၍ အရှင်စတေ မနေရရာ ဓမ္မတာဖြင့် ခန္ဓာပြိုကွဲ ယွင်း ဖောက်လွဲသည် ကြည့်ဖဲမရှောင် စသာတည်း"ဟူသော ဘူရိဒတ်လင်္ကာ ကြီး–[၁] လာစကားအတိုင်းလည်းကောင်း၊ "ဦးမည်းဆံပါး မြားမျှမလွတ် သေတို့တတ်သား ဤသတ္တဝါ ဓမ္မတာကို မှန်စွာယုံကြည် မှတ်တော် တည်လော့"ဟူသော ကိုးခန်းပျို့စကား–[၂]အားလျော်စွာလည်းကောင်း၊ သက်တော် ၅၆-နှစ်တွင် ပြည်မြို့သို့ လိုက်ပါခဲ့ရပြီးနောက် သက်တော် ၆၂-နှစ်အရောက်တွင် လေနာရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

## ကျော်စောခြင်းမျှသာလျှင်ကျန်ရှိခဲ့

ယခုမူကား သူ၏စာပေများကြောင့် အရှင်မဟာရဋ္ဌသာရ စာတတ်သည်၊ ရတု လင်္ကာ ကဗျာ မော်ကွန်း ကျွမ်းကျင်တတ်မြောက် သည်၊ ပျို့စာပေ ရေးသားမှုအတတ် ဖက်ကမ်းခတ်သည်၊ စကားအရာ လွန်စွာလိမ်မာသည် စသည်ဖြင့် ကျော်စောခြင်းမျှသာလျှင် ကျန်ရှိလေ တော့သည်။

ရဋ္ဌသာရော ရဋ္ဌသာရော၊ ကာဗျသတ္တဝိသာရဒေါ။
မာပေတွာ ကာဗျဝိမာနေ၊ ဝိမာနံ ဒေဝါနံ ဂတော။
အစုနာ ကိတ္တိသေသော‌ ‌ အဟော ကဝီနမန္တရေ။

---

၁။ ဘူရိဒတ်လင်္ကာကြီး။ ၂၇၄-ပိုဒ်။
၂။ ကိုးခန်းပျို့။ ၁၁၇-ပိုဒ်။

# ဝဇိရသာရတ္ထသင်္ဂဟကျမ်းပြု
# အရှင်သိရီရတနပညာထေရ်

အရှင်သိရီရတနပညာထေရ်သည် သက္ကရာဇ် ၈၈ဝ-ကျော်တွင် ထင်ရှားသော မထေရ်မြတ် ဖြစ်လေသည်၊ သက္ကရာဇ် ၈၈၈-ခုနှစ် နန်းတက်သော ရှမ်းသိုဟန်ဘွားမင်း လက်ထက်တွင် ရတနာပူရ အင်းဝမြို့အနောက် ဇေတဝန်ကျောင်းတိုက်၌ နေသည်ဟု ပိဋကတ်တော်သမိုင်း၌ ဆိုထား၏။-[၁]

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များကို ပြုစုတော်မူရာ-

၁။ ဝဇိရသာရတ္ထသင်္ဂဟကျမ်း

၂။ ဝဇိရသာရတ္ထသင်္ဂဟဋီကာကျမ်း စသည်တို့ ဖြစ်ကုန်၏။

ယင်းကျမ်းများအနက် ဝဇိရသာရတ္ထသင်္ဂဟကျမ်းမှာ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ ကိုလံဘိုပြတိုက်၌ရှိကြောင်း သိရ၏၊ အဂ်ါ ၁၄-အဂ်ါရှိသည်ဟု သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ ဆိုထား၏၊ ကျမ်းဦး၌-

သန္တံ သန္တေဟိ ပူဇိတံ၊ ဗုဒ္ဓံ ဗုဒ္ဓေန ဒေသိတံ။
ဓမ္မံ ဓမ္မဝရံ လဒ္ဓံ၊ သံဃံ သံဃဝရံ နမေ။

ပုဗ္ဗါစရိယသီဟာနံ၊ မတံ နိဿာယ သာဓုကံ။
သာရတ္ထံ ဥဒ္ဓရိတွာန၊ ဂန္ထန္တရေသု အာဂတံ။

နာနာသုခုမသံကေတ-ဂတောသ္ဝတ္ထေသု သောတူနံ။
ဂမ္ဘီရဗုဒ္ဓိစာရတ္ထံ၊ ဝဇိရသာရတ္ထသင်္ဂဟံ။

ပဝက္ခာမိ သမာသေန၊ နိဿာမယန္တု သာဓုကံ။
တံ နိဒ္ဒါပဂတာ သတ္တာ၊ ဗုဒ္ဓိဝိသဒကာမိနော။

---

၁။ ပိဋကတ်တော်သမိုင်း။ ၁၃၂။

ဟူသော ၄-ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည် ပြခဲ့လေသည်၊ ကျမ်း၏အဆုံး၌–

ရတနပညောတိ နာမေန၊ ဘိက္ခုနာ ဝဇိရဗုဒ္ဓိနာ။
သောတူနံ ပါဠိဝတ္ထာယ၊ ဝဇိရသာရတ္ထသင်္ဂဟော။

ဟူသောဂါထာဖြင့် ဤကျမ်းလေ့လာသူ စာသင်သားတို့ လိမ်မာကျွမ်းကျင်စေလိုလို့ ရေးသားရကြောင်း ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။

## သီဟိုဠ်ပါဠိသမိုင်းကျမ်းအဆို

သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ကား- ဇိနကာလမာလီကျမ်းပြု ယိုးဒယားနိုင်ငံ ချင်းရိုင်မြို့အနီးရှိ ရတ္တဝနမဟာဝိဟာရဝါသီ အရှင်ရတနပညထေရ်ဖြစ်ကြောင်း ဖော်ပြထားလေသည်။–[၁]

အရှင်သိရီရတနပညမှာ ပိဋကတ်တော်သမိုင်းဆိုတိုင်း မြန်မာပြည်သားဟုတ်မဟုတ် သမိုင်းပညာရှင်တို့ လေ့လာကြကုန်ရာသတည်း။

## ကျော်စောခြင်းမှု အကြွင်းရ

အရှင်သိရီရတနပညသည် စာပေပြုစုကာ သဗ္ဗညုဘုရားသာသနာကို ထွန်းလင်းအောင် ပြုတော်မူခဲ့ရာ ကျော်စောခြင်းမှု အကြွင်းရလေတော့သတည်း။

သိရီရတနပညောတိ၊ ပညဝါ ဗုဒ္ဓသာသနေ။
သာသနံ သိရိံ သော ကတွာ၊ ကိတ္တိသေသတ္တမဂမီ။

----------

၁။ သီဟိုဠ်ပါဠိသမိုင်း (ပါဠိသာတိတျ)။ ၂။ ၄၅၃။
မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၀၆-လည်းကြည့်။

## ပျို့စာဆိုတော်
## အရှင်တေဇောသာရ

အရှင်တေဇောသာရသည် တိုင်းပြုပြည်ပြု သာသနာပြုစာဆိုတော်တစ်ပါး ဖြစ်လေသည်၊ အင်းဝမြို့၌ သက္ကရာဇ် ၈၃၅-ခုနှစ်ပတ်ဝန်းကျင်တွင် ဖွားမြင်သောပုဂ္ဂိုလ်အဖြစ် မှန်းဆမိပေသည်။

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခဲ့လေသည်၊ နာမည်ကျော်စာဆိုတော် အရှင်မဟာရဋ္ဌသာရထံ ပညာသင်ကြားတတ်မြောက်ခဲ့လေသည်၊ ထိုသို့ဖြစ်ကြောင်း-

> "လေးကျွန်းမှန်ကင်း တောင်ခပင်းတွင် ကြီးမင်းမြင့်ခေါင် မြင့်မိုရ်တောင်၏ ထပ်စောင်မှီခို ယုဂန္ဓိုရ်နှင့် နှိုင်းဆိုလိုက်လျော် ကြားသိခေါ်သည် တေဇောသာရ သာဝကလျှင် ပုစ္ဆကဝိ ကြားလျှံသိသား ခေါင်ထိအရာ ရဋ္ဌသာမှ နည်းနာရမြောက် တောင်ကိုဖောက်သည် စိန်ကျောက်အလား သွေး၍ထားသား အသွားမြိုက်ထက် ဉာဏ်သန်လျက်ဖြင့် ဝက်ဝရ်ဖြတ်ပိုင်း လိုက်ကတိုင်းလျှင်-[၁]

စသည်ဖြင့် ဒွေးဟသ်ာမင်းပျို့နိဂုံး၌ ဆရာဖြစ်တော်မူသော အရှင်မဟာရဋ္ဌသာရ၏ ဂုဏ်ကို ဖော်ပြခဲ့လေသည်။

## အရှင်တေဇောသာရ၏ အရည်အချင်း

အရှင်တေဇောသာရသည် ပိဋကတ်စာပေကိုလည်း တတ်မြောက်၏၊ အဘိဓာန် ဆန်း အလင်္ကာ သဒ္ဒါဗျာကရုဏ်း၌ ကျွမ်းကျင်၏၊ ပျို့ကဗျာလင်္ကာစသည့် မြန်မာမှု၌လည်း လိမ်မာတတ်မြောက်သူဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း သူ၏ ဒွေးဟံသာပျို့စသည့် စာများဖြင့် သိနိုင်လေသည်။

---

၁။ ဒွေးဟသ်ာမင်းပျို့၊ နိဂုံးအပိုဒ်၊ ၁၊ နှာ။ ၉၈။

## ကျမ်းဂန်များပြုစုတော်မူခြင်း

အရှင်တေဇောသာရသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ ၎င်းတို့မှာ-

၁။ ရွှေဟင်္သာပျို့

၂။ ပြာဋိဟာခန်းပျို့

၃။ ဗျာဒိတ်တော်ခန်းပျို့

၄။ အာဒါသမုခပျို့

စသည်တို့ ဖြစ်ကုန်၏။ ယင်းပျို့ကျမ်းစာများအနက် ရွှေဟင်္သာပျို့ကို သက္ကရာဇ် ၈၇၁-ခုနှစ်တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်၊ စိစစ်ကြည့်ပါက ထိုစဉ်က "မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်သည်"ဆိုသကဲ့သို့ ရွှေနန်းကြော့ရှင် ဘုရင်၏ မင်းမြှောင်များကြောင့် ရွှေနန်းကြော့ရှင် သိက္ခာကျခဲ့လေသည်။

မြို့စားတို့ ပုန်ကန်ကြကုန်၏၊ မင်းဆွေမင်းမျိုး မှူထမ်းရာထမ်းတို့ မင်းတရားအား သစ္စာမစောင့်ကြတော့ချေ၊ တိုင်းသူပြည်သားတို့ တချို့တို့လည်း တရားယွင်းပျက်လျက် ရှိကြကုန်၏၊ ယင်းသို့ အစစအရာရာ ယိုယွင်းလျက်ရှိသော မင်းပရိသတ်အသိုင်းအဝိုင်းနှင့် တိုင်းနေပြည်သူလူထုတို့အား စာရိတ္တပြုပြင်လိုစိတ် ပြင်းပြလှသဖြင့် အရှင်တေဇောသာရသည် ရွှေဟင်္သာပျို့ကို ရေးသားစီရင်တော်မူခဲ့လေသည်၊ ဓတရဋ္ဌသုဝဏ္ဏဟံသဇာတ်တော်လာ စစ်သူကြီးသုမုခဟင်္သာမင်းသည် တိရစ္ဆာန်စဉ်လျက် အရှင်၏ကျေးဇူးသစ္စာကို စောင့်သေးကြောင်း လူပုဂ္ဂိုလ်တို့မှာ ပို၍ပင် စောင့်သင့်ကြောင်း သဘောပေါက်လာအောင် ရွှေဟင်္သာပျို့ကို ရေးသားတော်မူခြင်း ဖြစ်လေသည်။

သို့ရာတွင် အရှင်တေဇောသာရ ရွှေဟင်္သာပျို့ဖြင့် မည်မျှသို့ တရားဓမ္မညွှန်ပြစေပါသော်လည်း ပျက်ကိန်းကြုံပြီဖြစ်ရကား ရွှေဟင်္သာပျို့ရေးပြီး၍ ၁၇-နှစ်အကြာတွင် "၈-ငယ်သုံးခု ဥသျှစ်တု"အခါတွင် အင်းဝနန်းမြို့တော်ကြီးသည် မိုးညှင်းစလုံနှင့်သာ သိုဟန်ဘွားတို့လက်သက်ဆင်းကျရောက်ခဲ့လေသည်။ ရွှေဟင်္သာပျို့ကို-

"မဟာဗောဓိ လျှံပြောင်ညီသည် သိရိဥကင် ရောင်ထင်တက် ထွန်း ပေါ်နေဝန်းလျက် သုံးခန်းလောက ထွန်းပြီးမှလျှင် ဓမ္မရသာ ဒေသနာဟု" အစချီသောအပိုဒ်ဖြင့် ရေးသားတော်မူခဲ့လေသည်။

ရင်းပြင် ရွှေဟသ်ာပျို့၌–

"ဝန်းကျင်ပိတ်ဖုံး တောင်ငါးလုံးဖြင့် ချိုးချိုးရံပတ် မင်းနေ မှတ်ကား ပြည်မြတ်နဂိုရ် ရာဇဂြိုဟ်၌"... ၁-ပိုဒ်။

"သည်းတွင်းစုံမက် မိမိသက်ထက် ဆထက်တရာ ချစ်လှ စွာဟု အံ့အာသီးသီး ပြောမငြီးသည်"... ၂-ပိုဒ်။

"ကြိုင်မွှေးနံ့သာ ခံတွင်းကြာမှ"... ၅-ပိုဒ်။

"တဏှာပြောကျယ် မြစ်ပင်လယ်၌ ကိုးကွယ်မရ နစ်မွမ်း ကြသား တို့မူများစွာ သတ္တဝါတို့"... ၅-ပိုဒ်။

"ငါးပါးကလျာ လက္ခဏာနှင့် စုံစွာပည်းသီး နတ်ပြည် ရောင်ဆင်း ဝင်းဝင်းရွှေရွှေ သားရေထွတ်ထွတ် မွတ်မွတ်နစ်နစ် ပုံသွန်းဖြစ်သို့ မျက်ရစ်ရေးရေး ချိုကွေးမျက်မှောင် ဆံရောင် မည်းကျော လှမောပြင်လျာ ရုပ်ဝါဆန်းထူး ကျေးဇူးနတ်ဖြိုး မိန်းမမျိုးတွင်"... ၁၀-ပိုဒ်။

"သက်ထက်ဆုံးလျှင် ချစ်ထုံးမပြေ ကြင်သက်ဝေလျက် ရှိသေလုပ်ကျွေး လင်မွေးတတ်မူ သူဇာတို့၏"... ၁၁-ပိုဒ်။

စသည့် တောက်ပြောင်လှပသော စကားလုံးကလေးများမှာ စာပေ ဝါသနာရှင်တို့ကို စွဲမက်စေလေသည်။ ရွှေဟသ်ာပျို့ ပြီးချိန်ကိုလည်း-

"ရွှေဟသ်ာဇာတ် ဖြစ်သည့်အမည် ဤစာသည်ကား အရှည်သက္ကရာဇ် ရှစ်ရာ့ခုနစ်ဆယ် တခုဝယ်၌ ဘုန်းကြွယ် သတ္တာ ကြီးမြတ်စွာ၏ သာသနာနှစ်ထောင် စွန်းအောင်သချာ တေပညာဖြင့် အခါချိန်တန် သရဝဏ်နှစ်မြတ်–[၁] စသည်ဖြင့် ဖော်ပြတော်မူခဲ့လေသည်။

---

၁။ ရွှေဟသ်ာပျို့နိဂုံး အပိုဒ်၊ က၊ နှာ၊ ၉၇။ ယင်းရွှေဟသ်ာပျို့မှာ ဟံသာဝတီရှိက် ကရောင်း ၁၆-ချိုးဆိုက်ငယ် ၉၉-မျက်နှာရှိလေသည်။

တဖန် သက္ကရာဇ် ၈၉၈-ခုနှစ်တွင် သိရိဇေယျနော်ရထာ (ကန္ဒီမြို့စား) တောင်းပန်သဖြင့် ပြာဋိဟာရိယခန်းပျို့ကို ရေးသားတော်မူခဲ့လေသည်။ ယင်းပျို့ နိဒါန်း၌-

“ပြောင်ပြောင်ထွန်းညီ ကြားလျှံဘိသည် သိရိဇေယျာနော်ရထာဟု ပညာကျော်ပိုး ကန္ဒီစိုးသား တန်ခိုးထွန်းညီး အမှတ်ကြီးလျှင် ကြည်သီးစေတနာ ချစ်မေတ္တာဖြင့် သဒ္ဒါပြင်းထန် ခွင့်ဖတောင်းပန်သော်”ဟု စပ်ဆိုတော်မူခဲ့လေသည်။

## ရနိုင်ကြွ မဟာမြမုနိဘုရားဖူး

အရှင်တေဇောသာရသည် ရှမ်းမင်းတို့လက်ထက် ရှမ်းမင်းတို့၏ သံတမန် သံတော်ဆင့်တို့နှင့်အတူ ရခိုင်ပြည်သို့ ကြွရောက်တော်မူ၍ မဟာမြမုနိဘုရား ဖူးခဲ့ကြောင်းလည်း အဆိုရှိလေသည်။

## ပျံလွန်တော်မူခြင်း

အရှင်တေဇောသာရသည် စာပေရေးသားခြင်း, စာပေချပို့ခြင်း အစရှိသော လုပ်ငန်းတို့ဖြင့် သာသနာပြုတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တတေဇောသာရောတိ၊ သာရော သုတေဇသာဓိကော။
တေဇေန ကတ္တဗ္ဗံ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

## စာဆိုတော်အကျော် အရှင်အဂ္ဂသမာဓိ

အရှင်အဂ္ဂသမာဓိသည် အင်းဝခေတ်တွင် ရွှေဟသ်ာမင်းပျို့စသည်ပြု အရှင်တေဇောသာရနှင့် ခေတ်ပြိုင် ထင်ရှားသည့် စာဆိုတော်အကျော်အမော် ဖြစ်တော်မူလေသည်။

ဒီပဲရင်းမြို့ အရှေ့တောင်ဖက် ကန့်ဖျားရွာ၌ နတ်မောက်မြို့စားဘယကျော်သူနှင့် ဇနီးတို့မှ သက္ကရာဇ် ၈၄၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်နိုး ဖြစ်လေသည်။-[၁]

## ရှင် ရဟန်းပြု

အရွယ်ရောက်သော် ကျောင်းနေပညာသင်ကြားခဲ့ပြီး ရှင်ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ ရှင်အဂ္ဂသမာဓိ (အရှင်အဂ္ဂသမာဓိ)ဖြစ်လေသည်၊ အဂ္ဂသမ္မာဓိ-ဟုလည်း ဆိုကြသေး၏၊ သို့ရာတွင် အဂ္ဂသမာဓိသည်သျှင် မှန်ကန်ပေသည်။ နေမိငရဲခန်းပျို့နိဂုံး၌-

"ကျယ်ဝန်းလှိုင်းမ ဆုကြီးဇာလျက် အဂ္ဂသမာဓိ တွင်မည်ရှိသား ကတိတည်စွာ သူတော်ငါသျှင်-[၂]

စသည်ဖြင့် ကိုယ်တိုင်ဘွဲ့မည်ကို ထုတ်ဖော်ဖွဲ့ဆိုတော်မူခဲ့လေသည်။

အဂ္ဂဂ္ဂ သမာဓိသုမိ၊ သဏ္ဌိတော ကဝိပုင်္ဂဝေါ။
ဝါဒီဝရော ဧသော အဂ္ဂ-သမာဓိ ဓိတိမာ သုဓီ။

## သူကောင်းပြုခံရသူများ

အရှင်အဂ္ဂသမာဓိ၏ ဘိုးဘေးစဉ်ဆက်မှာ မင်းဧကရာဇ်တို့ကိုယ်တော်တိုင် ဘွဲ့ရည်မည်အမျိုးမျိုးတို့ဖြင့် ချီးမြှောက်သူကောင်းပြုခြင်းခံရသူတို့ ခံရသူချည်းသာ ဖြစ်ကုန်၏။

---

၁။ မောင်မြအောင်-ဟုလည်း အဆိုရှိလေသည်။
၂။ နေမိငရဲခန်းပျို့ နိဂုံး။ ၁၄၆-ပိုဒ်။

## ဖခင်ကွယ်လွန်ကျဆုံးခြင်း

ဖခင် နတ်မောက်မြို့သား ဘယကျော်သူအမတ်မှာ ရွှေနန်းကြော့ရှင် နရပတိလက်ထက် မိုးညှင်းစလုံ၏သား သိုဟန်ဘွားနှင့် သက္ကရာဇ် ၈၈၆-ခုနှစ် တောင်ပလူတွင် စီးချင်းတိုက်ရာ မိုးညှင်းစလုံ၏တူ စမော်ခန်းက ကူသောကြောင့် ရဲမြတ်လှပါသော ဆင်ထက်မှ ကျဆုံးရရှာလေသည်။

## သံဝေဂရခဲ့

ထိုစဉ်က အရှင်အဂ္ဂသမာဓိမှာ သက်တော် ၄၅-နှစ်ရှိ မဟာထေရ်မြောက် အရွယ်တော်ရောက်ခဲ့လေပြီ၊ များစွာ သံဝေဂဖြစ်တော်မူခဲ့လေသည်၊ ကိလေသာသူပုန်အမိုက်ကို မတိုက်ခိုက် မအောင်မြင်သေးသရွေ့ သေမင်းရန် အောင်မြင်နိုင်ရိုးမရှိ စသည်ဖြင့် ရှုဆင်ခြင်တော်မူခဲ့လေသည်။

## ဒီပဲရင်း အင်းဝ မြေဒူးမြို့များ၌ သီတင်းသုံး

အရှင်အဂ္ဂသမာဓိသည် ဒီပဲရင်းမြို့, အင်းဝနန်းမြို့တော်, မြေဒူးမြို့တို့၌ အခါအားလျော်စွာ သင့်သလို သီတင်းသုံးတော်မူ၍ စာပေချပို့, ပြုစုခြင်းဖြင့်သာ အချိန်ကို လွန်စေတော်မူခဲ့လေသည်၊ မြေဒူးမြို့သို့ ပြောင်းချိန်မှာ အင်းဝပြည်ကြီး စည်ထီးခရိုင်နှင့်တကွ ကျိုး-ပေါက်ပျက်စီးရာ ၈၈၈-ခုနှစ်မှစ၍ ဖြစ်လေသည်။

## အရည်အချင်း

အရှင်အဂ္ဂသမာဓိသည် ပိဋကတ်ကျမ်းစာများကို နိုင်နင်း၏၊ ကဗျာဖွဲ့ဆိုမှု၌လည်း လိုလေသည်မရှိ၊ အစစအရာရာ ပို၍ပို၍သာ နိုင်နင်းကျွမ်းကျင်တော်မူခဲ့လေသည်။ ပျို့လင်္ကာများကို ဖွဲ့ဆိုရာ၌ နဂိုလုံရှိသည့် ပင်ကိုယ်ကောင်း စာသွားစာဟန်ဖြင့် ဖွဲ့ဆိုနိုင်လေ

သည်၊ အဆင်းလှခေါ်သည့် စကားအညွန့်အတက် အခက်အလက် ဝေဝေဆာဆာ ပမာပမေဖွေ၍လည်းကောင်း, ဥပစာတို့ဖြင့် သိုက်သိုက် မြိုက်မြိုက် တန်ဆာဆင်၍လည်းကောင်း ရေးသားစပ်ဆိုနိုင်လေသည်၊ အကြမ်းလှခေါ်သည့် ကြမ်းလျက်နှင့်ချောအောင်, ဆိုးလျက်နှင့်ကောင်း အောင်, ကြောက်စရာမှန်ပါလျက် နှစ်သက်စရာဖြစ်အောင်လည်း ဖွဲ့ဆို နိုင်လေသည်၊ ထို့ကြောင့်ပင် မဟာကဝိအဖြစ် လွန်စွာထင်ရှားခဲ့လေ သည်။

အဂ္ဂသမာဓိထေရောတိ၊ ကဝီနံ ပဝရော သုဓီ။
ဝါဒီနံ ဥက္ကဋ္ဌော သေဋ္ဌော၊ အဟော တဿ သုဗျတ္တတာ။

## ကျမ်းဂန်များစွာပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့ မှာ–

၁။ သုဝဏ္ဏသျှံသူဋ္ဌေးခန်းပျို့
၂။ သုဝဏ္ဏသျှံမြားပစ်ခန်းပျို့
၃။ သုဝဏ္ဏသျှံသစ္စာခန်းပျို့
၄။ နေမိမဃ္ဃဗိုဝ်းခန်းပျို့
၅။ နေမိဘုံခန်းပျို့
၆။ နေမိငရဲခန်းပျို့ စသည်တို့ ဖြစ်ကုန်၏။

## သုဝဏ္ဏသျှံပျို့သုံးစောင်

သုဝဏ္ဏသျှံသူဋ္ဌေးခန်းပျို့, သုဝဏ္ဏသျှံမြားပစ်ခန်းပျို့, သုဝဏ္ဏသျှံ သစ္စာခန်းပျို့-ဟူသော သုဝဏ္ဏသျှံပျို့သုံးစောင်တို့ကို ရေးသားရာ၌ ရည်ရွယ်ချက်, တောင်းပန်သူ, ရေးသားရာကာလ, ဒေသ, ရေးသား ရကြောင်းနှင့်စပ်၍–

"နဂိုရ်ပြည်မ ရွှေအင်းဝတွင် ရှေးကစာဟောင်း မနာကောင်းလည်း ရှားစောင်းတခွက် ပျားတစက်သို့ လိုက်ဖက်မသင့် ကျင့်တင့်စကား နားလည်းမဝင် ရှိသည်မြင်သော် ကျော်ထင်ဝန်းလည် ယွန်းမင်းပြည်က မည်ရည်လကောက် ပူဇော်ရောက်သား ရွှယ်ရောက်ညီစွာ မြတ်ဆရာလျှင် စိတ်ဖြာကြံစည် ပညာရည်ကြောင့် သာကြည်လှလှ တောင်းပန်ပြုသော် ရွှယ်နုထွားထွား တပည့်သားလည်း များများဖွဲ့စာ မကျွမ်းပါလျက် သာယာပုံ့ပျူး လင်္ကာကျူးသည် မြေထူးမြို့တွင် ပြီး၏တည်း။"ဟူ၍လည်းကောင်း၊ "ပြီးတုံသနစ် သက္ကရာဇ်လည်း ရှစ်ရာ့ရှစ်ဆယ် ကိုးခုဆွယ်လျက်"ဟူ၍လည်းကောင်း ယင်းပျို့သုံးစောင်နိဂုံတွင် ဖော်ပြတော်မူခဲ့လေသည်။

## နေမိပျို့သုံးစောင်

နေမိမဃဒေဝိဝ်းခန်းပျို့၊ နေမိဘုံခန်းပျို့၊ နေမိငရဲခန်းပျို့ဟူသော နေမိပျို့သုံးစောင်အနက် နေမိမဃဒေဝိဝ်းပျို့ကို ၈၉၇-ခုနှစ်တွင် ဆိုသည်၊ နေမိငရဲခန်းပျို့ကို ၉၀၀-ပြည့်နှစ်တွင် ဆိုသည်။–[၁] နေမိဘုံခန်းပျို့ကို ၉၀၄-ခုနှစ်တွင် ဖွဲ့ဆိုရေးသားတော်မူခဲ့လေသည်။

## နေမိငရဲခန်းပျို့

ဤစာပြုသူသည် နေမိငရဲခန်းပျို့ကို ငယ်ငယ်ကပင် လေ့လာဘူး၏၊ ဖတ်ရှုဘူး၏၊ ငယ်စဉ်က ဖတ်ရှုလေ့လာခဲ့ရသော်လည်း အရှင်အဂ္ဂသမာဓိအကြောင်းကို သတိမမူမိခဲ့ပါချေ၊ ဖော်ပြပါ နေမိငရဲခန်းပျို့လာ အောက်ပါစာပိုဒ်တို့မှာ ထူးထူးခြားခြား ပြောင်မြောက်သော စာပိုဒ်များအဖြစ် မှတ်သားခဲ့ဘူးသည်၊ စာပေရေးသားပြုစုရာ၌လည်းကောင်း၊ ကဗျာလင်္ကာဖွဲ့ဆိုရာ၌လည်းကောင်း၊ စာရိတ္တပြုပြင်ရာ၌

---

၁။ နေမိငရဲခန်းပျို့။ ၁၄၆-ဂိုဒ်ကြည့်။

လည်းကောင်း လွန်စွာအထောက်အကူ ပြုပါသဖြင့် သုတေသီတို့ လွယ်ကူစွာ လေ့လာနိုင်ရန် ဤ၌ ဖော်ပြအပ်ပါသည်။

"ဘဒ္ဒမြတ်စွာ ဤကမ္ဘာထက် နောက်လာပွင့်ထောက် မြတ်တလျှောက်လျှင် ရောက်လတ်တုံပြီ ဘော်ငယ်ရှိနှင့် ဇဟိ ပုတ္တာ လက်ဝဲပြလျက် ဗုဒ္ဓရတနာ ဖူးသောခါဟု"။ ။ ၁-ပိုဒ်။

"လေးခုသစ္စာ ဂုဏ်ဆီလွှာကို ရသာဆိမ့်ချို အိန့်အိန့် မျိုမှ"။ ။ ၁-ပိုဒ်။

"သီလမွေ့ညက် အောက်မြေထက်ဝယ် ခက်ရွက်ပင်ပျို ဆယ်ကုသိုလ်မှ မင်္ဂဖိုသီးမှည့် ဆွတ်ကုန်လှည့်"။ ။ ၃-ပိုဒ်။

"ထိလေကာမျှ အူချာသည်းပွတ် ကြေစေတတ်သား ဝေတ္တရဏီ ခေါ်တွင်ညီနှင့် ရီလည်းရီပူ ဆူလည်းဆူလျက် ပွက်ပွက်ကျိုက်ကျိုက် လှိုက်၍လည်းစီး မြစ်ကြီးအကောင်း ငရဲချောင်းကို အကြောင်းသိလှ ရှေးဦးကလျှင် ကြောက်စအာရုံ ပြလတ်တုံတည်း"။ ။၆-ပိုဒ်။

"ပညာ့အရာ ကြီးကျယ်စွာသား သာရိပုတြာတသွန် မောဂ္ဂလာန်တွင် အာနန်လုပ်ကျွေး တောင်းပန်ပေးသော်"။ ။ ၇-ပိုဒ်။

"တရားရည်ချို မြိုက်မြိုက်မျို၍ ဂုဏ်ကိုးလှမော ရောင် ဖတ်ချောသည့် ဖြင်ပေါ်ညီညွတ် ပရိသတ်တို့ လူနတ်ဆရာ မည်သာထင်ရှား ငါဘုရားကား"။ ။ ၈-ပိုဒ်။

"ကြိုးလွန်ဖွဲ့ကြိမ်း ငရဲထိမ်းတို့ ခြိမ်းခြိမ်းမဲမဲ အံသွား ခဲလျက် ရဲရဲပြောင်ပြောင် လောင်သားသံချွန်"။ ။ ၁၁-ပိုဒ်။

"ဤသို့ပြင်းထန် အဘန်ဘန်လျှင် လွန်လေသောတိ သည်းမချိမူ အမိအဘ ခေါ်ကြဝိုသူ ကြ‌ေ‌ကူလျက် ရေပူ နက်တောင်း ကြိမ်ပိုက်ချောင်းသို့"။ ။ ၁၅-ပိုဒ်။

"ဗလဝါမုခ ပင်လယ်မဟု သံသရာ့မည် ခေါ်စဉ်ရှည် နှင့် စက်လည်ဝဲရိုက် သြဃလှိုက်လျက်"။ ။ ၂၀-ပိုဒ်။

"သိကြားလွှတ်ဘိ လက်နက်ထိက ဂိရိမြင့်ခေါင် တောင်မခံနိုင် ကွဲဖြယိုင်သို့ ကြံခိုင်လက်ရုံး". . . ၂၅-ပိုဒ်။

"ပစ္စုပ္ပန်တွင် ကောင်းမွန်လတ်သော် မူးမော်ရာဘိ ခလုတ်ထိမှ အမိခေါ်နည်း ငရဲဆည်း၍ သည်းလှမှသာ ငိုကြွေးရာလျက် မေတ္တာစိတ်မြတ်". . . ၂၅-ပိုဒ်။

"ဂါထာသက်သက် အနက်ချောချော သဘောလေးလေး အမေးအဖြေ နှစ်ထွေစုံအင် ထုံးပုံပြင်နှင့်". . . ၃၀-ပိုဒ်။

"ခြသေ့်ဆီနှင့် ရည်နီတွတ်တွတ် ရွှေခွက်မြတ်သို့ လူနတ်တို့နား ငါ့နှယ်ကြားလည်း ရှည်လျားတာဝေး ဇာတိဘေးမှ". . . ၃၁-ပိုဒ်။

"လင်္ကာမကျယ် အာရုံလှယ်လျက် တနွယ်ငယ်က တစင်မှလျှင် ကြွကြွကုန်အောင် ပါသောယောင်သို့ ပူလောင်ခံညီ ဤမီးထွေပြား ငရဲများ၌". . . ၃၇-ပိုဒ်။

"ဇမ္ဗူကျွန်းညီ မြရိပ်ခိုသား နဂိုရ်တိုင်းကား ပြည်ရပ်ဖျားတို့". . . ၄၂-ပိုဒ်။

"စိတ်မကြည်တည့် ရန်စည်ရန်များ ရန်မီးပွားဖြင့် စွယ်ဖျားသွေးသွေး အရေးလိုလို အမှုထိုသို့ သူ့ကိုမုန်းထား တဘက်သားလျှင် စကားနှုတ်လေ မတော်ထွေနှင့် သက်သေမခံ စကောင်းတည်း". . . ၄၃-ပိုဒ်။

"ကောက်ကောက်ကျစ်ကျစ် နှုတ်လိမ်လစ်နှင့် ညစ်ညစ်ညမ်းညမ်း ကြေးငွေလှမ်း၍ ရမ်းရမ်းနှစ်ခြိုက် မျက်မြင်လိုက်သား မိုက်တို့လှည့်စွာ". . . ၄၄-ပိုဒ်။

"ပြောထူးမြင့်ကျယ် မြင့်မိုရ်လယ်တွင် ခိုင်းပယ်ရုံဘိ မာတလိကား နေမိမင်းဖျား မင်းတရားကို". . . ၄၅-ပိုဒ်။

"ဤလိုတို့ကား ကောင်းကျိုးအလျောက် ကောင်းရာရောက်၍ ကောင်းသောက်ကောင်းစား ကောင်းခမ်းနားနှင့် ကောင်းအားပင်စည် ကောင်းတာရှည်လျက် ကောင်းမည့်နောင်

လာ ကောင်းခြင်းရာကို နားမှာမထောင် ညဥ့်သန်းခေါင်သို့ မိုက်မှောင်ဖုံးလွှမ်း ကိုယ်လုံးသန်း၍"...၄၇-ပိုဒ်။

"သင်းပိုင်သက်နိုး ဝတ်ကာဆန်းသား ရဟန်းပြုသစ် ယနေ့ဖြစ်လည်း ပုဆစ်တုတ်ကွ စိတ်ဆွဆွလျှင် စကြဝတေး လေးကျွန်းသေဌ်နင်း မင်းတို့သော်လည်း တုပ်ဝပ်သည်မျှ မနည်းနှစ်ခြိုက် ရှိခိုးထိုက်၏"...၄၈-ပိုဒ်။

"ရဟန်းတို့အား ထိပါးမိဘူး ဖက်နှင့်ဆူးသို့ ညစ်ညူး ပြောထူ မိုက်သောလူတို့"...၅၀-ပိုဒ်။

"ဒါနရေစက် မြေထက်စိတ်ကို ရွှမ်းရွှမ်းစိုမျှ ကုသိုလ် များစွာ ဆည်းပူးရှာသား လိမ်မာကျစ်ကျစ် ဖြစ်တုံရကား... ၅၈-ပိုဒ်။

"နတ်ရွာနတ်မွန် နတ်ဗိမာန်တွင် အလွန်မွေ့လျော် ချမ်း ငြိမ်းပျော်လိမ့်"...၅၈-ပိုဒ်။

"သပြေပေါ်ထွန်း ကျွန်း၏အချာ မဟာဒီပါ ဒက္ခိဏာ ထက် တေဇချောက်ချောက်"...၆၁-ပိုဒ်။

"ညောင်စေ့အမျိုး ဒါနပျိုးပြီး ထက်မိုးနတ်ထံ လူးလာ ခံလျက် လိမ်းကျံမွှေးရှက် ရမ္မက်ကိလေ ရှင်းရှင်းမြေ၍ ငြိမ်း နေကျက်ကျ ဥတ္တမကို"...၇၃-ပိုဒ်။

"အရှေ့တူရူ နေခြည်ပြုထ မည်သူမပြိုင် ပုတီးကိုင်လျက် ချိုင့်အိုင်သီတာ ငြိမ်းကြည်စွာသား ရတနာသုံးပါး တရားကျမ်း ရိုး ဝမ်းဖြိုးဖြိုးလျှင်"...၉၄-ပိုဒ်။

"သံသာမြင့်ရှည် ဘုံသုံးမည်တွင် ကျင်လည်ဖန်များ သူငါ အားလည်း တရားမဂ်ဖိုလ် မရလိုခဲ့"...၉၈-ပိုဒ်။

စသည်ဖြင့် လာရှိသည့်စာပိုဒ်တို့ကား စာပေရေးသား ကဗျာလင်္ကာ ဖွဲ့ဆိုရာ၌လည်းကောင်း၊ စာရိတ္တပြုပြင်ရာ၌လည်းကောင်း လွန်စွာ ကျေးဇူးများမည့် နေမိငရဲခန်းပျို့လာ စာပိုဒ်တို့ပါတည်း။

## မဟာကဝိ

ဖော်ပြခဲ့ပြီး စကားရပ်အသီးသီးကို ထောက်၍ အရှင်အဂ္ဂ-သမာဓိသည်လည်း အင်းဝခေတ်တွင် လျှမ်းလျှမ်းတောက် ကာဗျဝိဒူ မဟာကဝိဖြစ်ကြောင်း သိသာလေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်အဂ္ဂသမာဓိသည် "လူတကာတို့ ဇရာမရဏာ အနိစ္စသည် မြဲမတည်တည့် လူ့ပြည်နတ်ရွာ ဗြဟ္မာမလွတ် ဖြစ်ပျက်တတ်၏ လူနတ်ဗြဟ္မာ သတ္တဝါတို့ ခန္ဓာဟူသည် အတည်မရ မရဏာတည့်"-[၁] ဟူ၍ ကိုယ်တိုင်ဖွဲ့ဆိုခဲ့သည့်အတိုင်း သက်တော် ၇၃-နှစ်ရှိရာ သက္ကရာဇ် ၉၁၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

အဂ္ဂသမာဓိနာမေန၊ ပါကဋော မြန်မာ့ဘူတလေ။
သာသနေ ကိစ္စံ သော ကတွာ၊ ပယာတော မစ္စုနော ဝသံ။

---

၁။ နေမိဇရဲခန်းပျို့ နိဂုံး။ ၁၄၉-ပိုဒ်။

## ဆီးတောဆရာတော်

ဆီးတောဆရာတော်သည် သက္ကရာဇ် ၈၄၀-ကျော် ဒုတိယ မင်းခေါင်လက်ထက်တွင် ထင်ရှားသည့် ဆရာတော်ဖြစ်သည်၊ စလင်းမြို့ အသည်ကြီးသား-[၁] ဖြစ်လေသည်၊ မင်း၏ညီ သတိုးကျော်စွာ စလင်းမြို့ကို စားရ၍ စလင်းမြို့မှာနေစဉ် သတိုးကျော်စွာ မြို့မိဖုရားသည် ဖော်ပြပါ အသည်ကြီးသား ၅-နှစ်အရွယ်ကိုယူ၍ မွေးစားတော်မူခဲ့လေသည်။

မိဖုရားသည် သတိုးကျော်စွာ လွန်သည့်နောက် သားသမီးအားလုံးတို့ကို ခေါ်၍ အင်းဝနေပြည်တော်သို့ လာရာတွင် အသည်ကြီးသားလည်း ပါလာခဲ့လေသည်။

## ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခဲ့လေသည်၊ စာပေကျမ်းဂန်လည်း လွန်စွာတတ်မြောက်ကျွမ်းကျင်တော်မူလေသည်။

## ဆီးတောဆရာတော်တွင်

ဒုတိယမင်းခေါင်က ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူလေးမြတ် ဆည်းကပ်ကိုးကွယ်တော်မူလေသည်၊ သားတော် နန်းကြော့ရှင် နရပတိမင်းမြတ်ကလည်း မင်းဝံတောင်ထပ်မြေနေရာတွင် ရွှေကျောင်းဆောက်လုပ်၍ ကိုးကွယ်တော်မူခဲ့လေသည်၊ ကျောင်းတော်ပတ်လည် ဆီးပင်များ ပေါများစွာ ပေါက်ရောက်တည်ရှိသဖြင့် ဆီးတောရွှေကျောင်းနေ ဆရာတော်သည်လည်း ဆီးတောဆရာတော် တွင်လေသည်။

---

၁။ အသည်ကြီးသား= ကုန်သည်ကြီးသား။

အာသုံ ပဒရသာမိနော၊ အာရာမဿ သမန္တတော။
တေနေဝ ပဒရာရာမောတိ၊ အဝှယော သမဇာယထ။
တမှိ ဝသန္တော ထေရောပိ၊ တေန နာမေန ပါကဋော။

သို့ပါန်ဘွားလက်ထက်တွင် ဆီးတောဆရာတော်ကို အုန်းဘောင်စော်ဘွားက ပင့်လေသောကြောင့် အုန်းဘောင်မင်းဆရာ ဖြစ်လေသည်၊ အုန်းဘောင်ခုံမှိုင်းသား မိုင်းပြဲစား အဝမှာဆင်း၍ မင်းပြုရာအခါတွင်လည်း အုန်းဘောင်ကပင့်ပြီး အင်းဝမှာပင် မင်းဆရာအဖြစ်ကိုးကွယ်လေ၏၊ တဖန် သက္ကရာဇ် ၉၁၆-တွင် အင်းဝ၌ နန်းတက်သော သတိုးမင်းစောသည်လည်း ဆရာအဖြစ် ဆက်လက်ကိုးကွယ်ခဲ့လေသည်။

ဤသို့ဖြင့် ဆီးတောဆရာတော်သည် မင်းအဆက်ဆက်တို့၏ ကိုးကွယ်ခြင်းခံရသော မင်းဆရာဖြစ်လေသည်၊ သတိုးမင်းစောလက်-ထက် သက္ကရာဇ် ၉၃၁-ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။ တောင်ဖီလာဆရာတော်သည် ဆီးတောဆရာတော်ဝင်စားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဆိုကြကုန်၏။-[၁]

---

၁။ တောင်ဖီလာဆရာတော် အဖြစ်တော်စဉ် စစ်ကိုင်းသာသနာဝင်ကျမ်းကြည့်။

## ဆရာတော်အရှင်ဝရာဘိသံဃနာထမဟာထေရ်

အရှင်ဝရာဘိသံဃနာထ ဆရာတော်သည် အင်းဝခေတ် အနောက်ဖက်လွန်မင်းတရားနှင့် သာလွန်မင်းတရားတို့၏ လက်ထက်တွင် ထင်ရှားသည့်ဆရာတော် ဖြစ်လေသည်၊ မဏိကုဏ္ဍလဝတ္ထုတော်ကြီးကို ရေးသားစီရင်တော်မူခဲ့သဖြင့် မဏိကုဏ္ဍလဆရာတော်ဟူ၍လည်း လွန်စွာကျော်ကြားလေသည်။

## မွေးဖွားချိန် ရှင် ရဟန်းပြုချိန်

အရှင်ဝရာဘိသံဃနာထဆရာတော်၏ မွေးဖွားချိန်မှာ သက္ကရာဇ် ၈၅၀-ခန့်ဖြစ်ကြောင်း မှန်းဆနိုင်ပေသည်၊ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သက်တော် ၂၀-ခန့် သက္ကရာဇ် ၈၇၀-ခန့်တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ပညာသင်ကြားခြင်း

သက်တော်အရွယ် ငယ်စဉ်ကမှစ၍ ရတနာပူရအင်းဝမြို့ တောင်ဖက် သီဟသူဓမ္မရာဇ် ဆောက်လုပ်အပ်သော ရွှေကျောင်း လေးဆယ်တို့ဖြင့် တန်ဆာဆင်အပ်သော လေးထပ်ကျောင်းတိုက် ဆရာတော် ပိဋကတ်သုံးပုံ ကျမ်းဂန်တတ် "မဟာသံဃနာထ, မဟာရာမ"ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ဆရာတော်ထံတွင် ရောက်ရှိပညာသင်ကြားခဲ့လေသည်။

## အရည်အချင်း

ဆရာတော်သည် ပိဋကတ်ကျမ်းဂန် တတ်သိ၏၊ လောကရေးရာလည်း နားလည်ကျွမ်းကျင်၏၊ ထိုခေတ်က ခေတ်မှီသောကျမ်းပြုပုဂ္ဂိုလ်တပါး ဖြစ်၏၊ ကဗျာ လင်္ကာလည်း ဝါသနာပါ၏၊ ဆန်းသစ်သော စကားလုံးများ သုံးနှုန်း၍ စာပေရေးသားရန်ကိုလည်း ကြိုးပမ်းသူတဦး ဖြစ်လေသည်။

## မဃာဒေဝလင်္ကာ မဏိကုဏ္ဍလဝတ္ထုကြီးပြုစုခြင်း

မဟာသုတသောမဇာတ်တော်ကိုပင် မူတည်ထား၍ ဇာတ် ၅၅၀-မှ စပ်ဆိုင်ရာတို့ကို ထည့်သွင်း၍ ဇာတ်ဝတ္ထုပဒေသာပင်ကြီး နှင့်တူသော မဏိကုဏ္ဍလဝတ္ထုတော်ကြီးကို ရေးသားတော်မူခဲ့လေသည်၊ ယင်းဝတ္ထုကြီး ရေးသားပြီးစီးချိန်မှာ ကောဇာသက္ကရာဇ် ၉၉၁-ခုနှစ်, သာသနာသက္ကရာဇ် ၂၁၇၃-ခုနှစ်က ဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက် စာမျက်နှာ ၆၄၀-ကျော် (၆၅၀-ခန့်)ရှိ ဗုဒ္ဓဘာသာတို့ လက်ကိုင် မြိုင်ဆိုင်လှသော ကျမ်းဂန်ကြီး ဖြစ်လေသည်။

အခန်း ၉-ခန်း (အတွဲ ၉-တွဲ)ရှိလေသည်၊ မဏိကုဏ္ဍလကိုးခန်း လုံး၏ အစ၌ "သိဒ္ဓါ ဘဝန္တု လောကာဘိဝုမိုယော= လောကသား တို့ တိုးတက်ကြီးပွားမှုတို့ ပြီးပြည့်စုံကြစေကုန်သတည်း"ဟု အာသီသ ပြုခဲ့သည်။ ၎င်းကို ထောက်၍ အောက်ခြေဖြစ်သော ပြည်သူပြည်သား တို့၏ တိုးတက်ကြီးပွားမှုကိုလည်း လိုလားကြောင်း သိသာလေသည်။ ယင်းသို့ အာသီသပြုပြီးမှ—

ဇယာမလံ ဇယုဿဝံ၊ ဇယဒါနံ ဇယာရိနံ။
ဇယာသနေ ဇယံပတ္တံ၊ ဇယုတ္တရံ ဇိနံ နမေ။

အဟံ= ငါသည်။ ဇယာမလံ= အောင်အပ်သောအညစ်အကြေး ဘေးခပ်သိမ်းကို အောင်တော်မူပြီးထသော။ ဇယုဿဝံ= ဒေဝပုတ္တ မာရ်ကို အောင်ခြင်းတည်းဟူသော ထင်ပေါ်ကျော်စောသော အောင် ပွဲသဘင် ရှိတော်မူထသော။ ဇယာရိနံ= အောင်အပ်သော မကောင်းမှု တည်းဟူသော ရန်သူရှိကုန်သော ဝေနေယျတို့အား။ ဇယဒါနံ= မဂ် ဖိုလ်တည်းဟူသော အောင်ဆုကို ပေးတော်မူတတ်ထသော။ ဇယာ- သနေ= အောင်မြေပလ္လင် ဗောဓိပင်၌။ ဇယံ= ကိလေသမာရ်, ခန္ဓ မာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်တည်းဟူသော လေးပါးသောမာရ်ကို အောင်ခြင်းသို့။ ပတ္တံ= ရောက်တော်မူပြီးထသော။ ဇယုတ္တရံ= အောင်

သူများထွတ် မြတ်သောမင်းဖြစ်တော်မူသော။ ဇိနံ= မြတ်စွာဘုရားကို။ နမေ-နမာမိ= ရှိခိုးပါ၏- ဟူသောဂါထာဖြင့် ဗုဒ္ဓပဏာမပြုတော်မူခဲ့လေသည်။

ဤဗုဒ္ဓပဏာမဂါထာကို ထောက်၍ သစ်လွင်လှပစွာ ဂါထာဗန္ဓဖွဲ့ဆိုသည့် အာသီသရှိကြောင်း သိနိုင်လေသည်။ ၎င်းပြင်-

ဣစ္စေဝံ ဝန္ဒနေယျဂ္ဂံ၊ ဝန္ဒိတွာ ရတနတ္တယံ။
ဘေဒျဘေဒကသမ္ဗန္ဓံ၊ သာဓျသာဓကလက်္ခဏံ။

ဥပမာနောပမေယျာဒိ-သမ္ဗန္ဓံ ကဏ္ဍဘူသနံ။
ရစိဿာဟံ ယထာသတ္တိံ၊ ပဝရံ သိဒ္ဓိကာရဏံ။

ဟူသော ၂-ဂါထာဖြင့် ကျမ်းစာ၏ဂုဏ်, ကျမ်း၏အမည်, ပဋိညာဉ်တို့ကို ပြတော်မူခဲ့လေသည်။ ထိုပြင်တပါး-

"ဤသို့လျှင်တည့် လိုအင်ပြည့်တတ် အမြတ်ပတ္ထနာ ရထိုက်ရာသား ရတနာထူး ထွတ်သုံးဦးကို ညွတ်နူးစေတနာ သဒ္ဒါစိတ်ရှင် ဦးဖြင့်ဆင်၍ မွမ်းဖြင့်ဗိုလ်ပါ လူတကာအား နောက်လာစီးပွား များစိမ့်သောငှာ နားတန်ဆာကို ယထာသတ္တိ ရှိသည်အလျောက် ဝှန်ချောက်ကျိုက်ပွက် ဘဝဂ်ဆူဝေ စီရင်ထွေဖြင့် ရေမြေသေဌ်နင်း မင်းကစသည် ပတ်လည်ကြေညာ ရှစ်မျက်နှာ၌ မင်္ဂလာမော်ကွန်း ထွန်းပေလမည် ပညာသည်တို့ အရှည်မြင့်ကြာ မှတ်ကုန်ရာ၏"

ဟူသော ကေပိုဒ်လင်္ကာဖြင့် ကျမ်း၏ဂုဏ်, ပဋိညာဉ်တို့ကို ထပ်မံဖော်ပြတော်မူခဲ့လေသည်။ ကျမ်းစာအဆုံး၌-

ကေနဝုတိ ဥက္ကံသေ၊ သက္ကရာဇေ နဝဿတေ။
တေသတ္တတိ သတုက္ကန္တေ၊ စက္ကေ စ ဒွိသဟဿကေ။

ဥဋ္ဌာနမုတ္တရံ ဒွန္ဒ-မောဠိဘူတဝရက်္ခသု။
စစ်ကိုင်းပန်းယာဝ ပုရေသု၊ သာသနုဇ္ဇောတဘူမိသု။

ရတနာပူရသေဋ္ဌသ္မိ၊ ဒက္ခိဏုတ္တမဘူတလေ။
ဂရုဏော သုရစန္ဒာဝ၊ ပဘာသန္တိ ဒိသောဒိသံ။

သောဝဏ္ဏထူပမာရာမာ၊ သိပ္ပိကေဟိ သုသင်္ခတာ။
ကာရိတာ ဓမ္မရာဇေန၊ မကုဋ္ဌာရဋ္ဌဝါသိနံ။

ဝသတိ ဟေမတာလီသ-ဝိဟာရပရိဝါရိတေ။
တတ္ထာရာမမှိ သဥ္စရ-ဟေမာစလသိရိန္ဓရေ။

သုတာဒိဂုဏာလင်္ကာရ-ရာဇရာဇာနုသာသကော။
သီလာဒိဂုဏာဂန္ဓေန၊ ဗျာပိတာနန္တကိတ္တိမော။

တိပေဋ္ဋကော မဟာသံဃ-နာထရာမဒ္ဓိလဥ္ဆနော။
ယော မဟာဓမ္မရာဇသ္သ၊ အတိသက္ကရိတော ဂရု။

တသ္သ ပါဒမ္ဗုဇေ ရေဏု၊ သံကိဏ္ဏဝိဂ္ဂဟာ မယာ။
ဝရာဘိသံဃနာထေန၊ သုတဝိတ္ထိဏ္ဏကာမိနာ။

ယံ ဂန္ထံ သုတကာမေဟိ၊ ပတ္ထိတံ သုတဝဍ္ဎနံ။
နိပုဏာတ္ထမသံကိဏ္ဏံ၊ နနာနယဝိဘူသိတံ။

ဝိစိတ္တရံ သယံ ဒီပ-ရစိတံ သုတပဒေသံ။
ဇေနုဋ္ဌောတနကာမသ္သ၊ ဓမ္မရာဇသ္သ တာဒိနော။

ပုညာနုဘာဝနိဗ္ဗတ္တာ-မနဂ္ဃမဏိနာစိတံ။
ပရိပုဏ္ဏမိဒံ ဂန္ထံ၊ မဏိကုဏ္ဍလနာမကံ။

ဟူသော ၁၁-ဂါထာဖြင့် ကျမ်းပြီးရာကာလ, ဆရာသမား, မိမိ၏အမည်, ကျမ်းပြုရခြင်းအကြောင်း, ကျမ်း၏ဂုဏ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်၊ ယင်းနိဂုံးဂါထာများအနက် နောက်ဆုံးဂါထာလာ "မဏိကုဏ္ဍလနာမကံ"ကို "ပတ္တမြားနားဒောင်း ရောင်မောင်းရတနာနားတန်ဆာနှင့်တူသောကြောင့် မဏိကုဏ္ဍလအမည်ရသော"ဟူ၍ မိမိ၏ ကျမ်း၏အမိပ္ပါယ်ကို ဖွင့်ပြတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့ အသိဉာဏ်ပေးတော်မူခြင်းဖြင့်လည်းကောင်း, ကျမ်းစာပြုစုခြင်း, မင်းနှင့်ပြည်သူတို့အား ဩဝါဒဓမ္မရေစင် ပက်ဖြန်းခြင်းဖြင့်လည်းကောင်း, သာသနာ့ လောက နှစ်ဝ၏ အစီးအပွားကို ပြုတော်မူပြီး ပျံလွန်တော်မူခဲ့လေသည်။

ဝရာဘိသံဃနာထောတိ၊ လဒ္ဓနာမော သုပဏ္ဍိတော။
ဓုရေ သော အနုယုဥ္ဇိတွာ၊ ပယာတော မစ္စုနော မုခံ။

## ပဝရမဟာဓမ္မရာဇဂုရု
## ဘားမဲ့ဆရာတော်

ဘားမဲ့ဆရာတော်သည် ရာမညတိုင်း၌ သက္ကရာဇ် ၈၈၄-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## လောကီကျမ်းတတ်

လောကီကျမ်းတတ် ပုဂ္ဂိုလ်တစ်ပါးဖြစ်၏၊ ငါးဆူဒါယကာမင်း လက်ထက်တွင် ကြေးပရပိုက်တဆူ ရရှိလေ့လာရာမှ အင်းအိုင်ယတြာ လောကီအတတ်ကို တတ်မြောက်လေသည်၊ ဗားမြို့ဆရာတော်, ဗားတမွတ်ဆရာတော်, ဗားတမော့ဆရာတော်တို့နှင့် တခေတ်တည်းဖြစ်လေသည်။

## ညောင်ရမ်းမင်းကကိုးကွယ်

သက္ကရာဇ် ၉၅၅-ခုနှစ်တွင် ဟံသာဝတီမင်းက ဆရာတော်ပေါ် အလိုမကျ၍ ညောင်ရမ်းသို့ပို့ရာ ညောင်ရမ်းမင်းက ကောင်းစွာ ပင့်ဆောင် ကိုးကွယ်ခဲ့လေသည်၊ ဆရာတော်သည် မင်းတရားအား လောကီရေးရာများ၌ အကြံဉာဏ်ပေး ညွှန်ကြားတော်မူသည်၊ အင်းဝမြို့ လယ်ကြီးအရပ်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

## အနောက်ဖက်လွန်မင်း ဆက်လက်ကိုးကွယ်

သက္ကရာဇ် ၉၆၇-ခုနှစ်တွင် အင်းဝနန်းတက်သော အနောက်ဖက်လွန်မင်းတရားသည် ဆက်လက်ကိုးကွယ်ခဲ့လေသည်၊ ဘားမဲ့ဆရာတော်ကို ရည်၍ မင်းတရားက ကျောင်းဆောက်ကြောင်း တွေ့ရှိရလေသည်။–[၁]

---

၁။ မှန်နန်းရာဇဝင်၊ ၃။ ၁၄၆။ ကြည့်။

## ပဝရမဟာဓမ္မရာဇဂုရုရရှိခြင်း
## ပျံလွန်ခြင်း

ဆရာတော်သည် "ပဝရမဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။-[၁] သက်တော် ၈၈-နှစ်ရှိရာ ၉၇၂-ခုနှစ်တွင် ပျံလွန်တော်မူလေသည်။

ဘားမဲ့က္ကတျာဘိဓေယျေန၊ ပါကဋ္ဌော အင်းဝဘူတလေ။
လောကိယေ ပါယသော ကတ္တာ၊ ပယာတော မစ္စုနော ဝသံ။

---

၁။ မုံရွေးမှတ်စု။ ၆။

## နဝရတ်ပျို့စာဆိုတော် အရှင်ကုန္တဂုတ္တ

အရှင်ကုန္တဂုတ္တသည် မာဂဓ, သက္ကတ, မြန်မာမှုတို့၌ တတ်မြောက်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ သက္ကရာဇ် ၈၇၀-ခုနှစ်နှင့် ၉၂၀-အတွင်းလောက်တွင် ပေါ်ထွန်းသည့် ရတုစာဆိုကဝိပုဂ္ဂိုလ် ဖြစ်လေသည်၊ တိလောကခင်ကြီး-ဟုလည်း ခေါ်ဝေါ်ကြကြောင်း အမှတ်အသား တွေ့ရလေသည်။

## အရှင်မဟာသီလဝံသ၏တပည့်

ပါရမီခန်းပျို့, ဆုတောင်းခန်းပျို့, နေတ္တိပါဠိတော်နိသျစသည့် ကျမ်းဂန်ပေါင်း ၂၀-ကျော်တို့ကို ပြုစုတော်မူခဲ့သော အရှင်မဟာသီလဝံသပုဂ္ဂိုလ်ကျော်၏ တပည့်ဖြစ်သည်ဟု သိရ၏၊ စစ်ကိုင်းမြို့ ရတနာဗိမာန်ကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

## ပါဠိ သက္ကတ မြန်မာမှုတတ်ကျွမ်း

အရှင်ကုန္တဂုတ္တသည် အရှင်မဟာသီလဝံသ၏ တပည့်ပီသစွာ ပါဠိ, သက္ကတ, မြန်မာမှုတို့၌ တတ်မြောက်ကျွမ်းကျင်လေသည်၊ ယင်းသို့ ပါဠိ, သက္ကတ, မြန်မာမှုတို့၌ ပါရင်ကမ်းရောက် တတ်မြောက်ကြောင်း သူ၏နဝရတ်ပျို့က ပြောနေလေသည်။

## နဝရတ်ပျို့

နဝရတ်ပျို့ကျမ်းကို ရေးသားစီရင်တော်မူခဲ့လေသည်၊ ယင်းနဝရတ်ပျို့ကို စစ်ကိုင်းမြို့ ရတနာဗိမာန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သက္ကရာဇ် ၉၁၀-ပြည့်နှစ် သီတင်းကျွတ်လဆုတ် ၇-ရက် တနင်္လာနေ့ နံနက်တွင် ရေးသားဖွဲ့ဆို ပြီးဆုံးခဲ့လေသည်၊ ယင်းသို့ဖြစ်ကြောင်း-

"ရတနာဗိမာန် ကျောင်းမွန်သခ်မ်း ရိပ်သာဝှမ်း၌ မျှော်တမ်းနေထိုက် ငြိမ်းသောကြိုက်လျှင် မှတ်လိုက်သက္က ကိုးရာ့တဆယ် လဝယ်သန္တျ ဝေါဟာယူ၏ ရက်မူစန္ဒာ သက္ကာဆုတ်၍ ခြောက်စေ့နက္ခတ် အထရပ်၌"–[၁] စသည်ဖြင့် ကိုယ်တိုင်စပ်ဆို ဖော်ပြတော်မူခဲ့လေသည်။

အရှင်ဣန္ဒဂုတ္တာသည် စစ်ကိုင်း၌မင်းပြုသော ဒကာတော်မင်းတရား စာသူကျော်ထင်ကို အဆုံးအမပြဲ ဝါဒပေးတော်မူလို၍ ဤနဝရတ်ပျို့ကို ဖွဲ့ဆိုရေးသားတော်မူခြင်း ဖြစ်လေသည်။

တချိန်က အိန္ဒိယနိုင်ငံ ဥဇ္ဇေနီပြည်၌ ဘီ-စီ ၅၇-ခုနှစ်က သိရိဝိက္ကမာဒိတျ–[၂] ယင်းမင်းတရားလက်ထက်တွင် စိန် ပုလဲ သန္တာ ဂေါမုတ် နီလာ ကြောင် ဥဿဖယား မြ ပတ္တမြား-ဟူသော နဝ-ရတ် (ရတနာကိုးပါး)နှင့်တူစွာ–

၁။ ဓန္ဒန္တရိ (ဓန္ဒန္တရိဆေးကျမ်းပြု)

၂။ ချပဏက

၃။ အမရသိံဟ (အမရကောသကျမ်းပြု)

၄။ သံကုကဝိ

၅။ ဝေတာလဗဋ္ဋ

၆။ ဃဋ္ဋကပရ

၇။ ကာလီဒါသ (မေဃဒူတ, ရဃုဝံသ, ကုမာရသမ္ဘဝ ကဗျာကျမ်း စသည်ပြု)

၈။ ဝရဟာမိဟိရ

၉။ ဝရရုစိ (ဝရရုစိကဗျာကျမ်း စသည်ပြု)–[၃]

ဟူသော ပညာရှိစာဆိုကဝိတို့ ပေါ်ထွန်းခဲ့ကုန်၏၊ ထိုပညာရှိကြီး ကိုးဦးတို့သည် သိရိဝိက္ကမာဒိတျမင်းတရားကြီး၏ ကောင်းကျိုးချမ်းသာ ဖြစ်စိမ့်သောငှာ တယောက်လျှင် တဂါထာစီဖွဲ့ဆို၍ တင်သွင်းကြကုန်၏။

---

၁။ နဝရတ်ပျို့ နိဂုံး။ အပိုဒ်။ ၈။ ၂၂-နှာ။

၂။ ဗြိဝိကြမာဒိတျ။ (သက္ကတ)

၃။ သက္ကတကဗျာသမိုင်း၊ သီဟိုဠ်ဘာသာရေး။ ၅-နှာ။

အရှင်ကန္တဂုတ္တသည် ဖော်ပြပါဂါထာတို့ကို နဝရတ်ပျို့အဖြစ်ဖြင့် လင်္ကာဖွဲ့သီ၍ မိမိ၏ဒကာတော်မင်းတရား စည်သူကျော်ထင်ထံ သွင်းဆက်ခဲ့လေသည်။ ကျမ်းဦး၌–

"ရတနာမဏ္ဍိုင် ပင်ရင်းခိုင်၍ ရောင်ဆိုင်ပြိုးပြိုး လေးဖြာမြိုးလျက် ပွင့်ဖူးယူဇနာ သချာရှစ်သောင်း လေးထောင်ဆောင်းမှ အပေါင်းရန်ပျောက် နှစ်ထောင်မြောက်သား အောက်စကြဝဠာ လဟာရစ်သိုင်း ကြပ်တိုင်းဝန်းလည်း လေးမည်ကျွန်းကြီး အသီးနှစ်ထောင် ကုန်အောင်ပေါင်းက ကမ္ဘာ(မဒ?) သစ်လှလေးပင် နိမိတ်ထင်သား ယင်းတွင်အစ မဟာသမ္မတ ရှေးမှထိုမင်း မဟာပဝရ အမည်ရသားပြည်များထွတ်ချာ ထိုရာဇာလျှင် ဆရာကိုးယောက် ခိုင်းပယ်လောက်သည်။ ။လက်မြောက်လွန်ကျော်စွာသတည်း။" ဟူသော အပိုဒ်ကို ဖော်ပြစပ်ဆိုတော်မူခဲ့လေသည်။

"ရှေးနှုန်းပမာ မင်းကျင့်ရာသား ဂါထာနဝရတ် ဤသည့်ပါ၌" စသည်အပိုဒ် ၂၂-၌ ဤပျို့အမည် မူရင်း နဝရတ်ဟူသောစကားကို တွေ့ရ၏။

ဤနဝရတ်ပျို့မှာ အပိုဒ် ၅၉-ပိုဒ်ရှိလေသည်၊ ၁၉၆၂-ခုနှစ်တော်လှန်ရေးအစိုးရလက်ထက်တွင် ယဉ်ကျေးမှုဌာနက ရိုက်နှိပ်ခဲ့လေရာ ရှိုင်ဆိုက် ၂၂-မျက်နှာ ရှိလေသည်။

## ပျံလွန်တော်မူခြင်း

အရှင်ကန္တဂုတ္တသည် နဝရတ်ပျို့တည်းဟူသော စာပေဗိမာန်ကို တည်ဆောက်တော်မူခဲ့၏၊ အခြားစာပေများကိုလည်း ပြုစုကောင်းပြုစုပေမည်၊ ယင်းသို့ စာပေပြုစုပြီး သက္ကရာဇ် ၉၂၀-ခန့်လောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ကန္တဂုတ္တော မဟာထေရော၊ ကန္တတုလျပရက္ကမော။
ပရက္ကမံ ဒီပယိတွာန၊ ဂတော သော **မစ္စုနော မုခံ**။

## မဟာဓမ္မရာဇဂုရု
## အရှင်သဒ္ဓမ္မပါလမဟာထေရ်

ဆရာတော်အရှင်သဒ္ဓမ္မပါလသည် သာသနာတော်တွင် ထင်ရှားသည့်ဆရာတော် ဖြစ်တော်မူသည်၊ သက္ကရာဇ် ၉၀၀-ကျော်တွင် ထင်ရှားသော မထေရ်မြတ် ဖြစ်လေသည်။

သက္ကရာဇ် ၉၁၆-ခုနှစ်တွင် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသော မဟာဓမ္မရာဇာ (သိရိသုဓမ္မရာဇာ)မည်သော ဆင်ဖြူများရှင် သတိုးမင်းစောသည် လွန်စွာသဒ္ဓါတရား ကောင်း၏၊ မဟာစေတီကို တည်ထားကိုးကွယ်ခြင်း, အခြားဘုရားပုထိုးများကို ပြင်ဆင်မွမ်းမံခြင်း, ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း, ရဟန်းလောင်းသာမဏေ ၄၄၇-ပါးကို ရဟန်းခံရာ၌ ရဟန်းဒါယကာ ခံယူခြင်း, ထိုစဉ်က နိုင်ငံတော်အတွင်းရှိ-[၁] ကျောင်းထိုင်ဆရာတော် ၃၅၅၅-ပါးတို့ကို ဆွမ်းကပ်လှူဒါန်းခြင်း, ပရိက္ခရာရှစ်ပါးစသည် လှူဒါန်းခြင်းစသည် ထူးမြတ်သော ကုသိုလ်ကောင်းမှုများကို ပြုတော်မူခဲ့လေသည်။

## အရှင်သဒ္ဓမ္မပါလပေါ်ထွန်းခဲ့

ဖော်ပြပါ ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် အရှင်သဒ္ဓမ္မပါလသည် ရှင်ရဟန်းပြုကာ မြန်မာသာသနာပြုအံ့သောငှာ ထူးခြားစွာ ပေါ်ထွန်းခဲ့လေသည်။

## စာပေတတ်မြောက်ခြင်း

အရှင်သဒ္ဓမ္မပါလသည် ဗျာကရုဏ်းကျမ်း အရပ်ရပ်နှင့်တကွ ပိဋကတ်အလုံးကို တတ်မြောက်ကျွမ်းကျင်တော်မူခဲ့လေသည်၊ ပါဠိစာပေ အရေးအသားလည်း နိုင်နင်းသည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ပါဠိ

---

၁။ မင်းတရား အာဏာစက်နှံ့ရာ မြန်မာ, မွန်, ယွန်း, ရှမ်းပြည်တို့ကို ဆိုသည်။

စုဏ္ဏိယအရေး၌လည်းကောင်း, ပါဠိဂါထာအရေးအသား၌လည်းကောင်း ကျွမ်းကျင်သည်သာ ဖြစ်လေသည်။

## မြို့ကျောင်း တောကျောင်း နှစ်ကျောင်းပျော်

ဆရာတော်သည် ဆင်ဖြူရှင်မင်းတရား သတိုးမင်းစော၏ ဇေတဝန်ရွှေကျောင်းတော်နှင့်တကွ ကျောင်းရံ ၃၀-ရှိ ကျောင်းတိုက်ကြီးကို အလှူခံတော်မူကာ တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်။-[၁]

နောက်တွင် တောရကျောင်း၌ သီတင်းသုံးတော်မူ၍ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားသစ်တော်မူခဲ့လေသည်၊ ယင်းသို့ တောရကျောင်း၌ သီတင်းသုံးစဉ်လည်း သတိုးမင်းစောက ကျောင်းဆောက်လှူဒါန်းတော်မူသည်။

## ရာဇဂုရုဘွဲ့တံဆိပ်တော်

မင်းတရား လှူဒါန်းပူဇော်အပ်သော "မဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် အရှင်မဟာကစ္စည်းထေရ် ဟောတော်မူအပ်သော နေတ္တိပါဠိတော်၏ အဖွင့်သံဝဏ္ဏနာဖြစ်သော နေတ္တိဝိဘာဝနီကျမ်းကြီးကို ရေးသားစီရင်တော်မူခဲ့လေသည်၊ ယင်းကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၁၅၆-မျက်နှာ ရှိလေသည်၊ လွန်စွာမှ စုံလင်

---

၁။ ဦးကုလားရာဇဝင်။ ၂။ ၂၈၅။ ကြည့်။

ပြည့်ဝကောင်းမွန်သော ကျမ်းစာကြီးတစ်ဆူ ဖြစ်လေသည်၊ ကျမ်းဦး၌—

ယဇိတဗ္ဗံ ယဇိတွာန၊ နမိတဗ္ဗံ နမာမဟံ။
ယဇနာဒျာနုဘာဝေန၊ အန္တရာယေ ဇဟံ သဒါ။

ယေန ယာ ရစိတာ နေတ္တိ၊ ယေန သာ အနုမောဒိတာ။
ယေဟိ သံဝဏ္ဏနာ ကတာ၊ တေသာနုဘာဝနိဿိတော။

ကိဉ္စိ ကိဉ္စိ သရိတွာန၊ လီနာ လီနာနုသန္ဓာဒိံ။
ကရိဿံ ဇိနသုတ္တာနံ၊ ဟိတံ နေတ္တိဝိဘာဝနံ။

အပ္ပမေယျဂုဏောမဟာ-ဓမ္မရာဇဝှယော ဘဝေ။
အစ္ဆရိယော အဗ္ဘုတော ယော၊ ဗောဓိသမ္ဘာရပူရဏော။

နာနာရဋ္ဌိဿရိဿရော၊ သေဋ္ဌော သာသနပဂ္ဂဟော။
ပါသံသရာဇပါသံသော၊ နရာစိန္တေယျစိန္တကော။

စိန္တိတကာရကော ရာဇာ၊ သိရဋ္ဌိမာလပါလကော။
အဇေယျဇေယျကောမဟာ-စေတျာဒိ ကာရကော သဒါ။

အဿာ မစ္စေန ဗျတ္တေန၊ ဇိနစက္ကဟိတတ္ထိနာ။
အနန္တသုတိနာမေန၊ သက္ကစ္စံ အဘိယာစိတော။

ကာမံ သံဝဏ္ဏနာ ကတာ၊ ထေရာသဘေဟိ ဂမ္ဘီရာ။
ဂမ္ဘီရတ္တာ တု ဇာနိတုံ၊ ဇိနပုတ္တေဟိ ဒုက္ကရာ။

တသ္မာ ယာစိတာနုရူပေန၊ ကရိဿံ သာဒရံ သုဏာ။
သိဿေ သိက္ခနယာနုဂံ၊ ယောတ္တံ နေတ္တိဝိဘာဝနံ။

ဟူသော ၉-ဂါထာဖြင့် ရတနတ္တယပဏာမ, ဆင်ဖြူရှင်သတိုးမင်းစော၏ ဂုဏ်ရည်ဂုဏ်ပုဒ်များ, ယင်းသတိုးမင်းစော၏အမတ် အနန္တသုတိ တောင်းပန်သဖြင့် ကျမ်းစာရေးသားရကြောင်း, ဥယျောဇဉ်, ပဋိညာဉ် တို့ကို ပြတော်မူခဲ့လေသည်။

ယင်းနေတ္တိဝိဘာဝနီကျမ်းစာ ပြီးချိန်မှာ သက္ကရာဇ် ၉၂၆-ခု၊ ဝါခေါင်လဆန်း ၉-ရက်နေ့ နေထွက်ချိန် ဖြစ်လေသည်။ ယင်းသို့ ဖြစ်ကြောင်း နိဂုံး၌ ဖော်ပြခဲ့လေသည်။-[၁] ကျမ်းစာအဆုံး နိဂုံး၌ လည်း-

သဗ္ဗသတ္တုတ္တမော နာထော၊ လောကေ ဥပ္ပဇ္ဇိ နာယကော။
သမ္ဗုဒ္ဓေါ ဂေါတမော ဇိနော၊ အနေကဂုဏာလင်္ကတော။

စသော ၉-ဂါထာဖြင့် လိုအပ်သည့်အကြောင်းအရာတို့ကို ပြည့်စုံစွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ထူးခြားချက်မှာ ထို ၉၂၆-ခုနှစ်တွင် မင်းတရားကြီး ဆင်ဖြူတော်ရရှိရာနှစ်ဖြစ်၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကိုပြုရာ နှစ်ထောင်းကြုံကြိုက်ကြောင်းကိုလည်း-

လဒ္ဓါ သေတဂ္ဂဇေ ဝရေ၊ လောကေ ဝိမှယဇာနကေ။
အပ္ပမတ္တော မဟာဝီရော၊ ပုညံ ကတွာ ဘိမောဒတိ။

တသ္မိံ ဝဿေဝ သာဝဏေ၊ မာသေ နဝမဒိဝသေ။
သူရိယုဂ္ဂမနေ ကာလေ၊ နိဗ္ဗတ္တာယံ ဝိဘာဝနာ။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ဆရာတော်သည် ဤနေတ္တိဝိဘာဝနီသာ မကပဲ အခြားကျမ်းစာများကိုလည်း ပြုစုမည်ဟု မှန်းဆမိလေသည်၊ ယင်းသို့ စာပေချပို့ ကျမ်းစာပြု၍ သာသနာပြုတော်မူခဲ့သော အရှင်သဒ္ဓမ္မပါလသည် နောက်ဆုံးတွင် သေမင်းခံတွင်း ဝင်တော်မူခဲ့လေသည်။

ဘဒန္တသဒ္ဓမ္မပါလော၊ ပါလေသိ ဇိနသာသနံ။
မစ္စုဗလံ အပါလေတွာ၊ ပယာတော မစ္စုနော မုခံ။

---

၁။ နေတ္တိဝိဘာဝနီ။ ၃၅၅။

## ကစ္စာယနသာရဋီကာသစ်ကျမ်းပြု အရှင်သီရိသဒ္ဓမ္မဝိလာသထေရ်

အရှင်သီရိသဒ္ဓမ္မဝိလာသထေရ်သည် သက္ကရာဇ် ၉၀၀-ကျော်တွင် ပေါ်ထွန်းသော ပုဂ္ဂိုလ်ဟု မှန်းဆနိုင်ပေသည်၊ အင်းဝပဥ္စင်းကျော် ပဌမ အရှင်အရိယာလင်္ကာရထေရ်, ဂန္ထာဘရဏဋီကာကျမ်းပြု အရှင်သုဝဏ္ဏ ရံသီသံဃရာဇာထေရ်တို့နှင့် ခေတ်နှင့် နီးကပ်စွာ ပေါ်ပေါက်လာသည်ဟု ယူဆမိပေသည်။

## ပိဋကတ်ကျမ်း ဗေဒင်ကျမ်းတတ်

မထေရ်မြတ်သည် ကျမ်းဂန်တတ် ဆရာမြတ်တို့ထံ အတတ်ပညာအရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး ပိဋကတ်ကျမ်းဂန်များနှင့် ဗေဒင်ကျမ်းတို့၌ အမြဲနိစ္စ ထာဝရချထားသော မျက်စိရှိသဖြင့် ပိဋကတ်ကျမ်းတတ်, ဗေဒင်ကျမ်းတတ်ပုဂ္ဂိုလ် ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း ကိုယ်တိုင်ပင် သူ၏ ကစ္စာယနသာရဋီကာသစ်ကျမ်း နိဂုံး၌- "ပါဝစနေ စ ဝေဒေ စ၊ သမ္မာဌပိတစက္ခုကော"ဟူသောစကားဖြင့် ဖော်ပြတော်မူခဲ့လေသည်။

## ကစ္စာယနသာရဋီကာသစ်ကျမ်းကြီး

ကျမ်းဂန်တော်တော်များများကို မထေရ်မြတ် ပြုစုခဲ့ဟန်ဟူပေသည်၊ ကစ္စာယနသာရဋီကာသစ်ကျမ်းကြီးမှာ မထေရ်မြတ်၏ ထင်ရှားသော ကျမ်းစာကောင်းကြီး ဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ ရွှင်ဆိုက် စာမျက်နှာ ၉၅-မျက်နှာ ရှိလေသည်၊ ရဟု, ရကန်, ပျို့, လင်္ကာခေတ်စားသော အင်းဝခေတ်တွင် ပြောင်မြောက်သော ပါဠိအရေးအသားဖြင့် ပါဠိပညာရှင်ဘွဲ့ကို ဆွတ်ခူးပေါ်မူခဲ့လေသည်။

## ကစ္စာယနသာရပါဠိ

ပုဂံပြည်၌ ထင်ရှားခဲ့သော အရှင်မဟာယသထေရ်သည် ဂါထာပေါင်း ၆၉-ဂါထာဖြင့် တန်ဆာဆင်၍ ဇယ်ဒါသကကျမ်းကို မှီငြမ်းပြုပြီး ကစ္စာယနသာရပါဠိကို ရေးသားစီရင်တော်မူခဲ့လေသည်။[၁] ယင်းကျမ်းမှာ အနှစ်အသား ခက်ဆစ်အဓိပ္ပါယ်များကိုသာ ရွေးချယ်၍ ဂဏ္ဌိမှတ်စုအနေအားဖြင့် ရေးသားအပ်သော ကျမ်းဖြစ်ရာ ခဲခက်၏၊ အရှင်သဒ္ဓမ္မသိရိထေရ်သည် ယင်းခက်ခဲသောကျမ်း၏ အဖွင့်ကို "သမ္ဗောဟနာသနီကစ္စာယနသာရဋီကာ" အမည်တပ်၍ ရေးသားတော်မူခဲ့ခြင်း ဖြစ်လေသည်။ ကျမ်းဦး၌-

သဒ္ဒဘေဒဂတံ ဗုဒ္ဓံ၊ ဓမ္မံ တေန ပဝေဒိတံ။
သံဃံ တဿ ဂုဏောပေတံ၊ နမဿိတွာန စာဒရံ။

ဋီကာ ကစ္စာနသာရဿ၊ ဝုစ္စတေ သမ္ဗောဟနာသနီ။
ပုရာတနာ စ ယာ ဋီကာ၊ န တာ သမ္ဗောဟနာသနီ။

တသ္မာ စန္ဒာဒိမာလမ္ဗ၊ ဂန္ထံ ကစ္စာယနာဒိတံ။
ဥတ္တာနတ္ထပဒံ ဟိတွာ၊ သာဓိပ္ပါယတ္ထဝဏ္ဏနာ။

သဗ္ဗာ ယာ ဝုစ္စတေ ဋီကာ၊ မယာ သမ္ဗောဟနာသနီ။
ဣတံ စိတ္တေ နိသာမေထ၊ သာဓဝေါ သာရမေသိနော။

ဟူသော ၄-ဂါထာဖြင့် ရတနတ္တယပဏာမကိုလည်းကောင်း, ရှေးက ကစ္စာယနသာရဋီကာများ ရှိပါ၏၊ သို့ရာတွင် ရှေးဋီကာများသည် တွေဝေဖွယ် အချက်အလက်တို့ကို ခွဲဖျက်ရှင်းလင်းခဲ့သည် မဟုတ်သဖြင့် ဆန်းကျမ်း, ကစ္စည်းကျမ်းစသည်ကို မှီငြမ်းတခု အားကိုးပြု၍ ရေးမည်ဖြစ်ကြောင်းကိုလည်းကောင်း, ယင်းသို့ ရေးသားရာ၌ ပေါ်လွင်ထင်ရှားသော အနက်အဓိပ္ပါယ်ကို ရေးမည်မဟုတ်ကြောင်းကိုလည်း

---

၁။ ပုဂံသာသနာဝင် ကစ္စာယနသာရကျမ်းပြု အရှင်ယသမဟာထေရ်ကြည့်။

ကောင်း, တွေဝေဖွယ်အားလုံးကို ဖျက်ဆီးတတ်သော အဓိပ္ပါယ်အဖွင့်ကိုသာ ဖွင့်ဆိုမည်ဖြစ်ကြောင်း, အရည်အစစ် အနှစ်ကိုမှ ရှာမှီးကြကုန်သော သူတော်ကောင်းတို့ လေ့လာသင်ကြား သိုမှီးသိမ်းထားကြကုန်လော့-ဟု တိုက်တွန်းချက်ကိုလည်းကောင်း ဖော်ပြတော်မူခဲ့လေသည်။ ကျမ်းစာအဆုံး နိဂုံး၌လည်း–

နာနာဒီပေသု သမ္ဗုဒ္ဓ-သာသနတ္ထာတိဝိဿုတော။
ရညံ ပန္နရသာနဥ္စ၊ မောဠိလပါဒရာဇိနိ။

ဝါသေ သုနာပရန္တေဟိ၊ နာမေန ရဋ္ဌရဋ္ဌတ္တမေ။
နာရာယနေန တုလျာနံ၊ ရညံ သေကွာနဘာဝတော။

အဝဇ္ဇမူလဘေဒဿ၊ နာနာရတနပုဏ္ဏိနော။
ဓမ္မလဒ္ဓါဒိကိဏ္ဏဿ၊ ပစ္ဆိမုတ္တရဘာဂတော။

ဧရာဝတိနဒီတီရေ၊ မဏ္ဍပဗ္ဗဇာနနာမတော။
ပဏ္ဏတ္တဓမ္မရာဇေန၊ ပဥ္စသေတိဘရာဇိနော။

ပါသာဒေ ကာရိတေ ရမ္မေ၊ နာနာလင်္ကာရလင်္ကတေ။
ဝသန္တော သိရိသဒ္ဓမ္မ-ဝိလာသော သီလဘူသနော။

ပါဝစနေ စ ဝေဒေ စ၊ သမာဌပိတစက္ခုကော။
နာနပ္ပကာရဏသာရံ၊ အာဒိယကာရိဒံ ဝရံ။

နိစ္စံ အနုဒယေဘာဝါ၊ ပါကဋ္ဌေသု တလေ ယထာ။
တထာကစ္စာယနသာရေပိ၊ ဘဝေဒမုဒယေ အဟု။

ဟူသော ၇-ဂါထာဖြင့် အင်းဝနန်းမြို့တော်ကို ချီးကျူး၍လည်းကောင်း, နေရာဌာန အင်းဝမြို့အနောက်မြောက် ဧရာဝတီမြစ်ဆိပ် ဆင်ဖြူငါးစီးရှင်၏ ပြာသာဒ်ကျောင်းဖြစ်သည်ကိုလည်းကောင်း, မိမိ၏ ဘုရားဟောပိဋကတ်ကျမ်း, ဗေဒင်ကျမ်းတို့၌ မပြတ်လေ့လာကြည့်ရှုကြောင်းကိုလည်းကောင်း, ကျမ်းစာရေးသားပုံကိုလည်းကောင်း ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။ ဤနိဂုံးဂါထာများအနက် "ရညံ ပန္နရသာနဥ္စ၊

မောင်ဋ္ဌလပါဒရာဇိန်= ၁၅-ပါးသော မင်းတို့၏ ဥသျှောင်ရောင် ခြေ-ဒေါက်တို့၏ ထွန်းပြောင်ရာ" ဟူသော စကားကို ထောက်၍ ၁၅-ဆက်မြောက် အင်းဝဘုရင်က အုန်းပေါင်းခုန်မှိုင်း ဖြစ်လေသည်။ ယင်းမင်းသည် သက္ကရာဇ် ၉၀၄ - ၉၁၇-ခုနှစ်ကာလတွင် အင်းဝ၌ မင်းပြုခဲ့လေသည်။ ယင်းကိုထောက်ဆ၍ အရှင်သိရိသဒ္ဓမ္မဝိလာသ ပေါ်ထွန်းချိန်ကို သက္ကရာဇ် ၉၀၀-ကျော်ဟု မှန်းနိုင်လေသည်။

## မာဂဓ သက္ကတ စွယ်စုံတတ်ပုဂ္ဂိုလ်

အရှင်သိရိဝိလာသသည် မာဂဓ, သက္ကတကျမ်းတတ် စွယ်စုံ ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရလေသည်၊ ယင်းကစ္စာယနသာရဋီကာသစ်ကျမ်း၌ ဇယ်ဒါသကကျမ်းရင်း ကိုးကားချက်, သာရတ္ထဝိလာသိနီဋီကာ ကိုးကားချက်, ဗာလာဝတာရကိုးကားချက်, သာရတ္ထဝိသေသနီကျမ်း ကိုးကားချက်, ပဥ္စိကာကိုးကားချက်, ကာတန္တဗျာချာန်ကိုးကားချက်–[၁] ဇယ်ဒါသဋီကာကိုးကားချက်–[၂] အတ္ထဗျာချာန်ကိုးကားချက်–[၃] ဇိနိန္ဒ-ဗုဒ္ဓိဆရာအလို–[၄] သာမန်သက္ကတဂန္ထေ-ဟု ဆို၍ များစွာကိုးကားချက် စသည်တို့ကို တွေ့ရသဖြင့် အရှင်သိရိဝိလာသထေရ်၏ မဂဓကျမ်း များ၌မက သက္ကတကျမ်းများ၌ လွန်စွာကျွမ်းကျင်တတ်မြောက်ပုံကို လည်းကောင်း, အင်းဝခေတ်၌လည်း သက္ကတကျမ်းများကို လေ့လာ ကြပုံကိုလည်းကောင်း သိနိုင်လေသည်။

ဆရာတော်အရှင်သိရိသဒ္ဓမ္မဝိလာသထေရ်သည် ကျမ်း၏အဆုံး၌ ထပ်မံ၍ "မိမိ၏ ကျမ်းစာပြုစုရသောကောင်းမှုကြောင့် သူတော်ကောင်းတို့ ဗောဓိသုံးပါးသို့ ရောက်ပါစေဟူ၍လည်းကောင်း, ဘုရား

---

၁။ ဝုတ္တဥ္စ ကာတန္တဗျာချာနေ။ ကစ္စာယနသာရဋီကာသစ်ပါဠ်။ ၃၂၃။
၂။ ဝုတ္တဥ္စ ဇတိဒါသဋီကာယံ။ ကစ္စာယနသာရဋီကာသစ်ပါဠ်။ ၃၂၃။
၃။ ဝုတ္တဿ အတ္ထဗျာချာနေ။ ကစ္စာယနသာရဋီကာသစ်ပါဠ်။ ၃၃၄။
၄။ ကစ္စာယနသာရဋီကာသစ်ပါဠ်။ ၃၅၄။

မြဲတ်စွာ သာသနာတော်စက်ကို ကောင်းစွာမသွေ စောင့်ရှောက်ကြပါ စေဟူ၍လည်းကောင်း”–

ယံ ပုညံ လဘိတံ တေန၊ တေန ဗောဓိတ္တယံ ဝရံ။
ပပ္ပေါန္တု ဇိနစက္ကဉ္စ၊ သမ္မာ ရက္ခန္တု သာဓဝေါ။

ဟူသောဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

ယင်းသို့ ကျမ်းစာပြုစုခြင်းစသည်ဖြင့် သာသနာပြုစုတော်မူဆဲ အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

သိရိသဒ္ဓမ္မဝိလာသော၊ ဝိလာသော ဗုဒ္ဓသာသနေ။
ဝိလာသံ သာသနံ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

## ပရိတ္တဋီကာကျမ်းပြု
## တိလောကာလင်္ကာရဘွဲ့ တံဆိပ်တော်ရ
## အရှင်တေဇောဒီပ

အရှင်တေဇောဒီပသည် ငယ်ရွယ်စဉ်ကပင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌ လိမ်မာတတ်မြောက်တော်မူသည့် အင်းဝခေတ်ပေါ် ပညာရှိတပါး ဖြစ်တော်မူလေသည်။

## ဇာတိဌာနေ မွေးရပ်မြေစသည်

ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ကံဖျားရွာ၌ သက္ကရာဇ် ၉၄၆-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဓာတုကထာဋီကာဝဏ္ဏနာ, ဓာတုကထာအနုဋီကာဝဏ္ဏနာ, ပဋ္ဌာနဋီကာဝဏ္ဏနာကျမ်းများကို ပြုစုတော်မူခဲ့သည့် တိလောကဂုရုဆရာတော် ဂုဏာဘိစက္ကဆရာတော်တို့ကား အရှင်တေဇောဒီပ၏ ဆရာသခင် ကျေးဇူးရှင်များ ဖြစ်တော်မူကြကုန်၏။

## ရှင်ရဟန်းပြု ပညာသင် စာပေတတ်မြောက်

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ တိလောကဂုရုဆရာတော်, အရှင်ဂုဏာဘိစက္ကဆရာတော် စသူတို့ထံတွင် ပညာသင်ကြားခဲ့လေရာ ရဟန်းငယ်ဘဝ၌ပင် ပညာတတ်ရဟန်းတော်အဖြစ် ထင်ရှားလေသည်။

## ပရိတ္တဋီကာ ရဟန်းငါးဝါတွင်ပြုစု

မိမိဉာဏ်စွမ်းကို ယုံကြည်တော်မူသဖြင့် ရဟန်းသိက္ခာ ငါးဝါအရ သက္ကရာဇ် ၉၇၁-ခုနှစ်တွင် ပရိတ္တဋီကာကို ရေးသားပြုစီရင်တော်မူခဲ့လေသည်။ ပရိတ္တဋီကာကျမ်းဦး၌–

(၁) နိပ္ပဒေသေသု သတ္တေသု၊ ဒယာသဥ္စောဒမာနသော။
ဝိသတ္ထာသန်ယေလက္ခာ-မိကေ ဝါ စတုသန်ယေ။

(၂) ပါရမိယော ပုရေတွာန၊ ဗုဒ္ဓတ္တံ ယော ဇိနော ဂတော။
နာထံ တံ သဗ္ဗလောကာနံ၊ ဟိတာဝဟံ နမာဒရံ။

(၃) ပရိပုဏ္ဏသမာပတ္တိ၊ နိယျန္တိ ယေန ဒုက္ခတော။
တမနုတ္တရသွာက္ခာတံ၊ နမေ သမ္ဗုဒ္ဓမာနိတံ။

(၄) ဒက္ခိဏေယျော ဋ္ဌိတောမဂ္ဂ-ဖလေသု ယော ဂဏာဝရော။
သုပ္ပဋိပန္နတာဒိသမ္ပန္နံ၊ နမေ သမ္ဗုဒ္ဓသာဝကံ။

(၅) ရာဇဌာနာဝဘိချာတေ၊ တာဝတိံသေဝ မန္ဒိရေ။
ဇယန္တသဒိပါသာဒေ၊ ရာဇမစ္စာ သုတာဒီဟိ။

(၆) ဝါရိတဿ သမုဒ္ဒန္တေ၊ ရာဇေဟိ ဂရုမာနိနော။
ဂရုံ သုစမ္မရာဇဿ၊ ပိဋကတ္တယဓာရဏံ။

(၇) သီလာဒိဂုဏသမ္ပန္နံ၊ သောတူဟိ အဘိနန္ဒိတံ။
တိလောကဂုရုအာချာတံ၊ မဟာထေရံ နမာမဟံ။

(၈) ယံဟံ နိဿာယ ဓီပတ္တော၊ ပရိယတ္တိဝိသာရဒံ။
ဂုဏာဓိစက္ကနာမံ တံ၊ ထေရံပိ သိရသာ နမေ။

(၉) ဝတ္ထုတ္တယေ ပဏာမဿ၊ ကတဿ က္ကတိ တေဇသာ။
သဗ္ဗဒါ ဟတန္တရာယော၊ ကရိဿာမိ ယထာဗလံ။

(၁၀) ပုဗ္ဗာစရိယသီဟာနံ၊ မတာလမ္ဗသမာသတော။
ဗာလာနုတ္ထာယ လောကာနံ၊ ဟိတံ ပရိတ္တဝဏ္ဏနံ။

ဟူသော ဆယ်ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ကျမ်း၏မှီရာ, ကျမ်းပြုခြင်း၏ ရည်ရွယ်ချက်, ပဋိညာဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌လည်း—

ဝိသုဒ္ဓသီလာစာရသမ္ပန္နေန သဋ္ဌိကာနုဋ္ဌိကဿ သတ္ထုသာသနဿ ပရိယာပုဏနသမတ္ထေန တေဇတိ တိက္ခတိ ဝဇိရံ ဝိယာတိ တေဇော။ ဒိပ္ပတိ ဝိနာသေတိ ပဇ္ဇောတော ဝိယ ကိလေသန္ဓကာရန္တိ

ဒီပေါ။ တေဇော တိဂ္ဂေါ ဒီပေါ အမောဟော ဣမဿာတိ တေ-ဇောဒီပေါ။ အပိ စ တေဇတိ ဩဘာသတိ ပကာသတိ ဒိဝါကရော ဝိယ နိသာနာထော ဝိယစာတိ တေဇော။ ဒွိဓာ အာပေါ ဂတော ဧတ္ထ ပဒေသေတိ ဒီပေါ။ ဒီပသ္မိံ တေဇော ဒီပတေဇောတိ ဝတ္ထာဗ္ဗေ စတုက္ကဗ္ဗာနန္တိအာဒီသု ဝိယ ဝိပရိယာယ ဝသေန တေဇောဒီပေါတိ ဝုတ္တံ။ ဟူသော စကားရပ်ဖြင့် "ဝရဇိန်ကဲ့သို့ ထက်မြက်ခြင်းရှိသည်ကို ရည်ရွယ်၍ တေဇော-ဟူသောပုဒ်နှင့် အမိုက်မှောင်ကို ဖျောက်နိုင်သော ဆီမီးပမာ ကိလေသာအမိုက်မှောင်ကို ဖျောက်နိုင်အံ့ဟူ၍ ရည်ရွယ်တော်မူလျက် ဒီပဟူသော ပုဒ် ၂-မျိုးကို ပေါင်းစပ်၍ တေဇော ဒီပ-ဟု ဆရာသမားတို့က ဘွဲ့အမည်ပေးခြင်းကိုလည်းကောင်း၊

(တနည်း) ဇမ္ဗူဒိပ်ကျွန်း၌ နေကဲ့သို့ ထွန်းလင်းတောက်ပြောင် မည်ဖြစ်သောကြောင့် ဒီပတေဇော-ဟု ဆိုလိုလျက် ဒီပနှင့် တေဇော ရှေ့နောက်ပြန်၍ တေဇောဒီပ-ဟူသော ဘွဲ့မည်ကို မှည့်ခေါ်ခြင်းဖြစ်ကြောင်းကိုလည်းကောင်း ဖော်ပြတော်မူခဲ့လေသည်။

ၒင်းပြင် ရဟန်းသိက္ခာ ၅-ဝါအရ သာသနာတော်သက္ကရာဇ် ၂၁၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၉၇၁-ခုနှစ်တွင် ပရိတ္တဋီကာ ရေးသား ပြီးမြောက်ခဲ့ပုံကိုလည်းကောင်း "ဧဝံ ဂရူဟိ ဂဟိတလဒ္ဓနာမေန လဒ္ဓူပသမ္ပဒေတာ ပဉ္စဝဿိကေန ဘိက္ခုနာ တေပညာသသတာဓိက-ဒွိဝဿ သဟဿသာသနေ ဧကသတ္တတာဓိကနဝသတသက္ကရာဇေ ပရိပုဏ္ဏော. . . ပရိတ္တဝဏ္ဏနာ အနာယာသေန သမတ္တာ"ဟူသော စကားရပ်တို့ဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ၎င်းပြင်—

ယံလဒ္ဓံ ကုသလံ တေန၊ သုခပတ္တာ အယံပဇာ။
အဝေရာ အနီဃာ ဟောန္တု၊ သင်္ဂေါ စ သမိဇ္ဈတု။

အဟန္တု သာသနံ ယာဝ၊ ဌာတိ တာဝ တိဟေတုကော။
သမဏော ဝါ နရိန္ဒော ဝါ၊ ဟေဿံ စက္ကဿ ဓာရကော။

ပဉ္ဇာ သုဂတိယံယေဝ၊ ဟုတွာ သမ္ဗုဒ္ဓဘောဂဝါ။
သပရတ္ထစရော ပဉ္ဇော၊ မေတ္တေယျဇိနသန္တိကေ။

ဝိဇ္ဇစရဏသမ္ပန္နော၊ စတုသမ္ဘိဒညာဏဝါ။
ဌပိတော ဓေသအဂ္ဂေတိ၊ ပညိဒ္ဓိသု ဘဝေယျဟံ။

ယာဝ ဗုဒ္ဓေါတိ ဝေါဟာရော၊ လောကေ လောကေကရာဇိနော။
တာဝ တိဋ္ဌတု လောကာနံ၊ ဟိတပရိတ္တဝဏ္ဏနာ။

ဟူသော ၅-ဂါထာဖြင့် သတ္တဝါများ ဘေးရန်မသန်း အေးချမ်းရန်, လိုအပ်သော အကြံအစည်ကောင်းများ ပြည့်စုံရန်နှင့် မိမိကမူ ဘုရားသာသနာတည်သ၍ ရဟန်း သို့မဟုတ် သာသနာပြုဘုရင် ဖြစ်ရလိုကြောင်း၊ နောက်ကာလ အရိမေတ္တေယျဘုရား လက်ထက်တွင် ဝိဇ္ဇာသုံးပါး, စရဏတစ်ဆဲ့ငါးပါး, ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသည့် ပညာတန်ခိုးအရာ အမြတ်ဆုံး ဖြစ်ရလိုကြောင်း စသည်ဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

## ပရိတ္တဋီကာ၌ မှတ်သားဖွယ်တချို့

ပရိတ္တဋီကာ နှာ ၂၇-၌ မြင့်မိုရ်တောင်၏ အရပ်လေးမျက်နှာ အရောင်အဆင်းပြ–

ပါစီနပဿံ ရဇတံ၊ ဒက္ခိဏံ ဣန္ဒနီလကံ။
ပစ္ဆိမံ ဖလိကစ္ဆဝ၊ သုဝဏ္ဏံ ဥတ္တရာဒိသံ-ဟူသောဂါထာ။

နှာ ၃၈-၌ ဗောဓိပလ္လင်္ကအဖွင့်၌ ပလ္လင်တော်အဆုံးအဖြတ်၊ ၈၉-၌ ဗတ္တိံသလက္ခဏူပေတာအဖွင့်၌ လက္ခဏာတော်ကြီး ၃၂-ပါး, သီတာ-နုဗျဥ္ဇနာစရာအဖွင့်၌ လက္ခဏာတော်ငယ် ၈၀-စသည် မှတ်သားဖွယ်တို့ ပါရှိသည်။

စင်စစ်တမူကား ပါဠိပညာရှင်တို့သည် ရဟန်းသိက္ခာ ၅-ဝါမျှသာ ရသေးသော ပဥ္စင်းပျိုတစ်ပါး၏လက်ရာ အင်းဝခေတ်ပေါ် ပရိတ္တဋီကာကျမ်းစာကို လေ့လာသင့်သည်သာ။ ဤကျမ်းမှာ သက္ကရာဇ် ၁၂၆၃-ခုနှစ်ကတစ်ကြိမ်, ၁၂၆၆-ခုနှစ်ကတစ်ကြိမ် ရန်ကုန်မြို့ ကဝိန္ဒာ-သီရိပုံနှိပ်တိုက်တွင် ရိုက်နှိပ်ဘူး၏။ ၁၃၃၅-ခုနှစ်တွင် အစိုးရဗုဒ္ဓ-

သာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ထပ်မံရိုက်နှိပ်ရာ ရှိင်ဆိုက် စာမျက်နှာ ၉၄-မျက်နှာ ရှိလေသည်။

## တိလောကာလင်္ကာရ ဘွဲ့တံဆိပ်အလှူခံရ

ယင်းသို့ ပညာအရာ လွန်စွာ ထူးချွန်ထက်မြက်တော်မူသဖြင့် မင်းတရား၏ 'တိလောကာလင်္ကာရ'ဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။

## ဟံသာဝတီ၌ ပညာစွမ်းပြ

သက္ကရာဇ် ၉၉၅-ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရား လက်ထက်တွင် ဟံသာဝတီမှ မွန်ဇာတိ ရှင်လူရဟန်းတို့က အင်းဝတွင် ပိဋကတ်ကျမ်းဂန်တတ်, ဗေဒင်ကျမ်းဂန်တတ်မရှိဟု ဆိုကြသဖြင့်—

၁။ မဟာတိပိဋကာလင်္ကာရဆရာတော်

၂။ တိလောကာလင်္ကာရဆရာတော်

၃။ တိသာသနာလင်္ကာရဆရာတော်

ဟူသော ဆရာတော်သုံးပါးတို့ကို စေလွှတ်တော်မူသဖြင့် ကြွတော်မူကြကုန်၏၊ ဆရာတော်တို့သည် ရွှေမောဓောဘုရားရှေ့ တဲကျောင်းများတွင် သီတင်းသုံးတော်မူကြ၍ စာပေကျမ်းဂန်ချပို့ခြင်း, မေးလာသည့် ပြဿနာများကို ဖြေဆိုခြင်းတို့ဖြင့် ပညာစွမ်းပြတော်မူကြကုန်၏။ ယင်း ၃-ပါးအနက် တိလောကာလင်္ကာရဆရာတော်မှာ အရှင်တေဇောဒီပပင် ဖြစ်လေသည်။

ဟံသာဝတီ သုပုရမှိ၊ တေဇသံ ယတိသေခရော။
ဝါစယိတွာ ဝိဿဇ္ဇေတွာ၊ ဇိနဓမ္မပသာရကော။

## ကျောင်းတော်အလှူခံရ

သက္ကရာဇ် ၁၀၁၀-ခုနှစ်တွင် မင်းရဲရန္တမိတ်၏ခမည်းတော် သာလွန်မင်းတရား၏ နန်းတော်ကို ကျောင်းဆောက်၍ လှူဒါန်းပူဇော်ခြင်းကို ခံတော်မူရလေသည်။

## ကျော်စောခြင်းမျှ အကြွင်းရ

အရှင်တေဇောဒီပသည် ကျမ်းပြုခြင်း, စာချခြင်းစသည်တို့ဖြင့် သာသနာစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့ပြီး လွန်တော်မူခဲ့လေသည်။ အရှင်တေဇောဒီပသည် ပညာတတ်, ဉာဏ်ထက်သည်ဟု ကျော်စောခြင်းမျှသာလျှင် ကြွင်းကျန်တော့သတည်း။

တေဇောဒီပေါ မဟာထေရော၊ တိက္ခပညော မဟာသုဓီ။
တေဇေန စက္ကံ ဇောတေတွာ၊ ကိတ္တိသေသတ္တမာဂမိ။

## အင်းဝပဥ္စင်းကျော်
## ပဥ္စမအရှင်အရိယာလင်္ကာရထေရ်

အရှင်အရိယာလင်္ကာရထေရ်သည် အင်းဝနေပြည်တော်၌ သက္ကရာဇ် ၉၆၇-ခုနှစ် နန်းတက်သော အနောက်ဖက်လွန်မင်းတရား လက်ထက်နှင့် ၉၉၁-ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရား တို့၏ လက်ထက်တွင် လျှမ်းလျှမ်းတောက် ကျော်စောခဲ့သည့် ပညာ ရှင် ရဟန်းတော်တစ်ပါး ဖြစ်လေသည်။

သက္ကရာဇ် ၉၄၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ် ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူ ခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်အရိယာလင်္ကာရ ဖြစ်လေသည်၊ အင်းဝမြို့တော်၏ မနီးမဝေး ဂမနာဂမနသမ္ဘန္ဒအရပ်၌ တည်ရှိသော ဇေတဝန်ကျောင်းတိုက် ဆရာတော်ထံ ရောက်ရှိပညာသင်ကြား တတ် မြောက်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များကို ပြုစုတော်မူခဲ့ရာ သာရတ္ထ- ဝိကာသနီမည်သော ကစ္စာယနဘေဒဋီကာဟောင်းသည် ထင်ရှားသော ကျမ်းဖြစ်လေသည်။

## ကစ္စာယနဘေဒပါဌ်

စလေမြို့၌ သာသနာပွင့်လင်း စည်ပင်စဉ်က ထင်ရှားသော ကျမ်းဂန်တတ် အရှင်မဟာယသထေရ်သည် ဂါထာပေါင်း ၁၀၀-တို့ ဖြင့် တန်ဆာဆင်၍ ကစ္စာယနဘေဒပါဌ်ကို ရေးသားစီရင်တော်မူခဲ့ လေသည်၊ အရှင်မဟာယသသည်–

ဇိတမာရာဒိကံ ဓမ္မံ၊ ဓမ္မံ မောဟာဝိဓံသကံ။
ဝန္ဒိတွာ ဥတ္တမံ သံဃံ၊ ကစ္စာယနဉ္စ ဝဏ္ဏိတံ။

ကစ္စာယနဿ ဘေဒါဟံ၊ သပ္ပယောဂံ ယထာမျဟံ။
သောတုဇနာနမတ္ထာယ၊ ပဝက္ခာမိ သမာသတော။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည် ပြုတော်မူခဲ့လေသည်၊ ကျမ်း၏အဆုံး၌–

ဘဝေယျံ နေနပုညေန၊
ကင်္ခိတရဏံ သတ္တာ။
လောဘော ဒေါသော စ မောဟော စ၊
တနုတာ စ ဘဝါဘဝေ။

ဟူသောဂါထာဖြင့် တောင်းဆုချွေကာ နိဂုံးအုပ်တော်မူခဲ့လေသည်၊ အရှင်မဟာယသ၏ ကစ္စာယနဘေဒကျမ်းသည် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်ဆိုင်ရာ သဒ္ဒါအဆုံးအဖြတ်တို့နှင့် ပြည့်စုံ၏။

## သာရတ္ထဝိကာသိနီကစ္စာယနဘေဒဋီကာပြုစု

အရှင်အရိယာလင်္ကာရသည် ဖော်ပြပါ ကစ္စာယနဘေဒပါဌ်၏ အဖွင့်ဋီကာကို ကောင်းမြတ်သော မှတ်သားဖွယ် အဓိပ္ပါယ်မျိုးစုံတို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်၊ ယင်းသာရတ္ထဝိကာသိနီမည်သော ကစ္စာယနဘေဒဋီကာမှာ မကျဉ်းမကျယ် လေ့လာ၍ ကောင်းရုံသာ ရှိ၏၊ ပုံနှိပ်ပြီးစာမူ ဒိမိုင်းဆိုက် စာမျက်နှာ ၅၇-သာ ရှိလေသည်၊ ကျမ်းဦး၌–

ဇိနော ဇယတရံ ဓမ္မံ၊ သဋ္ဌယန္တော ဇယာကရော။
ဇိတ္ဘာပရံ ဇိနာပေသိ၊ သော မေ ဒေတု ဇယံ ဇိနော။

ယောမုနိန္ဒုသဒ္ဓမ္မ-သီတာဘာဖုဋ္ဌဒေဟိနံ။
မနံ ပီဏေတိ ဇန္တူနံ၊ သော သမ္ပိဏေတု မေ မနံ။

နရာနရမ္ဗုဇံ ဇောဝေါ၊ ဒေဝဒေဝေါ ဒိဝါကရော။
သမ္မာလေတိ ဇနေတ္တံဝ၊ ပုတ္တံ ပါလေတု မံ သဒါ။

ပုဗ္ဗာစရိယာသီဟေဟိ၊ ကဝိဒရေတိဘိမတံ။
နယံ နိဿာယ ဝက္ခာမိ၊ ကစ္စာနဘေဒဝဏ္ဏနံ။

ဟူသော ၄-ဂါထာဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်၊ ကျမ်း၏အဆုံး၌–

ဒီပါဒိဒီပန္တရသေဋ္ဌဘူတေ၊
စက္ကဒ္ဓဂုတ္တေရကုလာဘိတိဏ္ဏေ။
သဒ္ဒါဒိသုတဗဟုလေဘိနေဟိ၊
နိစ္စံတသောဏ္ဏာဒိမနောဝိကိဏ္ဏေ။

နာနာဝိကိဏ္ဏဝရတံ ဇနာနံ၊
ဗာရာဏသာဒိမဟာပုရီဟိ။
ပတ္တဋ္ဌဘူတေဟိ ဝိသာလတောတိ၊
ယုဒ္ဓါတိစာရိတ္တဂဝေသယောခေ။

သုရာလယောပမ္မရဟောတိရမ္မေ၊
တံ ရူပရူပေတိ ဘူတေပိ ပုရေ။
နာနာပုရသုက်ပဝေသဘူတေ၊
တမ္ဗဒ္ဒီပရဋ္ဌဘူတေ အဝဇ္ဈေ။

ဟူသော ၃-ဂါထာဖြင့် အင်းဝမြို့၏ ဂုဏ်ရည်ဂုဏ်ပုဒ်တို့ကို လွန်လွန်ကဲကဲ ဖော်ပြခဲ့လေသည်။ ၎င်းပြင်–

ဒက္ခိဏာပစ္ဆိမေ ဌာနေ၊ နဂရဿာဝိဒူရတော။
ဇေတဝနေပိကာရေယော၊ ဂရုမေ သုဝိစက္ခဏော။

ယမ္ဘာတိ မဟာထေရော၊ တဿ သိဿေန ယော မယာ။
ဗာဝီသာ သုဝဿိကေန-[၁]၊ ရိယာလင်္ကာရနာမိနာ။

---

၁။ ဗာဝီသာယုဒ္ဓိဝဿေန (စာမူ)

သတ္တရန္တေသု သာရစ္ဆ၊ ကဝိဿရေဟိဘိမတံ။
နယမောဂ္ဂယှကတောယံ၊ ပရမတ္ထဝိနိစ္ဆယော။

ဟူသော ၃-ဂါထာဖြင့် အင်းဝနန်းမြို့တော်၏ အနောက်တောင်အရပ်ရှိ မြို့နှင့်အနီးအရပ်ရှိ ဇေတဝန်ကျောင်းတိုက်နေ ပညာရှိမထေရ်မြတ်၏ တပည့်ဖြစ်ကြောင်းနှင့် ၂၂-နှစ်သာရှိသော အရိယာလင်္ကာရအမည်ရှိသော မိမိသည် ပညာရှိတို့ နှစ်လိုအပ်သော ကျမ်းဂန်အရပ်ရပ်တို့၌လာသော ကောင်းမြတ်သော အဆုံးအဖြတ် အနက်အဓိပ္ပါယ်နည်းနယကို ယူ၍ ကောင်းမြတ်သော အဆုံးအဖြတ်ရှိသော ဤသာရတ္ထဝိကာသိနီမည်သော ကစ္စာယနဘေဒဋီကာကျမ်းကို ကြိုးပမ်းရကြောင်း ဖော်ပြတော်မူခဲ့လေသည်။ ဆက်လက်၍—

နဝသင္ခ်ဝဿာဓိကေ၊ သကရာဇေန ဝသတော။
သာသနေကပညာဓိ-သတာဓိဒွါသဟဿကေ။

မာသေတု ဇေဋ္ဌနက္ခတ္တ-ယုတ္တေ ပုဏ္ဏမိတော ဒိနေ။
အဋ္ဌမေ ဧကေပ္ပဟာရေ၊ ကာလေ သုနက္ခတ္တာဒိကေ။

နိဋ္ဌိတော သော အယံ ဂန္ထော၊ တထေဝ မမစိန္တိတံ။
နိဋ္ဌံ ယာတု အကိစ္ဆေန၊ ဣဒပစ္စယိကာဝတံ။

ဟူသော ၃-ဂါထာဖြင့် ဤကျမ်းကို ကောဇာသက္ကရာဇ် ၉၆၉-ခု၊ သာသနာသက္ကရာဇ် ၂၁၅၁-ခုနှစ် နယုန်လဆုတ် ၈-ရက်နေ့ တပဟိုရ်အချိန်တွင် ရေးသားပြီးစီးကြောင်း ဖော်ပြခဲ့သည်။ ဤကျမ်းသည် အန္တရာယ်မဝင် ပြီးစီးအောင်မြင်သကဲ့သို့ ဤမည်သော ပရိယတ်နှင့်စပ်သောလုပ်ငန်း အကျင့်အကြံအပေါင်းလည်း ပြီးမြောက်ပါစေဟု တောင်းဆုချွေတော်မူခဲ့လေသည်။ တဖန်–

ယထာ စ တံ ဣမံ သာ စေ၊ အရောဂေါ နိရုပဒ္ဒဝေါ။
အနန္တရာယာ သာဓေန္တော၊ အဟံ့ တထေဝ ပါဏိနော။

သဒ္ဓမ္မော ဒီဃမဒ္ဒါန်၊ သဗ္ဗလောကဟိတာဝဟော။
တိဋ္ဌတု ဒေဝေါ သံဝုဿော၊ သုခယတု မဟာဇနေ။

ရာဇာ ဓမ္မိကော ဓရဏီ၊ သမ္မာလေတု စတုဂ္ဂတော။
ပဇာ စ စရတု ဓမ္မံ၊ ဟိတသုခနိပ္ဖါဒကံ။

မာ စရတု အသဒ္ဓမ္မံ၊ သဗ္ဗဒုက္ခနိပ္ဖါဒကံ။
မမဥ္စေဝ စရိတ္တာန၊ ပါပုဏာတု မတံ ပဒံ။-[၁]

ဟူသော ၄-ဂါထာဖြင့် ဤကျမ်းသည် အနာရောဂါအန္တရာယ် အနှောင့် အယှက်မရှိဘဲ အပြီးအဆုံးသို့ ရောက်သကဲ့သို့ သတ္တဝါများ၏ အကျိုး စီးပွား ဟူသမျှတို့ အန္တရာယ်မရှိ ပြီးပြည့်စုံပါစေကုန်ဟူ၍လည်းကောင်း, လူအပေါင်း၏ စီးပွားကို ဆောင်တတ်သော သူတော်ကောင်းတရား ကြာမြင့်စွာ တည်ပါစေဟူ၍လည်းကောင်း, မိုးသည်လည်း ကောင်းစွာ ရွာသွန်းလျက် လူအပေါင်းတို့ကို ချမ်းသာပါစေဟူ၍လည်းကောင်း, တရားစောင့်သော မင်းတရားသည်လည်း အာဏာစက်တန်ခိုး တိုး တက်လျက် မြေအပြင်ရှိ သတ္တဝါအပေါင်းတို့ စောင့်ရှောက်နိုင်ပါစေ သတည်းဟူ၍လည်းကောင်း, သတ္တဝါအပေါင်းတို့သည်လည်း စီးပွား ချမ်းသာကို ပြီးစေတတ်သော တရားဓမ္မကို ကျင့်နိုင်ပါစေသတည်း ဟူ၍လည်းကောင်း, ဆင်းရဲအားလုံးကို ပြီးစေတတ်သော မသူတော် တရားကို မကျင့်ပါစေသတည်း၊ ငါသို့ အတုလိုက်ကာ ကျင့်ကြံ၍ အမြိုက်နိဗ္ဗာန် ဆိုက်ရောက်ပါစေသတည်းဟူ၍လည်းကောင်း တောင်း ဆုချွေခဲ့လေသည်။ ၎င်းပြင် ကျမ်း၏အဆုံး၌

"ဣတိ အစ္စုဠာရစ္ဆန္ဒဝီရိယပညာသမန္နာဂတေန အရိယာ- လင်္ကာရောတိ ဂရူဟိ ဝိဒိတနာမဓေယျေန ဘိက္ခုနာ ဝိရစိတော သာ- ရတ္ထဝိကာသိနီ နာမ အယံ ဂန္ထော"ဟူသော စကားဖြင့် အလွန်ထူးချွန် မွန်မြတ်သော ဝီရိယ, ပညာတို့နှင့်ပြည့်စုံသော အရိယာလင်္ကာရဟု

---

၁။ အင်းဝခေတ် ပုဂ္ဂိုလ်ကျော်တစ်ပါး၏ ဂါထာအရေးအသားကို စာရှု သူတို့ အလွယ်တကူ သိနိုင်ရန် စုံလင်စွာ ဖော်ပြသည်။

ထင်ရှားသော အမည်ရှိသော ရဟန်းသည် စီရင်အပ်သော သာ-ရတ္ထဝိကာသိနီမည်သော ကစ္စာယနဘေဒဋီကာကျမ်း ပြီးဆုံးပြီဟု ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။

## အင်းဝပဋ္ဌင်းကျော်နှင့် ပြည်ပဋ္ဌင်းကျော်

အရှင်အရိယာလင်္ကာရသည် အင်းဝပဋ္ဌင်းကျော်ဟု လွန်စွာထင်ရှားခဲ့၏၊ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသသည် ပြည်-ပဋ္ဌင်းကျော်ဟု လွန်စွာထင်ရှားခဲ့၏။

အရိယာလင်္ကာရော အင်းဝ-ပဋ္ဌင်းကျော်တိဘိပါကဋော။
မုနိန္ဒော ပြည်ပဋ္ဌင်းကျော်တိ၊ ပညာတော သာသနမ္ဗရေ။

သိက္ခာဝါလည်း တူကြသည်၊ ပြည်ပဋ္ဌင်းကျော် ရောက်လာကြောင်း အင်းဝပဋ္ဌင်းကျော် ကြားလျှင် တောင်တွင်းမှာသာ ကျော်လိမ့်မည်၊ နေပြည်တော်မှာ မကျော်လေရာဟု အင်းဝပဋ္ဌင်းကျော်က ဘားတမော့ဆရာတော်အား ပြောလျှင် "မပုပ်ပဲကို မပေါ်၊ မဟုတ်ပဲကို မကျော်-ဟူ၍ သူကောင်းတို့ ဆိုရိုးရှိသည်မဟုတ်ပဲကို ကျော်ဘိမည်လော"ဟု ဘားတမော့ဆရာတော်က ဆိုလေသည်။

ပညာရှိရောက်သည်ကို သွား၍ပြောသော်လည်း ဆယ်ချင်သည်ဟု ဆိုပြန်လျှင် ကိုယ်တိုင်သွား၍ မသင့်၊ အာဂန္တုက ဖြစ်လေသည်၊ အကြောင်းခြင်းရာ သိလိုပါလျှင် ဂါထာဗန္ဓဖွဲ့စီ၍ မေးရသော် သိနိုင်၏ဟု ဘားတမော့ဆရာတော်က ဆိုသဖြင့် အင်းဝပဋ္ဌင်းကျော်က တွေ့မြင်ချင်ကြောင်း, သိက္ခာဝါ အသက်အရွယ်မည်မျှရှိကြောင်းများကို ဂါထာဗန္ဓဖွဲ့ဆို၍ မေးသည်၊ ပြည်ပဋ္ဌင်းကျော်ကလည်း တွေ့မြင်ချင်ကြောင်း သိက္ခာဝါ အသက်အရွယ်မည်မျှရှိကြောင်းများကို ဂါထာဗန္ဓဖွဲ့၍ ဖြေဆိုလေသည်၊ ပြည်ပဋ္ဌင်းကျော်သည် အင်းဝပဋ္ဌင်းကျော်ထက် ၇-ဝါခန့်ကြီးလေသည်။

ထိုအကြောင်း အနောက်ဖက်လွန်မင်းတရားကြီး သိတော်မူ၍ ပဉ္စင်းကျော် ၂-ပါးနှင့် အခြားဆရာတော်များကို လေးထပ်ကျောင်းတော်မှာ စည်းဝေးစေ၍ ဆုံမိစေ၍ ဆွမ်းအာဟာရ ဒါယကာခံ၍ စာပြောစေတော်မူ၏၊ ဓာတုကထာဋီကာ (ဓာတုကထာမူလဋီကာ)ကို ပြောပြရာတွင် အင်းဝပဉ္စင်းကျော်ကို ပြည်ပဉ္စင်းကျော်က ၂-ကြိမ်သာပလေသည်။ ဂန္ထန္တရနှင့် စပ်သည်မှာ ပြည်ပဉ္စင်းကျော်က ဝါးခွဲသကဲ့သို့ ရှိ၏၊ အင်းဝပဉ္စင်းကျော်ကမူ ဝိဂြိုဟ်ဝစနတ်စသည်၌ မိုးသေးမိုးဖွဲကျသကဲ့သို့ ဖြစ်သည်ဟု ဆိုရိုးရှိလေသည်။

## ဘွဲ့တံဆိပ် အလှူခံ
## ကျောင်းအလှူမခံရမီ ပျံလွန်

အင်းဝပဉ္စင်းကျော်သည် သာလွန်မင်းတရားလက်ထက် အရိယာလင်္ကာရ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်၊ ကောင်းမှုတော်ကြီး တောင်ဖက် ဒက္ခိဏာဝန်ကျောင်းတိုက်ကို အလှူခံရအံ့ဆဲဆဲတွင် အလှူမခံလိုက်ရပဲ ပျံလွန်တော်မူခဲ့လေသည်။

ထေရော အရိယလင်္ကာရော၊ လင်္ကာရော ဗုဒ္ဓသာသနေ။
သာသနံ အလံ ကရိတွာန၊ ပယာတော မစ္စုနော မုခံ။

## နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရမဟာထေရ်

ဆရာတော်အရှင်အဂ္ဂဓမ္မာလင်္ကာရသည် အင်းဝမြို့၌ ဝန်ကြီးနေမျိုးနော်ရထာနှင့် ဝန်ကတော်တို့မှ သက္ကရာဇ် ၉၆၀-ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ရှင်သာမဏေဘွဲ့ ရှင်အဂ္ဂဓမ္မ ဖြစ်လေသည်၊ ရဟန်းပြုချိန်တွင် ဥပသမ္ပဒဘိသိက်ခံယူကာ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊ ရဟန်းဘွဲ့မှာလည်း အရှင်အဂ္ဂဓမ္မပင် ဖြစ်လေသည်။

နောက်တွင် "အဂ္ဂါဓမ္မာလင်္ကာရ တိသာသနာလောက"ဟူသောအမည်တို့ဖြင့်လည်း လွှန်စွာထင်ရှားတော်မူလေသည်။

## နန်းကျောင်းဆရာတော်တွင်ခြင်း

သက္ကရာဇ် ၁၀၁၀-ခုနှစ်တွင် အင်းဝနန်းတက်သော မင်းရဲရန္တမိတ် (ပင်းတလဲမင်း)မင်း၏ မြောက်နန်းတော်ဖျက်၍ ကျောင်းဆောက်လှူဒါန်းခြင်းကို ခံတော်မူရသဖြင့် ယင်းနန်းကျောင်း၌ သီတင်းသုံးတော်မူသည်၊ ထို့ကြောင့် နန်းကျောင်းဆရာတော်ဟု တွင်လေသည်။

## နန်းကျောင်းမှုသဒ္ဒါကြီးနိသျတွင်

ယင်းနန်းကျောင်းဆရာတော် ရေးသားစီရင်တော်မူခဲ့သော သဒ္ဒါကြီးနိသျသည် နန်းကျောင်းနိသျဟု တွင်လေသည်။

## အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရု

ဆရာတော်သည် "အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်၊ ရဲဖန်ရဲ့ါ မင်းရဲရန္တမိတ်

မင်းတရား၏ နန်းတော်သို့ ပင့်ဖိတ်သဖြင့် ကြွရောက်တော်မူကာ မင်းတရားအား ဩဝါဒတရား ဟောကြားတော်မူရလေသည်။

## စကားပြောသိမ်မွေ့

စကားအရာလည်း သိမ်မွေ့လှသည်၊ မင်းပရိသတ်အား ရဟန်းတော်တို့နှင့် မဆိုင်သော နိုင်ငံရေးရာများ မိန့်ကြားတော်မူလေ့မရှိဟု သိရ၏၊ ဝိနည်းသိက္ခာပုဒ်တော်လည်း လေးစားတော်မူသည်။

## ကျမ်းဂန်များကို ပြုစုတော်မူခြင်း

ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ

၁။ မာတိကာအရကောက်

၂။ ဓာတုကထာပါဠိတော်နိဿျ
(ဓာတုကထာအရကောက်ဟုလည်း ခေါ်သည်။)

၃။ ယမိုက်ဆယ်ကျမ်း ပါဠိတော်နိဿျ
(ယမိုက်အရကောက်ဟုလည်း ခေါ်သည်။)

၄။ ပဋ္ဌာန်းပါဠိတော်နိဿျ
(ပဋ္ဌာန်းအရကောက်ဟုလည်း ခေါ်သည်။)

၅။ မူလဋီကာဒွါရကထာအဖွင့်နိဿျ

၆။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိဿျ

၇။ သဂြိုဟ်ကျမ်းရိုးကြီး

၈။ ရာဇဝင်ချုပ်

၉။ သဒ္ဒါကြီးရှစ်စောင်နိဿျ စသည်တို့ ဖြစ်ကုန်၏။

## သဒ္ဒါကြီးရှစ်စောင်နိဿျ

ယင်းကျမ်းများအနက် သဒ္ဒါကြီးရှစ်စောင်နိဿျမှာ န္യာသ, သုတ္တနိဒ္ဒေသစသည်တို့ကို မှီငြမ်းပြု၍ ရေးသော ကျမ်းဖြစ်လေသည်။ လွန်စွာကောင်းမွန်ပြည့်စုံသော ကျမ်းဖြစ်၏၊ ယင်းသို့ ပြည့်စုံကောင်း

မွန်သဖြင့် ယခုတိုင် မရိုးနိုင်ပဲ သင်ယူလေ့လာကြရကုန်၏၊ အပိုင်းကဏ္ဍအဦးတိုင်း၌ ပဏာမ, ပဋိညာဉ်, ဂန္ထာရမ္ဘဂါထာများ ဖော်ပြ၍လည်းကောင်း၊ အပိုင်းကဏ္ဍအဆုံးတိုင်း၌ ဂါထာများဖြင့် နိဂုံးအုပ်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ သန္ဓိအပိုင်း ကျမ်းဦးဂါထာမှာ–

ရာဇုတ္တရော အမိဂုဏ-သမ္ဘဝေါ မောက္ခဒါယကော။
သမ္မာသင်္ကပ္ပစိတ္တဿ၊ သမ္မာ ရက္ခတု မေ မနံ။

ဟူသော ဂါထာဖြင့် ဖော်ပြ၍ ကျမ်းစာကို စတင်ခဲ့ပြီး သန္ဓိနိဂုံး၌–

အဂ္ဂမဟေဝ အာဒိမှိ၊ အလင်္ကာတိယော ယောဝိဒူ။
တေန ရူပံဝ ထေရေန၊ သန္ဓိကပ္ပေ သုဒါဟဋံ။

မယုဒ္ဓါရိတရူပံဝ၊ ဝလဥ္စ္ဆု ယထိစ္ဆိတံ။
သံသန္ဒိတွာ နျာသေဟိ၊ မံပိ ဇာနန္တု သာသနေ။

ဟူသော ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

## အရိမေတ္တေယျဘုရားလက်ထက် အရဟတ္တဖိုလ်ရလို

ဤသို့သဘောရှိသော ကောင်းမှုကြောင့် အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်ရလိုကြောင်း ဘုရားဟူ၍ ကြားရာခဏ၌ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ရလိုကြောင်း–

ဣမိနာ ပုညကမ္မေန၊ မေတ္တေယျံ သမဏုတ္တမံ။
ဗုဒ္ဓေါတိ သုတကာလေဝ၊ လဘေယျံ အန္တိမံ ဖလံ။

ဟူသော ဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

## သာသနာကြာရှည်တည်ကြောင်း တောင့်တ

သဒ္ဒါကြီး နာမ်အပိုင်းနိဿျ ကျမ်းဦး၌ “လောကသုံးပါး၌ ဘုရားဇိနေ၁်၏ သာသနာတော် ကြာရှည်လေးမြင့် တည်ထွန်းပါစေသတည်း၊ ကြာရှည်လေးမြင့် တည်ခြင်းကို ငါသည် အလိုရှိ၏၊ ငါ၏ အကြံအစည်ကောင်းသည်လည်း မကြာမတင် လျင်စွာ ပြည့်စုံပါစေသတည်း”ဟု–

စိရံ တိဋ္ဌတု လောကမှိ၊ သာသနံ ဓမ္မရာဇိနော။
အာကင်္ခါမိ စိရံ ဌာနံ၊ သင်္ကပ္ပေါပိ သမိဇ္ဈတု။

ဟူသော ဂါထာဖြင့် ပတ္ထနာပြုတော်မူခဲ့လေသည်၊ ၎င်းပြင် နာမ်အပိုင်း နိဂုံး၌–

အာဒါယော အဂ္ဂဓမ္မောထ-အလင်္ကာရောတိ ဝိဿုတော။
တေန ဥဒ္ဒါရိတံ ရူပံ၊ ဣမံ သိက္ခန္တု သာဓဝေါ။

ဟူသော ဂါထာဖြင့် ဤရုပ်ကို (ဤကျမ်းကို) သင်ယူကြဖို့ရန် တိုက်တွန်းတော်မူခဲ့လေသည်။ ကာရကပိုင်းနိဿျ ကျမ်းဦး၌လည်း–

ရစိဿာမိ သမာသေန၊ ရူပမတ္တံ သုခါဝဟံ။
ကာရကံ တံ ဘိဝန္ဒိတွာ၊ သဗ္ဗညုံ စ ဂုရုံပိ မေ။

ဟူသော ဂါထာဖြင့် ဘုရားရှင်နှင့် ဆရာသခင်ကို ရှိခိုးဦးချတော်မူခဲ့ပြီး၊ ကာရကကျမ်းကို အကျဉ်းပြုစုမည်ဖြစ်ကြောင်း ပဋိညာဉ်ပြုတော်မူခဲ့လေသည်။ တဖန် ယင်းကာရကကျမ်း နိဂုံး၌လည်း–

အာဒိမှိ အဂ္ဂသဒ္ဒေန၊ ဓမ္မာလင်္ကာရသညိနော။
ထေရေနုဒ္ဒါရိတံ သာဓု၊ ရူပံ ကာရကနိဿယော။

မယာ ကတံ သမာသေန၊ ဣမံ ဥတ္တာန သဏ္ဌနာ။
ဣစ္ဆိတပ္ပံ ဝဍ္ဎဍ္ဎန္တု၊ မံပိ ဇာနန္တု သာသနေ။

ဟူသော ၂-ဂါထာဖြင့် အလိုရှိအပ်သော အရာကို သုံးဆောင်ကြစေကုန်၊ သာသနာတော်၌ ငါ့ကိုလည်း သိစေကြကုန်ဟု ဖော်ပြခဲ့လေသည်။ သမာသ်အပိုင်း၏ အစ၌လည်း–

ဝန္ဒိတွာ ဝရပညော ယော၊ ဗောဓေသိ ဇနတံ ဗဟုံ။
တံ ရစိဿံ သမာသေန၊ သမာသံ သာတ္ထရူပကံ။

ဟူသော ဂါထာဖြင့် ဗုဒ္ဓပဏာမနှင့် ပဋိညာဉ်ကို ပြုတော်မူခဲ့လေသည်။ အဆုံး၌–

အဂ္ဂမဓမ္မေန အာဒိမှိ၊ အလင်္ကာရောတိ သညိနာ။
ထေရေန ရစိတော ဧသော၊ သမာသကပ္ပနိဿယော။

ညာဏသမ္ဘယုတ္တစိတ္တေန၊ အလင်္ကိတံ မယာ ဇိနာ။
ဂဟေတွာ ဣစ္ဆိတံ သောတု-ဇနာ သိက္ခန္တု သာသနေ။

ဟူသော ၂-ဂါထာဖြင့် ဥယျောဇဉ်ကို ခမ်းနားစွာ ဖော်ပြတော်မူခဲ့လေသည်။ တဒ္ဓိတ်ပိုင်း၏ အစ၌လည်း–

ဟိတာဝဟံ ဝေနေယျာနံ၊ ဗုဒ္ဓံ ဓမ္မံ ဂဏံ ဝရံ။
ဝန္ဒိတွာ သောတုဇနာနံ၊ ဟိတာယ ဓမ္မမာမကော။
ဝစိဿာမိ သမာသေန၊ တဒ္ဓိတတ္ထံ သရူပကံ။

ဟူသော ၁-ဂါထာခွဲဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ် ပြုတော်မူခဲ့လေသည်။

## ဟိမဝန္တာ၌ နတ်ဖြစ်လိုကြောင်း တောင်းဆုချွေ

မထေရ်မြတ်သည် ယင်းတဒ္ဓိတ်ပိုင်း၏ အဆုံး၌

အဋ္ဌကထာသုလင်္ကာရေ၊ နာမကေဗ္ဗ သုဒါဟဋ္ဌာ။
ကမာ အနေကသုတ္တာနံ၊ ကစ္စာနဝရဗုဒ္ဓိနာ။

ဂဒိတံ သာခုကံ အဂ္ဂ-မဟာလင်္ကာရနာမိနော။
တေသံ ရူပံ သမာသေန၊ တဒ္ဒိပဿိတာဂဒိနော။

မယာ ဝုတ္တံ ကမံ ဥတ္တာ၊ မေတ္တာစိတ္တေန သဗ္ဗဒါ။
မမံ မညန္တု သုဏန္တု၊ ဂဏာသာရဂဝေသယော။

ကမိနာ ပုညကမ္မေန၊ စဝမာနေ ကတော ဘဝေ။
ဟိမဝန္တေ မဟာသီလ-ပညော သုရော ဘဝါမဟံ။

ဟူသော ၄-ဂါထာဖြင့် . . . . စာသင်သားအပေါင်းတို့ မိမိ (အရှင်အဂ္ဂမဟာလင်္ကာရ)အား အမှတ်ရကြရန်နှင့် ဤဘဝမှ စုတေပြီးနောက် ဟိမဝန္တာတောင်မြတ်၌ မြတ်သော သီလ,ပညာရှိသော နတ်ဖြစ်လိုကြောင်း တောင်းဆုချွေတော်မူခဲ့သည်။ အာချာတ်ပိုင်းနိသျ အစ၌လည်း—

ဆေကံ အာချာတကပ္ပေသု၊ နရသီဟံဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ ရူပံဝ၊ တဿ ဝိဿံ သမာသတော။

ဟူသော ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်ကို ပြုတော်မူခဲ့လေသည်။ အာချာတ်ပိုင်းနိသျ အဆုံး၌ကား—

အဂ္ဂသဒ္ဒေန သံယုတ္တာ-မဟာလင်္ကာရ သညိနာ။
ထေရေနုဒ္ဓါရိတံ ရူပံ၊ မိဒံ သိက္ခန္တု သဇ္ဇနာ။

ဟူသော ဂါထာဖြင့် အာချာတ်ကျမ်းရုပ်ကို ကြိုးကြိုးပမ်းပမ်း သင်ယူကြရန် ဉယျောဇဉ်ပြုတော်မူခဲ့လေသည်။ ကိတ်အပိုင်းနိသျ အစ၌လည်း—

ဝရံ ပုညံ မဟာပုညံ၊ ဗုဒ္ဓံ ဓမ္မံ နိရင်္ဂဏံ။
သံဃံ တသောရသံ ဒါနိ၊ သောပကာရံ ဂရုံပိ မေ။

ဝန္ဒိတွာ သိရသာကိဗ္ဗိ-ကတ ဝေရဂဏောနဟံ။
ကိတကပ္ပဿ ရူပဉ္စ၊ ဥဒ္ဓရိဿံ သမာသတော။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ဂရုပဏာမ, ပဋိညာဉ်ကို ပြုတော်မူခဲ့လေသည်၊ ကိတ်ပိုင်းနိဂုံး၌ ဂါထာတစ်စုံတစ်ရာဖြင့် လိုအင်ဆန္ဒဖော်ပြချက်ကို မတွေ့ရချေ။ ဥဏာဒိကျမ်းနိသျ အစ၌—

ဝရပ္ပမညမဟာပုညံ၊ ဗုဒ္ဓံ ဓမ္မံ နိရင်္ဂဏံ။
တယောရသံဘိဝန္ဒိတွာ၊ သံဃံ ဂုရုဉ္စ သာဒရံ။
ဥဒ္ဓရိဿံ သမာသေန၊ ရူပံ ဥဏာဒိနော ဓုနာ။

ဟူသော ၁-ဂါထာခွဲဖြင့် ရတနတ္တယပဏာမ, ဂရုပဏာမ, ပဋိညာဉ်တို့ကို ပြုတော်မူခဲ့လေသည်။ သဒ္ဒါကြီးရှစ်စောင်နိသျ တစ်ခုလုံးအနေဖြင့်—

အာဒိမှိ အဂ္ဂဓမ္မောတိ-[1]၊ အလင်္ကာရောထ ဝိဿုတော။
တိသာသနမှိ အာလောကော၊ ဘူတတ္ထာ စိဟနံ တထာ။

ယော ထေရော ဇိနစက္ကမှိ၊ ဓာရေတိ သာသနံ စိရံ။
တေန ဥဒ္ဓါရိတံ သာဓု-ရူပံ ဥဏာဒိနော ပရံ။

မယုဒ္ဓါရိတရူပမှိ၊ သိက္ခန္တု သဇ္ဇနာ သဒါ။
မေတ္တာစိတ္တေန သံယုတ္တာ၊ မံပိ မညန္တု သဗ္ဗဒါ။

ဟူသော ၃-ဂါထာဖြင့် မိမိ၏ "အလင်္ကာရ"ဟူသော ဘွဲ့တံဆိပ်, "တိသာသနာလောက"ဟူသော ဘွဲ့မည်တို့ဖြင့် ထင်ရှားကြောင်းကိုလည်း ထပ်လောင်းဖော်ပြ၍လည်း ကျမ်းစာကို ကမ္ပတ်ဖုံးတော်မူခဲ့လေသည်။

---

၁။ အာဒိမှိ= ရဟန်းဖြစ်စ ရှေးကာလ၌။ အဂ္ဂဓမ္မောတိ= အဂ္ဂဓမ္မဟူ၍။ ဝိဿုတော= ကျော်စောထသော။. . . .။ (သဒ္ဒါကြီးနိသျနိဂုံးအနက်။)

## အဖိုးတန်ကျမ်းကြီး

ဖော်ပြပါ သဒ္ဒါကြီးရှစ်စောင် နိသျကျမ်းကြီးကား လွန်စွာ တန်ဖိုးရှိလှ၏၊ ရုပ်တွက်ပုံ, အဓိပ္ပါယ်ခဲရာခဲဆစ်တို့ကို ရှင်းလင်းချက် တို့ဖြင့် တန်ဆာဆင်၍ ရေးသားထား၏၊ စင်စစ်မူကား အင်းဝခေတ် ဗျာကရုဏ်းချနည်း သဒ္ဒါချနည်းကို ဤကျမ်းကား ပြောပြနေ၏။

ဥပမာ သုတ်မူ သဒ္ဒါဘာသာ ဆရာတော်သည် ထိုခေတ်ကကို ခေတ် အလိုက် ခေတ်မှီပညာတတ် ဖြစ်၏၊ စာသင်သား ရှင်,ရဟန်းငယ် တို့နှင့် အံဝင်ဂွင်ကျဖြစ်အောင်–

ကတ္တာတိ ဝုစ္စတိ သည်-ကား၊ ကမ္မံ ကို-သို့ဒွယံ မတံ။
ကရဏံက္ကတိ ဖြင့် ဧ ယျံ၊ သမ္ပဒါနံ အား-ငှာ မတံ။

မှ,ကြောင့်,အောက်,ထက် အပါဒါနံ၊ သမ္ဗန္ဓောက္ကတိ ၏ မတော။
ကွစိပ္ပဓာနကြိယာယံ၊ အာခါရော ၌တိ သညိတော။

သော်,လတ်သော်လက္ခဏံ ဧ ယျံ၊
ထသော သော၀ ဝိသေသနံ။
အားဖြင့် ဝိသေသနံ ကွစိ၊
ကြောင့်,ဟိတ် တွင်-ဟု နိဒ္ဒါရဏံ။

သဟယော ဝေါတုနှင့်ပြီး၍၊ ပုဗ္ဗကာလကြိယာ မတာ။
လျက်ဝစနံ ဝိသေသနံ၊ ကွစိ အရုစိယံ မတံ။

၍,ရကား ကြိယာဝိသိဌ၊ ကွစိတိတိ စ ဒွယံ ဘဝေ။
သုသိက္ခိတာ က္ကမာ ဂါထာ၊ နဝါ သိက္ခန္တု သောတာမရော။

ဟူသော ပါဠိမြန်မာ မိဿကဂါထာတို့ဖြင့် ကတ္တား, ကံစသည်တို့၏ သဘောနှင့် စာစပ်နည်းကို ဖော်ပြတော်မူခဲ့လေသည်။ ဥပမာ–

သည်,ကား စ ပထမာ ဝုတ္တာ၊ ကို,သို့ စ ဒုတိယာ မတာ။
အား,ငှာ စ စတုတ္ထီ မတာ၊ သည်,နှင့်,ဖြင့်,ကြောင့် စ တတိယာ။

မှ,ကြောင့်,အောက်,ထက် ပဉ္စမီ စေဝ၊
၏,တွင်,သည်,ကို ဆဋ္ဌီ မတာ။
၌,တွင်,ရကား မူကား,ကြောင့် စ၊
သတ္တမီတိ ပဝုစ္စတိ။

ပတ်လုံး,တိုင်တိုင် စ အစ္စန္တ-သံယောဂေ ဒုတိယာ မတာ။
အို,ဟယ်,အချင်း အမင်း စေဝ၊ အာလပနမုဒီရိတံ။

တို့,ကုန်မပါ ဧကဝုစ်ဥဿ ယျာ၊ တို့,ကုန်ပါရာ ဗဟုဝုစ်မတာ။
မြန်မာ့ဘာသာ ဣမာ ဂါထာ၊ ပဏ္ဍိတေဟိ သုလက္ခိတာ။

ဘော ဘောတိ ဂရုကံ ဥဿ ယျံ၊ ဟာ ဟာတိ ပိယဝစနံ။
ဟေ ဟေ အနာဒရေ စေဝ၊ တိဝိဓံ တဿ လက္ခဏံ။-[၁]
ဟူသော ပါဠိမြန်မာမိဿကဂါထာတို့ဖြင့် ဝိဘတ်သက်ရာသည်ကို ပြတော်မူခဲ့လေသည်။

ယင်းသဒ္ဒါကြီးရှစ်စောင် နိဿျကျမ်းကြီးမှာ ရှိုင်ဆိုက် ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်ရိုက် ပ၄မတွဲ ၆၁၀၊ ဒုတိယတွဲ ၅၇၅-ရှိလေသည်။ အခြားကျမ်းများကိုလည်း စာအုပ်စာမျက်နှာဖွဲ့ရလျှင် စာမျက်နှာ ငါးထောင်, ခြောက်ထောင်ရှိမည်ဟု ထင်မိလေသည်။

## အင်းဝခေတ်ကျမ်းပြုပုဂ္ဂိုလ်ကျော်

နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရကား အင်းဝခေတ်၏ ကြီးကျယ်မြင့်မားသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး မှန်လှပေသည်သာ။

---

၁။ နန်းကျောင်းဆရာတော်၏ သဒ္ဒါကြီးနိဿျ။ ၁။ ၉၈။

## ပျံလွန်တော်မူခြင်း

သက်တော်ကြီးရင့်တော်မူသော်လည်း ဓာပေချဲပို့မှု, ကျမ်းစာရေးသားမှုတို့ကို ရပ်ဆိုင်းတော်မူဟန်မတူ၊ ယင်းသို့ စာပေချဲပို့, ကျမ်းစာပြုစုဆဲတွင် ပျံလွန်တော်မူခဲ့လေသည်။

အဂ္ဂဓမ္မော မဟာထေရော၊ ထိရေသု သဏ္ဌိတော သုဓီ။
သုဝိသာသနံ ဇောတေတွာ၊ ပဝိဋ္ဌော မစ္စုနော မုခံ။

## နတ်စက်ရောင်
## ဓမ္မနန္ဒဓမ္မရာဇဂုရုထေရ်

အင်းဝခေတ်တွင် လောကီဗေဒင်ပညာတတ် ရဟန်းများကိုလည်း လေးမြတ်ကြကုန်၏၊ သာလွန်မင်းတရားလက်ထက် သက္ကရာဇ် ၁၀၀၀-ကျော်တွင် အင်းဝမြို့သို့ ရေနဲမြို့က ပဉ္စင်ပျိုတစ်ပါး ရောက်ရှိနေထိုင်၏၊ ဗေဒင်ဂဏန်း တတ်ကျွမ်း၏။

သာလွန်မင်းတရားက သက္ကရာဇ် ၁၀၀၉-ခုနှစ်၊ တော်သလင်းလကုန်ခါနီးတွင် တွေ့ဆုံမေးမြန်း၏၊ ထိုအခါ ရေနဲဦးပဉ္စင်းက ဗေဒင်ဂဏန်း များများမတတ်ပါ၊ ကာလကြီးတစ်ခုကိုသာ တတ်သည်ဟုဆို၏၊ ကာလကြီးတစ်ခုကိုပင် ချပေးပါတော့ဟု ဆိုချေသော် ကာလကြီးအလို စိုးရိမ်တော်မမူလင့်၊ သီတင်းကျွတ်လပြည့်ကို အောင်မြင်တော်မူမည်ဟု ဟောပြော၏၊ ယင်းဟောပြောချက်အတိုင်း မှန်ကန်လေသောကြောင့် "ရေနဲ နတ်စက်ရောင်"ဟု ထင်ရှားလေသည်။

ရွှေစည်းခုံဘုရားအနီး အရှေ့မြောက်ဖက်တွင် မုတ်မှန်ကင်းနှင့် ယွန်းကျောင်းဆောက်၍ တင်လှူခြင်းကိုလည်း ခံရလေသည်၊ "ဓမ္မနန္ဒဓမ္မရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်ကိုလည်း သာလွန်မင်းတရားက လှူဒါန်းလေသည်။-[၁]

## နတ်စက်ရောင်
## အရှင်စက္ကာဘိဃောသထေရ်

မင်းရဲကျော်ထင်လက်ထက် ဗေဒင်ကျမ်းတတ် နတ်စက်ရောင် ဆရာ အရှင်စက္ကာဘိဃောသအား မင်းရဲကျော်ထင်သည် ၁၁၃၉-ခု၊

---

၁။ သာသနာလင်္ကာရစာတမ်း။ ၁၆၉။

နယုန်လဆန်း ၁၁-ရက်နေ့တွင် မြေထဲကျောင်းကို တင်လှူကိုးကွယ်ခဲ့လေသည်။-[၁]

တဒါ အင်းဝသုပုရမှိ၊ ဝေဒသတ္တေသု ဂေါစရာ။
သမဏာပိ ပသိဒ္ဓါဝ၊ နရာဓိပေတိ ထမ္ဘိတာ။

၁။ မှန်နန်းရာဇဝင်။ ၃။ ၂၉၆။

# ပဥ္စမကျော်
# ဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇဂုရု
# စရစ်ဆရာတော်

စရစ်ဆရာတော်သည် စရစ်ရွာ၌ သက္ကရာဇ် ၁၀၆၁-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူလေသည်၊ ဇာတိရပ်ရွာကို စွဲ၍ စရစ်ဆရာတော်ဟု တွင်သည်၊ နံတော် အင်္ဂါသားတည်း၊ ဘွဲ့မည် ဦးဇမ္ဗူဖြစ်မည်ထင်မိ၏။ နောက်တွင် သာသနာပိုင်ဖြစ်သဖြင့် သာသနာပိုင် စရစ်ဆရာတော်ဟု တွင်လေသည်။

ကြက်သွန်ခင်း ဆရာတော်ကြီး၏တပည့် ဖြစ်လေသည်၊ ဉာဏ်လွန်စွာထက်မြက်တော်မူသည်၊ အင်းဝမင်းများလက်ထက်တွင် ပဥ္စမကျော် အောင်မြင်တော်မူခဲ့လေသည်။ စိတ်နှလုံး မွန်မြတ်လှပြီး စာပေကျမ်းဂန် တတ်မြောက်သည်။

## အလောင်းဘုရားတံဆိပ်လှူ

သက်တော် ၅၇-နှစ် ဝါတော် ၃၆-ဝါ ရရှိရာ သက္ကရာဇ် ၁၁၁၈-ခု၊ တန်ခူးလဆန်း ၁၅-ရက်နေ့တွင် အလောင်းဘုရားမင်းတရားသည် “ဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အခမ်းအနားဖြင့် လှူဒါန်းတော်မူလေသည်၊ တံဆိပ်တော်ကို စက္ကူနီရစ်၍ ပူတွင် သွတ်ပြီးလျှင် အလှူတော်ပူဇော်ပွဲများနှင့် စည်တော်ရွမ်း၍ မှူးတော်မတ်တော်တို့ ကြပ်မတ်လျက် လှူလေသည်။-[၁] ဆင်ဖြူရှင်လက်ထက်တွင် သာသနာပိုင် ဖြစ်တော်မူလေသည်။

## အရှူးတစ်ယောက်နှင့် အကောင်းများမရှူးသင့်

ကာမမြို့နေ အရှင်အရိယဝံသသည် ပျော်ပျော်နေတတ်သည့် ရဟန်းပုဂ္ဂိုလ်ဖြစ်လေသည်၊ တနေ့တွင် သာသနာပိုင် စရစ်ဆရာတော်

---

၁။ ကုန်းဘောင်ဆက်။ ၁။ ၁၉၂။

ရှေ့၌ အဖျင်းဖျင်းပြောဆိုသည်ကို လောင်းရှည်ဆရာတော်က သာသနာပိုင်က အရှုံးကို အလိုလိုက်သည်ဟု ပြောဆိုလေလျှင် အရှုံးတစ်ယောက်နှင့် အကောင်းများ မရှုံးသင့်ဟုသာ မိန့်တော်မူသည်။

## သာသနာပိုင်ဖြစ်တော့ ကုသိုလ်အဖြစ်နည်း

မာန်လည်ဆရာတော်ကြီးက စရစ်သာသနာပိုင်ဆရာတော်အား သာသနာပိုင်မဖြစ်ခင်ကနှင့် သာသနာပိုင်ဖြစ်သည့်အခါ ဘယ်အခါက ကုသိုလ်ပိုဖြစ်ပါသနည်း-ဟု မေးမြန်းလေရာ မင်းဧကရာဇ်ဆရာ သာသနာပိုင်ဖြစ်သည့်ကာလ ဗာဟိရအလုပ်တွေများသဖြင့် စာချမှု, ဘာဝနာပွားများခွင့် မရ၍ သာသနာပိုင်မဖြစ်ခင်ကလောက် ကုသိုလ်မရချေဟု ဆိုသတတ်။

## အလောင်းဘုရား ကျောင်းဆောက်ကိုးကွယ်

အလောင်းဘုရားသည် ဇေတုဝတီမြို့သို့ ပင့်၍ ကျောင်းဆောက်လှူဒါန်းလေသည်၊ ပဌမပြန်စာမေးပွဲနှင့် ပဍ္ဍင်းခံချိန် ရောက်ပြီဖြစ်၍ သာသနာတော်၏ အမြစ်အရင်းပင်မဖြစ်သော ပရိယတ်ကို အားထုတ်စေခြင်းငှာ ပါဠိ အဋ္ဌကထာ သရုပ်အဓိပ္ပါယ်မေးချိန်ကာလ ရောက်လျှင် အဓိပတိဆရာနှင့် အားထုတ်တော်မူပါဟု စရစ်ဆရာတော်အား အပ်လေသည်။

## ဆင်ဖြူရှင်ကျောင်းလှူ

ဆင်ဖြူရှင်မင်းတရားသည် သက္ကရာဇ် ၁၁၃၃-ခုနှစ်တွင် မြို့ကြီးအတွင်း၌ ရွှေဘုံကျော်ဥမင်ကို ပြင်ဆင်စေသည်၊ ဥမင်အနောက်ပြင်ယွန်းတွင် သာယာလှစွာသော မြေအပြင်ဝယ် ကျောင်းရံ ၄၆-ကျောင်းနှင့်တကွ လေးထပ်ဇေတဝန်ရွှေကျောင်းတော် ဆောက်လုပ်စေပြီး ဘုံကျော်စံလွှတ်ဟု အမည်သမိုက်စေ၍ ယင်းသည့် ၁၁၃၃-ခုနှစ်၊

တပေါင်းလဆန်း ၈-ရက်၊ အင်္ဂါနေ့တွင် စရစ်ဆရာတော်အား တင်လျှောက်မူလေသည်။

## ပျံလွန်တော်မူခြင်း

စရစ်ဆရာတော်သည် စာပေချပို့ခြင်း, သာသနာဝန်ထမ်းတို့၏ ကိစ္စရေးရာများ စီရင်ဆုံးဖြတ်ခြင်းစသည်တို့ဖြင့် သာသနာပြုတော်မူခဲ့ပြီး သက်တော် ၇၀ ပတ်ဝန်းကျင်လောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဇမ္ဗုဒီပါဒိနာမေန-ပါကဋ္ဌော သာသနမ္ဗရေ။
သာသနံ သော ဒီပယိတွာန၊ ပယာတော မစ္စုနော ဝသံ။

## ကြက်သွန်ခင်းဆရာတော် အရှင်ပါသံသမဟာထေရ်

ကြက်သွန်ခင်းဆရာတော်သည် ပဋိပတ်အားထုတ်မှု ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။

သက္ကရာဇ် ၁၀၅၅-ခုနှစ်တွင် ကြက်သွန်ခင်းရွာ၌ ဖွားမြင်တော်မူလေသည်၊ တနင်္လာနေ့သား-ဟု ဆို၏၊ သို့ရာတွင် ဘွဲ့တော်မှာ အရှင်ပါသံသ ဖြစ်လေသည်၊ နေ့သင့်နံသင့် မှည့်ခေါ်သော ဘွဲ့တော် မဟုတ်ပါချေ၊ ကြက်သွန်ခင်းရွာကို စွဲ၍ ကြက်သွန်းခင်းဆရာတော်ဟု သာသနာတွင် ထင်ရှားလေသည်။

## ရတနာပူရတတိယမြို့တည် မင်းတရားကိုးကွယ်

ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရားကြီး၏ ကိုးကွယ်ခြင်း ခံတော်မူရလေသည်၊ မြို့တော်အနောက်မျက်နှာ ကြက်သွန်ခင်းကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်။

## ကျောင်းတိုက်များ အလှူခံရခြင်း

၁၁၃၀-ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး၏ စစ်ကိုင်းမြို့ အရှေ့မြောက်ယွန်း တောင်ဘီလာမင်းဝံတောင်ရိုး အနောက်တွင် သုံးထပ်ဇေတဝန်ကျောင်း ဆောက်လုပ်တင်လှူခြင်းကို ခံတော်မူလေသည်။-[၁]

တဖန် ၁၁၃၂-ခုနှစ်၊ ကဆုန်လဆန်း ၂-ရက်နေ့တွင် စစ်ကိုင်းကောင်းမှုတော် အရှေ့တွင် တောရဇေတဝန်ကျောင်း တင်လှူခြင်းကို ခံတော်မူရပြန်လေသည်။-[၂]

---

၁။ ကုန်းဘောင်ဆက်။ ၁။ ၃၇၄။

၂။ ကုန်းဘောင်ဆက်။ ၁။ ၄၈၆။

ဆရာတော်ကား ခေါင်းပါးသောအကျင့် ရှိ၏၊ သီလသိက္ခာ ရှိသေလေးစားသည့်ဆရာတော်အဖြစ် သာသနာတွင် ပြောရိုးဆိုစဉ် ရှိလေသည်။

## ပျံလွန်တော်မူခြင်း

သက္ကရာဇ် ၁၁၃၇-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်၊ ကြက်သွန်ခင်းဆရာတော် သီလ သမာဓိ ပညာရှိသည်ဟု ဂုဏ်မျှသာ ကြွင်းလေတော့သည်။

ဘဒ္ဒန္တပါသံသော ထေရော၊ ပါသံသော ဗုဒ္ဓသာသနေ။
ပသံသဘာရတိယော၀၊ အစုနာပိ စ သုယျရေ။

## ပဝရာဘိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်အဂ္ဂါဝရထေရ်

အရှင်အဂ္ဂါဝရထေရ်သည် မင်းရဲရန္တမိတ်၏ညီ ပြည်မင်းလက်ထက်တွင် ထင်ရှားသည့်မထေရ်မြတ် ဖြစ်လေသည်။

## ဘုံစံဝတီနန်းဦးကျောင်း အလှူခံရ

ပြည်မင်းသည် အရှင်အဂ္ဂါဝရထေရ်အား ကြည်ညိုသဖြင့် ဘုံစံဝတီနန်းဦးကို ဖျက်စေ၍ ရွှေစည်းခုံအနောက် ကျောင်းရုံလေးကျောင်းနှင့်တကွ ဆောက်လုပ်စေတော်မူပြီး ၁၀၂၇-ခုနှစ်၊ ကဆုန်လဆုတ် ၅-ရက်နေ့တွင် အရှင်အဂ္ဂါဝရထေရ်အား တင်လျှုကိုးကွယ်တော်မူလေသည်။

## ပဝရာဘိရာဇဂုရုရရှိ ပျံလွန်

"ပဝရာဘိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ၁၀၂၇-ခုနှစ်တွင် အလှူခံရရှိတော်မူခဲ့လေသည်။-[၁]

အရှင်အဂ္ဂါဝရသည် မင်းမြတ်လျှုဒါန်းအပ်သော ကျောင်း၌ သီတင်းသုံးတော်မူကာ သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့လေသည်၊ ယင်းဆောင်ရွက်တော်မူဆဲတွင် လွန်တော်မူခဲ့လေသည်။

အဂ္ဂါဝရော မဟာထေရော၊ အင်းဝဝံသေ သုပါကဋော။
ဇိနသာသနဝံသံ သော၊ ဒီပေတွာန ဒိဝံဂတော။

---

၁။ မှန်နန်းရာဇဝင်၊ ၃။ ၂၈၀-ကြည့်။

## ဆရာတော်ပုညရံသီမဟာထေရ်

ဆရာတော်သည် အင်းဝ၌ သီတင်းသုံးတော်မူ၍ သာသနာပြုခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ အဖ-ဦးဖြူ၊ အမိ-ဒေါ်ညက်တို့မှ ၁၁၄၀-ပြည့်တွင် ဖွားမြင်တော်မူသည်၊ ငယ်နာမည် မောင်ပိုး ဖြစ်လေသည်။

ကျောင်းသားအရွယ်တွင် မင်းအိုဆရာတော်တပည့် အရှင်သဒ္ဓမ္မရံသီထံတွင် ပညာသင်ကြားတော်မူခဲ့လေသည်၊ သာမဏေအရွယ်တွင် သာမဏေပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သာမဏေဘွဲ့ ရှင်ပုည ဖြစ်လေသည်၊ သက်တော် ၂၀-တွင် ရဟန်းပြုတော်မူခဲ့လေသည်၊ ရဟန်းဘွဲ့တော်မှာ အရှင်ပုညရံသီ ဖြစ်လေသည်။

## အရည်အချင်းပြည့်ဝ

အရှင်ပုညရံသီသည် ဥပဇ္ဈာယ်ဆရာတော်ထံ၌ ပညာရပ်များကို သင်ကြားခဲ့ရာ စာပေကျမ်းဂန် အရည်အချင်း၊ ကဗျာလင်္ကာ မေတ္တာစာ ရေးသားရာ၌ နိုင်နင်းမှုစသော အရည်အချင်းတို့နှင့် ပြည့်စုံတော်မူခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော်ထံ၌ တပည့်တပန်း ရဟန်းသာမဏေတို့ကို စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ဖာလ်နန်းရှင်က နေပြည်တော်ပင့်

ယင်းသို့ ညောင်ကန်ရွာ၌ ဥပဇ္ဈာယ်ဆရာတော်ထံ စာပေချပို့နေထိုင်စဉ် ရတနာပူရ စတုတ္ထမြို့တည် ဖာလ်နန်းရှင်မင်းတရားပင့်လျှောက်သဖြင့် သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် မြို့တော်သို့ ကြွတော်မူရလေသည်။

နေပြည်တော်သို့ ရောက်သောအခါ အမရပူရမြို့တော် အရှေ့မြောက်ထောင့် မင်းအိုတိုက် အောင်မြေဘုံကျော် ကျောင်းတော်တွင် သီတင်းသုံးတော်မူခဲ့လေသည်။

# အင်းဝမြို့
# မဟာအောင်မြေဘုံစံကျောင်းတော်
# အလှူခံရခြင်း

သက္ကရာဇ် ၁၁၈၅-ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့တွင် အမရပူရမြို့တော်မှ အင်းဝမြို့သို့ ပြောင်းရွှေ့စံတော်မူသည့် အခါတွင် ဖာလ်နန်းရှင်မင်းတရားကြီး၏ မိဖုရားခေါင်ကြီး "သိရီပဝရ-တိလောကမဟာမင်္ဂလာရတနာဒေဝီ"ဘွဲ့မည်ခံ နန်းမတော်မယ်နု၏ အင်းဝမြို့ အရှေ့မြောက်ထောင့် ထီးလှိုင်ရှင်ဘုရားအနီး စေတီတိုက် အတွင်း တံတိုင်း မီးတားနှင့်တကွ ခမ်းနားစွာဆောက်လုပ်အပ်သော မဟာအောင်မြေဘုံစံကျောင်းတော်ကြီးကို ၁၁၈၉-ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက်နေ့တွင် ကပ်လှူခြင်း ခံရလေသည်။

## ရာဇာဓိရာဇဂုရု

ယင်းကျောင်း ကပ်လှူခံရသည့်နေ့တွင်ပင် "ပုညာဘိသိရီ-သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။-[၁]

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များကို ပြုစုတော်မူခဲ့ရာ-

၁။ သဂြိုဟ်နိသျ

၂။ သုဗောဓာလင်္ကာရနိသျ စသည်တို့ ဖြစ်ကုန်၏။

ဆရာတော်အရှင်ပုညရံသီသည် ပင်ကိုဉာဏ် ထက်မြက်သည်၊ ပါဠိ အဋ္ဌကထာ ဋီကာ ကျနသည်၊ သတ္တိဗျတ္တိ စွယ်စုံရှိသည်ဟု သိရ၏။

---

၁။ ကုန်းဘောင်ဆက်၌ ၁၁၈၂-ခုနှစ်ဟု ဆို၏။

## ကျော်စောခြင်းမျှ ကြွင်းကျန်ရ

စာပေချုပ်ပို့, ကျမ်းစာပြုစုကာ သာသနာပြုဆဲဖြစ်ရာ သက်တော် ၅၁-နှစ်၊ သိက္ခာတော် ၃၁-ဝါ ရရှိရာ ၁၁၉၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်၊ ဆရာတော်အရှင်ပုညရံသီသည် သီလရှိသည်၊ ပညာရှိသည်၊ ကျော်စောခြင်းမျှသာ ကြွင်းကျန်ရတော့သည်။-[၁]

ပုညရံသိ မဟာထေရော၊ ပုညဝါ ဓိတိမာ သုဓီ။
ကိစ္စံ သော သာသနေ ကတွာ၊ ကိတ္တိသေသတ္တမာဂမီ။

---

၁။ မုံရွာသာသနာဝင်, ညောင်ကန်သာသနာဝင်ကို့လည်း ကြည့်။

## ဝါစ္စဝါစကဒီပနီကျမ်းပြုထေရ်

ရတနာပူရခေါ် အင်းဝမြို့တော်ကား ပါဠိ မြန်မာ ပညာရှိ ရဟန်းတော် များမြောက်စွာတို့ သီတင်းသုံးတော်မူကြ၍ စာပေပြုစု ရာ မြို့မွန်မြို့မြတ်ပါတည်း။

ဇိနံ နတွာ နိရုတ္တညုံ၊ ဝက္ခာမိ ဝါစ္စဝါစကံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာသနေ။

ဂါထာအစချီ ဂန္ထာရမ္ဘပြု၍ ရဟန်းသိက္ခာ ၅-ဝါရ အရှင်တေဇဝန္တ ပုဂ္ဂိုလ်မြတ်သည် ဂါထာပေါင်း ၅၉-ဂါထာဖြင့် ဝါစ္စဝါစကပါဌ်ကို ရေးသားစီရင်တော်မူခဲ့လေသည်။-[၁]

အင်းဝမြို့နေ မထေရ်တစ်ပါးသည် ဖော်ပြပါ ဝါစ္စဝါစကပါဌ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုဖော်ပြရာ ဝါစ္စဝါစကဒီပနီအမည်ရှိသောကျမ်း ကိုလည်း ရေးသားခဲ့လေသည်၊ ယင်းဝါစ္စဝါစကဒီပနီကျမ်းကို မတွေ့ရ ပါ၊ စလင်းမြို့တောင်ဖက် ၁၂-မိုင်ခန့်ကွာလှမ်းသော မုန်းချောင်းကမ်း ထိပ် သမန်းရင်ရွာနေ ဦးကျော်ဇံအိ+ဒေါ်လုံးလေးတို့မှ သက္ကရာဇ် ၁၁၇၇-ခုနှစ်ဖွား ၁၂၅၃-ခုနှစ်၊ ဝါခေါင်လဆုတ် ၂-ရက်၊ သောကြာ နေ့တွင် ကွယ်လွန်သော ရဟန်းဘွဲ့ အရှင်ကေလာသတွင်ခဲ့သော မင်းကြီး မဟာသီရိဇေယျသူဘွဲ့ခံ ဦးယံစီရင်သော ပိဋကတ်တော် သမိုင်း၌ ဆိုထားချက်အတိုင်း ဖော်ပြပါသည်။

အင်းဝဝှနဂရံ နာမ၊ ဝိဒ္ဒါနံ ဝသနံ ပုရံ။
ဝိဒ္ဒါနံ ကိစ္စကရဏ-ဌာနန္တိ ဝိသုတံ ပူရံ။

---

၁။ တဿ သုတသမ္ပန္နဿ၊ ပညာဓိရာနုပါယိနော။
သဒါ တေဇောတျဿတ္ထမှို၊ သိဒ္ဓနာမေန ဇန္တုနာ။
ဘိက္ခုနာ ပဉ္စဝဿေန၊ ကထံ ယံ ဝါစ္စဝါစကံ။
(ဝါစ္စဝါစက။ ၅၈၊ ၅၉။)

## ရတနာလင်္ကာရဘွဲ့တံဆိပ်တော်ရ
## အရှင်သာသနလောကထေရ်

အရှင်သာသနလောကထေရ်သည်လည်း မင်းရဲရန္တမိတ်၏ညီ ပြည်မင်းလက်ထက်တွင် ထင်ရှားသည့်မထေရ်မြတ်ဖြစ်သည်။

## ဘုံဝတီနန်းမကျောင်းအလှူခံရ

ပြည်မင်းတရားသည် ဘုံဝတီနန်းဦးဆောင်ကို ဖျက်၍ ရွှေစည်းခုံအနောက်ဖက်တွင် ကျောင်းဆောက်စေတော်မူ၍ အရှင်အဂ္ဂါဝရထေရ်အား တင်လှူတော်မူခဲ့လေသည်၊ ဘုံဝတီနန်းမကိုလည်း ဖျက်စေကာ ကျောင်းဆောက်လုပ်စေပြီး နောင်တော်အိမ်ရှေ့မင်းဆရာတော် အရှင်သာသနလောကထေရ်အား ၁၀၂၇-ခုနှစ်၊ ကဆုန်လဆုတ် ၅-ရက်နေ့တွင် တင်လှူတော်မူခဲ့လေသည်။-[၁]

## ရတနာလင်္ကာရဘွဲ့တံဆိပ်

ရတနာလင်္ကာရဘွဲ့တံဆိပ်တော်ကိုလည်း မင်းမြတ်က ထိုကျောင်းပူဇော်သည့်နေ့၌ပင် ဆက်ကပ်သဖြင့် အလှူခံတော်မူရလေသည်။

## လနေအလားထင်ရှားခဲ့

ပြည်မင်းလက်ထက်က အရှင်သာသနလောကနှင့် အရှင်အဂ္ဂါဝရတို့သည် လနေအလား ထင်ရှားသော မထေရ်မြတ်တို့ ဖြစ်ကြကုန်၏။

သာသနလောကေ သူရိယောဝ၊ စန္ဒော အဂ္ဂါဝရော ယထာ။
ဟဒါ အင်းဝပုရမှိ၊ ပါကဋာ ထေရကုဥ္ဇရာ။

---

၁။ အရှင်အဂါဝရထေရ်နှင့် တစ်နှစ်တည်း တစ်လတည်း တစ်နေ့တည်း တစ်ချိန်တည်း အလှူခံရလေသည်။
မှန်နန်းရာဇဝင်။ ၃။ ၂၈၀-လည်းကြည့်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂–ထပ်ရ အရှင်နန္ဒမေဓာမဟာထေရ်

ဆရာတော်အရှင်နန္ဒမေဓာသည် အဘိဓမ္မာကျမ်းဂန် အရပ်ရပ်တို့၌ လွန်စွာနိုင်နင်းကျွမ်းကျင်သည့် အဘိဓမ္မပါရဂူ ပုဂ္ဂိုလ်မြတ်တစ်ဆူဖြစ်တော်မူလေသည်။

သက္ကရာဇ် ၁၀၇၀-ခန့်တွင် ဇေတုတ္တရာမြို့၌ ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် သာသနာ့ဝန်ထမ်းဆောင်၍ ရှင်ရဟန်းပြုတော်မူခဲ့လေသည်။

## စာပေတတ်မြောက်ခြင်း

ပိဋကတ်ကျမ်းတတ် အနန္တဓဇမဟာရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်ဘီလူးဆရာတော်စသည်တို့ထံ ပိဋကတ်အခြေပြုကျမ်းများနှင့် ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့ရာ ပိဋကတ်ကျမ်းဂန်အရပ်ရပ်တို့ကို လွန်စွာနိုင်နင်း တတ်မြောက်တော်မူခဲ့လေသည်၊ အထူးသဖြင့် အဘိဓမ္မာပိဋကတ်လာ ခဲကတ်သိမ်မွေ့လှသော အဓိပ္ပါယ်သဘောသကန်တို့ကို သဘောပေါက်သိမြင် တတ်မြောက်တော်မူခဲ့လေသည်။

## ထန်းတပင်မြို့၌သီတင်းသုံး

ရွှေဘိုမြို့ မြောက်လက်ထန်းတပင်မြို့၌ သီတင်းသုံးတော်မူခဲ့လေသည်၊ ထန်းတပင်မြို့၌ အလောင်းမင်းတရား၏ ကျွန်ယုံတော်အမတ်ကြီး နန္ဒသီဟကျော်ထင် ဆောက်လုပ်လှူဒါန်းအပ်သော ခမ်းနားလှစွာသော တွင်းပနှစ်တန် ရွှေချလိမ်းကျံအပ်သော ဗောဓိကျောင်းကြီးကို အလှူခံ၍ သီတင်းသုံးတော်မူကာ စာပေချပို့ခြင်း, ကျမ်းစာရေးသားပြုစုခြင်း စသည်တို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

## စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း

ဋ္ဌမ ၎င်းနောက် စစ်ကိုင်းတောင်ရိုးရှိ တိလောကဂုရုကျောင်းတိုက် အမိုး ဘုံသုံးဆင့်ရှိသော ကျောင်းတွင် သီတင်းသုံးတော်မူခဲ့လေသည်၊ ထို့ကြောင့် "တိလောကဂုရုဆရာတော်"ဟုလည်း ထင်ရှားခဲ့ဘူးလေ သည်။

၎င်းပြင် ပုညရှင်စေတီ၏ အနောက်အရပ်၌ မင်းရဲမင်းလှ ရွှေတောင်-[၁] မင်းသားသည် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်း၌ ၅-နှစ်ကြာမျှ သီတင်းသုံးတော်မူကာ ဓူရနှစ်ပါးကို ပွားများအားသစ် တော်မူခဲ့လေသည်။

## အင်းဝမြို့၌ သီတင်းသုံးတော်မူခြင်း

၁၁၃၈-ခုနှစ်တွင် နန်းတက်သော ငစဥ့်ကူမင်းလက်ထက် အင်းဝမြို့ မိုးထိကျောင်းဟောင်းရာ၌ ဆောက်လုပ်သည့် မဟာမင်္ဂလာ ရွှေဘုံကျောင်း၌ သီတင်းသုံးတော်မူကြောင်း သိရ၏။-[၂]

## အတင်ဂိုဏ်းဝင်ဆရာတော်

အင်းဝခေတ်တွင် အတင်ဂိုဏ်း, အရုံဂိုဏ်း ကွဲပြားကာ နှစ် ဂိုဏ်းဖြစ်စဉ် အရှင်နန္ဒမေဓာဆရာတော်သည် အတင်ဂိုဏ်း၏ ခေါင်း ဆောင်ပင် ဖြစ်လေသည်။-[၃]

---

၁။ ငယ်မည် မောင်ရွှေဝိုင်းတည်း။

၂။ သုသောဓိတရာဇဝင်, ပိဋကတ်တော်သမိုင်း။ ၁၅၉။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၇။

၃။ သီလဝိသောဓနီ ၁၀၃-၌ အတင်ဖက်က တိလောကဂုရုဆရာတော် ဘုရားကြီးကို ဆိုသည်မှာ အရှင်နန္ဒမေဓာပင် ဖြစ်လေသည်။ ၎င်းပြင် ထန်းတပင်ဆရာတော်, သာလွန်ကျောင်းဆရာတော် ဘုရားများတို့ အတင်အနွယ်ဟူသည်-ဟူ၍လည်း သီလဝိသောဓနီ ၁၀၁-၌ လာသေးသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ဘိက္ခုပါတိမောက်ပါဠိတော်နိသျှယောင်း

၂။ ဘိက္ခုနီပါတိမောက်ပါဠိတော်နိသျှယောင်း

၃။ မာတိကာအရကောက်

၄။ ဓာတုကထာပါဠိတော်နိသျှ

၅။ ယမိုက်ဆယ်ကျမ်းအရကောက်

၆။ ပဋ္ဌာန်းအရကောက်(ပဋ္ဌာန်းပါဠိတော်နိသျှဟူ၍ခေါ်) စသည်တို့ ဖြစ်ကုန်၏။

## ယမိုက်အရကောက်ကျမ်းကြီး

ယမိုက်အရကောက်ကျမ်းကြီးမှာ လွန်စွာကြီးကျယ်ခမ်းနားလှပေ၏။ ယမိုက်ပါဠိတော်နိသျှဟူ၍လည်း ခေါ်သည်၊ တစ်ကမ္ဘာလုံးသုံးသော ကျမ်းကြီးဟု ဆိုနိုင်၏၊ ယိုးဒယားဘာသာသို့ မြန်မာရဟန်းတော် ဦးဇောတိကက ပြန်ဆိုခဲ့လေသည်၊ သီဟိုဠ်နိုင်ငံ၌ သီဟိုဠ်ဘာသာသို့ ရေရှကာနတ်ရွာသား သီဟိုဠ်ရဟန်းတော် အရှင်စန္ဒဝိမလက ပြန်ဆိုခဲ့လေသည်။ ကျမ်းဦး၌–

ယမဿ ဝိသယာတီကံ၊ လောကနာထံဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ အမလံ၊ ဂုဏာသာမိဉ္စ မေ ဂရုံ။

ပေါရာဏေဟိ ကတာနေကာ၊ သန္တိ ကိဉ္စာပိ နိဿယာ။
အတိသခေ်ပဝိတ္ထာရာ၊ န သက္ကာ သမ္ဗုဒ္ဓိတုံ။

ယမကဉ္စ ပကရဏံ၊ ကရိဿံ တေန နိဿယံ။
သိဿာနုသိဿသိက္ခတ္ထံ၊ ကာမော ဇောတိ စ သာသနံ။

ဟူသော ၃-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပက-ရဏဟေတု, ပယောဇဉ်, ပဋိညာဉ်တို့ကို ပြုတော်မူ၍ ကျမ်းကို ရေးသားတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး နိဂုံး၌လည်း–

နစ္စာယ ကေတာလေန၊ ကေတာလောတိ နာမကေ။
အဒ္ဓကုလသမာကိဏ္ဏေ၊ ဂါမေ ဝိသေသရာမကေ။

စသော ၁၀-ဂါထာတို့ဖြင့် ထန်းတပင်ရွာပြုပွတ်, ထန်းတပင်ရွာ၏ လှပသာယာပုံ, ယင်းထန်းတပင်ရွာ၌ နန္ဒသီဟကျော်ထင်အမတ် လှူဒါန်းအပ်သော ဗောဓိကျောင်းနေထိုင်စဉ် ကိုယ်တိုင် ပေပေါ်ရေးတင်၍ ပြုစုခဲ့ကြောင်း ဖော်ပြတော်မူခဲ့လေသည်။ ယင်းယမိုက်အရကောက်ကျမ်းကြီးမှာ ရွှင်ဆိုက် ဗုဒ္ဓသာသနာ့အဖွဲ့ရိုက် စာမျက်နှာ ၆၀၀-ရှိလေသည်။

## ပဋ္ဌာန်းအရကောက်

ပဋ္ဌာန်းအရကောက်ကျမ်းကြီးမှာလည်း ကျယ်ဝန်းပြောင်မြောက်ကောင်းမွန်ပြည့်စုံသော ကျမ်းဂန်ကြီးတစ်တူ ဖြစ်လေ၏၊ ပဋ္ဌာန်းပါဠိတော်နိသျှဟူ၍လည်း ခေါ်၏၊ ယိုးဒယားဘာသာသို့လည်း ဦးဇောတိက ပြန်ဆိုခဲ့၏၊ သီဟိုဠ်ဘာသာသို့လည်း ရေရှုကာနယ်ရွာသား အရှင်စန္ဒိမဝိလ ပြန်ဆိုခဲ့၏၊ ကျမ်းဦး၌–

အနန္တဉာဏသမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟဝိဓံသကံ။
ဝန္ဒိတွာ ပဝရဂဏံ၊ အာစရိယဉ္စ မေ ဂရုံ။

ပေါရာဏေဟိ ကတာနေကာ၊ ကိဉ္စာပိ သန္တိ နိဿယာ။
သခေ်ပတ္ထာ စ ဝိညာတုံ၊ န သက္ကာ ဝရသတ္တမံ။

တသ္မာဝါဟံ ကရိဿာမိ၊ အနန္တနယနိဿယံ။
သိဿာနုသိဿသိက္ခာတုံ၊ ကာမော ဇောတိံဝ သာသနံ။

ဟူသော ၃-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပကရဏဟေတု, ပယောဇဉ်, ပဋိညာဉ်တို့ကို ပြုတော်မူခဲ့လေသည်။ ဤပဌာန်းအရကောက်ကျမ်း၏ အဆုံး၌လည်း–

နဋ္ဌာယ ကေတာလေန၊ ကေတာလောတိ နာမကေ။
အမှုကုသလမာကိဏ္ဏော၊ ဂါမေ ဝိသေသရာမကေ။

စသော ၁၀-ဂါထာဖြင့် ယမိုက်အရကောက်ကြီးနည်းတူ စုံလင်စွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်၊ ယင်းပဌာန်းအရကောက်ကျမ်းကြီးကား စာမျက်နှာ-၆၁၈ ရှိလေသည်။

## ဆုတောင်းအမျိုးမျိုး

ဆရာတော်သည် ကျမ်းစာများကို ရေးသားပြုစုပါရကြောင်း ကောင်းမှုပုည အဝဝနှင့် အခြားကောင်းမှု အစုစုကြောင့် ဤဘဝမှနောက် ဒုတိယဘဝဖြစ်လျှင် သာသနာတော်တည်သရွေ့ ကာလပတ်လုံး ဘုရားသာသနာတော်ကို ကြည်ညိုကိုးစားသော အလွန်ပုဉ်းကြီးသော, သူခပ်သိမ်းတို့ကို ဘုန်းဖြင့်သာ အောင်နိုင်သော, သူတစ်ပါးတို့က မလွှမ်းမိုးနိုင်သော တန်ခိုးကြီးသော မင်းဖြစ်ရလိုကြောင်း-[၁] သာသနာတော်ကွယ်ပြီးနောက် နတ်ပြည်၌ အဆင့်ဆင့်တက်ကာ ဖြစ်ရလိုကြောင်း–

ကြမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
ကြတော စုတာဟံ ဒုတိယေ၊ အတ္တဘာဝမှိ အာဂတေ။

ဒေဝလောကေ ဝသိတွာန၊ ဗုဒ္ဓသာသနမာမကော။
အတိပုညော နရိန္ဒော၀၊ ပုညဇေယျော ပရာသဟော။

---

[၁] ယမိုက်အရကောက်နိဂုံး၌
(တန်ခိုးကြီးသောနတ် ဖြစ်ရလိုကြောင်း ဆို၏။)

ယာဝ တိဋ္ဌတိ သာသနံ၊ သာသနန္တရမာနေ စ။
ဥပရုပရိယာနတော၊ ဒေဝလောကေ ဝသိတွာန။

ဟူသော ၃-ဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

တဖန် မေတ္တေယျဘုရားလက်ထက်၌ သူတော်ဥစ္စာခုနစ်ဖြာနှင့် ပြည့်စုံသော တန်ခိုးကြီးသောမင်း ဖြစ်ရလိုကြောင်း, သာသနာတော်ကို ချီးမြှောက်ပြီး ဘုရားဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်စကားရ၍ ဘုရားဖြစ်လိုကြောင်း, ရှေးဘုရားလောင်းတို့ကဲ့သို့ ပါရမီတော်အဝဝကို ဖြည့်ကျင့်ပြီး ပညာဓိကဘုရား ဖြစ်ရလိုကြောင်း စသည်ဖြင့်−

မေတ္တေယျဇိနစက္ကမှိ၊ သတ္တဒ္ဓနာဒိပူရကော။
မဟေသက္ခော နရိန္ဒောဝ၊ ပုညာပုညော ဘဝါမဟံ။

သာသနံ ပဂ္ဂဟေတွာန၊ အဠင်္ဂသမန္နာဂတော။
လဒ္ဓေါ ဟုတွာ ဗျာကရဏံ၊ ခုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

ဗုဒ္ဓင်္ကုရာ ပုရာဓမ္မေ၊ စာဂေဝါ တိံသပါရမီ။
ပူရေတွာ ဗောဓိသေဋ္ဌံဝ၊ ခုဝံ လဘာမိ နာဂတေ။

မဂ္ဂင်္ဂနာဝမာရုယှ၊ သန္တာရေသံ သဒေဝကံ။
ဗုဒ္ဓေါ ပညာဓိကော ဟုတွာ၊ သံသာရသြဃသော တတော။

ဟူသော ၄-ဂါထာဖြင့် ပဋ္ဌာန်းအရကောက်နိဂုံး၌ တောင်းဆုချွေတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂-ထပ်ရ

ထန်းတပင်ဆရာတော်, တိလောကဂုရုဆရာတော်ဟု ကျော်ကြားတော်မူသော အရှင်နန္ဒမေဓာ ဆရာတော်ဘုရားကြီးသည် “တိပိဋကာလင်္ကာရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်နှင့် “နန္ဒမေဓာဘိသိရိပရမဇေမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၂-ထပ်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

မင်းအဆက်ဆက်တို့၏ ကိုးကွယ်မှုကို ခံယူ၍ သာသနာပြု တော်မူခဲ့ပြီး သက်တော်ကြီးရင့်တော်မူရာ အခါတွင် လုပ်လက်စ သာသနာ့တာဝန်များကို ထားတော်မူကာ ပျံလွန်တော်မူခဲ့လေသည်။

နန္ဒမေဓာဝှယော ထေရော၊ ကောဝိဒေါ ပိဋကတ္တယေ။
ဝိဒ္ဓတ္တံ သိသော ပါပေတွာ၊ ပယာတော မစ္စုနော ဝသံ။

## ဝဏ္ဏဗောဓနေသတ်အင်းကျမ်းပြု
## အရှင်ဥက္ကံသမာလာ

အရှင်ဥက္ကံသမာလာသည် အင်းဝနေပြည်တော်တွင် သက္ကရာဇ် ၁၀၇၆-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော မဟာသီဟသူရ-ဓမ္မရာဇာ တံဆိပ်နာမံ ခံယူတော်မူသော လောကမာရ်အောင်စေတီတော် ဒါယကာ တနင်္ဂနွေမင်းတရား၊ ဆင်ဖြူရှင်မင်းတရားဟု ကျော်ကြားတော်မူသော မင်းတရားကြီးလက်ထက်တွင် ထင်ရှားတော်မူခဲ့လေသည်။

## ဇာတိချက်ကြွေမွေးရပ်မြေ

မိတ္ထီလာခရိုင် သာစည်ဘူတာ၏အနောက်မြောက် ၄-မိုင်ခန့်ကွာလှမ်းသော ရွှေယင်မြော်ဘုရားအနီး ရွာကြီးရွာ၌ သက္ကရာဇ် ၁၀၃၀ ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ယင်းရွာကြီးရွာကား အစဉ်အဆက် ဘုရားကျွန်များနေထိုင်ရာ ရွာကြီးဖြစ်သည်။

## ကျောင်းနေပညာသင် ရှင်ရဟန်းပြု

ဆရာတော်လောင်းလျာသည် ရွှေယင်မြော်ရွာကြီး၏ အရှေ့မြောက်ယွန်း၌ တည်ရှိသော ယွန်းနှစ်ထပ်လည်ပေါ် သက်ငယ်မိုးကျောင်းကြီး၌ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်ခဲ့လေသည်၊ ရဟန်းဘွဲ့ အရှင်ဥက္ကံသမာလာ ဖြစ်လေသည်၊ နံတော် တနင်္ဂနွေသားတည်း။

## စာပေကျမ်းဂန်တတ်မြောက်ခြင်း

အရှင်ဥက္ကံသမာလာသည် ဉာဏ်ထက်မြက်သူဖြစ်သဖြင့် ယင်းရွှေယင်မြော်ကျောင်းဆရာတော်ကြီးထံ၌ ပိဋကတ်အခြေခံ ကျမ်းစာများနှင့် ပိဋကတ်ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ လောကရာဇရေးရာများ၌လည်း လိမ်မာကျွမ်းကျင်တော်မူလေသည်။

## အင်းဝနေပြည်တော်ကြွ သီတင်းသုံးတော်မူခြင်း

လောကမာရ်အောင် မင်းတရားကြီးလက်ထက်တွင် ယင်း လောကမာရ်အောင်စေတီတော် ဒါယကာ မင်းတရားကြီး၏ ယောက္ခမ တော် တွင်းသင်းမျုးကြီး သီရိဇေယျနော်ရထာက အင်းဝနေပြည်တော် သို့ ပင့်၍ ဧရာဝတီမြစ်ကမ်းအနီး ရွှေကြက်ယက်ဘုရားအနီးတွင် ကျောင်းကြီးဆောက်လုပ်၍ တင်လျှုကိုးကွယ်သဖြင့် ယင်းရွှေကြက်ယက် ဘုရားအနီး ကျောင်းကြီး၌ သီတင်းသုံးတော်မူခဲ့လေသည်။

## မင်းတရားက<br>ရာဇဂုရုဘွဲ့တံဆိပ် ကပ်လှူ၍ မကိုးကွယ်

ယင်းသို့ တွင်းသင်းမျုးကြီး၏ လေးမြတ်ကိုးကွယ်ခြင်းကို ခံယူ ရသော အရှင်ဥက္ကံသမာလာ ဆရာတော်ကြီးမှာ "မိုး၍ကွသည့် ရွာ ကြီးသား သက်ငယ်ကျောင်းသား ယွန်းကျောင်းသား"ဟူသော တဘောင် အရ ပေါ်ပေါက်ဖြစ်ထွန်းသူ ဖြစ်သည်ဟု ဆရာစဉ် ပြောဆိုကြကုန် ၏။

အရှင်ဥက္ကံသမာလာသည် စာပေကျမ်းဂန်တတ်မြောက်၍ ရာဇ ရေးရာ လောကရေးရာ ကျွမ်းကျင်ပါသော်လည်း ရွာကြီးသားဖြစ်၍ ဘုရားနှင့်စပ်သဖြင့် အမျိုးညံ့သောကြောင့် မင်းတရားကြီးက ရာဇ- ဂုရု ဘွဲ့တံဆိပ်လှူဆက်၍ မင်းဆရာအဖြစ် ကိုးကွယ်ခြင်း မခံရပါချေ။

## မင်းဆရာဖြစ်ထိုက်သည့်အင်္ဂါများ

မင်းဆရာဖြစ်ထိုက်သော ရဟန်းတော်တို့၏ အင်္ဂါများကား-

၁။ ပညာတတ်ခြင်း

၂။ ရုပ်ရည်ရူပကာယ လှပချောပြေခြင်း

၃။ အင်္ဂါချေလက်စသည် ချွတ်ယွင်းမှုမရှိရ

၄။ အမျိုးမြတ်ခြင်း

၅။ အပြောအဆို သိပ်သည်းကောင်းမွန်ခြင်းတို့ ဖြစ်ကုန်၏။

ပဏ္ဍိတော ရူပဝါ စေဝ၊ ကုလီနော သုဗ္ဗစောပိ စ။
ကတ္တုမင်္ဂေဟိ သမ္ပန္နော၊ ရာဇဂုရု ဘဝေ ယတိ။

## ကျမ်းဂန်များပြုစုတော်မူခြင်း

ဆရာတော်အရှင်ဥက္ကံသမာလာသည် ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ-

၁။ ဝဏ္ဏဗောဓနေသတ်အင်း
၂။ ကဝိကဏ္ဍပါသလင်္ကာ
၃။ တောင်ငူမင်းဆိုရတု စာဆိုတော်များအဖြေ
၄။ မန်းကျည်းကျင်ရွာစားလျှောက်ထုံး စသည်တို့ ဖြစ်ကုန်၏။

## ဝဏ္ဏဗောဓနေသတ်အင်းကျမ်း

ဝဏ္ဏဗောဓနေသတ်အင်းကျမ်းမှာ ကျမ်းစာဖြစ်ပေါ်သည်မှစ၍ ယခုတိုင် မရိုးနိုင်သော သတ်ပုံကျမ်းဖြစ်လေသည်၊ ပညာရှိ ကဝိစာဆိုတို့ အလေးဂရုပြုအပ်သော ကျမ်းပင် ဖြစ်လေသည်၊ အထူးသဖြင့် ညောင်ရမ်းဆယ်ဆက်မြောက် ဟံသာဝတီရောက်မင်း လက်ထက်တွင် ဝဏ္ဏဗောဓနေသတ်အင်းကျမ်းမှာ နန်းတော်သုံး နိုင်ငံတော်သုံး သတ်ပုံကျမ်း ဖြစ်လာလေသည်။ အရှင်ဥက္ကံသမာလာသည် ကျမ်းဦး၌–

အနေကကမ္ဗုတ္တာမာဂန္တွာ၊ မရမ္မဝိသယံ ကရိ။
ဟိတံ ဗဟုဇနာနံ ယော၊ သော သမ္ဗာလေတု မံ ဇိနော။

ယော ယာဒိသော = အကြင်သို့သဘောရှိသော။
ဇိနော = ငါးမာရ်အောင်မြင် သုံးလူ့ရှင်သည်။
မရမ္မဝိသယံ = မြန်မာ့တိုင်းပြည် အမည်သာစွ သုနာပရန္တ မြတ်ဌာနသို့။
အနေကကမ္ဗုတ္တာ = လူးလား ခေါက်ပြန် ကြိမ်ဖန်များစွာ။
အာဂန္တွာ = ကြွလာတော်မူ၍။

| | |
|---|---|
| ဗဟုဇနာနံ | = ပုဏ္ဏာ, သစ္စဝန်, သူမွန်တို့အား အရင်းကစ၍ မြန်မာပြည်သူ လူအပေါင်းတို့၏။ |
| ဟိတံ | = လူနတ်နိဗ္ဗာန် သုံးတန်စီးပွား ကျိုးမြတ်များကို။ |
| အကရိ | = ပြုတော်မူခဲ့လေပြီ။ |
| သော တာဒိသော | = ထိုသို့သဘော ရှိသော။ |
| ဇိနော | = မြတ်စွာဘုရားသည်။ |
| မံ | = အကျွန်ုပ်ကို။ |
| သမ္မာလေတု | = စောင့်ရှောက်နိစ္စ မ-တော်မူပါစေသတည်း။ |

ဟူသော အနက်မြန်မာပြန်စကားတို့ဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ၎င်းပြင်–

ပုဗ္ဗာစရိယသီဟာနံ၊ ဓီရာနံ ဝစနက္ကမေ။
မတံ နိဿာယ ဘာသာသု၊ ဂန္ထေသု နယမာဒိယ။
ဝက္ခိဿံ မြမ္မဘာသာယ၊ ပဒီပံ ဝဏ္ဏဗောဓနံ။

ဟူသော ၁-ဂါထာခွဲဖြင့် ကျမ်း၏မှီရာ, ပဋိညာဉ်တို့ကို ပြုတော်မူခဲ့လေသည်။

## မြမ္မာဘာသာဝိဂြိုဟ်

ဂန္ထာရမ္ဘဂါထာများအပြီး 'မြမ္မာ'ဟူသောပုဒ်ကို ဝိဂြိုဟ်ဝစနတ္ထပြု၍ ကျမ်းကို စတင်ရေးသားတော်မူခဲ့လေသည်။ မြမ္မာပုဒ် ဝစနတ္ထပြုဟန်ကား–

မံ ပရိသံ ရာတိ ဂဏှာတီတိ မရော။ ရာဇာ။
တံ မာနေတီတိ မြမ္မာ။
မံ သိရိံ ရာတိ ဂဏှာတီတိ မရော၊
တံ မာနေတီတိ မြမ္မာ။

မြမ္မာနံ ဘာသာ မြမ္မာဘာသာ-ဟု မြမ္မာဘာသာပုဒ်ကို ဝိဂြိုဟ် ဝစနတ္ထပြုတော်မူခဲ့လေသည်။-[၁]

## မြန်မာဘာသာ မြန်မာယဉ်ကျေးမှု တိုးတက်မှုပြုသူ

အရှင်ဥတ္တမသမာလာကား မြန်မာဘာသာ, မြန်မာသာသနာ, မြန်မာ့ယဉ်ကျေးမှုကို တိုးတက်ကြီးပွားအောင် ပြုစုပြုလုပ်စောင့်ရှောက် ထိန်းသိမ်းခဲ့သော ပုဂ္ဂိုလ်မြတ်ပေတည်း။ ယင်းသို့ ထိန်းသိမ်းခဲ့ပြီး တချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဥတ္တံသမာလထေရိန္ဒော၊ အင်ဝဝံသေဘိပါကဋော။
သဝံသံ ပါလယိတွာန၊ ပယာတော မစ္စုနော မုခံ။

---

၁။ အနက်အဓိပ္ပါယ်အကျယ် ဝဏ္ဏဗောဓနေသတ်အင်းကျမ်းရင်းကြည့်။

## ဝိနိစ္ဆယရာသိဓမ္မသတ်ကျမ်းပြု
## အရှင်ခေမာစာရထေရ်

ဆရာတော်သည် သက္ကရာဇ် ၁၁၉၅-ခုနှစ်တွင် အင်းဝနန်းတက်သည့် ဟံသာဝတီပါမင်း လက်ထက်တွင် ထင်ရှားသော မထေရ်မြတ် ဖြစ်လေသည်၊ ပုပ္ပါးအနီး မဲထီးရွာဇာတိ ဖြစ်လေသည်၊ ပဌမကျော်အောင်စံထားဆရာတော်၏တပည့် ဖြစ်လေသည်၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများနှင့် ဓမ္မသတ်ဆိုင်ရာ လောကီကျမ်းများကို နိုင်နင်း၏။

## ဝိနိစ္ဆယရာသိဓမ္မသတ်ကျမ်းပြု

ဆရာတော်သည်—

> ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊
> ကာလံ ကရောန္တော အတိဒုက္ကရာနိ။
> ခေဒံ ဂတော လောကဟိတာယ နာထော၊
> နမော မဟာကာရုဏိကဿ တဿ။-¹

စသော ပါရာဇိကဏ်အဋ္ဌကထာကျမ်း ဂါထာများဖြင့် ဂန္ထာရမ္ဘပြု၍ ကျမ်းစာကို စတင်ရေးသားတော်မူခဲ့လေသည်၊ ပါဠိ အဋ္ဌကထာ ဇာတ်နိပါတ်ဝတ္ထုများနှင့် တောင်ကျွန်းလက်သုံး ဖြတ်ထုံးဓမ္မသတ်များကို ညှိနှိုင်းတိုက်ဆိုင် စီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ၇-တွဲ၊ ၇-ပိုင်း ရှိလေသည်။

> ခေမာစာရော မဟာထေရော၊ ခေမေန အတ္ထိကော သုခီ။
> ခေမံသော ပတ္ထယိတွာန၊ သာသနေ ကိစ္စကာရကော။

---

၁။ ဝိ၊ ၃၊ ၁။ ၁။ (ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ပဌမ။ ၁။)

# သဒ္ဒပါဒဝိနိစ္ဆယကျမ်းပြု
# ထေရ်စသည်

အင်းဝခေတ်၌ သာသနာပြု ရှေးမြန်မာမင်းတရားများ လက်ထက်က ပညာအမျိုးမျိုးတတ် ရဟန်းသံဃာတော်တို့ သီတင်းသုံးတော်မူကြကာ သာသနာပြုတော်မူခဲ့ကြကုန်၏။

ပိဋကတ်တတ်, သဒ္ဒါကျမ်းတတ်, ဗေဒင်ကျမ်းတတ်, ကဗျာကျမ်းတတ် စသည်တို့ ဖြစ်ကုန်၏။ ၎င်းတို့မှာ အမည်နာမတော် မသိသည့်ထေရ်, သိသည့်ထေရ်အားဖြင့် များစွာရှိကုန်၏။ ၎င်းတို့ကား

သဒ္ဒပါဒဝိနိစ္ဆယ အင်းဝမြို့ အမည်မသိထေရ်ပြု, ဝိနယသင်္ဂဟငယ်အဋ္ဌကထာ အင်းဝမြို့ အမည်မသိထေရ်ပြု, သုဗောဓာလင်္ကာရရာသီစု ကျမ်းပြုထေရ် အင်းဝအောင်တပ်ကျောင်းဆရာတော် စနေမင်းလက်ထက် စသည်တို့ ဖြစ်ကုန်၏။

ဤအပိုင်းကား ကျမ်းဂန်ပြုစုရေးသား၍ သာသနာပြုတော်မူခဲ့ကြသော သာသနာဝန်ဆောင်ပုဂ္ဂိုလ်တို့၏ အဋ္ဌုပ္ပတ္တိအဖြစ်တော်စဉ်ကို တတိယပိုင်းအပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
အင်းဝသာသနဝံသမှိ၊ သမတ္တော တတိယော အယံ။

## မာန်လည်တောရဆရာတော်

မာန်လည်တောရဆရာတော်သည် အင်းဝမြို့၌ သက္ကရာဇ် ၁၁၉၀-ခန့်တွင် ထင်ရှားသော ဆရာတော်ဖြစ်လေသည်၊ ပရိယတ္တိစာပေကို တတ်မြောက်တော်မူ၏၊ အင်းဝမြို့ မာန်လည်တောရကျောင်း၌ သီတင်းသုံးတော်မူကာ ရောက်ရှိလာကြသော တပည့်တပန်း ရဟန်းသာမဏေတို့အား ပဋိပတ်အလုပ်ကို ညွှန်ပြတော်မူလျက် သာသနာပြုတော်မူခဲ့လေသည်။

ဒွါရနိကာယသမုဒ္ဒပကဆရာတော်ဘုရားကြီး အရှင်ဥက္ကံသမာလာသည့် ငယ်စဉ်က ယင်းအင်းဝမာန်လည်တောရဆရာတော်ဘုရားကြီးထံ ရောက်ရှိကာ ပဋိပတ်ကို နည်းခံတော်မူခဲ့လေသည်။

အင်းဝသည် တချိန်က ပရိယတ်အလုပ် ရဟန်းတို့ဖြင့် တင့်တယ်သည်သာမဟုတ်ပဲ၊ ပဋိပတ်အလုပ် ကြိုးကုတ်သော ရဟန်းတို့ဖြင့်လည်း ပွင့်လင်းစည်ပင်ခဲ့လေသည်။

ပုရေ အင်းဝပုရမှိ၊ ပရိယတ္တိပူရဏာပိ စ။-[၁]
ပဋိပတ္တိပူရဏာ စာပိ၊ ထမ္ဘောသုံ ဇိနသာသနံ။

---

၁။ ကွစာရိယာဒိသံယောဂေ၊ အမိကော ဒွေ လဟု ဂေါ စ။
ငိသမက္ခရပါဒံ တံ၊ ဂါထာတိ စ ဝဒန္တိ တံ။
ဟူသော ဆန္ဒောပဗ္ဗနှင့်အညီ အရိယ, စရိယ, ကိရိယစသည်၌ အက္ခရာပိုလွန်ရာ လဟု ၂-လုံးကို ဂရု ၁-လုံးဟု ယူရသော ထုံးနှင့်အညီ သုံးစွဲသည်။

## အရှင်သဒ္ဓမ္မကိတ္တိမဟာထေရ်

ဆရာတော်အရှင်သဒ္ဓမ္မကိတ္တိမဟာထေရ်သည်လည်း အင်းဝခေတ် အင်းဝသာသနာတွင် ထင်ရှားသော သာသနာ့ဝန်ဆောင်ဆရာတော်တစ်ပါး ဖြစ်တော်မူလေသည်၊ ပုဂံရှေ့ သာသနာ အရှင်အရဟံ, နောက်သာသနာ အရှင်ဆပ္ပဒတို့၏ အဆက်အနွယ်ဖြစ်လေသည်။

## ပညာသင်ကြားခြင်း

မဏိသာရမဉ္ဇူသာဋီကာ, မဏိဒီပဋီကာ, ဂဏ္ဌာဘရဏပါဌ်, မူလဋီကာနှင့် အနုဋီကာ စပ်ယှဉ်ဖွင့်သော မဟာနိဿယ, ဇာတကဝိသောဓနကျမ်းတို့ကို ပြုစုတော်မူသော ဓမ္မသေနာပတိ အရှင်အရိယဝံသထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

## ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးစာချ

လေးကျွန်းမြေ၌လည်း သီတင်းသုံးတော်မူဘူးသည်၊ သက္ကရာဇ် ၈၆၃-ခုနှစ်တွင် အင်းဝနန်းတက်သော ရွှေနန်းကြော့ရှင် နရပတိမင်းလက်ထက် အင်းဝနန်းမြို့တော် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေပို့ချကာ ပရိယတ္တိသာသနာရောင် ထွန်းပြောင်ဆောင်ရွက်တော်မူခဲ့လေသည်။

## ပုဂံပြန်ရဟန်းတော် အရှင်မဟာသူတော်နှင့် ရှင်တိသာသနဓဇတို့ ရောက်ရှိပညာသင်

တရံသောအခါ ပုဂံက စာပေသင်ကြားပြီးခဲ့သော ရဟန်းကြီးတစ်ပါး အရှင်သဒ္ဓမ္မကိတ္တိထံ ရောက်ရှိလာ၏၊ အရှင်သဒ္ဓမ္မကိတ္တိစာပေပို့ချသံကို ကျောင်းအောက်ကနေ နားထောင်လိုက်နာလေရာ ပုဂံကချရိုး, သင်ရိုးနှင့် မတူ၊ ကျမ်းဂန်ရိုး, အထွက်, အတက်, စုဒ်, စောဒနာ, အာဘော်, အခြေအတင် ထူးခြားနေပြီး ရဟန်းကြီး၏နားတွင်

ကျေးသံ ငှက်သံပမာ ထင်လာလေလျှင် ငါလည်း သည်အရှင်ထံတွင် စာပေသင်ကြားဦးမည်၊ သို့ရာတွင် ငါ့အောက် ငယ်ဟန်ရှိ၏၊ ငါ့ထက် အကြီးအရာမြှောက်၍ သင်ယူမည်ဟု ကြံ၍ ကျောင်းပေါ်သို့တက်ကာ အရိုအသေပြုလျက် နေ၏၊ ထိုအခါ အရှင်သဒ္ဓမ္မကိတ္တိက အရှင်သည် အကျွန်ုပ်ထက် ကြီးတန်ရှိသည်ဟု ဆိုလေလျှင် အရှင်ဘုရားကို အကြီး အရာထားကာ စာသင်လိုပါသည်ဟု ခွင့်တောင်း၍ စာပေသင်ကြား လေသည်။

ကျမ်းရိုး, အထွက်, အတက်, စုဒ်, စောဒနာ, အာဘော်, အခြေအတင် ပြသပြောဆိုသမျှကိုလည်း အသေအချာမှတ်သား သင် ယူလေသည်၊ အရှင်သဒ္ဓမ္မကိတ္တိသည် ထိုပုဂ်ပြန်ရဟန်းကြီးကို ကြည်ညို သဖြင့် ရှင်မဟာသူတော်ကြီးဟု ခေါ်တော်မူ၏။

ထိုအချိန်တွင် ကမ္ဗောဇတိုင်းမှ ရောက်ရှိလာသော အသက် ၁၈-နှစ်အရွယ်ခန့်ရှိ ရှင်တိသာသနဓဇလည်း ပညာသင်ကြားလျက် ရှိလေသည်၊ အခြားများမြောက်စွာသော ရှင်,ရဟန်းတို့လည်း အရှင် သဒ္ဓမ္မကိတ္တိထံ စာပေသင်ယူကြကုန်၏၊ အရှင်သဒ္ဓမ္မကိတ္တိကား ထို ခေတ်က စာပေချပို့မှု၌ အလွန်ထင်ရှားခဲ့လေသည်။

## တောင်ငူကြွရောက်သီတင်းသုံး

သက္ကရာဇ် ၈၈၈-ခုနှစ်တွင် နန်းတက်သော သိုဟန်ဘွားသည် ၉၀၁-ခုနှစ်တွင် တောင်ဘီလူးလယ်ပြင် တံတားဦးမြောက် ကန်ဘောင် ရိုးအရှေ့ဖက်တွင် မဏ္ဍပ်အဆောင်ဆောင် ဆောက်လုပ်စေပြီး အင်းဝ, ပင်းယ ပတ်လည်ရှိ သံဃာတော်များကို ဆွမ်းကျွေးမည်အဟန်နှင့် ပင့်ဖိတ်၍ သတ်ဖြတ်လေ၏၊ တစ်ထောင့်သုံးရာကျော် သေသောဟူ၏၊ ပဉ္စင်း ရဟန်းပင် သုံးရာခြောက်ဆယ်ကျော် သေသည်၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တတ်ပုဂ္ဂိုလ် သုံးကျိပ်ကျော် လွန်တော်မူလေသည်။

သိုဟန်ဘွား အင်းဝဘူပါလော၊ ပါပကာရီ နရာဓမော။
လောကဂ္ဂစက္ကဝိဒ္ဓံသီ၊ ဝိဝိဓာ ဗျသနံ ဂမိ။

ထိုအချိန်အခါ အရှင်သဒ္ဓမ္မကိတ္တိသည် ပင့်ခေါ်ရာ မလိုက်မိပဲ ရှိသဖြင့် ကံကောင်းခဲ့လေသည်၊ မဟာသူတော်ကြီး, ရှင်တိသာသန-ဓဇတို့နှင့်အတူ တောင်ငူသို့ ကြွရောက်တော်မူလေသည်။

## နတ်ဆွမ်းရကြောင်း ကျော်စောခဲ့

ယင်းတောင်ငူအကြွတွင် တောင်ဖက်က ရှမ်းများရှိသော ကြောင့် စစ်ကိုင်းဖက်သို့ ကြွ၍ ကျောက်တလုံးမှာမှ ကူးရသည်၊ လမ်းခရီးအကြား ရဟန်းအချင်းချင်းလျှုသော ဆွမ်းကို ဝတ်မွတ်ခေါင်းပါး ရှားပါးသောအခါဖြစ်၍ အလှူမခံ မစားမသောက်ခဲ့ချေ၊ လမ်းခရီးအကြား သစ်ပင်များတွင် အငွေ့တထောင်းထောင်းနှင့် နောက်ဆွဲထားသော ပုံ့သူကူဆွမ်းထုပ်များ တွေ့သဖြင့် အကပ်ခံ၍ ဘုဉ်းပေးတော်မူရလေသည်၊ အချို့က နတ်ဆွမ်းဟု ဆိုကြကုန်၏၊ နတ်ဆွမ်းရသော ဆရာတော်ဟု ထင်ရှားလေသည်၊ အရှင်မဟာသူတော်ကြီးက တောင်ငူ၌လည်း ဆက်လက်၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ အရှင်မဟာသူတော်ကြီး ပညာတတ်၍ နည်းရလေသော် အရှင်သဒ္ဓမ္မ-ကိတ္တိထေရ် လွန်တော်မူလေသည်။

သဒ္ဓမ္မကိတ္တိထေရောတိ၊
ကိတ္တိသဒ္ဒေါ သမုဗ္ဘဝိ။
ကလျာဏော ကလျာဏံ ကတွာ၊
ကိတ္တိသေသံ ယာတော သုဓိ။

## ဆရာတော်အရှင်သီလာစာရ

အရှင်သီလာစာရသည် သက္ကရာဇ် ၁၂၀၀-ပတ်ဝန်းကျင်တွင် အင်းဝမြို့၌ ထင်ရှားခဲ့လေသည်၊ အင်းဝမြို့ တာဝတိံသာကျောင်းတိုက်၌ သီတင်းသုံး၍ စာပေပို့ချတော်မူခဲ့လေသည်၊ ဆရာတော်ဦးဗုဓ်ထက် ၁၈-နှစ်ခန့်ကြီးသည်ဟု သိရလေသည်။

## သဒ္ဒနီတိသုတ္တမာလာနိသျရေးသားခဲ့

ဆရာတော်အရှင်သီလာစာရသည် သဒ္ဒနီတိသုတ္တမာလာနိသျကို ရေးသားပြုစုတော်မူခဲ့ရာ ကာရကရောက်သည်အထိသာ ပြီးဆုံးသည်ဟု သိရလေသည်။

## ဆရာတော်ဦးဗုဓ် ပညာဂုဏ်ချီးကျူးပူဇော်

ဆရာတော်အရှင်သီလာစာရသည် သဒ္ဒနီတိသုတ္တမာလာနိသျ ဆက်လက်ရေးရန် အခက်အခဲရှိနေ၍ မရေးတော့ပဲ ဆရာတော်ဦးဗုဓ်အား သဒ္ဒနီတိသုတ္တမာလာနိသျ ရေးသားပြုစုပါရန် တောင်းပန်ပြီး သင်္ကန်းစသော အသုံးအဆောင်ပရိက္ခရာတို့ဖြင့် ဆရာတော်ဦးဗုဓ်အား ဉာဏ်ပူဇော်သည့်အနေဖြင့် လှူဒါန်းလေသည်၊ အရှင်သီလာစာရကား သာသနာတော်ကို စည်ပင်စေလိုစိတ်ကြီးမားသော အင်းဝနောက်ခေတ်တွင် ထင်ရှားသည့်မထေရ်မြတ် ဖြစ်တော်မူသည်။

သီလာစာရော မဟာထေရော၊ သီလေသု ပူရကော သုဓီ။
သာသနံ ဒီပယိတ္ဝာန၊ အဂမိ မစ္စုနော မုခံ။

## ဝိနယသင်္ဂဟာငယ်အဋ္ဌကထာကျမ်းပြုမထေရ်

အင်းဝမြို့နှင့် အင်းဝနယ်ပယ်သည် ကျမ်းပြုတချို့ သာသနာ့ ပန်ဆောင်ပုဂ္ဂိုလ်များစွာတို့ သီတင်းသုံးရာ ဖြစ်၏၊ ဝိနယသင်္ဂဟာငယ် အဋ္ဌကထာကျမ်းပြုထေရ်သည်လည်း အင်းဝမြို့၌ ဖြစ်ထွန်းကြီးပွားသူ ဖြစ်လေသည်။

## ဝိနယသင်္ဂဟာအဋ္ဌကထာ

သာသနာသက္ကရာဇ် ၁၇၅၀-အတွင်း သီဟိုဠ်နှင့် လွန်စွာထင် ရှားလှသော သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ, အဘိဓမ္မတ္ထသင်္ဂဟ သီဟိုဠ်နိဿျ, ဝိသုဒ္ဓိပထသင်္ဂဟ, ကမ္မဋ္ဌာနသင်္ဂဟ, မင်္ဂလသုတ္တဋီကာ, ပဉ္စိကာလင်္ကာရဋီကာစသည်တို့ကို ပြုစုတော်မူခဲ့သော အရှင်သာရိ ပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး တောင်းပန်သဖြင့် ဝိနယသင်္ဂဟ အဋ္ဌကထာကို ရေးသားစီရင်တော်မူခဲ့လေသည်။

## ဝိနယသင်္ဂဟာအဋ္ဌကထာငယ်

ဖော်ပြပါ အရှင်သာရိပုတ္တရာ၏ ဝိနယသင်္ဂဟအဋ္ဌကထာကြီး မှာ အဆုံးအဖြတ်ပေါင်း ၃၄-ခုတို့ဖြင့် တန်ဆာဆင်ရေးသားထားရာ လွန်စွာကျယ်ဝန်းနေပြန်၏။ သို့ဖြစ်၍ မထေရ်မြတ်သည် ဝိနယ- သင်္ဂဟအဋ္ဌကထာကို မှီငြမ်းပြု၍ အကျဉ်းချုပ်၍ ဝိနယသင်္ဂဟာငယ် အဋ္ဌကထာကို ရေးသားစီရင်တော်မူခဲ့လေသည်။ ၎င်းကျမ်းပြုဆရာ တော်ကို စဉ့်ကူမင်းတရား များစွာကြည်ညိုလေးမြတ်သဖြင့် စဉ့်ကူးမင်း ဆရာတော်ဟု ထင်ရှားလေသည်။

ဝိနယသင်္ဂဟနာမာယ၊ သံခေပဋ္ဌကထာယပိ။
ကတ္တာ ထေရဝရော သုဓီ၊ ဇောတယိ ဇိနသာသနံ။

******

## ဆရာတော်ဦးဗုဓ်

ဆရာတော်ဦးဗုဓ်သည် အင်းဝနေပြည်တော်ရှိ အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ သာသနာပြုခဲ့သည့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်တော်မူသဖြင့် ဤအင်းဝသာသနာဝင်ကျမ်း၌ အကျဉ်းမျှ ဖော်ပြပါသည်။-[၁]

## ဖွားမြင်ရာဌာနစသည်

မုံရွာခရိုင် ဗုစလင်မြို့နယ် ရွေးအခေါ် ဗဒုံ (ယခု အလုံ) တိုက်နယ် ညောင်ကန်ရွာတွင် အဖ-ဦးအို+အမိ-ဒေါ်ရှင်မွေးတို့မှ သက္ကရာဇ် ၁၁၄၉-ခု၊ နယုန်လဆုတ် ၅-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်ပုပ် ဖြစ်လေသည်။

## ပညာသင်ကြား ရှင်သာမဏေဝတ်ခြင်း

သက်တော် ၈-နှစ်၊ ၉-နှစ်ခန့်အရွယ်တွင် ညောင်ကန်ရွာ အနောက်တိုက်ခေါ် ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီး ဦးပြေထံ ရောက်ရှိ၍ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ ပရိတ်ကြီးစသည်တို့ကို သင်ယူတော်မူခဲ့လေသည်၊ ဦးပြေသည် ပညာတတ်မြောက်တော်မူသော ကျောင်းနီးချင်း ဦးသာပုံထံတွင် အပ်နှံသဖြင့် မောင်ပုပ်သည် ဦးသာပုံခေါ် ဦးမုနိန္ဒသာရထံတွင် ဆက်လက်ပညာသင်ကြားရလေသည်၊ ဦးသာပုံထံရောက်၍ မကြာမီ မောင်ပုပ်ကို မောင်ဗုဓ်ဟု ပြင်ဆင်မှည့်ခေါ်လေသည်။

သက်တော် ၁၃-နှစ်သားအရွယ် ၁၁၆၂-ခုနှစ်တွင် ဆရာတော် ဦးသာပုံအထံတွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ ညောင်ကန်သာသနာဝင်ကျမ်း၌ ဖော်ပြပြီးဖြစ်သည်။

တော်မူခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော် ဦးသာပုံက ရှင်ဇမ္ဗုဓဇဟု ဘွဲ့မည်မှည့်ခေါ်တော်မူခဲ့လေသည်၊ ဦးသာပုံထံတွင် ပိဋကတ်အခြေခံ ကျမ်းဂန်များနှင့်တကွ ပိဋကတ်ပါဠိ အဋ္ဌကထာများကို သင်ယူတတ် မြောက်တော်မူခဲ့လေသည်။

## ရဟန်းပြုခြင်း ဆက်လက်ပညာသင်ကြားခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၁၆၉-ခုနှစ်တွင် ဆရာတော် ဦးသာပုံခေါ် ဦးမုနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊ ဦးသာပုံခေါ် ဦးမုနိန္ဒသည် ရဟန်းငယ် အရှင်ဇမ္ဗုဓဇကို ညောင်ကန်ဂိုဏ်းအုပ်ဆရာတော် ဦးပိုးခေါ် ဥဘတောဝိဘင်းပြန် အရှင်ပုညာဘိထံ အပ်နှံခဲ့လေသည်၊ အရှင်ပုညာဘိထံ၌ သင်အပ်သင့်သည့် ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်၊ တဖန် ညောင်ကန်ရွာ ရွှေစည်းခုံကျောင်းဆရာတော် ဦးတွင်းထံ ရောက်ရှိ၍ ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်၊ ၎င်းနောက် ဗန်ကျိတိုက် မြို့ကြီးဆရာတော်ထံတွင် မိတ်ဆွေရဟန်းတော် ဦးဉာဏနှင့်အတူ သွားရောက်၍ ဝိနည်းဖြတ်ထုံးများကို သင်ယူတော်မူခဲ့လေသည်။

## ညောင်ကန်ဂိုဏ်းအုပ်တာဝန်ဆောင်ရွက်

မြို့ကြီးဆရာတော်ထံ တစ်ဝါ သီတင်းသုံးတော်မူပြီး ညောင်ကန်ရွာသို့ ပြန်ကြွတော်မူ၍ စာပေပို့ချတော်မူခဲ့လေသည်၊ ယင်းသို့ စာပေပို့ချ၍ သီတင်းသုံးစဉ် ၁၁၈၁-ခုနှစ်တွင် ဦးပိုးခေါ် ရှင်ပုညာဘိကို ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်ဖာလ်နန်းရှင် ပင့်လျှောက်ကိုးကွယ်သဖြင့် ညောင်ကန်ဂိုဏ်းအုပ် လစ်လပ်ခဲ့လေသည်၊ ဦးဗုမ်သည် ဥဘတောဝိဘင်းကို ပြန်ဆိုပြီးလျှင် ၁၁၆၂-ခုနှစ်တွင် ညောင်ကန်ဂိုဏ်းအုပ်အရာကို ထမ်းဆောင်တော်မူရလေသည်။

## စက္ကာဘိဓမ္မမဟာဓမ္မရာဇဂုရု

ဂိုဏ်းအုပ်ဖြစ်ပြီးနောက်တွင် ဘကြီးတော်ဖာလ်နန်းရှင်မင်းတရား၏ "စက္ကာဘိဓမ္မမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်**လှူဒါန်း**ခြင်းကို ခံယူတော်မူရလေသည်။ ဆရာတော်ဦးဗုဓ် ဂိုဏ်းအုပ်ဖြစ်သောအခါ ရှင်ရဟန်းတို့ ရွာတွင်း၌ ဘိနပ်မစီးရ, ထီးမဆောင်းရ, နေလွဲ ကွမ်း, ဆေး မဝါးရ, ပွဲလမ်းသဘင် မကြည့်ရှုရ, နှစ်ဖက်ဝန်မထမ်းရ စသည့်အမိန့်များကို ဆင့်ဆိုပညတ်တော်မူလေသည်။

## ရတနာမဥ္ဇူတိုက်အတွင်းစာပေပို့ချ

ဆရာတော်ဦးဗုဓ်သည် ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက်အတွင်းကျောင်း ၉-ကျောင်းမှ သံဃာတော် ၁၀၀-ကျော်တို့အား နေ့ဝါညဝါစာပေပို့ချ၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ဆရာတော်ဦးကျိုးကို ကေစိထိုး

ယင်းသို့ စာချစဉ် "မေဓာလင်္ကာရပရမဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးကျိုးနှင့် အယူအဆကွဲသောအရာများ၌ ဦးကျိုးအဆိုကို "ကေစိ= အချို့သော ငကျိုး-ပတ်ကြားဖက်ခွက်စားတို့သည်။ ဝဒန္တိ ကိရ= ဆိုကြကုန်သတတ်"ဟူ၍ ကေစိထိုးလေ့ရှိသည်ဟု သိရ၏။

ဦးကျိုးမှာ ဆောင်းတွင်းတွင် ခြေသလုံးများ ပတ်ကြားကွဲထင်သည်၊ ဆွမ်းစဉ်လိုက်သောအခါ ဖက်ခွက်နှင့်ထည့်သော ဆွမ်းဟင်းလျာများကို ဘုဉ်းပေးရသည်၊ ယင်းတို့ကို စွဲ၍ ငကျိုး-ပတ်ကြား ဖက်ခွက်စား-ဟု ဆိုခြင်းဖြစ်လေသည်။

## အင်းဝမြို့နေပြည်တော်ကြွရောက်ခြင်း

သက္ကရာဇ် ၁၁၉၁-ခုနှစ်၊ တန်ခူးလတွင် ဆရာတော်ဦးပိုး ပျံလွန်တော်မူသဖြင့် ဆရာတော်ဦးပိုး သီတင်းသုံးရာ အောင်မြေဘုံစံ ကျောင်းကြီး၌ မြောက်နန်းမိဖုရားဆရာ မန်းကျည်းတောဆရာတော်နှင့် သမီးတော်ဆရာ မြသိန်းတန်ဆရာတော်များကို ကျောင်းတင်မည်ဟု ကြံစည်ကြလေရာ ဆရာတော်ဦးပိုး၏တပည့်များက မခံချင်ကြသော ကြောင့် "ထိုဆရာတော်နှစ်ပါးလောက် ကျမ်းဂန်တတ်မြောက်ပြီး ဦးပိုး ၏ ကျောင်းတိုက်ကို ဆက်ခံထိုက်သည့် တပည့်အများပင် ကျန်ရှိပါ သည်၊ မယုံလျှင် သုဓမ္မာတွင် ၃-ရက် စာမေးခံပါမည်"ဟု နန်းတော် သို့ စာသွင်းကြလေရာ မင်းတရားက "နည်းလမ်းကျပါသည်၊ စာမေးခံ မည့်ပုဂ္ဂိုလ်ကိုသာ ပေးပါ"ဟု တောင်းဆိုလေသည်၊ ထိုအခါ တပည့်များ တိုင်ပင်ကြပြီး ဦးဗုဓ်နှင့်ရင်းနှီးသော ရေပုတ္တလင်ဦးညာဏအထံ သွား ပြီးလျှင် ဆရာတော်ဦးဗုဓ်အား တိုက်တွန်းပေးပါရန် ပန်ကြားကြသဖြင့် ဦးညာဏသည် တောင်းပန်ရလေသည်၊ ထိုအခါ ဦးဗုဓ်က "ကိုညာဏ မင်းဆရာ မလုပ်ချင်ဘူး၊ မင်းဆရာလုပ်ရတာ စာကြည့်ပျက်သည်၊ မနေလိုပါ"ဟု အကြိမ်ကြိမ် ငြင်းပယ်လေသည်၊ သို့ရာတွင် ဦးညာဏ၏ အတောင်းပန် အတိုက်တွန်းကောင်းသဖြင့် ဝန်ခံချက်ရ၍ စာသွင်းလေ လျှင် နန်းတော်က မဟာဒါန်ဝန်များ အပင့်လွှတ်လေရာ "ငါယခု မကြွလာသေး၊ ဥတုသပ္ပါယ မျှသည့်အခါကျမှ လာမည်"ဟု မိန့်ဆို လိုက်လေသည်။

ဦးဗုဓ်သည် နှေ့ဦးပေါက်စ တပေါင်းလတွင် ဦးညာဏထံ အကြောင်းကြားပြီး ကပ္ပိယကာရကများနှင့်တကွ လှေဖြင့် စုန်ခဲ့လေရာ မြင်းမူမြို့သို့ ရောက်သောအခါ အင်းဝမှ သတင်းရသဖြင့် သံဃာတော် ၁၀၀-ကျော်တို့ရဲ့ လှေကြီးဖြင့် အကြိုတော်များ လာရောက်ခဲ့ကြလေ သည်။

## သုဓမ္မသဘင် စာမေးသဘင်ကျင်းပ၍ မေးမြန်းခြင်း

အင်းဝနန်းမြို့တော်သို့ ရောက်လျှင် သုဓမ္မာ၌ စာမေးခံပြီး ကျောင်းတော်ကြီး၌ နေမည့်ပုဂ္ဂိုလ် ရောက်ပြီဖြစ်ကြောင်း စာသွင်းကြလေရာ နန်းတော်မှ မန်းကျည်းတောဆရာတော်, မြသိန်းတန်ဆရာတော်စသော သုဓမ္မာဆရာတော်များက စာမေးရန် မှူးမတ်ရှင်လူအများ မှတ်သားရန် သုဓမ္မာသို့ လာကြရမည်ဟု အမိန့်ဆင့်ထုတ်လေသည်၊ ၅-ရက်ကြာမျှ ခက်ရာခက်ဆစ်များကို မေးမြန်းလေရာ ဦးဗုဓ်သည် မေးသမျှကို ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါး ဖြေကြားတော်မူလေသည်၊ ၆-ရက်မြောက်တွင် "အတုလပုဒ် ဝိဂြိုဟ်လုပ်ပြီး ဓာတ်ပစ္စည်း အရကောက်ပြပါ"ဟု မေးလေရာ "ဆရာတော်တို့ ၅-ရက်တိုင်တိုင် ခက်ရာခက်ဆစ်များကို ရှာဖွေမေးပြီးမှ သာမဏေငယ်အား မေးတာမျိုး မေးခြင်းသည် မသိ၍ မေးခြင်းပေလော့၊ သိလျက်နှင့် မေးလျှင် အာပတ်သင့်မည်"ဟု လျှောက်ဆိုရာ သုဓမ္မာဆရာတော်များ အံ့အားသင့်ကြကုန်၏၊ ထိုအခါ ဆရာတော်ဦးဗုဓ်က "ကိုညဏ သုဓမ္မာဆရာတော်များ မေးသမျှ မဖြေနိုင်သည်မရှိ၊ သည်ကများ မေးလိုက်ရင် ဘယ်လိုနေမှန်းမသိ"ဟု ပြောလေရာ အနားရှိ မှူးမတ်များ, ဝန်ကြီးများက "မေးမြန်းပွဲ ပြီးပါပြီ"ဟု လျှောက်သဖြင့် မေးမြန်းပွဲ ပြီးဆုံးခဲ့လေသည်။

## အောင်မြေဘုံစံအုဋ်ကျောင်းတော်ကြီး တင်လှူခံရပြီ

ယင်းသို့ စာမေးမြန်းပွဲပြီးဆုံးရာ ၁၁၉၂-ခု၊ တပေါင်းလတွင် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဖာလ်နန်းရှင် ဘကြီးတော်မင်းတရားသည် မဟာအောင်မြေဘုံစံအုဋ်ကျောင်းတော်ကြီးကို ဆရာတော်ဦးဗုဓ်အား "စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ကပ်၍ တင်လှူတော်မူခဲ့လေသည်။

## ပဌမကျော်လောင်းသာမဏေခိုးမှုဆုံးဖြတ်

ရွှေမြို့တော် နယုန်လ စာပြန်ပွဲကြီး၌ နှစ်စဉ်လိုလို အိမ်ရှေ့မင်းကျောင်းတိုက်ကြီးကချည်း ပဌမကျော်ထွက်ပေါ်လေရာ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီး မောင်အိုတို့ကလည်း ပဌမကျော်လိုလားပြီး ရှာမရဖြစ်လေသဖြင့် ကျောင်းနေဆရာတော်ကပ်ပြီး အိမ်ရှေ့မင်းတိုက် ပဌမကျော်ပြန်မည့်သူကို ဖျားယောင်းခေါ်ယူထားကြကုန်၏။

စာပြန်ပွဲ နီးကပ်လေသော် "ဒီနှစ် နန်းမတော်တိုက်က ပဌမကျော် ပေါ်ထွက်လိမ့်မည်"ဟု ကျော်စောလေလျှင် အိမ်ရှေ့မင်းက "ဘယ်အရပ်က ပဌမကျော်နည်း"ဟု မေးလေသော် "အိမ်ရှေ့မင်းတိုက်က ပြောင်းထားသော ပဌမကျော်"ဟု အတတ်သိလေရာ "နန်းမတော်ကြီးနှင့် စလင်းမင်းသားတို့ ပဌမကျော်ခိုးယူကြသည်"ဟု နန်းတော်၌ တရားဖြစ်ကြကုန်၏။

မင်းတရားကြီးသည် ယင်းအမှုကို သုဓမ္မာဆရာတော်များထံ လွှဲအပ်လျက် အဆုံးအဖြတ် ခံယူကြရမည်ဟု မိန့်တော်မူလေသည်။

ထိုအခါ အိမ်ရှေ့မင်းက "ငါတရားရှုံးလျှင် ပဌမကျော်ကို မထား"ဟု ကြုံးဝါးသောကြောင့်လည်းကောင်း၊ အိမ်ရှေ့မင်းနှင့် မိဖုရားကြီး နှစ်ဦးလုံးပင် အာဏာထက်လှသောကြောင့်လည်းကောင်း သုဓမ္မာဆရာတော်များ ထိတ်လန့်ကြသဖြင့် မဆုံးဖြတ်ဝံ့ကြပဲ သုဓမ္မာ၌ နေ့ဆွမ်းဘုဉ်းပေးကြပြီးလျှင် "စာကြည့်ကြပါဦးစို့"ဆို၍ ပြန်ကြွကြကုန်၏။

ဒီက သည်လိုနှင့် ၂-ကြိမ်တိုင်ခဲ့လေရာ ၃-ကြိမ်မြောက်နေ့၌လည်း ထိုသို့ပင် ပြောဆို၍ ပြန်ကြွမည်ပြုရာ ဆရာတော်ဦးဗုဓ်က ဆရာတော်တို့ "နေ့တိုင်း စားပြီး အိပ်နေကြသလား၊ အရေးရှိမှ စာကြည့်နေလို့ ဖြစ်မလား"ဟု မကြောက်မရွံ့ လျှောက်လိုက်လေရာ သုဓမ္မာဆရာတော်များက "ဆရာတော်ကလေး ဆုံးဖြတ်နိုင်မလား"ဟု မေးမြန်းကြကုန်၏၊ ထိုအခါ ဆရာတော်ဦးဗုဓ်က "အမှုအပ်လျှင် ဆုံးဖြတ်နိုင်သည်"ဟု ပြောသဖြင့် အမှုအပ်ကြလေသည်။

ထိုအခါ ဆရာတော်ဦးဗုမ်က– "ဤအမှုတွင် အိမ်ရှေ့မင်း ငခင်နှင့်လည်း မဆိုင်၊-၁ မိနုနှင့်လည်း မဆိုင်၊ ငအိုနှင့်လည်း မဆိုင်၊ ဘုန်းကြီးချင်း တပည့်လက်သား ဖြားယောင်းခေါ်ယူမှုသာ ဖြစ်လေသည်၊ သူတစ်ပါးတပည့်ကို ဖြားယောင်းခေါ်ယူလျှင် "န ဘိက္ခဝေ အညဿ ပရိသာ အပလာဠေတဗ္ဗာ၊ ယော အပလာဠေယျ၊ အာပတ္တိ ဒုက္ကဋဿ"ဟု ဝိနည်းပညတ်ရှိသောကြောင့် ငအိုတိုက်က ဘုန်းကြီးမှာ တစ်ပါးသူ၏တပည့်ကို ဖြားယောင်းခေါ်ယူခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်သည်၊ ဒေသနာပြောကြား၊ အနားက ဘုန်းကြီးတစ်ပါးက ဒေသ- နာခံလိုက်၊ ပဥ္စမကျော်လောင်းသည် သူတစ်ပါးဖြားယောင်းရာသို့ ဆန္ဒာဂတိ လိုက်ပါသောကြောင့် ဒီနှစ် ပထမပြန်ပွဲ၌ မပြန်ဆိုရ၊ ရပ်ရွာသို့ ပြန်သွားလေ"ဟု ဆုံးဖြတ်တော်မူလေရာ ရဟန်းရှင်လူတို့ များစွာ အံ့သြကြကုန်၏၊ ဦးဗုမ် စာတတ်ပါပေသည်၊ ရဲရင့်ပြတ်သား ပါပေသည်စသည်ဖြင့် ပြောဆို အံ့ကြကြကုန်၏၊ ထိုအချိန်မှစ၍ ဦးဗုမ်သည် ပိုပြီး ကျော်ကြားလာလေ၏။

ဧဝံ ဇမ္ဗုဓဇော ထေရော၊ ဇမ္ဗုတလေ သုပါကဋော။
တဿ ဗျတ္တတံ ပဋိစ္စ၊ ထောမေသုံ ဇနတာ ဗဟူ။

## အမရပူရမြို့သို့
## ပြောင်းရွှေ့ကာ သီတင်းသုံးခြင်း

ဖာလ်နန်းရှင်မင်းတရားကြီးနှင့် အဌကျောင်းအမ နန်းမတော် မယ်နုတို့သည် ၁၁၉၉-ခု၊ ကဆုန်လဆုတ် ၁၂-ရက်နေ့တွင် ညီတော် သာယာဝတီမင်းအား ထီးနန်းကို လွှဲအပ်ကြလေသည်၊ သာယာဝတီ မင်းသည် အင်းဝထီးနန်းကို သိမ်းပိုက်တော်မူပြီးနောက် ၁၂၀၀-ပြည့် နှစ်က စ၍ အမရပူရမြို့ကို အသစ်တည်ထောင်တော်မူ၍ ၁၂၀၃-

၁။ အိမ်ရှေ့မင်း အမည်ရင်း မောင်နန်းခင် ဖြစ်သတတ်။

ခုနှစ်တွင် ပြောင်းရွှေ့စံနေကြသောအခါ ဆရာတော်ဦးပုဗ်ကို အမရပူရမြို့တော်သို့ ပင့်ကြကုန်၍ ညောင်ကန်တိုက်အတွင်း၌ ဝါဆိုကျောင်းဆောက်လုပ်တင်လှူ ကိုးကွယ်ကြကုန်၏။

## ကျမ်းဂန်ပြုစု အားထုတ်မှု

ဆရာတော်ဦးပုဗ်သည် စာပေချပို့မှုကိုသာ ပြုသည်မဟုတ်၊ ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ—

၁။ သမ္ဗန္ဓစိန္တာစာကိုယ်နိသျ
၂။ နယမုခဒီပနီပါဌ်နိသျ
၃။ ပရိတ်ကြီးနိသျ
၄။ နိရုတ္တိဘေဒသင်္ဂဟပါဌ်နိသျ
၅။ ပြဟ္မဇာလသုတ်နိသျ
၆။ ပစ္စယတ္ထပကာသနီပါဌ်
၇။ ရူပဘေဒပကာသနီပါဌ်နိသျ
၈။ ပဿစေတိယဝန္ဒနာပါဌ်
၉။ ပစ္စယာကာရဒီပနီ
၁၀။ သစ္စသံခိပ်အဋ္ဌကထာနိသျ
၁၁။ ဝီထိစိတ္တပကာသနီပါဌ်နိသျ
၁၂။ ပဒရူပသိဒ္ဓိနိသျ
၁၃။ ပဒရူပသိဒ္ဓိဋီကာနိသျ
၁၄။ ဝုတ္တောဒယဆန်းနိသျ
၁၅။ ဂီဟိဝိနယသင်္ဂဟပါဌ်နိသျ
၁၆။ နေတ္တိဟာရတ္ထဒီပနီ
၁၇။ အနမတဂ္ဂသံယုတ်ပါဠိတော်နိသျ
၁၈။ ဓမ္မစကြာပါဠိတော်နိသျ
၁၉။ သဒ္ဒနီတိပဒမာလာနိသျ
၂၀။ သဒ္ဒနီတိဓာတုမာလာနိသျ

၂၁။ သဒ္ဒနီတိသုတ္တမာလာနိသျ
၂၂။ မဟာသတိပဋ္ဌာသုတ်ပါဠိတော်နိသျ
၂၃။ ကာယဝိစ္ဆိန္ဒနီယသုတ်နိသျ
၂၄။ ဒွေမာတိကာပါဠိတော်နိသျ
၂၅။ ရာဇနီတိနိသျ
၂၆။ မဟာရဟနီတိနိသျ
၂၇။ ဓမ္မနီတိနိသျ
၂၈။ လောကနီတိနိသျ
၂၉။ မဟာဇေယျဂါထာ ၅၆-ဂါထာပါဠ်နိသျ
၃၀။ ဥပ္ပါတသန္တိကျမ်းနိသျ
၃၁။ မဟာသမယသုတ်နိသျ
၃၂။ ခုဒ္ဒသိက္ခာနိသျ
၃၃။ အပဒါန်ပါဠိတော်နိသျ
၃၄။ သံဝဏ္ဏနာနယဒီပနီပါဠ်နိသျ
၃၅။ ပစ္စယယဋ္ဌနာပကာသနီ
၃၆။ ကုမ္မိဘေဒကျမ်း
၃၇။ ဗြဟ္မဇာလသုတ္တန္တထောမနာပါဠ်
၃၈။ လက္ခဏာဒီပနီပါဠ်
၃၉။ စတုရာရက္ခဘာဝနာပါဠ်နိသျ
၄၀။ အာဒိတ္တပရိယာယသုတ်နိသျ
၄၁။ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံလင်္ကာ
၄၂။ ပရမတ္ထဝန္ဒနာကျမ်း
၄၃။ ဥပါဒါနုဒ္ဒေသပါဠ်နိသျ စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူပြီ

အမရပူရမြို့ မင်္ဂလာဘုံကျော် ညောင်ကန်တိုက် (ယခု မန္တ-လေးမြို့ တောင်ပြင် ရှမ်းစုဘုတာအရှေ့ဖက်ရှိ ညောင်ကန်တိုက်)၌

သီတင်းသုံးတော်မူ၍ စာပေချပို့ ရေးသားပြုစုဆဲဖြစ်ရာ ၁၂၀၄-ခု၊ နယုန်လဆုတ် ၁-ရက်၊ အင်္ဂါနေ့၊ သက်တော် ၅၅-နှစ်၊ ဝါတော် ၃၄-ဝါအရတွင် ဒူလာဝမ်းသက်ရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။-[၁]

ဦးပုဓ်ဝှယော မဟာထေရော၊ သာသနေ အဘိပါကဋော။
ကိစ္စံ သော သာသနေ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

******

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ ညောင်ကန်သာသနာဝင်ကျမ်းများ ကြည့်။

## ဓမ္မဝိသောဓနီကျမ်းပြု
## အရှင်ကဝိဓဇထေရ်

ဆရာတော်အရှင်ကဝိဓဇသည် အင်းဝမြို့ တံတားဦး ရေသဘန်း(ဖန်း)တိုက်၌ သီတင်းသုံးတော်မူ၍ စာပေချပို့ သာသနာပြု ကျမ်းပြုခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။

ရွှေဘို ကုန်းဘောင်သား တောင်ရွာဇာတိ ဖြစ်၏၊ သက္ကရာဇ် ၁၂၃၀-၁၂၄၀-ခုနှစ် ပတ်ဝန်းကျင်တွင် ထင်ရှားခဲ့လေသည်။

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ "ဉာဏာဘိဝံသသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပရက္ကမဆရာတော် အရှင်ဉာဏာဘိဝံသထေရ်၊ "အာစာရာရမ္ဘကဝိဓဇဉာဏမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင် အာစာရမဟာထေရ်၊ "နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပခန်းသမ္မုတိသာသနာပိုင်ဆရာတော် အရှင်နန္ဒသာရမဟာထေရ်တို့ထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် ဓမ္မကထိကရဟန်းတော်များနှင့် တရားစာပေ လိုက်စားသူတို့အား များစွာကျေးဇူးပြုနိုင်သော ဓမ္မဝိသောဓနီ**ကျမ်းကြီး**ကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက် စာမျက်နှာ ၅၀၀-ကျော်ရှိ အဖိုးတန်ကျမ်းဂန်ကြီး ဖြစ်လေသည်။ ကျမ်းဦး၌—

ဓမ္မဝိသောဓိဒေသကံ၊ ဓမ္မုဿဝကရံ ဗုဒ္ဓံ။
ဓမ္မုဇ္ဇလံ ဂဏုတ္တမံ၊ ဓမ္မုဇ္ဇလံ နမေ နိစ္စံ။

လဒ္ဓလဒ္ဓိကာ ထေရာနံ၊ မဏိဇောတဇ္ဈ ပါကဋံ။
ပညာဇောတံ ဝိသေသနံ၊ ဓမ္မပဒံ ကရေ နမေ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမပြုတော်မူခဲ့လေသည်။

## စာချ ကျမ်းပြု ပုံ့လွှန်

အရှင်ကဝိဓဇသည် အင်းဝမြို့ တံတားဦး ရေသဘန်းတိုက်၌ စာပေချပို့ ကျမ်းစာပြုစုကာ သာသနာတော်စီပင်ရေးကို အားပေးဆောင်ရွက်တော်မူပြီး ပုံ့လွှန်တော်မူခဲ့လေသည်။

ကဝိဓဇော မဟာထေရော၊ ကဝီသု ဓဇသန္နိဘော။
လောကဂ္ဂသာသနေ ကိစ္စံ၊ ကတွာန ဒိဝံ ဂတော။

******

## ဂန္ဓာဘရဏဋီကာကျမ်းပြု
## အရှင်သုဝဏ္ဏရံသီသံဃရာဇာထေရ်

အရှင်သုဝဏ္ဏရံသီသံဃရာဇာထေရ် အင်းဝခေတ်တွင် ထင်ရှားကျော်ကြားသည့် ကျမ်းဂန်ပြု ပညာရှင်တစ်ပါး ဖြစ်လေသည်။ သက္ကရာဇ် ၉၆၀-ခန့်တွင် ထင်ရှားပေါ်ထွန်းခဲ့လေသည်။

ရှင်ရဟန်းပြု၍ သာသနာဝန်ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်သုဝဏ္ဏရံသီ ဖြစ်လေသည်၊ နောက်တွင် အင်းဝရှိ နိုင်ငံအတွင်းရှိ၍ သံဃဂိုဏ်းဦးစီး ဖြစ်တော်မူသဖြင့် သံဃရာဇာဟု ထပ်ဖြည့်၍ အရှင်သုဝဏ္ဏရံသီသံဃရာဇာဟု ခေါ်ဝေါ်ဟန်တူပေ၏၊ အင်းဝမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို အဓိပတိပြုလုပ်ကာ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့လေသည်။

## ဂန္ဓာဘရဏပါဠိ

ပင်းယမြို့တောင်ဖက် စကားအင်းရွာဇာတိ အရှင်အရိယဝံသ (သက္ကရာဇ် ၈၂၀-ခန့်)သည် ပါဠိ အဋ္ဌကထာ ဋီကာတို့၏ အဆင်တန်ဆာသဖွယ်ဖြစ်သော ဟိ, စ, ပန-စသော နိပါတ်တို့၏ အနက်ကို ပြဆိုရာဖြစ်သော ဂန္ဓာဘရဏပါဠိကို ဂါထာပေါင်း ၉၃-ဂါထာဖြင့် ရေးသားတော်မူခဲ့လေသည်။-[၁] အကျယ် ပင်းယသာသနာဝင်ဓမ္မသေနာပတိ အရှင်အရိယဝံသထေရ်ကြည့်။

## ဂန္ဓာဘရဏဋီကာပါဠိ

ဆရာတော်အရှင်သုဝဏ္ဏရံသီသံဃရာဇာထေရ်သည် ဖော်ပြပါ အရှင်အရိယဝံသထေရ် ပြုစီရင်ခဲ့သော ဂန္ဓာဘရဏပါဠိ၏ အဖွင့် သံဝဏ္ဏနာဋီကာကို ကျမ်းဂန်အမျိုးမျိုးတို့ကို မှီငြမ်းပြု၍ ရေးသားတော်

---

၁။ ယခု ဂန္ဓာဘရဏမူမှာ ဂါထာ ၉၇-ဂါထာရှိ၏၊ နောက်ဖြည့်ဂါထာ ၄-ဂါထာ ဖြစ်၏။

မူခဲ့လေသည်၊ ကျမ်းဆရာနှင့် မူလကျမ်းဆရာမှည့်ခေါ်ရင်း နာမည်မှာ ဂန္ထာဘရဏဒီပနီ, ဂန္ထာဘရဏဝဏ္ဏနာ ဖြစ်လေသည်၊ နောက်တွင် မန္တလေးတောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် အရှင် ဇာဂရမဟာထေရ်၏ ဂန္ထာဘရဏဋီကာ ပေါ်လာသဖြင့် ဂန္ထာဘရဏ-ဋီကာဟောင်းဟု တွင်လေသည်၊ ယင်းကျမ်းမှာ ရှိုင်ဆိုက် စာမျက်နှာ ၇၇-မျက်နှာ ရှိလေသည်။ ကျမ်းဦး၌–

အသေသဌေ ယျာဝိဂတံ သုဗောဓိ၊
နတွာန နာထ ဝရဘူရိပညံ။
ဓမ္မဥ္စ သံဃံ ပဘိဝန္ဒနေယျံ၊
ဝတ္ထုတ္တယသ္မိံ ကတပုညတေဇသာ။

ဟာတန္တရာယော ပတိမာ သုမိ စ၊
သတံ နဟုတ္တေဘိ သဇာတိယေန။
ယဝဂ္ဂလောကာ ဏ္ဏဓမာဂတေနာ၊
ဘိယာစိတောဟံ သိရိသွဿန္တိ နာမိနာ။

နာနပ္ပကာရေ အဝလမ္ဗနန္တတော၊
ကဿာမိ ဂန္ထာဘရဏဿဒီပနိံ။

ဟူသော ၂-ဂါထာခွဲဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် စသည်တို့ကို ပြုတော်မူခဲ့လေသည်။ ဤကျမ်းပြုရန် တောင်းပန်သူမှာ ယွန်းပြည်မှ ရောက်လာသော "သိရိသွဿ"-[၁] ဖြစ်သည်။ ဂါထာ၌ ပါပြီး ဖြစ်၏။ နိဂုံး၌–

ဂန္ထာဘရဏဋီကာယံ၊ ဝိဇယာရာမသာမိနာ။
သုဝဏ္ဏရံသိနာမေန၊ သံဃရာဇေန ဓိမတာ။

သကျသီဟဿ နိဗ္ဗာနာ၊ ဝဿေ သာမိဂတေသုဟိ။
အဋ္ဌဝီသတိကေသု၊ ဒွိသဟဿေသု ရစိတာ။

---

၁။ ယွန်းသံ သို့မဟုတ် အိန္ဒိယ, သီဟိုဠ်စသည့် အသံထွက်မူ "သိရိ ဆွတ်ဆ" ဖြစ်သည်။

ယေန ပုညေန နိဗ္ဗာနံ၊ ပတ္တာမာသေဟိ တီဟိသာ။
တသ္သာနုဘာဝတော လောကော၊ ပထဝိန္ဒနုရိန္ဒကော-[၁]။

အညော ဥဒယစိတ္တောပိ၊ ရက္ခတု ဇိနသာသနံ။
ဣမိနာ ကတပုညေန၊ သဒ္ဓမ္မကောဝိဒေါ အဟံ။

ဇာတော ဘဝေသု ဇာတိသု၊ သဗ္ဗရူဒါနုပါရဂူ။
တိက္ခပညာဒိသမ္ပန္နော၊ အရိယမေဒဝါပိယော။

ဣဒ္ဓော စ သဗ္ဗလောကဿ၊ အဝေရော သတ္တုဝဇ္ဇိတော။
အရောဂေါ ဒီဃဇီဝီ စ၊ ဘဝေယျံ ယာဝနိဗ္ဗုတိံ။

ဟူသော ၆-ဂါထာဖြင့် မိမိ၏ ဝိဇယာရာမကျောင်းတိုက်၏ အရှင်၏ အဖြစ် (အဓိပတိ၏အဖြစ်)ကိုလည်းကောင်း, သံဃာ့ဦးကိုင် သာသနာပိုင်၏အဖြစ်ကိုလည်းကောင်း, သာသနာနှစ် ၂၁၂၈-ခုနှစ်တွင် ပြီးသည်၏အဖြစ်ကိုလည်းကောင်း, သုံးလတို့ဖြင့် ဤကျမ်းစာရေးသားပြီးဆုံးပုံကိုလည်းကောင်း, မင်းနှင့် အခြားပြည်သူအပေါင်း မြတ်စွာဘုရားသာသနာ စောင့်ရှောက်ရန် တောင်းဆုချွေပုံကိုလည်းကောင်း, ဤကောင်းမှုကြောင့် သူတော်ကောင်းတရား၌ လိမ်မာသူဖြစ်ရလိုကြောင်းစသည်တို့ကို တောင်းဆုချွေတော်မူခဲ့လေသည်။

## ဘုရားအလောင်းသူတော်ကောင်း

အရှင်သုဝဏ္ဏရံသိသံဃရာဇာသည် ပါရမီသုံးဆယ် သုံးသွယ် စရိယ စာဂငါးခု မြတ်ကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူပြီး သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရလိုကြောင်းကိုလည်း—

ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တေယျံ ဗောဓိမုတ္တမံ။

ဟူသော ဂါထာဝက်ဖြင့် ဆက်လက်တောင်းဆုချွေတော်မူခဲ့လေသည်။

---

၁။ ပဒေဝိန္ဒနုရိန္ဒကော။ (စာမူ)

## ဂန္ဓာဘရဏဋီကာရေးသားပုံ

ဂန္ဓာဘရဏဋီကာ ရေးသားပုံမှာ စိတ်ဝင်စားစရာ ကောင်း၏၊

ပဒတ္ထံ ပဒသမ္ဗန္ဓံ၊ ပဒစ္ဆေဒံ တထာ ကရေ။
နိပ္ဖစနံ စ စောဒနာ၊ ပရိဟာရန္တိ ဆဗ္ဗိဓာ။
ဝဏ္ဏနံ ကတ္တုကာမေဟိ၊ ဝတ္တဗ္ဗာ အတ္ထဒီပနာ။

ဟူသော ဂါထာကို ကိုးကား၍ ပုဒ်နက်ပေးပုံကို ဆိုသင့်ငြားသော်လည်း ပုဒ်ဖြတ်ခြင်းကသာလျှင် သံဝဏ္ဏနာတို့၏ ရှေ့သွားဖြစ်သည့်အတွက် ပုဒ်ဖြတ်ပုံကို ရှေးဦးစွာ ပြ၍ ပဒသမ္ဗန္ဓစသည်ကို ဆက်လက်ထုတ်ဖော် ဖွင့်ပြတော်မူခဲ့လေသည်။

ကြ္တိသဒ္ဒါ၏ အာဒျတ္ထ, ပကာရတ္ထ, ဟေတွတ္ထ, ကာရဏတ္ထ, အဝဓာရဏတ္ထ, နိဒဿနတ္ထ, ဝိပလ္လာသတ္ထ, ပရိသမာပနတ္ထအားဖြင့် ၇-နက် ရှိကြောင်းကိုလည်း ဖော်ပြခဲ့လေသည်၊ ၎င်းပြင် ကြ္တိသဒ္ဒါ, အာဒိသဒ္ဒါနှင့် စပ်၍ ပဌမန္တပြယုဂ်အဆုံး ကိရိယာ၏အစဖြစ်မှု အာကာရဖြစ်ကြောင်းကိုလည်း

ကြ္တိသဒ္ဒါဒိသဒ္ဒေါ စ၊ ပဌမန္တောဝ ဒိဿတိ။
ပယောဂန္တေ ကြိယာဒေါ ဝါ၊ အာကာရောတိ ပဝုစ္စတိ။

ဟူသော ရှေးဆရာတို့ ဂါထာကို ကိုးကားပြတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်သုဝဏ္ဏရံသီသံဃရာဇာသည် စာပေချပို့ ကျမ်းပြုတော်မူကာ သာသနာပြုတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။ သင်္ခါရတရားတို့ မမြဲကုန်စွတကား။

သုဝဏ္ဏရံသီ ထေရောတိ၊ သုဝဏ္ဏရံသိသာသနေ။
ဓုရဒွယေ ပူရယိတွာ၊ အန္တံ တဿ ဝသံ ဂတော။

## ပိဋကတ်သုံးပုံ ရေးကူးစေ၍ သာသနာကို ချီးမြှောက်ကြခြင်း

အင်းဝ သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို ရေးသားစေတော်မူ၍ သာသနာပြုတော်မူခဲ့ကြကုန်၏၊ ပိဋကတ်သုံးပုံရေး အစီအရင်ကို အောက်ပါအတိုင်း အင်ရုံစာတမ်း၌ တွေ့ရလေသည်။

ရွှေမြို့တော်သိမ်း ထွက်တော်မူသည့်နောက် ပိဋကတ်သုံးပုံကို စ၍ ရေးရမည့်အစီရင်ကား-

ပိဋကတ်သုံးပုံကို စ၍ ရေးရမည်၊ မည်သည့်နေ့ရက်ကို အခါတော်ရသည်၊ ဝန်တို့မှာ ပညာရှိတို့ကို မေး၍ ပိဋကတ်စာရေးမည့် အစီအရင်ကို အမိန့်တော်ရှိသည်။

## တန်ဆောင်းဆောက်ခြင်း

အမိန့်တော်ရှိသည့်အတိုင်း ရွှေမြို့တော်အနောက်တွင် တန်ဆောင်း ၃-ထပ် ဆောက်လုပ်ပြီးလျှင် ပတ်လည်လို အယပ်ခဲ့သည်။ ပြင်ပတ်လည်ကို ရာဇမှတ်ကာ၍ ထီးတံခွန်စိုက်သည်၊ တန်ဆောင်းအရှေ့အရပ်၌ မှူးနေမတ်နေတဲ နေရာ ၅-သွယ်ခင်းသာအောင် ဒဝယ်လျား ဆောက်လုပ်သည်။

## မင်ချက်တဲဆောက်၍ မင်ချက်ခြင်း

တန်ဆောင်းအနောက်တွင် မင်ချက်တဲ ဆောက်လုပ်၍ အင်းဝမင်း ခမည်းတော်မယ်တော်တို့ သုံးဆောင်သည့် ခေါင်းအုပ် အင်ဂျီ (အင်္ကျီ) ရုံပုဆိုး သိုယင်းများကို အကျွင်းဖုတ်၍ မင်ချက်သည်။

## ဆရာတော်များ ကြုပ်မရခြင်း

ပိဋကတ်တော် ရေးသည့်နေ့ကစ၍ စာမေးဆရာတော်, ပိဋက-ကတ်တော်မ, ပိဋကတ်တော်ကြည့်, ဂိုဏ်းဆရာသံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးသည်၊ ပိဋကတ်ရေးရာမှာ စောင်မ၍ ကြည့်ရှုရသည်။

## သဘင်ခံခြင်း

သဘင်တော်စုံနှင့် လက်ပွေ့လက်ပန်းလည်း ၇-ရက်လည်း-အောင် ခံရသည်၊ မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ကို သဘင်တော်ထက် ဆောင်၍ တက်ရသည်။

## ပိဋကတ်တော်ရေးခြင်း

ပိဋကတ်ရေး အခါတော်ပြည့်စုံလျှင် ပိဋကတ်တော်အက္ခရာတောင့်ကို မင်နှင့် ရေးသည်၊ အက္ခရာဝန်းကို ကညစ်နှင့် ရေးသည်။ သဘင်ခံ၍ ၇-ရက်လည်လျှင် မဟာမြတ်မုနိ သုဓမ္မာစရပ်တော်တွင် ရေးရသည်။

တနေ့တရက် မပြတ်မလတ်ရအောင် အကြီးအကြပ်ခန့်၍ စောင့်ကြပ်နှိုးဆော်စေရသည်၊ စာမေးဆရာတော်, ပိဋကတ်တော်မ, ပိဋကတ်တော်ကြည့်, ဂိုဏ်းဆရာကိုလည်း လပြည့်လကွယ် တစ်လ ၄-သတင်း အလှည့်အလည်တက်၍ ကြည့်ရှု တည်းဖြတ်ရသည်။

နေ့ဆွမ်းကို အနောက်အတွင်းတော်က လုပ်ကျွေးရသည်။ ရေး၍ ပြီးသမျှကို စာတည်းဆရာတော်တို့ ကြည့်ရှုတည်းဖြတ်ပြီးလျှင် မဟာမြတ်မုနိ ပိဋကတ်တိုက်တော်မှာ သွင်းထားရသည်။

## သိမ်းထားခြင်း

မာရ်အောင်ရတနာ ဘုရားဒါယကာ မင်းလက်ထက်တွင်မှ မဟာမြတ်မုနိ သုဓမ္မာစရပ်က ပြောင်း၍ မာရ်အောင်ရတနာဘုရား

ပိဋကတ်တိုက်မှာ သွင်းထားသည်။ တိုက်တော်တွင်ထားသည့် ပိဋကတ်တော်များကိုလည်း ဆရာတော်သံဃာတော်တို့ ထုတ်ယူ၍ သင်ကြားရသည်။-[၁]

မင်းရဲကျော်ထင် မင်းတရားလက်ထက် သက္ကရာဇ် ၁၀၆၀-ခုနှစ်၊ ပြာသိုလတွင် ရွှေစည်းခုံမဏ္ဍပ်တွင် လယ်ပြင်ကျောင်းဆရာတော် မြကျောင်းဆရာတော်, တပ်တော်ကျောင်းဆရာတော်တို့ ကြပ်မစေ၍ ပိဋကတ်တော်ရေးကူးကြောင်း တွေ့ရသည်။-[၂]

ဖော်ပြပါ စကားရပ်ကို ထောက်၍ အင်းဝနန်းပျော် သာသနာပြု ဘုရင်တို့သည် ဓမ္မက္ခန်ကျမ်းစာပေများ တိုးတက်ပြန့်ပွားရေးကို အားပေးတော်မူခဲ့ကြကုန်၏၊ ဘုရားရှင် သာသနာတော်သည် ဗုဒ္ဓသာသနာပြု မင်းကောင်းမင်းမြတ်တို့၏ အားပေးမှုကို မှီရမှ များစွာ စည်ပင်ပွင့်လင်းနိုင်လေသည်။

အင်းဝကာလေ သုရာဇာနော၊ လိခိတွာ ပိဋကမ္ပိ စ။
ဇိနသာသနံ ဇောတေသုံ၊ အဟော တေသံ ပရက္ကမော။

---

၁။ အင်ရုံစာတမ်း။ ၁၆၀-၁၆၂။
၂။ မှန်နန်းရာဇဝင်။ ၃။ ၃၂၆။

# အင်းဝခေတ်က
# မင်းဆရာများ ပျံလွန်ရာ၌
# ဘုန်းကြီးပျံအစဉ်အလာ

အင်းဝခေတ်က ဆရာတော်များ လွန်လျှင် အောက်ပါအတိုင်း သင်္ဂြိုဟ်သည့်အစဉ်ကို အင်ရုံစာတမ်း၌ တွေ့ရသည်။

မာရ်အောင်ရတနာ ဘုရားဒါယကာ မင်းတရားလက်ထက်တွင် လောကမှန်ကင်းကျောင်း ပဥ္စမဆရာတော်, တိလောကဂုရုကျောင်း ပဥ္စမဆရာတော် လွန်ရာတွင် ပျဉ်ကြီးပျဉ်ငယ်ကို ရွှေပိန်းထည့်သည်၊ ပျဉ်ကြီးတင်ရထား ပြာသာဒ် ၁-ဆောင်, ပျဉ်ငယ်တင်ရထား ပြာသာဒ် ၁-ဆောင်, အရိုးအိုးတင်ရထား ပြာသာဒ် ၁-ဆောင်, အလှူတင်ရထား ပြာသာဒ် ၆-ဆောင်၊ ပေါင်း ရထားပြာသာဒ် ၉-ဆောင်၊ မသင်္ဂြိုဟ်ခင် ၁-ရက်က သဘင်တော်စုံခင်း၍ သံလျင်းနှင့် သင်္ဂြိုဟ်သည်။

အာသဘာလောကမဟာရာဇဂုရုဆရာတော်ကိုလည်း နည်းတူ ရထား ၉-ဆောင်နှင့် သင်္ဂြိုဟ်သည်။

လောကမာရ်အောင် ဘုရားဒါယကာ မင်းတရားလက်ထက် တွင် အောင်မြေစံလွှတ်ကျောင်း ပဥ္စမဆရာတော်, မှန်စီကျောင်း ပဥ္စမဆရာတော်တို့ လွန်ရာ ပျဉ်ကြီးပျဉ်ငယ်ကို ရွှေပိန်းထည့်သည်၊ ပျဉ်ကြီးတင်ရထား ပြာသာဒ် ၁-ဆောင်, ပျဉ်ငယ်တင်ရထား ပြာသာဒ် ၁-ဆောင်, အရိုးအိုးတင်ရထား ပြာသာဒ် ၁-ဆောင်, အလှူတင်ရထား ပြာသာဒ် ၁-ဆောင်၊ ပေါင်း ရထားပြာသာဒ် ၉-ဆောင်၊ မသင်္ဂြိုဟ်ခင် ၁-ရက်က သဘင်တော်စုံခံ၍ သံလျင်းနှင့် သင်္ဂြိုဟ်သည်။

လောကသာရဘုရားဒါယကာ မင်းတရားလက်ထက်တွင် အောင်မြေစံလွှတ်ကျောင်း ဒုတိယဆရာတော် လွန်သည်ကို ပျဉ်ကြီး ပျဉ်ငယ်ကို ရွှေပိန်းထည့်၍ ရထား ၉-ဆောင် သဘင်စုံခံ၍ သံလျင်း နှင့် သင်္ဂြိုဟ်သည်။

သည့်ပြင် အင်းဝမင်းတို့ဆောက်သည့်ကျောင်း ဆရာတော်ဖြစ် လျှင် ရထားဆောင် ၅-ဆောင်နှင့် သင်္ဂြိုဟ်သည်။

မင်းသားမင်းမြေး မျုးတော်မတ်တော်က ဆောက်သည့်ကျောင်းကို နာမံတံဆိပ်လျှုသည့် ဆရာတော်ဖြစ်လျှင် ရထားပြာသာဒ် ၃-ဆောင်နှင့် သင်္ဂြိုဟ်သည်။

ဆရာတော်တို့မှာ လွန်သည့်နေ့ကစ၍ တစ်လအတွင်းတွင် အလုပ်အဆောင်ပြီးအောင် လုပ်၍ သင်္ဂြိုဟ်သည်။ ဤကား လောကဗျူဟာ အင်ရုံစာတမ်းလာ အင်းဝခေတ် ဘုန်းတော်ကြီးပျံ သင်္ဂြိုဟ်ပုံတည်း။-[၁]

ထိုခေတ်က နာမည်ကြီးဆရာတော်များ ပျံလွန်လျှင် အလွန်အမင်း ခမ်းနားစွာ မပြုလုပ်ကြောင်း သိသာလေသည်။

အင်းဝကာလေနာတိမဟာ-ဥဿဝေနာဘိပူဇိသုံ။
ရာဇာပူဇိတထေရာနံ၊ ထိရာနံ ဟိ ဒိဝင်္ဂတေ။

## အမရပူရခေတ် ဘုန်းကြီးပျံ ခမ်းနားစွာ ကျင်းပကြ

အမရပူရခေတ်တွင် ဓမ္မသေနာပတိ သာသနာပိုင်ဆရာတော်များ, ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပျံလွန်လျှင် တော်-တော်ခမ်းခမ်းနားနား စျာပနပွဲသဘင် ကျင်းပရိုး ရှိလေသည်။

သက္ကရာဇ် ၁၂၀၁-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့တွင် "သူရိယဝံသာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာ-ဓိရာဇဂုရု" ပျံလွန်တော်မူလေရာ အမရပူရဒုတိယမြို့နန်းတည် ရွှေဘိုမင်းတရားနှင့် ပြည်သူပြည်သားတို့သည် ယင်း ၁၂၀၁-ခုနှစ်၊ တပို့တွဲလဆုတ် ၁-ရက်နေ့မှစ၍ ၇-ရက် ကျင်းပကြ၍ ခမ်းနားစွာ သင်္ဂြိုဟ်ကြကုန်၏။

---

၁။ အင်ရုံစာတမ်း။ ၂၈၃-၂၈၄။

ယင်းသဲအင်းသာသနာပိုင် စျာပနပွဲ၌ ရထားပြာသာဒ်ရေ ၁၈၅၊ ထမ်းပြာသာဒ်ရေ ၄၉၃၊ ၂-ရပ်ပေါင်း ပြာသာဒ် ၆၇၈-ပင် ပါရှိလေသည်။-¹

သဲအင်းသာသနာပိုင် အလောင်းကို ပြာသာဒ်အစေ့ တင်စေပြီးမှ တပိုတွဲလဆုတ် ၈-ရက်တွင် သန်လျင်းတွင် ထီးဖြူခြံရံစေပြီး လောင်တိုက်သို့ ပွဲသဘင်စုံနှင့် ပို့၍ ရိုးမြေကျ သင်္ဂြိုဟ်ကြကုန်၏။ အမရပူရခေတ်က အခြားနာမည်ကြီး ဆရာတော်များ လွန်ရာ၌လည်း ခမ်းနားစွာ ကျင်းပရိုးရှိလေသည်။

ကာလေ အမရရာဇူနံ၊ မဟာတာ ဥဿဝေန တော။
ကာရေသုံ ထေရသေဋ္ဌာနံ၊ ထိရာနံ ဟိ ဒိဝင်္ဂတော။

## မန္တလေး
## အကြီးကျယ်ဆုံး ဘုန်းကြီးပျံ

အကြီးကျယ်ဆုံး ဘုန်းကြီးပျံ တစ်ပျံကို ပြောပါဆိုလျှင် မန္တလေးမြို့ စံကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာ၏ ဘုန်းကြီးပျံကို ပြောပါလေ။ မင်းတုန်းမင်းတရားနှင့် အိမ်ရှေ့ကနောင်မင်းသားတို့၏ဆရာ "စန္ဒိမာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမတိုက် (စံကျောင်းတိုက်)ဆရာတော် ဦးစန္ဒိမာသည် ၁၂၂၄-ခုနှစ်၊ တပေါင်းလတွင် ပျံလွန်တော်မူလေသည်၊ ထိုအခါ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက မိမိတို့၏ဆရာရင်း ဖြစ်သဖြင့် အခမ်းအနားကြီးကျယ်စွာ လုပ်ဆောင်သင်္ဂြိုဟ်ရမည်ဟု အမိန့်တော်နှင့် သင်္ဂြိုဟ်ရပ်မှာ စံကျောင်းတော် အရှေ့တောင်ယွန်း မဟာရံတံတိုင်းအတွင်း အထူးအဆန်း အကြီးအကျယ် အာလိန်ငါးဆင့် လောင်တိုက်ပြုလုပ်ပြီးလျှင် နန်းမြေဘုံသာ

---

၁။ ကုန်းဘောင်ဆက်၊ ၂။ ၅၉၂။

စံနန်းတော်က စံကျောင်း အရှင်နှစ်ပါး ထွက်တော်မူ၍ နှောင်းတန်ခူး လဆုတ် ၈-ရက်နေ့တွင် သင်္ဂြိုဟ်တော်မူသည်၊ ယင်းစျာပနတွင် ပင့်သံဃာ ၁-သောင်းတို့အား ဒါတဗ္ဗဝတ္ထုအမျိုးမျိုးတို့ကို မင်းတရားကိုယ်တိုင် လှူဒါန်းတော်မူသည်။

ထီးဖြူ ၁-ထောင်, ပြာသာဒ် ၁-ထောင် ပါရှိရာ ဘုန်းကြီးပျံ သမိုင်းတွင် အကြီးကျယ်ဆုံး ဘုန်းကြီးပျံ ဖြစ်လေသည်။

ကာလေ မင်းတုန်းဝှရာဇိနော၊ စန္ဒိမာစျာပနူသုဝံ။
သဗ္ဗေသံ မဟန္တတရံ၊ ဝိသိဋ္ဌတိဝ ဝိသိဋ္ဌ။

## အင်းဝခေတ်
## သီဟိုဠ်သာသနာ့ဝန်ဆောင် ရဟန်းများ ရောက်ရှိခြင်း

အင်းဝခေတ် သက္ကရာဇ် ၇၉၁-ခုနှစ်တွင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)မှ အရှင်သိရီသဒ္ဓမ္မာလင်္ကာရထေရ်နှင့် အရှင်သီဟဠသာမိ ထေရ်ဟူသော မထေရ်မြတ်နှစ်ပါးတို့သည် သရီရဓာတ်တော် ၅-ဆူကို ပင့်ဆောင်တော်မူခဲ့ကြကုန်၍ မြန်မာပြည် ပုသိမ်သင်္ဘောဆိပ်သို့ ရောက်ရှိလာကြကုန်၏၊ ထိုအခါ မွန်မင်း ဗညားရံက ပြည်သို့ ပို့ဆောင်လေသည်၊ အင်းဝနန်းစံ မိုးညှင်းမင်းတရား ကြားလေလျှင် နှလှော်ကား ကြော့လှေ လေးဆယ်နှင့် ပြည်မြို့တိုင်အောင် ဆီးကြို၍ ပင့်ဆောင်စေတော်မူလေသည်၊ ရွာသစ်ကြီးသို့ ရောက်လေလျှင် မိဖုရား မောင်းမမိဿံနှင့် မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ရွှေဘောင်နှင့် မြို့တော်သို့ ကြိုတော်မူလေသည်။

အင်းဝသို့ ရောက်လေလျှင် ငလျင်ကြီးစွာ လှုပ်သောဟူ၏၊ သာသနာတည်ခြင်း၏ အကြောင်းပေတည်း၊ မင်းတရားသည် ရဟန်းတော်များ ပူဇော်သက္ကာရ ပြုတော်မူပြီး ရဟန်းတော်များ ပေးဆက်သည့် ဓာတ်တော် ၅-ဆူကို ဌာပနာ၍ စစ်ကိုင်းမြို့ သာယာလှသော

မြေအပြင်၌ ရတနာစေတီ တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ ယင်းစေတီသည် ယခုအခါ ဆင်များရှင်ဟု ထင်ရှားသော စေတီပင် ဖြစ်လေသည်။-[၁]

မိုးညှင်းမင်းတရားကြီးသည် အရှင်သိရီသဒ္ဓမ္မာလင်္ကာရထေရ်, အရှင်သီဟဠသာမိထေရ်ဟူသော မထေရ်မြတ်နှစ်ပါးတို့အား ယင်းရတနာစေတီ အနောက်ဖက်တွင် အုတ်ရွှေကျောင်း ကြက်သရေသုံးတိုက်နှင့် ပတင်းတံခါး ၇၈-တံခါးတည်၍ တင်လှူတော်မူခဲ့လေသည်။-[၁]

အာရာမံ နိယျာတေတွာန၊ မဟာရာဇာဘိပူဇယိ။
လင်္ကာဒီပိကထေရာနံ၊ ဓိရာနံ ထိရသီလိနံ။

## အင်းဝမင်း ထူပါရုံဒါယကာ နရပတိ သီဟိုဠ်ကျွန်း စွယ်တော်သို့ အလှူတော်များ ပို့လှူခဲ့

ထူပါရုံဒါယကာ နရပတိ အင်းဝမင်းတရားသည် သက္ကရာဇ် ၈၁၇-ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ စွယ်တော်ကို ရတနာအတိပြီးသော ရွှေသပိတ်, ရွှေဟင်းခွက်, ငွေဟင်းခွက်, ရွှေတန်ဆောင်, ငွေတန်ဆောင်တို့ကို ရာဇတမန်, ရာဇဗလတို့ကို သင်္ဘောဖြင့် သွားရောက် ပို့လှူတော်မူစေလေသည်။ စရပ်တန်ဆောင်း ဆောက်လုပ်ရန် ဝတ္ထုငွေ ၂၀၀-လည်း ပို့ပေးလိုက်လေသည်။ ရာဇတမန်တို့သည် ရွှေသပိတ်စသည်တို့ကို စွယ်တော်မြတ်အား လှူဒါန်းပူဇော်ကြပြီးလျှင် ဝါလိကသင်္ဘောဆိပ်၌-[၂] ပြာသာဒ်တန်ဆောင်း ဆောက်လုပ်စေကြ၍လည်းကောင်း, တဖန် သိရီပါဒ (စေတီပါဒ) တောင်ခြေရင်း ဂိရိမာရွာတွင်

---

၁။ ဦးကုလားရာဇဝင်။ ၂။ ၆၂-လည်းကြည့်။
၂။ ဂါလ်သင်္ဘောဆိပ်ဖြစ်မည်ဟု ထင်မိသည်။

တန်ဆောင်း ဆောက်လုပ်ကြစေ၍လည်းကောင်း ဒါနပြုခဲ့ကြကုန်၏၊ စေတီပါဒတောင်ခြေရင်းရှိ စရပ်အတွက် ဝတ္ထုကံမြေကို ဝယ်စေကြကုန်၍ နှစ်စဉ် ယင်းဝတ္ထုကံမှရသော ငွေဖြင့် ချက်ပြုတ်လှူဒါန်းရန် စီစဉ်ခဲ့ကြကုန်၏။-၁

လက်ာဒီပေပိ ဘိက္ခူနံ၊ ဟိတာယ ပုညကာရကော။
သရဋ္ဌေ ဘိက္ခူနံ ရာဇာ၊ ကရဏော စ ကထာဝကာ။

## အင်းဝဘုရင်သီဟသူ
## မိဖုရားဆံပင်များ တမြက်စီးပြု
## သီဟိုဠ်စွယ်တော်ပူဇော်

သက္ကရာဇ် ၈၃၀-ပြည့်နှစ်တွင် အင်းဝ၌ နန်းတက်သောသီဟသူမင်းတရားသည် ၈၃၅-ခုနှစ်တွင် မင်း မိဖုရား ၂-ပါး၏ ဆံများကို တံမြက်စီး ကျစ်စေပြီးလျှင် အရိုးကို နဝရတ်ကိုးပါးစီ၍ သီဟိုဠ်ကျွန်းစွယ် တော်တိုက် သုတ်သင်စိမ့်သောငှာ ရာဇဗလအမတ်ကို စေလွှတ်၍ လှူစေတော်မူလေသည်။-၂

ကေသေပိ ရာဇနာရီနံ၊ ဝဋ္ဋေတွာ ရာဇသေခရော။
ဒါဌာဂါရသောဓနာယ၊ ပေသယီ သုဒ္ဓစေတသာ။

## သီဟိုဠ်ကျွန်းသို့ ပိဋကတ်သုံးပုံလှူ

သက္ကရာဇ် ၉၁၆-ခုနှစ်တွင် နန်းတက်သော “သတိုးမင်းစော” မည်သော မင်းရဲကျော်ထင်သည် သက္ကရာဇ် ၉၄၂-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာပေထုပ်များစွာတို့ကို

---

၁။ ဦးကုလားရာဇဝင်၊ ၂။ ၈၆။
၂။ မှန်နန်းရာဇဝင်၊ ၂။ ၁၀၄-လည်းကြည့်။

သီဟိုဠ်ကျွန်းသို့ မဟာဃောဓာကို သံတမန်ခန့်၍ ပို့လျှုစေတော်မူလေသည်။

ယိုးဒယားနိုင်ငံစသည့် နိုင်ငံဒေသ အများအပြားတို့သို့လည်း ပို့လျှုစေတော်မူလေသည်။ ဤသို့ဖြင့် အင်းဝ မင်းကောင်းမင်းမြတ်တို့သည် မိမိတို့၏ အမိတိုင်းပြည်တွင်မက အခြားတိုင်းပြည်တို့၌လည်း ဘုရားမြတ်စွာ သာသနာစည်ပင်ရေးကို လုံ့လဥဿာဟပြုတော်မူလေကုန်၏။-[၁]

ဧဝံ ဟိ အင်းဝပုရမှိ၊ သုရာဇာနော နရာဓိပါ။
သရဋ္ဌေ အညရဋ္ဌေပိ၊ စက္ကဿ ဝုဒ္ဓိယာ ကရုံ။

## သီဟိုဠ်ပြန် သိရိသဒ္ဓမ္မကိတ္တိထေရ် အင်းဝ၌ သိမ်သမုတ်

သက္ကရာဇ် ၈၄၂-ခုနှစ်တွင် အင်းဝနန်းမြို့တော်၌ "သိရိသုဓမ္မရာဇာဓိပတိ" ဘွဲ့နာမံ ခံတော်မူသော ဒုတိယမင်းခေါင်ကြီး နန်းတက်လေသည်၊ နန်းစံ ၂၁-နှစ်ကြာမြင့်လေသည်၊ ယင်းဒုတိယမင်းခေါင်ကြီး လက်ထက်တွင် သီဟိုဠ်ပြန် (သီဟိုဠ်ရောက်)ဆရာတော်ဟူ၍ ထင်ရှားသော သိရိသဒ္ဓမ္မကိတ္တိ အမည်ရှိသော မထေရ်သည် မိမိကျောင်းအနီး တောင်ထိပ်၌ သိမ်သမုတ်ရာ မိမိ၏တပည့်တို့ကိုပင် သိမ်သမုတ်ရာတွင် မပါဝင်စေပဲ မိမိစိတ်ကြိုက် သီလဝန္တ သိက္ခာကာမ ရဟန်းတော် ၃-ပါးနှင့်တကွ မိမိပါ ၄-ပါးမြောက်ဖြင့် သိမ်သမုတ်ကံပြုတော်မူခဲ့လေသည်။ ဆရာတော်တို့ကား သိမ်သမုတ်ရာ၌ စတုဝဂ္ဂ ကရဏီယကံဖြစ်သော်လည်း ပိုမိုစိတ်ချရအောင် အနည်းဆုံး ၅-ပါး, ၆-ပါး သမုတ်သင့်ကြောင်း ဆိုကြသည်။-[၂]

---

၁။ မှန်နန်းရာဇဝင်၊ ၃။ ၅၆-လည်းကြည့်။
၂။ ဝိနယာလင်္ကာရဋီကာ၊ ၁။ ၃၆၀-၃၆၁-လည်းကြည့်။

## နရပတိမင်းလက်ထက် အင်းဝမဟာသိမ်သမုတ်

တန်ခိုးကြွဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူကြသော ရဟန္တာပုဂ္ဂိုလ်အများအပြား ထွန်းကားရာခေတ်က သံဃာစည်းဝေးခြင်း, သိမ်ကို သုတ်သင်ခြင်းငှာ စွမ်းနိုင်ရကား အလွန်ဆုံး သုံးယူဇနာရှိ သိမ်ကြီးများ သမုတ်ရိုး ရှိ၏၊ ဘုရားရှင်လက်ထက်တော်က မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ကျောင်းတိုက်ကြီး ၁၈-တိုက်ကို တစ်သိမ်အညီးပြု တော်မူ၍ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ သမုတ်တော်မူခဲ့လေသည်၊ သီဟိုဠ်ကျွန်း၌ အနုရာဓမြို့ကို အတွင်းပြု၍ ကျယ်လှသော သိမ်ကြီးကို သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်က အရှင်မဟာမဟိန္ဒ သမုတ်တော်မူခဲ့လေသည်။-၁ မြန်မာနိုင်ငံ၌ ထိုမျှလောက် ကျယ်ဝန်းသော သိမ်များ ရှိသည်ဟု မသိရပါ။

သို့ရာတွင် ပုဂံမြို့ဟောင်း၌ အနော်ရထာမင်း လျှောက်ထားသဖြင့် အရှင်အရဟံ သမုတ်တော်မူခဲ့သော အလျား ၁၆၂-တောင်, အနံ ၁၄၇-တောင်ရှိ သိမ်ကြီး ရှိခဲ့လေသည်။-၂

အင်းဝမြို့၌ နရပတိဇေယျသူရမင်းလက်ထက် မဟာသိမ် သမုတ်ခဲ့ကြောင်း သိရလေသည်။-၂

## ပထမမင်းခေါင်သိမ်

ပဌမမင်းခေါင်လက်ထက်က အင်းဝမြို့ ရွှေစည်းခုံဘုရားဟောင်းဖက် ကျုံးတဖက်တွင် သိမ်သမုတ်စေတော်မူခဲ့လေသည်၊ ယင်းသိမ်ကို ပဌမမင်းခေါင်သိမ်ဟု ခေါ်လေသည်။

ပဌမမင်းခေါင်ကာလေဟိ၊ ရာဇေန သမ္ဗန္ဓာပိတာ။
ပဌမမင်းခေါင်သီမာတိ၊ သာသီမာ သမ္ပဝတ္တတိ။

---

၁။ မဟာဝံသ။
ဝိနယာလင်္ကာရဋီကာ၊ ၁။ ၃၆၅။
၂။ ဝိနယာလင်္ကာရဋီကာ၊ ၁။ ၃၆၅-လည်းကြည့်။

## ဒုတိယမင်းခေါင်သိမ်

သက္ကရာဇ် ၈၄၂-ခုနှစ် နန်းတက်သော ဒုတိယမင်းခေါင် လက်ထက်တွင်လည်း အင်းဝမြို့ ရှမ်းဈေးလမ်းအရှေ့ မနောရမ္မ-ဥယျာဉ်နှင့် မနီးမဝေးတွင် မင်းတရားအလိုကျ သိမ်သမုတ်တော်မူခဲ့ကြကုန်၏၊ ယင်းသိမ်သည် ဒုတိယမင်းခေါင်သိမ်ဟု တွင်သည်၊ ယင်း ဒုတိယမင်းခေါင် သိမ်သမုတ်စဉ်က အခြားသံဃာတော်များက - သီချင်းသည်တို့ ပါလျှင် ငါတို့ မပါဝင်လိုကြပါ-ဟု ဆိုသဖြင့် အရှင် မဟာသီလဝံသ, အရှင်မဟာရဋ္ဌသာရတို့ မပါဝင်ကုန်ဟု ပြောဆိုရိုး ရှိလေသည်။

ဒုတိယမင်းခေါင်ကာလေပိ၊ ယာ သီမာ သမ္မန္နာပိတာ။
ဒုတိယမင်းခေါင်သီမာတိ၊ သာမညာ သမ္ပဝတ္တတိ။

## အင်းဝခေတ် ဆယ့်နှစ်ရာသီပွဲတော်များ

အင်းဝခေတ်က အင်းဝမင်းများနှင့် ပြည်သူတို့သည် ၁၂-ရာသီ ၁၂-လပတ်လုံး ဆိုင်ရာဒါနပြုပွဲများဖြင့် ကုသိုလ်ကောင်းမှုပြုပွဲများဖြင့် ရာသီအလိုက် လအလိုက် ပျော်ရွှင်ခဲ့ကြကုန်၏။

အကျဉ်းအားဖြင့်သော် "သင်္ကြန်တာကူး နှစ်ဦးညောင်ရေ စာပလွေခင်း ပဉ္စင်းတော်ခံ စာရေးတံနှင့် မြင်းယံပွဲကြီး ဆီမီးထွန်းချိန် ကထိန်-နတ်ကျင်း မြင်းခင်းထွက်ဝင် သဘင်မီးဖုံး ဂူလုံးသဲပုံ စေ့စုံစီလျဉ် ဤသို့ယှဉ်သား လစဉ်စမြဲ ဆဲ့နှစ်ပွဲ-[၁] သည်အတိုင်းပင် ဖြစ်လေသည်။

## တန်ခူးလနှင့် အင်းဝပြည်သူများ

တန်ခူးလရာသီတွင် သင်္ကြန်ပွဲတော်ကို ခမ်းနားစွာ ကျင်းပရိုးရှိကြကုန်၏၊ အင်းဝခေတ်ကလည်း အင်းဝပြည်သူတို့သည် နံ့သာရေဖြင့် တစ်ဦးနှင့်တစ်ဦး ပက်ဖျန်းပျော်မြူးလေ့ ရှိခဲ့ကြကုန်၏၊ သင်္ကြန်အကျနေ့၊ အတက်နေ့၊ နှစ်ဆန်း ၁-ရက်နေ့တို့၌ ဥပုသ်သီတင်းသီလဆောက်တည် ကျင့်သုံးကြကုန်၏။

ဘုရားပုထိုးများ ရေသပ္ပါယ်ခြင်း၊ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းကပ်လှူခြင်း စသည်တို့ကို ပြုလုပ်ရိုး ရှိကြကုန်၏၊ အင်းဝခေတ် မင်းမြတ်တို့သည်လည်း ပြာသာဒ်တော်တွင်တစ်ရပ်၊ လွှတ်တော်တွင် တစ်ရပ်၊ ဝင်းရုံး လေးမျက်နှာတွင် လေးရပ်၊ အရှေ့ရုံး၊ အနောက်ရုံး နှစ်ရပ်၊ မြို့ထိပ် ရှစ်ရပ်၊ ယင်းတစ်ဆယ့်ခြောက်ရပ်တို့၌ ၁-ရပ်ကို သံဃာတော်ရှစ်ပါးစီ အခါတော်သုံးရပ်ပတ်လုံး ဆွမ်းလုပ်ကျွေးခြင်း စသည်တို့ဖြင့် သာသနာတော်မြတ်ကို ထောက်ပင့်ကြကုန်၏။ ကိုင်းရှိုင်းကြကုန်၏။-[၂]

---

၁။ သာမိနပျို့၊ အပိုဒ်။ ၃၀။

၂။ အကျယ် လောကဗျူဟာကျမ်း-ကြည့်။

ရမ္မကေ စိတ္တမာသေပိ၊ အင်းဝပုရနိဝါသိနော။
ပါရိကာ ပတ္တိဝါစာပိ၊ ပုညဗီဇမကံသု တေ။

## ကဆုန်လနှင့် အင်းဝပြည်သူများ

ကဆုန်လ ပြိဿရာသီတွင်လည်း ညောင်ရေသွန်းပွဲတော်များ ကျင်းပရိုး ရှိကြကုန်၏၊ ဤပွဲတော်ကား ရေခန်းရေခြောက်နေသော ဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်သော ပွဲတော် ဖြစ်လေသည်၊ အင်းဝနန်းမြို့တော်သူ နန်းမြို့တော်သားတို့သည် ရွှေစည်းခုံမြတ်စွာဘုရား, မဟာမြတ်မုနိဘုရား, တံတားဦးစေတီ, ပတ္တမြားစေတီစသည့် နီးစပ်ရာ ဘုရားပုထိုးစေတီများ, ဗောဓိပင်များသို့ ရေအိုးကိုယ်စီ ရွက်ကြ, ထမ်းဆောင်ကြ၍ ပူဇော်ကြကုန်၏။

ဘုရင်မင်းမြတ်တို့သည်လည်း ကဆုန်လပြည့်နေ့နံက် ၄-ချက်တီးကျော်၊ ၁-မောင်း၊ ၂-မောင်းတွင် ဝန်ထောက်စာရေးကြီးတို့ကို ရုံးတော်သို့ တက်စေ၍ ဘုရား ပုထိုး စေတီတစ်ဆူကို ပြုတာ ၁၀-စီ, ၂၀-စီ, သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန် ၂-ယောက်စီ စာရင်းအတိုင်း ခွဲခန့်၍ မြို့တွင်းမြို့ပြင် စေတီ ပုထိုး ညောင်ပင်များကို ညောင်ရေတော် သွန်းစေကြကုန်၏၊ တိုင်းသူပြည်သားတို့ ညောင်ရေသွန်းလောင်းကြရန်လည်း အမိန့်ထုတ်ပြန်လေ့ ရှိကြကုန်၏။-[၁]

ဝေသာခမာသသေဋ္ဌေပိ၊ အင်းဝနဂရဝါသိနော။
ဗောဓိန္ဟာနပူဇနမ္ပိ၊ အကံသု ပုညကာမိနော။

---

၁။ အကျယ် လောကဗျူဟာကျမ်း-ကြည့်။

## နယုန်လနှင့်
## အင်းဝခေတ် ရဟန်းရှင်လူများ

နယုန်လ မေထုန်ရာသီတွင် စာပေကျမ်းဂန် သင်ကြားနေကြသော ပုဂ္ဂိုလ်တို့ စာပြန်ရာလ ဖြစ်လေသည်၊ ထို့ကြောင့် နယုန်လကို စာတော်ပြန်လ, ပဋ္ဌမပြန်လ-ဟု ဆိုရိုးရှိကြကုန်၏၊ အင်းဝခေတ်ကလည်း နယုန်လတွင် စာပြန်ပွဲ ကျင်းပရိုးရှိကြောင်း လောကဗျူဟာကျမ်း၌ အောက်ပါအတိုင်း တွေ့ရလေသည်။

"နယုန်လရာသီကား သည်နှစ် ပဥ္စင်းလောင်းတော်, ရှင်လောင်းတော် မည်မျှ ခံတော်မူမည်၊ ရှင်သာမဏေတို့မှာ သင်ကြားသည့် စာမေးဆရာတော်တို့က မေး၍ စာဝါကို ကောက်၍ စဉ်ရမည့်အကြောင်း စာမေးဆရာတော်တို့ကို မာရ်အောင်ရတနာဝင်းတွင် စရပ်သို့ ပင့်၍ လျှောက်စေ၊ အမိန့်တော်ရှိသည့်အတိုင်း စာမေးဆရာတော်တို့ကို လျှောက်ကြရသည်၊ စာမေးရာမှာ အမတ် ၂-ယောက် အကြပ်ခန့်သည်၊ စာမေးဆရာတော်တို့ကိုလည်း နယုန်လဆန်းတွင် အခါတော်နှင့်စပ်၍ မေးသည်၊ နယုန်လကုန် နေ့ဆွမ်းကို အနောက်အတွင်းတော်က စီရင်၍ လုပ်ကျွေးရသည်၊ ဆရာတော်တို့ စာမေးရာမှာ ဆရာတော်တို့က စာဝါနိမ့်မြင့် ထောက်၍ ကြီးစဉ်ငယ်လိုက် စာရင်းစီစဉ်ရသည်။

**ပဥ္စင်းလောင်း ဆွမ်းလောင်း အရေအတွက်။** ။ မာရ်အောင်ရတနာဘုရား ဒါယကာ မင်းတရားလက်ထက် ရွှေနန်းတော်တက်သည့်နှစ် ပဥ္စင်း ၅၀, ရှင် ၂၀၊ ၂-စု၊ ၇၀-စ၍ ခံသည့်နှစ်ကသည် နှစ်စဉ် ပဥ္စင်းလောင်း ရှင်လောင်း ၁-ပါးစီတိုး၍ ခံသည်။

လောကမာရ်အောင်ဘုရား ဒါယကာ မင်းတရားလက်ထက်တော် ရွှေနန်းတော်တက်သည့်နှစ် ပဥ္စင်းလောင်း ၅၆, ရှင်လောင်း ၂၀၊ ၂-စု ၇၆-စ၍ ခံသည့်နှစ်ကသည် ပဥ္စင်းလောင်း ရှင်လောင်း ဘစ်ပါးစီတိုး၍ နှစ်စဉ် ခံသည်။

စာမေးပွဲ အောင်စာရင်း။ ။ စာမေးပွဲဆရာတို့ စာမေးပြီးလျှင် ပဌမပစ္စင်းလောင်း မည်မျှ, ဒုတိယပစ္စင်းလောင်း မည်မျှ, တတိယပစ္စင်းလောင်း မည်မျှ, သိမ်ကွဲ တောနေပစ္စင်းလောင်း မည်မျှ, ရှင်လောင်းမည်မျှ စာရကြောင်း၊ မည်သည့်သူ ကျောင်းဆရာတော်သံဃာ မည်သည့်သူတပည့် "သာမဏေမည်သူ စာမေးရာတွင် သဒ္ဒါရှစ်ကျမ်း, သုတ်သုံးကျမ်း, အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း များကို အဆစ်အမျက်ကို မေးမြန်းတိုင်း ရ၍ ပဌမပစ္စင်းလောင်းဦးရန်ထားကြောင်း၊ မည်သည့်ကျောင်းဆရာတော်သံဃာ မည်သူတပည့် မည်သူသည် သဒ္ဒါရှစ်ရပ်ကို မေးမြန်းတိုင်း ရ၍ ပဌမရှင်လောင်းဦးရန်ထားကြောင်း လွှတ်တော်မှာ စာရင်းဆက်ရသည်။

ဆရာတပည့်တို့အား ချီးမြှင့်ခြင်း။ ။ ဆရာတော်တို့က စာရင်းတင်ကြောင်းကို အင်းဝမင်းကို လျှောက်ရာတွင် မည်သည့်ကျောင်း ဆရာတော်သံဃာတော် မည်သသူတပည့် သာမဏေမည်သသူနှင့် မည်သည့်ဆရာတော်သံဃာတော်တပည့် မည်သသူတို့သည် ကျမ်းကြီးမရွေး ကျမ်းငယ်မရွေး ဆရာတော်တို့ မေးမြန်းတိုင်း ရကြောင်းကို ဆရာတော်တို့ မိန့်တော်မူသည်။ မည်သည့်ဆရာတော်သံဃာတော် မည်သသူတို့သည် သဗ္ဗညုရှင်တော်ဘုရား ဆုံးမပညတ်တော်နှင့်အညီ ပရိယတ္တိ ပဋိပတ္တိကို ဖြည့်ဆောင်၍ တပည့်သာမဏေတို့ကို သင်ကြားသည်၊ ပို့သည်ဖြစ်သောကြောင့် လဝက်ဆန်လှူတော်မူသည်၊ တပည့်သာမဏေ မည်မျှသသူနှင့် မည်သူတို့သည်လည်း အပျိုအငယ်ဖြစ်လျက် ဆရာတော်တို့၏ အဆုံးအမကို ခံ၍ သင်ကြားသည်၊ သာမဏေမည်သသူကို စလွယ်သင်းကျစ်ဆင်၍ သာကီဝင်မင်းတို့ အမျိုးကို သွင်းတော်မူသည်၊ သာမဏေမည်သသူနှင့် ရှင်-လောင်း မည်သသူကို မိဘတို့သည် သွေးသောက်ဖြင့် မြှင်းစုတွင် စာရင်းသွင်းစေ အမိန့်တော်ရှိသည်။ အမိန့်တော်ရှိသည့်အတိုင်း ဆရာတော်တို့ကို လျှောက်ရသည်"ဟု လောကဗျူဟာကျမ်း၌ တွေ့ရလေသည်။

ဤသို့ဖြင့် အင်းဝခေတ်ကပင် အင်းဝဘုရင်များနှင့် အင်းဝမြို့တော်သူ မြို့တော်သားတို့သည် စာမေးပွဲများ ကျင်းပ၍ စာအောင်ပုဂ္ဂိုလ်များကို ဘုရားမြတ်စွာသာသနာကို စည်ပင်အောင် ပြုလုပ်ဆောင်ရွက်ခဲ့ကြကုန်၏။

ဧဝ္ဝမာသေပိ သဒ္ဓါယ၊ သံယုတာ သောဂတာ ဇနာ။
ပရိက္ခတဥဿဝေဟိ၊ သမ္မမောဒန္တိ နေကဓာ။

## ဝါဆိုလနှင့် အင်းဝပြည်သူများ

ဝါဆိုလ ကရကဋ္ဋရာသီတွင်ကား အင်းဝဘုရင်မင်းများ အင်းဝမြို့သူမြို့သားတို့သည် ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ ခံယူကြကာ ရဟန်းခံပွဲများ ကျင်းပခြင်း၊ ဆွမ်းကွမ်း အလှူဒါနပြုခြင်း၊ ဥပုသ်သီတင်း စောင့်သုံးဆောက်တည်ခြင်းစသော ကုသိုလ်ပုညအမျိုးမျိုးတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့ကြကုန်၏၊ အင်းဝခေတ်က ဝါဆိုလရာသီတွင် ဘုရင်မင်းမြတ်တို့ လုပ်ရိုးလုပ်စဉ် ပဉ္စင်းခံပွဲ စသည်များအကြောင်းကို လောကဗျူဟာကျမ်း၌ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

**ပဉ္စင်းလောင်း ရှင်လောင်းတို့ကို ခွဲဝေအပ်နှံခြင်း။** ။ ဝါဆိုလရာသီတွင် အစဉ်ကား ပဉ္စင်းတော်၊ ရှင်လောင်းတော်စာရင်းကို လွှတ်တော်သို့ တင်ဆက်ပြီး ပဌမပဉ္စင်းတော်ကို ကျီဝန်မှာ အပ်ရသည်၊ ဒုတိယပဉ္စင်းလောင်းတော်ကို အိမ်ရှေ့မင်းမှာ အပ်ရသည်၊ တတိယပဉ္စင်းလောင်းတော်နှင့် တောနေ သိမ်ကွဲ ရှင်လောင်းတော်တို့ကို မင်းသားကြီးနေရာနေတို့ကို နေရာစဉ်အတိုင်း တစ်ပါးစီ အပ်သည်၊ နေရာ ၅-သွယ် နေတို့တွင် ဝန်ကြီး၊ အတွင်းဝန်၊ မြို့ဝန်၊ မြင်းဝန်၊ ဆင်ဝန်မှူး၊ ဝန်ထောက်၊ ကျီဝန်၊ ရွှေတိုက်ဝန်၊ အောင်းမထိန်းဝန်၊ အနောက်ဝန်၊- သေနတ်ဝန်၊ အမြောက်ဝန်၊ ဝင်းလေးမျက်နှာဝန်၊ တပ်ဗိုင်းဝန်၊ သူရဲဝန်၊ တရားသူကြီးတို့နှင့် ဝန်စု

ရှိသသူတို့ကို နေရာစဉ်အတိုင်း တစ်ပါးစီ အပ်သည်၊ သူဌေး, ရွှေပြည်စိုးတို့ကို တစ်ပါးစီ အပ်သည်။

**စရိတ်နှင့် ရိက္ခာများ ရွှေတိုက်မှ ထုတ်ပေးခြင်း။** ။ ပဉ္စင်းလောင်း, ရှင်လောင်း ပရိက္ခရာရှစ်ပါး, .. ထီးတရပတ်သည်များကို ရွှေတိုက်ဝန်က စီရင်၍ ပဉ္စင်းလောင်း ရှင်လောင်း ဆရာကျောင်းသို့ ပို့အပ်ရသည်၊ ဒုတိယပဉ္စင်းလောင်းတော်က စ၍ ရှင်လောင်းတိုင်း အမစအခန့်သသူတို့ကိုလည်း ပဉ္စင်းလောင်း ရှင်လောင်း တစ်ပါးကို စရိတ်ကြေး ၅ဝ-စီ ရွှေတိုက်တော်မှာ ခံယူရသည်။

**ဝါဝင် အမိန့်တော်ဖတ်ခြင်း။** ။ ဝါဆိုလဆန်း ၅-ရက်နေ့ကို ဝါဝင်အမိန့်တော်ဖတ်မြဲအစဉ် ဖတ်စေရမည်အကြောင်းနှင့် ဝန်တို့က သံတော်ဦးတင်၍ ဝါဝင်အမိန့်တော်ကို ဖတ်ရသည်၊ စာဖတ်သွားရာမှာ ရှေ့ဖျားက စမြောင်၊ သည်နောက် အတွင်းမောင်းလေးလုံး၊ သည့်နောက် တံခါးဆွဲစည်ကြီး၊ သည့်နောက် သေနတ်လုလင်ပေါင်းထုပ် ၅ဝ-တို့ ၂-စည်သွားရသည်။ သည့်နောက် စီးတော်ဆင်တစ်စီးကို ရဲကတင်၍ အမိန့်တော်စာဖတ်မည့်သူ ဝတ်ကောင်းနားတောင်းနှင့် ယွန်းပေါင်ပရပိုက်ကို ကိုင်၍ ရဲကတွင် စီးရသည်၊ ဆင်မှူး ဆင်စချီတို့လည်း ကြပ်မတ်၍ လိုက်ရသည်၊ သည်နောက် မြောင်းတော်သည် ၁ဝဝ၊ စမောက်နှင့် မြင်းစီး၍ လိုက်ရသည်၊ သည်နောက် မြို့ဝန်အဆောင်အရွက်နှင့် မြင်းစီး၍ နောက်အုပ် လိုက်ရသည်။

**ဖတ်ပုံနှင့် သွားလမ်း။** ။ ရုံးတော်က စီစဉ်၍ မောင်းကို အစဉ်အတိုင်းတီး၍ သွားရသည်၊ ဝင်းတော်ကို လက်ျာရစ်လည်၍ မြို့တွင်း လမ်းဆုံလမ်းမတိုင်း အမိန့်တော်ကို ဆင်ထက်က ဖတ်ရသည်၊ အမိန့်တော်ကို ဖတ်မည်သောအခါ စည်မောင်းရပ်ရသည်၊ ဖတ်ပြီးလျှင် စည်မောင်းကို အစအတိုင်းတီး၍ သွားရသည်၊ မြို့တွင်း

မြို့ပြင်လမ်း လမ်းဆုံတိုင်း စေ့နှံ့အောင်--- ပြန်ပြီးလျှင် ရုံးမတော်သို့ ပြန်လာရသည်။

---သည်အတိုင်း ဝါဆိုလဆန်း ၆-ရက်နေ့ကို ရုံးတော်က စီစဉ်ပြီးလျှင် ကျော်ဘုံက---ထွက်၍ ညောင်စဉ်လမ်းမ တောင်ဘီလူး လမ်းမ တံတားဦးပင်းရ----ဆုံဝတွင် ဖတ်ရသည်။

သည်နောက် ဝါဆိုလဆန်း ၇-ရက်နေ့ကို သည်အတိုင်းတွင် ဆင်မပါ အမိန့်တော်ဖတ်ရမည်သူကို ဇောင်းတော်မြင်း ကကြိုးတန် ဆာဆင်၍ စီးရသည်။ မာရ်အောင်တံခါးဆိပ်တွင် ဆိပ်က မြင်းဘောင် ခံ၍ စစ်ကိုင်းသို့ကူး၍ မြို့တွင်းမြို့ပြင် လမ်းဆုံတိုင်း ဖတ်၍ ပြန်လာ ရသည်။ အမိန့်တော်ကို ၃-ရက်ဖတ်ရသည်၊ အမိန့်တော်ကား

> ပြည်သူပြည်သားတို့ ယခု ဝါဆိုလရောက်ပြီ၊ ပါဏာ-တိပါတာ= သူ၏အသက်ကို သတ်ခြင်း။ အဒိန္နာဒါနာ= သူ မပေးသောဥစ္စာကို ခိုးယူခြင်း။ ကာမေသုမိစ္ဆာစာရာ= သူ့ မယားကို ပြစ်မှားခြင်း။ မုသာဝါဒါ= မဟုတ်မမှန်သော စကား ကို ဆိုခြင်း။ သူရာမေရယ= သေရည်အရက်ကို သောက်ခြင်း-စသည်များကို ရှောင်ကြဉ်၍ ပဥ္စသီ အဋ္ဌသီ ဒသသီကို ဆောက်တည်ရမည်။ အလှူပေးခြင်း, သီလသီတင်း ဆောက် တည်ခြင်း, ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာစိတ် ရှိသမျှကိုလည်း လှူဒါန်းဆောက်တည်ကြကုန်။

သည်အတိုင်း ယွန်းပေါင်ပရပိုက်တွင် ရေးသည်။ ဝါဆိုလဆန်း ၅-ရက်နေ့ကို စ၍ မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ ဝါဆို ကန်တော့ဆက်ရန် ရွှေဖလား၊ ခါသာ၊ သာလူ ဖျင်၊ ပုဆိုးဖြူများကို အရှေ့ရုံးမတော်တွင် ပြသ၍ လက်ဆောင်ယူမှူးစာရေး၊ လက်ဆောင် စာရေးသူငွေးတို့ တိုင်းထွာမှတ်သားရသည်။

## ပဥ္စင်းလောင်းတော် ရှင်လောင်းတော်များကို ရွှေစည်းခုံသို့ ဆောင်ယူ သဘင်ခံခြင်း

ပဥ္စင်းလောင်းတော် ရှင်လောင်းတော်တို့ကို အမအစခန့်ထား သည်အတိုင်း ပဥ္စင်းလောင်းများကို အသီးသီး အိမ်သို့ ဆောင်ယူ၍ အိမ်တွင် ပွဲသဘင်ခံကြသည်၊ ဝါဆိုလဆန်း ၉-ရက်နေ့တွင် ဖြစ်စေ၊ တရက်နေ့တွင် ပဥ္စင်းလောင်းတော် ရှင်လောင်းတော်တို့ကို တင့်-တယ်အောင် ဆင်ယင်၍ မည်သည့်နေ့ရက် နံနက် ၄-ချက်တီးကျော် ၁-မောင်း၊ ၂-မောင်းကို ရွှေစည်းခုံဘုရားသို့ ရောက်စေလွှတ်တော်က စာချွန်တော်ပေးအပ်၍ ပဥ္စင်းလောင်း ရှင်လောင်းတို့ကို တိုက်တော်က ရွှေရေးပေါင်းကို ဆင်ရသည်၊ ရှင်လောင်းတို့မှာ စုလစ်ပေါက်ချပ်နှင့် ရွှေထုံးဆင်သည်။ မည်သည့်နေ့ရက် နံနက် ၄-ချက်တီကျော် ၁-မောင်း ၂-မောင်းကို ကျိုင်းထမ်းစင်အိမ်က ဆောင်ယူ၍ ရွှေစည်းခုံ စောင်းတန်းပတ်လည် အသီးသီး ပွဲသဘင်ခံ၍ နေရသည်။

ပဌမပဥ္စင်းလောင်းတော်ကို ကျီဝန်က စီရင်၍ ထမ်းစင်လက် ခတ်နှင့် ဆောင်ယူပြီးလျှင် ပဌမတဲတွင် ထားသည်၊ ဒုတိယပဥ္စင်း လောင်းကိုလည်း အိမ်ရှေ့ဝန်တို့က ယူဆောင်၍ ဒုတိယတဲတွင် ထားသည်။

## ရွှေစည်းခုံမှ ဆောင်ယူ၍ ပြုရခြင်း

နံနက် ၄-ချက်တီး ကျော် ၅-မောင်းကို ကျီဝန်၊ ရွှေတိုက်ဝန်၊ ဝန်ထောက်၊ စာရေးကြီး ကြီးကြပ်မ၍ ရွှေစည်းခုံဘုရားက လာ၍ အတွင်းတော်မှ ပြုရသည်။

အစဉ်။ ။ ရွှေစည်းခုံက လာသည့်အတိုင်း အစဉ်ကား- ရှေ့ဖျားစမြောင်

၂။ သဘင်စည် သဘင်တော်စုံသည်နောက် သေနတ်လုလင်၊ ခေါင်းထုတ်ပေါင်း ၅၀၊ ၂-စု သွားရသည်၊ သည်နောက် ကမ္ဘဝါကျမ်း ကို ဝေါပလာနှင့် တင်၍ ထီးဖြူ ၄-စင်း အုပ်ရသည်၊ ဝေါပလာ စုသားတို့ ထမ်းသည်၊ ဝေါပလာမှူး ကြပ်ရသည်။

သည်နောက် ပဌမပဥ္စင်းလောင်းတွင် ပဌမဦးတစ်ယောက်ကို ရွှေရေးပေါင်းကို ဆင်၍ စလွယ် သင်းကျစ်ဆင်ပြီးလျှင် ထမ်းစင်လက်ခတ်တွင် စီးရသည်၊ သည်ပြင် ပဌမပဥ္စင်းများမှာ ရွှေရေးပေါင်း ထမ်းစင်လက်ခတ်နှင့် ခေါင်းထုပ်ဖြူ ပေါင်းရသည်၊ သည်နောက် ဒုတိယပဥ္စင်းလောင်းမှာ ပုဆိုး ခေါင်းထုပ် ရွှေရေးပေါင်း ထမ်းစင်နီနှင့်၊ စည်သည် လက်ဝဲက အိမ်ရှေ့မင်း စည်တီး၍ လိုက်ရသည်။

သည်နောက် ပဥ္စင်းလောင်း သိမ်ကွဲ တောနေ ပဥ္စင်းလောင်းတို့မှာ ပုဆိုး ခေါင်းထုပ် ရွှေရေးပေါင်း ထမ်းစင်နှင့် သည်နောက် ရှင်လောင်းတို့မှာ ပုဆိုး ပေါင်းကျက် ရွှေကုံးထမ်းစင်နီနှင့် သည်အတိုင်း တစ်ပါးစီ စဉ်၍ သွားသည်၊ ထမ်းစင်ရှေ့တွင် ကွမ်းခွက် လက်ဘက်အိုး ရေတကောင်းနှင့် ရဟန်းပရိက္ခရာစုံသက်န်း သွားရသည်၊ ကျီဝန်၊ ရွှေတိုက်ဝန်၊ ဝန်ထောက်လည်း ကြပ်မ၍ လိုက်ရသည်။

နန်းတော်ရောက် အစဉ်။ ။ ရွှေစည်းခုံဘုရားကသည် နန်းတော်ရှေ့သို့ရောက်လျှင် သဘင်စည် သဘင်တော်စုံ အိမ်ရှေ့မင်းစည်များသည် ရုံးတော် ၂-ဖက်ကြားတွင် သဘင်ခံ၍ နေသည်၊ ဝေါပလာလိုက် သေနတ်လုလင်တို့သည် ပြင်က နေရသည်။ ဝေါ-ပလာနှင့် ပဥ္စင်းလောင်း ရှင်လောင်းတို့ကို ကျိုင်းထမ်းစင်နှင့် လက်ျာမာရဘင်တံခါးက ဝင်ပြီးလျှင် နန်းတော်အနောက်ကို လည်၍ မြောက်စမုခ်သို့ ရောက်လျှင် စမုခ်ဆောင်တွင် အင်းဝမင်းရပ်၍ နေရသည်။ အမတ်တစ်ယောက်လည်း ရေစက်တော်သွန်း ရွှေကရားနှင့် ပုဆစ်တုပ်၍ နေရသည်၊ ပြော့ကြီးမှူးလည်း ပဥ္စင်းတော်လျှောက်စာ ယွန်းပရပိုက်နှင့် စမုခ်ဆောင်ရှေ့ မြေပြင်တွင် ပုဆစ်တုပ်၍ နေရသည်။ စည်တော်စုံလည်း ခံ၍ နေနှင့်ရသည်၊ ပဥ္စင်းလောင်းတော် ရှင်လောင်းတော် ရောက်သည်ကို မြင်လျှင် ပြော့မှူးကြီး ယွန်းပေါင်ပရပိုက်စာကို ဖတ်လျှောက်ရသည်၊ စာကား–

ဈေးကျက်စာ

အောင်သူတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရား သာသနာတော်သို့ သွင်းတော်မူသည်၊ ပဌမပဥ္စင်းလောင်း မည်မျှ၊ ဒုတိယပဥ္စင်းလောင်း မည်မျှ၊ တတိယပဥ္စင်းလောင်း မည်မျှ၊ တောနေ သိမ်ကွဲ မည်မျှ၊ ရှင်လောင်းတော် မည်မျှ၊ ပေါင်း ပဥ္စင်းလောင်း ရှင်လောင်းတော် မည်မျှဘုရား။

အမိန့်တော်

ဈေးကျက်ပြီးလျှင် အင်းဝမင်းက လူ၏အဖြစ်ကို ရခဲလှသည်၊ ရပါငြားသော်လည်း ယောကျ်ားကောင်းစင်စစ် ဖြစ်ခဲလှသည်၊ ယောကျ်ားကောင်းစင်စစ် ဖြစ်ပါငြားသော်လည်း သာသနာတော်တွင်း၌ ကြိမ်နည်းခဲလှသည်၊ သာသနာတော်တွင်း၌ ကြိမ်ပါသော်လည်း အသိပညာနှင့် ပြည့်စုံမည်ခဲလှသည်၊ အသိပညာနှင့် ပြည့်စုံငြားသော်လည်း ရဟန်းပဥ္စင်းအဖြစ်ကို ရမည်ခဲလှသည်ဟူ၍ သုံးလူ့အထွတ် သဗ္ဗညုရှင်တော်မြတ်ဘုရား ဟောတော်မူသည်၊ ပဥ္စင်းလောင်း ရှင်လောင်းတော်တို့သည် ရခဲခြင်းကြီးငါးပါးနှင့် ပြည့်စုံကြသည်။ သုံးလူ့အထွတ် သဗ္ဗညုရှင်တော်ဘုရား ဆုံးမပညတ်တော်နှင့်အညီ ကျင့်ဆောင်ကြရမည်။

ရေစက်သွန်းခြင်း

သည်အတိုင်း အမိန့်တော်ရှိလျှင် ရေစက်တော်သွန်း၍ စည်တော်တီးရသည်။

ရွှေစည်းခုံသို့ ပြန်ခြင်း

ပြီးလျှင် စည်တော်စုံနှင့် ဝေါပလာ ပဥ္စင်းလောင်း ရှင်လောင်းတော်တို့ အစဉ်အတိုင်း ထွက်လှာ၍ ရွှေစည်းခုံ

ဘုရား စရပ်ဦးတွင် စု၍ နေရသည်။ စည်တော်စုံနှင့် သဘင်တော်စုံလည်း ရွှေစည်းခုံဘုရား စရပ်တော်တွင် သဘင်တော်ခံ၍ နေရသည်။ ပြောကြီးမှူးလည်း အမိန့်တော်ရှိသည့်အတိုင်း ယွန်းပေါင်ပရပိုက်တွင် ရေးတင်ပြီးလျှင် အတွင်းတော်က ထွက်လှာ၍ ရွှေစည်းခုံဘုရား စရပ်တော်မှာ အမိန့်တော်ကို ထပ်၍ ပြန်ရသည်။

ပဉ္စင်းခံ ရှင်ပြုအစဉ်

ပြန်ပြီးလျှင် သိမ်ကွဲတောနေ ပဉ္စင်းလောင်း ရှင်လောင်းတို့ကို အမအစခန့်သသူတို့က ဆရာကျောင်းသို့ ဆောင်ယူ၍ အခါတော်တညီတည်း သိမ်ဝင်၍ ကမ္မဝါဆောင်ရသည်။ ပဌမပဉ္စင်းတော်မှ စ၍ ရှင်လောင်းတော်တို့၏ အခါတော်အတိုင်း တစ်ပါးစီ သိမ်ဝင်၍ ကမ္မဝါဆောင်ရသည်၊ အတွင်းတော်က ကွမ်းလဘက် အလှူရန်တစ်ပွဲစီ သိမ်ကအထွက်ကို လှူရသည်။ မင်းသားမင်းမြေး မှူးတော်မတ်တော်တို့လည်း ဝတ်ကောင်းနားတောင်းနှင့် ရွှေစည်းခုံဘုရား ရှစ်စရပ်တွင် မှူးနေ မတ်နေ တဲတွင် တက်၍ နေရာစဉ်အတိုင်း နေ၍ သဘင်တော်ခံ၍ နေရသည်။

အခါတော်နှင့် ပဌမပဉ္စင်းလောင်း သိမ်ဝင်သည်နေ့ကသည် ပဉ္စင်းလောင်းတော်, ရှင်လောင်းတော် မပြီးမခြင်း နံနက် ၁-ချက်တီးကသည် နေ့ ၂-ချက်တီးမှ သက်သွားရသည်၊ ညကိုလည်း ၄-ချက်တီးကတက်၍ ည ၁-ချက်တီးမှ သက်သွားရသည်။

ပဉ္စင်းနှင့် ရှင်တို့ကို ဆွမ်းပိတ်ကျွေးခြင်း

ပဉ္စင်းလောင်းတော်ပြီးလျှင် ပဌမပဉ္စင်းကို အတွင်းတော်က ပင့်၍ ဆွမ်းကျွေးရသည်။ ဒုတိယပဉ္စင်းကို အိမ်ရှေ့မင်းက ပင့်၍ ဆွမ်းကျွေးရသည်၊ သည့်ပြင် ပဉ္စင်း ရှင်များမှာ

အမအစခန့်သသူတို့က သဒ္ဓါစေတနာရှိသမျှကို ပင့်၍ အသီး အသီး အိမ်တွင် ဆွမ်းကျွေးရသည်။

ဝါဆိုလ လက်ဆောင်ဆက် အစဉ်

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ ကန်တော့လက်ဆောင်တော် ဆက်သည့်အစဉ်ကား- ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ နေ့ ၂-ချက်တီးကျော် ၂-မောင်း ၃-မောင်းကို လွှတ်တော်ရှေ့တွင် ဝင်းတော် ၅-တပ် ခင်းသည်။ စည်တော်စုံနှင့် ဝန်စည်တော်တို့ လွှတ်တော်ရှေ့ လှေကားတွင် ခံသည်။ ဘုရား ၇-ဆူ အလှူတော်ရန်များကိုလည်း စီစဉ်ရသည်။

စလင်းမြို့ ပြည်မြို့ဝန် စစ်ကဲတို့က ဆက်သည့် ကန်တော့လက်ဆောင်များကိုလည်း ရုံးတော် ၂-ဖက်ကြားတွင် ခင်းသည့် လက်ဆောင်စာရေးတို့ လက်ဆောင်တော်စာကို ကိုင်၍ နေရသည်။

မင်းသားမင်းမြေး မျုးတော်မတ်တော်တို့သည် ဝတ်-ကောင်း နားတောင်းနှင့် ကန်တော့လက်ဆောင်ပွဲနှင့် လွှတ်တော်နေရာ တက်ရသည်။ ထီးဖြူတော် မင်းခမ်းတော်များကိုလည်း ထုတ်၍ ခင်းကျင်းသည်။

အခါတော်ပြည့်စုံလျှင် အင်းဝမင်းသည် ပကတိအဝတ်ကို ဆင်ယင်မြဲ ဆင်ယင်၍ ရွှေနန်းတော်ကသည် ဖြတိုက်တော်သို့ ထွက်၍ ဝေါတော်နှင့် လွှတ်တော်သို့ ထွက်တော်မူသည်၊ လွှတ်တော် ရာဇပလ္လင်သို့ ရောက်တော်မူလျှင် စည်တော်စုံကို တီးမြဲတီးရသည်။ ပြောဲကြီးမျုးကလည်း အလှူတော်လျှောက်စာ ယွန်းပေါင်ပရပိုက်ကို ယူ၍ နေရာက ဦးချပြီးလျှင် ဝင်၍ အလှူတော်စာ လျှောက်မြဲအရပ်တွင်ဟု ဆတ်ထုတ်၍ အလှူတော်စာကို လျှောက်ရသည်။ စာကား-

### အလှူတော်လျှောက်စာ

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား၊ ဝါဝင်ကန်တော့ခံ လွှတ်တော်သို့ ထွက်တော်မူသည်ကို အောင်သူတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရား သရီရဓာတ်တော်မွေတော် မည်သည်ဘုရား ၇-ဆူကို ထီးဖြူ ၇-စင်း၊ ကုက္ကားတံခွန် ၇-ခု၊ မ---ပန်းတံခွန် ၇၊ ကြက်လျှာတံခွန် ၇၊ ရွှေပန်းခိုင် ၇-ခိုင်၊ ငွေပန်းခိုင် ၇-ခိုင်၊ ရွှေတန်ဆောင် ၇-တိုင်၊ ငွေတန်ဆောင် ၇-တိုင်၊ ရွှေ ၇-ဆိုင်း၊ ညောင်ရေအိုး ၇-လုံး၊ ရွှေပူဇော်ပွဲ ၇-ပွဲ၊ အလှူတော် ပူဇော်တော်ဘုရား။

### အမိန့်တော်

လျှောက်ပြီးလျှင် အင်းဝမင်းက အလှူတော်ကို ကောင်းမွန်အောင် ဆောင်ယူ၍ တင်လှူပူဇော်စေ၊ အမိန့်တော်ရှိလျှင် ပြော့ကြီးမှူး အမိန့်တော်ကို ခံ၍ ရွှေတိုက်ဝန်ကို ပြန်ဆိုစေသည်။

အလှူတော်ကို အလှူတော်ကြပ်တို့ ဆောင်ယူ၍ တင်လှူပူဇော်ရသည်၊ သံတော်ခံတို့လည်း နေရာက ဦးချ၍ လွှတ်တော်အရှေ့လှေကားက သက်၍ လက်ဆောင်စာရေးတို့မှာ စာကို ကောက်ယူ၍ လွှတ်တော်သို့ သက်ပြီးလျှင် စာလျှောက်မြဲအရပ်တွင် ပုဆစ်တုပ်၍ မင်းသားမင်းမြေး မှူး-တော်မတ်တော်တို့ ဆက်သည့် ကန်တော့လက်ဆောင်တော် စာကို ဖတ်လျှောက်ရသည်။ စာကား–

### ကန်တော့လက်ဆောင် လျှောက်စာ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ ဝါဝင်ကန်တော့ခံတော်မူသည်ကို

ဘုရားကျွန်တော် မင်းသားမင်းမြေး မှူးတော်မတ်တော် သူဌေး သူကြွယ် ဘုရားကျွန်တော်တို့က ရှိခိုးပူဇော်တော် ရွှေဖလား၊ ခါသာ၊ သာလူ၊ ဖျင်ဘုရား။

လျှောက်ပြီးလျှင် သံတော်ခံတက်လှာ၍ နေမြဲနေရာမှာ နေသည်။ သည်နောက် သံတော်ခံတစ်ယောက်စီ ဝင်၍ ပြည်မြို့ဝန် စစ်ကဲတို့ စာကို လျှောက်သည်။ သည်နောက် စလင်းမြို့ဝန် စစ်ကဲတို့ စာကို လျှောက်သည်။

### လက်ဆောင်များကို ကောက်သိမ်းခြင်း

ငြိမ်သက်လျှင် မင်းသားမင်းမြေး မှူးတော်မတ်တော် တို့မှာ ကန်တော့ပွဲကို လက်ဆောင်ကောက်ခန့်သူတို့ ဝင်၍ နေရာစဉ်အတိုင်း ဝင်၍ ကောက်သည်၊ အောက်ကဆက်သည် လက်ဆောင်ကိုလည်း လက်ဆောင်ယူမှူးစာရေးတို့ ကောက် သိမ်း၍ လက်ဆောင်တော်စင်တွင် ထားသည်။

### မေးမြန်းတော်မူခြင်း

လာလူအကြီးတို့ကို သံတော်ခံတို့ ကြပ်မ၍ လွှတ်တော် လက်ဝဲလှေကားက တက်စေ၍ ကြမ်းပြင်တွင် ခစားရသည်၊ ငြိမ်သက်လျှင် အင်းဝမင်း ပြည်မြို့ဝန်စစ်ကဲကို မေးသည်။ ပြော့ကြီးမှူး အမိန့်တော်ကို ခံ၍ လျှောက်ပြီးလျှင် စလင်း မြို့ဝန်စစ်ကဲကို မေးသည်၊ ပြော့ကြီးမှူး လျှောက်မြဲလျှောက် သည်။

### ဝင်တော်မူခြင်း

ငြိမ်သက်လျှင် နာရီမှူး ငွေမောင်းနှင့် တက်လာ၍ မောင်းကို ၅-ချက်တီးပြီးလျှင် ဝင်စည်တော်တီး၍ အင်းဝမင်း ဝေါစီး၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။ မင်းသားမင်းမြေး

မျှူးတော်မတ်တော်တို့လည်း နေရာစဉ်အတိုင်း သက်သွားကြသည်၊ ဝင်းတော်ကိုလည်း ရုပ်သည်၊ ထီးဖြူတော် မင်းခမ်းတော်များကိုလည်း ရုပ်သိမ်း၍ မင်းခမ်းတော်တွင် ကွမ်းလဘက်များကို ကျောင်းမှာ လှူသည်။

ဘုရင်မထွက်လျှင် အစီအစဉ်

ရှေးအင်းဝမင်းတို့သည် အတိုင်းခန့်ထား၍ ကိုယ်တော်ထွက်၍ ကန်တော့ခံသည်။ ကိုယ်တော် မေးမြန်းတော်မူသည်၊ မာရ်အောင်ရတနာဘုရား ဒါယကာ မင်းတရား၊ လောကမာရ်အောင်ဘုရား ဒါယကာ မင်းတရား၊ ဟံသာဝတီပါမင်းလက်ထက်တွင် ကိုယ်တော်မထွက်၊ သည်အတိုင်း ခန့်ထားပြီးလျှင် မှူးသားမင်းမြေး မှူးတော်မတ်တော်တို့နှင့် အဝေးဝန်စစ်ကဲတို့ ကန်တော့လက်ဆောင် ဆက်စာကို သံကောက်ယူ၍ ပြဲတိုက်တော်မှာ လျှောက်ရသည်။ ပြီးလျှင် အမေးတော်ပြဲတိုက်တော်က သံတော်ခံတို့ ထွက်၍ မေးရလျှောက်ရသည်။

ကတော်မယားတို့ ကန်တော့ပွဲဆက်အစဉ်

ဝါဆိုလပြည့်ကျော် ၅-ရက်နေ့ မှူးတော်မတ်တော်ကတော်မယားတို့က အနောက်ဇေတဝန်ဆောင်တွင် ကန်တော့ပွဲဆက်သည့် အစဉ်ကား- အနောက်ဇေတဝန်ဆောင်ရာဇပလ္လင်ရှေ့တွင် နန်းစဉ် ကိုယ်လုပ်တော်တို့နှင့် မင်းသမီးတို့နေရာ သင်ဖြူးခင်းရသည်၊ နောက် မှူးတော်မတ်တော်ကတော်မယားတို့နေရာ လက်ဝဲ လက်ျာ သင်ဖြူးခင်းသည်၊ ပြင်လက်ခံတိုင်တွင် ၎င်းတို့နေရာ နှီးပေါက်နှစ်သွယ် ခင်းရသည်၊ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့ နံနက် ၄-ချက်တီးကျော် ၂-မောင်း၊ ၃-မောင်းကို နန်းစဉ် ကိုယ်လုပ်တော်တို့နှင့် မင်းသမီးတို့သည် ဆင်ယင်ဝတ်စား၍ ပြင်ဝန်းအိမ်က ထမ်းစင်

စီး၍ ကန်တော့ပွဲနေရာသို့ တက်ရသည်၊ မျှးတော်မတ်တော် ကတော်မယားတို့မှာ ထုံးကြိတ်၍ ရွှေကုံး ရွှေနားတောင်း ပတီး ဆင်ဝတ်သည်။ စက်ထမီ အနားရင်ဖုံးပါက ပက်ဖြူ ဆိုရင်းဖြူရုံ ပုဆိုးဖြူကို ဆင်ဝတ်၍ သနားတော်မူသည့် မှတ်လှကနားပေါင်း ပေါင်းနီ စွတ်နီပေါင်း ပေါင်းဖြူ ခွက်ဖြူ ပေါင်း၊ ကျိုင်း၊ ရွှေခွက်၊ ကျိုင်းဆင်၊ စွယ်ချက်၊ ကွမ်းခွက်၊ ရွှေတကောင်းဖုံး၊ ထွေးအင် အဆောင်သနားတော်ကို ခံရသမျှ ကို စီးနင်းဆောင်ရွက်၍ နေရာသို့ တက်ကြရသည်။ အတက် ညီလျှင် အင်းဝမင်း ထွက်၍ ကန်တော့ပူဇော်ခံပြီးလျှင် ကန် တော့ပွဲကို လက်ဝဲလက်ျာ အကောက်ခန့်သသူတို့ နေရာစဉ် အတိုင်း ကောက်ယူရသည်။ ပြီးလျှင် အင်းဝမင်း ဝင်၍ နေရာက ဆက်သွားကြသည်။

ဆွမ်းလုပ်ကျွေးခြင်း

ဝါဆိုလပြည့်နေ့ တစ်ကြိမ်၊ ဝါဆိုလကွယ်နေ့ တစ်ကြိမ် ပြာသာဒ်တော်တွင် သံဃာတော် ၈-ပါး၊ လွှတ်တော်တွင် သံဃာတော် ၈-ပါး၊ ဝင်းရုံးလေးမျက်နှာတွင် သံဃာတော် ၈-ပါးစီ၊ အရှေ့ရုံးတော် အနောက်ရုံးတော်တွင် သံဃာတော် ၈-ပါးစီ၊ မြို့တံခါး ၈-ရပ်မှာ သံဃာတော် ၈-ပါးစီ ဝါဝင် ဆွမ်းလုပ်ကျွေးရသည်။

ဤကား အင်းဝခေတ်က ဝါဆိုလတွင် ဘုရင်မင်းမြတ် တို့ ပြုလုပ်ရိုးဖြစ်သော သာသနာနုဂ္ဂဟ ကုသိုလ်ပြုပွဲတော်များ အကြောင်းပေတည်း။ အင်းဝမြို့တော်သူ မြို့တော်သားတို့ လည်း ရဟန်းခံပွဲများ ပြုလုပ်ခြင်း၊ ရှင်ပြုပွဲများ ပြုလုပ်ခြင်း၊ ဆွမ်းကျွေးပွဲများ ပြုလုပ်ခြင်းစသည်ဖြင့် ပျော်ရွှင်ကြကုန်၏။

အာသဠှီမာသသေဌေပိ၊ ရာဇာနော အင်းဝဝါသိနော။
ပုညုဿဝေဟိနေကေဟိ၊ ဟိဋ္ဌာဒေန္တိ သုခန္တိ စ။

## ဝါခေါင်လနှင့် အင်းဝမြို့သူမြို့သားများ

အင်းဝခေတ်က ဝါခေါင်လရာသီတွင် တောင်ပြုန်းနတ်များကို ပူဇော်ပသခြင်း အလေ့အထ, လှေပြိုင်ပွဲများ ကျင်းပခြင်း အလေ့အထများ ရှိလေသည်။ ဝါခေါင်လပြည့်နေ့ လကွယ်နေ့တို့၌ ပြာသာဒ်တော်, လွှတ်တော်ဝင်းရှိ ၄-ရပ်, အရှေ့ရှိ အနောက်ရှိ, မြို့တံခါး ၈-ရပ်, တစ်ရပ်လျှင် သံဃာတော် ၈-ပါးစီ ဆွမ်းဆက်ကပ် ကျွေးမွေးလှူဒါန်းရိုး ရှိပေသည်။-[၁] တချို့မင်းများလက်ထက်တွင် ဂါမဝါသီ, အရညဝါသီ သံဃာတော်အားလုံးတို့အား စာရေးတန်မဲချ၍ လှူဒါန်းလေ့လည်း ရှိကြ၏။

> မြော်ရောင်သာ ပန်းတော့တယ်၊ သောင်ကမ်းငယ် ပြည့်လျှံ၊ နဒီငယ် ခြံသည်၊ ပြည်မင်းစံ ရွှေဘိုက၊ အကုန်ထူးတဲ့ လကိုလေး။ ရာသီသိဟ်ဝယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝန်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွှမ်းပရန် ဘွဲ့သည်ချိန်ကို၊ ဒေဝရိန် ပဗ္ဗန်မှုုးက မြူးလှတယ်လေး။-[၂]

## တော်သလင်းလ
## အင်းဝမင်းများနှင့် မြို့သူမြို့သားများ

"တော်သလင်း မြစ်တွင်း သင်ဖြူးခင်း"ဟူသည်နှင့်အညီ တော်သလင်း (သစ်ဆင်းလ) ကုန်ရာသီတွင် မိုးလေရှင်း၍ လှိုင်းလေများ ငြိမ်သက်နေသဖြင့် မြစ်ရေများ သင်ဖြူးခင်းသကဲ့သို့ ညီညာငြိမ်သက်စွာ ရှိလေသည်။ အင်းဝမင်းများ လက်ထက်ကလည်း ယင်းတော်သလင်းလတွင် လှေပြိုင်ပွဲများ ကျင်းပရိုး ရှိကြကုန်၏။ ၎င်းပြိုင်

---

၁။ အင်ရုံစာတမ်း။ ၃၁၁။

၂။ မဟာအတုလမင်းကြီးဆို ဝါခေါင်လဘွဲ့ လွမ်းချင်း။

မင်းမြတ်တို့သည် အဝေးမြို့များသို့ ကြိုတင်၍ ကထိန်အလှူတော်များ စီရင်ပို့အပ်စေလေ့ရှိကုန်၏။ အင်ရုံစာတမ်း၌

တော်သလင်းလရာသီတွင် အစဉ်ကား အဝေးမြို့ ကထိန်တော်လှူရန် ပုဂံမြို့မှာ သင်္ကန်း ၂-စုံ၊ ပုခန်းကြီးမြို့မှာ သင်္ကန်း ၂-စုံ၊ တောင်ငူမြို့မှာ သင်္ကန်း ၂-စုံ၊ ဟံသာဝတီမြို့မှာ သင်္ကန်း ၂-စုံ၊ မုတ္တမမြို့မှာ သင်္ကန်း ၄-စုံ၊ ထားဝယ်မြို့မှာ သင်္ကန်း ၂-စုံ၊ ကျိုင်းသေည်မြို့ သင်္ကန်း ၂-စုံ၊ ဇင်းမယ်မြို့မှာ သင်္ကန်း ၂-စုံ၊ ပေါင်းသင်္ကန်းစိမ်း ၂၀-စုံကို ပရိက္ခရာရှစ်ပါးနှင့် ရွှေတိုက်ဝန်က စီရင်၍ တော်သလင်းလဆန်း ၈-ရက်နေ့တွင် အတွင်းတော်မှာ ပြသရသည်၊ ရေစက်တော် သွင်းပြီးလျှင် ပြင်သို့ ဆောင်ယူ၍ သွေးသောက်စုမြင်သည်တော် အပို့ခန့်သည်၊ အလှူရန်သင်္ကန်းကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကပ်လှူရမည်အကြောင်းနှင့် ဆွမ်းတော်ကျွေး အခွန်တော် ကွမ်းအိုးတော်ကြေးငွေနှင့် အသုံးတော်ခံရမည်အကြောင်းနှင့် မှာထား၍ ပေးစာနှင့် ဟံသာဝတီမြို့၊ မုတ္တမမြို့၊ ထားဝယ်မြို့၊ ကျိုင်းသေည်မြို့၊ ဇင်းမယ်မြို့၊ သင်္ကန်းစိမ်းက လှူရန်များကို တော်သလင်းလတွင် ပို့စေသည် စသည်ဖြင့် လာရှိလေသည်။-[၁]

ရာဇမဏိစူဋာ ဘုရားဒါယကာ မင်းလက်ထက် သက္ကရာဇ် ၁၀၀၈-ခု တော်သလင်းလတွင် ရာဇာမဏိစူဠာဘုရားကို ပူဇော်ရန် ရွှေဆင်ရုပ်လေးစီးကို ထုတော်မူခဲ့လေသည်။ တော်သလင်းလပြည့်နေ့ လကွယ်နေ့များတွင် ပြာသာဒ်တော်၊ လွှတ်တော်၊ ဝင်းရုံး ၄-ရပ်၊ အရှေ့ရုံး၊ အနောက်ရုံး၊ မြို့တံခါး ၈-ရပ်တို့၌ သံဃာတော်များပင့်၍ ဆွမ်းကပ်စေလေသည်။

မာသကပေါဋ္ဌပါဒေပိ၊ အင်းဝပူရနိဝါသိနော။
ဘူပါလာ ပုညကမ္မေန၊ သမ္မောဒန္တိ နေကဓာ။

---

၁။ အင်ရုံစာတမ်း။ ၃၀၁။

## သီတင်းကျွတ်လ
## အင်းဝမင်းနှင့် ပြည်သူပြည်သားများ

သီတင်းကျွတ်လ တူရာသီတွင် အင်းဝခေတ်ကလည်း ဆီမီးမြင့်မိုရ်ပွဲများ ကျင်းပခြင်း, သီတင်းကျွတ်လဆန်း ၁၄-ရက်, ၁၅-ရက်, လဆုတ် ၁-ရက်နေ့ အခါ ၃-ရက်တွင် မြို့တွင်း ရွှေစည်းခုံ, ကူတော်သစ်, မာရ်အောင်ရတနာ, ရွှေရင်းရဲရန်အောင်မြင်, မဟာမြတ်မုနိ, တံတားဦးမင်္ဂလာစေတီ, ပန်းရရွှေစည်းခုံ, တူးရွှင်းခြေဘုရား, စစ်ကိုင်းချမ်းသာကြီး, ရှင်ဖြူရှင်လှ, ပုညစေတီ, ပတ္တမြားစေတီ, ရာဇမဏိစူဋ္ဌာစသည်ဘုရားများကို ဘုရားတစ်ဆူတစ်ဆူလျှင် ဆီမီးခွက်ထွန်းပြာသာဒ်မီးခွက် ၁၀၀, မီးစာစုံနှင့် ဆီ ၃-ပိဿာ၊ မီးထွန်းကြပ်သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန် ၂-ယောက်စီခန့်၍ ၃-ရက် ဆီမီးပူဇော်ရသည် စသည်ဖြင့် အင်းဝခေတ်က သီတင်းကျွတ်လ ဘာသာရေးပွဲနှင့် စပ်၍ အင်ရုံစာတမ်း၌ လာရှိလေသည်။ ရဟန်းသံဃာများအား ကန်တော့ပူဇော်ခြင်း, ငယ်သူက ကြီးသူကို ပူဇော်ခြင်း, ဆွမ်းကပ်လှူဒါန်းခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြကုန်၏။

ရာဇမဏိစူဋ္ဌာဒါယကာမင်းတရား လက်ထက်တွင် တော်သလင်းလက ထုလုပ်ပြီးစီးသည့် ရွှေဆင်ရုပ်လေးစီးကို ရာဇမဏိစူဋ္ဌာဘုရားအား ပူဇော်ခြင်းကိုလည်း ပြုစေတော်မူခဲ့လေသည်။-¹

မာသကေ အဿယုဇေပိ၊ ရာဇာနော ဗုဒ္ဓဘတ္တိကာ။
အင်းဝပူရေသု ပူဇေသုံ၊ မနုဿာ ပေါရာဏာပိ စ။

## တန်ဆောင်မုန်းလ အင်းဝမင်းနှင့် ပြည်သူပြည်သားများ

တန်ဆောင်မုန်းလ ပြိစ္ဆာရာသီတွင် အစဉ်ကား- တန်ဆောင်မုန်းလဆန်း ၁-ရက်၊ ၂-ရက်နေ့တွင် တိုက်တော်က ကထိန်သင်္ကန်း ၂၅၀-စုံကို ရွှေတိုက်ဝန်ခန့်၍ ကထိန်သင်္ကန်းလှူရန် ကျောင်းမှာအပ်၍ သင်္ကန်းချုပ်ရသည်၊ အုံး, သင်ဖြူးစုံ ၂၅၀၊ သပိတ်စုံ ၂၅၀၊ သည်များကိုလည်း ရန်ထား၍ အသင့်ထားရသည်။

မျူးတော်မတ်တော်တို့တွင် ဝန်စုရှိသသူတို့ကို တိုက်တော်စရိတ်ကြေးငွေပေး၍ စားပွဲအချိုပွဲ လုပ်ရသည်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့ နံနက် ၄-ချက်တီးတွင် သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန်တို့ကို အကြပ်ခန့်၍ ကျောင်းချုပ်သည်သင်္ကန်းကို ယူ၍ ရွှေစည်းခုံတောင်တော်ဦး စရပ်တွင် ထားရသည်၊ ပြည့်စုံလျှင် အတွင်းတော်မှာ ပြရသည်။

သွားစဉ်ကား- ရှေ့ဖျားစမြောင် သဘင်စည်သဘင်တော်စုံ သည်နောက် သေနတ်လုလင် ၅၀၊ ခေါင်းထုပ်ပေါင်း ၂၊ စဉ်သွားရသည်၊ သည်နောက် ဝေါပလာတွင် ဘုရားလှူရန်သင်္ကန်းကို တင်၍ ထီးဖြူ ၄-စင်း အုပ်၍ သွားသည်၊ သည်နောက် ပုဝါနီနှင့် သင်္ကန်းစုံ ၂၅၀၊ အုံး သင်ဖြူး ၂၅၀၊ သပိတ်စုံ ၂၅၀-ကို ၁-ယောက်စီကိုင်၍ စဉ်သွားရသည်၊ သည်နောက် ရွှေတိုက်ဝန် ဝန်ထောက်တို့ ကြပ်မ၍ လိုက်ရသည်၊ နန်းတော်ရှေ့သို့ ရောက်လျှင် သဘင်တော်စုံကို ပြင်က သဘင်ခံ၍ နေရသည်။

ဝေါပလာနှင့် သင်္ကန်းစုံ အလှူရန်များသည် လက်ျာမာရဘင် တံခါးက ဝင်၍ ရွှေနန်းတော်ကို လက်ျာရစ်လှည့်ပြီးလျှင် မြောက်စမုခ်တော်ဆောင်သို့ ရောက်လျှင် အင်းဝမင်း ရေစက်တော်သွန်းပြီးလျှင် ပြင်သို့ ဆောင်ယူ၍ နန်းတော်ရှေ့သို့ ရောက်လျှင် လာသည်နည်း စီစဉ်၍ သွားရသည်။

ရွှေစည်းခုံသို့ ရောက်လျှင် သင်္ကန်းစုံနှင့် အလှူရန်များကို ဖောင်တော်ဦးစရပ်မှာ တင်ထားသည်၊ သဘင်တော်စုံလည်း ရွှေစည်းခုံစရပ်တော်တွင် သဘင်ခံရသည်၊ လဆန်း ၁၄-ရက်ည ၄-ချက်တီးတွင် မင်းသားမင်းမြေး မျူးတော်မတ်တော်တို့ မင်းနေတဲသို့ တက်၍ သဘင်တော်ခံရသည်၊ ညဉ့် ၁-ချက်တီးတွင် ဆင်းရသည်၊ သဘင်တော်ကို လပြည့်နေ့ ၄-ချက်တီးတွင် ခံရသည်၊ သင်္ကန်းစုံကိုလည်း ရွှေတိုက်ဝန် စီရင်၍ အလှူရန်ဆွမ်း စမအချို့ပွဲများနှင့် သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန်တို့ ကြပ်မ၍ လှူရသည်။

ဤကား အင်းဝမင်းတို့က ကထိန်ပွဲ သင်္ကန်းအလှူတော် အစီအစဉ်တည်း။

အင်းဝမြို့တော်သူ မြို့တော်သားတို့သည်လည်း ကထိန်သင်္ကန်း ကပ်လှူခြင်း, ဆွမ်းကပ်လှူခြင်း စသည်တို့ဖြင့် တန်ဆောင်မုန်းလ ရာသီတွင် ကုသိုလ်ပြုကာ ပျော်ရွှင်ကြကုန်၏။

ကတ္တိကေ မာသသေဋ္ဌေပိ၊ မနုဿာ ပုညကာမိနော။
ပုညံ ကတွာ ပမောဒန္တိ၊ အတော တေသံ ဝိသိဋ္ဌတာ။

## နတ်တော်လ
## အင်းဝမင်းနှင့် ပြည်သူပြည်သားများ

နတ်တော်လ ဓနုရာသီတွင် အင်းဝမင်းများနှင့် ပြည်သူတို့သည် မဟာပိန္နဲနတ်ပူဇော်ပွဲကို ကျင်းပရိုးရှိကြောင်း-

"ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ် လနတ်တော်ကား ပူဇော်ကြီးစွာ မင်းဆရာတို့ မဟာပိန္နဲ" တူရာသီဘွဲ့ လူးတားတွင် စပ်ဆိုထားလေသည်၊ ပူဇော်ပွဲအစဉ်နှင့် စပ်၍ ရွှေစည်းခုံဘုရား စရပ်တွင် အစဉ်ထားသည့် မဟာပိန္နဲဆင်းတုကို နတ်တော်လဆန်း ၁၃-ရက်နေ့က မြန်မာပတ် ၁-ဆိုင်း၊ တလိုင်းပတ် ၁-ဆိုင်း တလူတို့နှင့် သဘင်ခံရသည်၊ အတွင်းတော်ကလည်း အချို အဆိမ့် နွားနို့ ထောပတ်

နွားနို့ပူဇော်ပွဲကို အတွင်းတော်မြဲတို့ ကြပ်မ၍ ပူဇော်ရသည်၊ မင်းသား မင်းမြေး မျုးတော်မတ်တော်တို့ကို မဟာပိန္နဲမှာ ပူဇော်စေရမည် အကြောင်းကို ဆောင်၍ ပူဇော်စေရသည်၊ လပြည့်နေ့မှာ ရထားတွင် တင်၍ အတွင်းတော်မှာ ပြုရသည်၊ လပြည့်ကျော် ၁-ရက်နေ့ မင်းသားမင်းမြေး မျုးတော်မတ်တော်တို့ အိမ်မှာ ပြု၍ အပူဇော်ခံရ သည်။-[၁] လောကဗျူဟာကျမ်း၌ လာရှိလေသည်။

မာသကေ မာဃသိရေပိ၊ ဇနာ ပဝေဏိပါလကာ။
စန္ဒဝေ သုပူဇာယ၊ ပဝေဏီ ပါလယန္တိ တေ။

## ပြာသိုလ
## အင်းဝမင်းနှင့် ပြည်သူပြည်သားများ

ပြာသိုလ မကာရရာသီတွင် အင်းဝခေတ်ကလည်း သေနင်္ ဗျူဟာ အခမ်းအနားဖြစ်သော မြင်းခင်းပွဲ ဆင်ခင်းပွဲများ ဆင်ယင် ကျင်းပလေ့ရှိကြောင်း အင်ရုံစာတမ်းစသည့် သမိုင်းကျမ်းများအရ သိရ လေသည်။ မဟာအတုလမင်းကြီးသည်–

"တိမ်ခြေငယ် ရှင်းပါလို့ မြူနှင်းနယ်စိုစို လပြာသိုမှာ နွယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်ဆင့်တဲ့လကိုလေး။
ရောင်သင်္ဂီငယ် ကြယ်ညီဖုသျှ မကာရမို့ ရွှေဝဥကင် နန်းရင်ပြင်မှာ လှံရင်မြင်းခင်း သဘင်ကျင်းလို့ ရာမင်းထွက်သံ ဗိုလ်ညီလာခံသောခါ ဆဒ္ဒန်ပိုင့်ပြောင်မွန်မှာ အောင်တံခွန် တေဇာဖြူးလို့ ထူးလှတယ်လေး။"

ဟူ၍ ပြာသိုလကို ဖွဲ့ဆိုခဲ့လေသည်။ အင်းဝမြို့တော်သူ မြို့တော်သား တို့သည်လည်း သင့်လျော်သော ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

---

၁။ လောကဗျူဟာကျမ်း။ ၃၂၃-၃၂၄။

## တပို့တွဲလ
## အင်းဝမင်းနှင့် ပြည်သူပြည်သားများ

တပို့တွဲလ ကုံရာသီတွင် အင်းဝခေတ်ကလည်း မင်းနှင့်ပြည်သူပြည်သားတို့ မီးပုန်းယာဂု လှူဒါန်းပွဲများ ကျင်းပလေ့ရှိကြောင်း သိရ၏၊ တပို့တွဲလ မီးပုန်းပွဲနှင့် စပ်၍ အောက်ပါအတိုင်း လောကဗျူဟာကျမ်း၌ တွေ့ရလေသည်။

တပို့တွဲလဆန်း ၈-ရက်နေ့ မီးပုန်းဆင်ယူ၍မှာ ရှေ့ဖျားစမြောင် သဘင်စည်သဘင်တော်စုံ ခံသည်၊ နောက်ရှေ့ဝင်းက ထင်းခုတ်လူ ၂၅၀၊ လက်ျာဝင်းရသူ ၂၅၀၊ လက်ဝဲဝင်းက ထင်းခုတ်လူ ၂၅၀၊ နောက်ဝင်းက ထင်းခုတ်လူ ၂၅၀၊ ၄-စု ကိုယ်ရံတော် ၁၀၀-တို့ လိုက်ရသည်၊ သည့်နောက် မြင်းနှင့် မြင်းတော်သည် ခမောက်ဆောင်း ၁၀၀၊ သည့်နောက် အကြီးအမတ် ၂၊ ယောက်ခမောက်အဆောင်အရွက်နှင့် မြင်းစီး၍ လိုက်ရသည်။ မဟာမြတ်မုနိသို့ရောက်လျှင် သဘင်ခံ၍ နေရသည်၊ ကိုယ်ရံတော်တို့ ထင်းခုတ်သွားရသည်၊ ပြည့်စုံလျှင် အစဉ်အတိုင်းပြန်လာ၍ အရှေ့ရုံတော်သို့ ရောက်လျှင် ထင်းကို ထင်းစင်တွင်ထား၍ ကိုယ်ရံတော်တို့ စည်းရသည်၊ တပို့တွဲလဆန်း ၁၄-ရက်နေ့တွင် ဝင်းစာချတို့က ထင်းစီး ၁၀၀၀၊ ရုံတော်တွင် တင်လှူသည်၊ ရွှေတိုက်ဝန်က မီးမယ်ဖျူး ၁၀၀၀ - တင်လှူသည်။

ညနေ ၄-ချက်တီးတွင် မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ ဝတ်ကောင်းနားတောင်းနှင့် သနားတော်မူသည်၊ အဆောင်အရွက်ကို စီနင်းဆောင်ရွက်၍ ရုံးတော်နေရာသို့ သဘင်တော်တက်ရသည်။ ညနေ ၄-ချက်တီးက ည ၁-ချက်တီးမှ သယ်သွားရသည်။

ကျီဝန်က ယာဂု ၁၀၀၀-နှင့် ထင်းစင် ၁၀၀၀၊ မီးမယ်ဖျူး ၁၀၀၀-ကို သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်တို့ ကြပ်မ၍ လှူမြဲ ကျောင်းဘုရားမှ တင်လှူရသည်၊ ဤကား လောကဗျူဟာကျမ်းလာ အင်းဝခေတ်က မင်းစိုးရာဇာတို့ ပြုလုပ်ရိုးရှိသော ယာဂုပွဲမီးပုန်းပွဲတော် အကြောင်းပေတည်း။

မာသမာသေ မနုဿာ စ၊ အင်းဝပူရနိဝါသိနော။
ဥဿဝေ ကတွာ မောဒန္တိ၊ သီလာစာရေ သဒါ ရတာ။

## တပေါင်းလ
## အင်းဝမင်းများနှင့် ပြည်သူပြည်သားများ

တပေါင်းလ မိန်ရာသီကား သဲပုံစေတီပွဲများ ကျင်းပရိုးရှိသော လအဖြစ် ထင်ရှားလေသည်၊ သို့ရာတွင် အင်းဝခေတ်ကမူ တပေါင်းလဆန်း ၁၄-ရက်၊ ၁၅-ရက်၊ လပြည့်ကျော် ၁-ရက်နေ့ဟူသော ၃-ရက်တို့တွင် မြို့တွင်း ရွှေစည်းခုံ၊ ကူတော်သစ်၊ မာရ်အောင်ရတနာ၊ ရွှေရင်းရဲ၊ ရန်အောင်မြင်၊ မဟာမြတ်မုနိ၊ တန်တားဦးမင်္ဂလာစေတီ၊ ပန်းအရွှေစည်းခုံ၊ တူးရွှန်းမြေ၊ စစ်ကိုင်းချမ်းသာကြီး၊ ရှင်ဖြူရှင်လှ၊ ရာဇမဏိစူဠာဟူသော စေတီတော်များတို့၌ စေတီတစ်ဆူလျှင် မီးထွန်းပြာသာဒ် ၁-ခုစီ၊ မီးခွက် မီးစာရံ ၁၀၀, ဆီ ၃-ပိဿာ, ဆီမီးထွင်းကြပ် သွေးသောက်စုမြင်းတော်သည် ၂-ယောက်စီခန့်၍ အခါ ၃-ရပ်ပတ်လုံး မီးထွန်းပူဇော်ရသည်၊ မြန်မာပတ် ၁-ဆိုင်း၊ ကသူ ၂၊ သဘင်စုံအကြီး ၂-စီခန့်၍ သဘင်တော်ခံသည်-ဟူသော လောကဗျူဟာကျမ်း၌ လာရှိသဖြင့် မီးထွန်းပူဇော်ပွဲများလည်း ကျင်းပကြောင်းသိသာလေသည်။

ဖဂ္ဂုဏမာသေ သေဋ္ဌေပိ၊ ဒီပပူဇာဟိနေကဓာ။
စေတိယေ ပူဇယိတွာန၊ မောဒန္တိ အင်းဝဝါသိနော။

# အင်းဝခေတ် သာသနာ့ဝန်ထမ်းတို့၏ ဘွဲ့တံဆိပ်တော်များ

အင်းဝခေတ်က မင်းမြတ်တို့သည် ရဟန်းသံဃာတော်တို့အား သက်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်လှူဒါန်း၍ ကိုးကွယ်ဆည်းကပ်ရိုး ရှိကြကုန်၏။

အနောက်ဖက်လွန်မင်းတရားသည်ကား ဘားမဲ့ဆရာတော်ကို "ပဝရမဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ ကိုးကွယ်တော်မူခဲ့လေသည်။-[၁]

အနောက်ဖက်လွန်မင်းရားသည်ပင် တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသကို "မဟာတိပိဋကာလင်္ကာရ"ဘွဲ့တံဆိပ်တော် လှူဒါန်းကိုးကွယ်တော်မူခဲ့လေသည်။-[၂]

မာရ်အောင်ရတနာစေတီတော် ဒါယကာ မင်းတရားသည် ဝမ်းဘဲအင်းကျောင်းတော် ဆရာတော်အား "သိရိသဒ္ဓမ္မပါလသုဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်လှူဒါန်းကိုးကွယ်တော်မူခဲ့လေသည်၊ ဝမ်းဘဲအင်းကျောင်းကိုလည်း မာရ်အောင်ရတနာစေတီဒါယကာမင်းတရားကပင် တင်လှူတော်မူလေသည်။

မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားလက်ထက်တွင် ဗားကရာခိုနန်းကျောင်းဆရာတော် "အဘိဓမ္မရာဇဂုရု"ဟု တွေ့ရသည်။-[၃]

မင်းရဲကျော်ထင် လက်ထက်တွင် ဝဋ္ဋုကံသိမ်ကျောင်းဆရာတော်ကို "ဉာဏဝိမလာဓဇ"ဟူသော ဘွဲ့တံဆိပ်လှူဒါန်းကြောင်း တွေ့ရသည်။-[၄]

---

၁။ အင်းဝသာသနာဝင် ပဝရမဟာဓမ္မရာဇဂုရု ဘားမဲ့ဆရာတော် ကြည့်။

၂။ စစ်ကိုင်းသာသနာဝင်၊ ကြည့်။

၃။ မှန်နန်းရာဇဝင်၊ ၃။ ၃၃၃။

၄။ မှန်နန်းရာဇဝင်၊ ၃။ ၃၃၁။

မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားသည် သက္ကရာဇ် ၁၀၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅-ရက်၊ စနေနေ့သို့ အဝင် ညဥ့် ၂-ချက်တီးကျော်တွင် . . . ကျောင်းတော်ကို "အရိယ-သဒ္ဓမ္မပါလမဟာရာဇဂုရု"အား တင်လှူသည်ဟု တွေ့ရသည်။-[၁]

၎င်းပြင် မဟာဗောဓိအရှေ့တောင်ကျောင်းတော်ကို "သီရိ-သဒ္ဓမ္မသုဓမ္မာဓိရာဇဂုရု" ဆရာတော်အား တင်လှူသည်ဟု တွေ့ရ၏။-[၂]

တဖန် မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားသည်ပင်လျှင် သက္ကရာဇ် ၁၀၇၂-ခုနှစ်တွင် မာရ်အောင်ရတနာ အနောက်တောင်ယွန်း ရွှေကျောင်းတော်ကို "အာသဘာလောကမဟာ ရာဇဂုရု"အား တင်လှူသည်ဟု တွေ့ရသည်။-[၃]

ရွှေစည်းခုံဝါတော်ကျောင်းကို ဗေဒင်တတ် "ဇမ္ဗူဒီပရာဇဂုရု" ကပ်လှူသည်ဟု တွေ့ရသည်။-[၄]

ဖော်ပြပါ စကားရပ်စသည်တို့ကို ထောက်၍ အင်းဝခေတ်က ဗုဒ္ဓမြတ်စွာ သာသနာပြုမင်းတို့သည် သာသနာတော်၌ ပရိယတ်, ပဋိပတ်ထူးချွန်သည့်ရဟန်းတော်တို့အား–

၁။ "ပဝရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်
၂။ "မဟာတိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော်
၃။ "တိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော်
၄။ "တိသာသနာလင်္ကာရ" ဘွဲ့တံဆိပ်တော်
၅။ "သီရိသဒ္ဓမ္မပါလသုဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်
၆။ "အဘိဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်
၇။ "ဉာဏာဝိမလဓဇ" ဘွဲ့တံဆိပ်တော်
၈။ "ဓမ္မာဘိသေဋ္ဌာလင်္ကာရ" ဘွဲ့တံဆိပ်တော်-[၅]

---

၁။ မှန်နန်းရာဇဝင်၊ ၃။ ၃၃၈။
၂။ မှန်နန်းရာဇဝင်၊ ၃။ ၃၄၁။
၃။ မှန်နန်းရာဇဝင်၊ ၃။ ၃၄၇။
၄။ မှန်နန်းရာဇဝင်၊ ၃။ ၃၄၉။
၅။ မှန်နန်းရာဇဝင်၊ ၃။ ၂၈၀။

၉။ "သဒ္ဓမ္မပါလမဟာဂုရု" ဘွဲ့တံဆိပ်တော်
၁၀။ "သီရိသဒ္ဓမ္မသုဓမ္မာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်
၁၁။ "မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်
၁၂။ "အလင်္ကာရမဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်
(ယင်းတံဆိပ်တော်ကား မြောက်နန်းကျောင်းဆရာတော် 'အဂ္ဂဓမ္မ'၏ ဘွဲ့တံဆိပ်တော်တည်း။ "အဂ္ဂဓမ္မာလင်္ကာရမဟာဓမ္မရာဇဂုရု" )
၁၃။ "အနန္တဓဇမဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်
(ယင်းတံဆိပ်တော်ကား တောင်ဘီလူးဆရာတော်၏ တံဆိပ်ပေတည်း။)
၁၄။ "တိပိဋကာလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်
၁၅။ "အဘိသိရိပဝရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်
(၁၃၊ ၁၄-တံဆိပ်တော်ကို ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်ကျမ်းကြီးများကို ပြုစုတော်မူသော အရှင်နန္ဒမေဓာ ထန်းတပင်ဆရာတော်ဘုရားကြီး ရရှိတော်မူသည်။)
၁၆။ "အနန္တဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်
(ယင်းတံဆိပ်တော်မှာ စရစ်ဆရာတော်၏ တံဆိပ်ဖြစ်လေသည်။ "ဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇဂုရု" )
၁၇။ "ပညာဇောတဇမ္ဗူဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်
(ယင်းတံဆိပ်တော်ကား အရှင်ပညာရာမ-၏ တံဆိပ်တော်တည်း။)

စသည်တို့ကို သင့်သလို ဆက်ကပ်လှူဒါန်း၍ ကိုးကွယ်ဆည်းကပ်တော်မူခဲ့ကြကုန်၏။

## အင်းဝမြို့၌ရှိခဲ့သော ပဋ္ဌာန်းတရားပွဲကြီး

အင်းဝမင်းများလက်ထက်က ပဋ္ဌာန်းဇရပ် (ပဋ္ဌာန်းဓမ္မာရုံ)များ ဆောက်လုပ်ကြကာ ပဋ္ဌာန်းတရားပွဲကြီးများ ကျင်းပရိုး ရှိကြကုန်၏။ အင်းဝမြို့၌ သက္ကရာဇ် ၁၀၃၄-ခုနှစ်တွင် နန်းတက်သော မင်းရဲ-ကျော်ထင် မင်းတရားလက်ထက် သက္ကရာဇ် ၁၀၃၈-ခုနှစ်တွင် ငရဲ-နဲ-[၁] နတ်စက်ရောင်ဆရာတော် "သီရိသဒ္ဓမ္မကောသမဟာရာဇဂုရု"၏ စီရင်ညွှန်ကြားချက်အရ တူတော်သပ် ပဋ္ဌာန်းဇရပ်တွင် ပဋ္ဌာန်းတရားတော်များ ဟောကြားနာယူကြရကုန်၏။

ထိုနှစ် (၁၀၃၈-ခု) ကဆုန်လဆုတ် ၈-ရက်နေ့မှစ၍ မြန်မာရဟန်းတော်များက ဦးစွာမဆွ ပဋ္ဌာန်းတရားတော်ကို ဟောကြားကြရကုန်၏၊ ထို့နောက် နယုန်လဆန်း ၁-ရက်နေ့မှ စ၍ မွန်ရဟန်းတော်များက ဟောကြားရလေသည်။ ယင်းသို့ဖြင့် သဘင်ကြီးစွာခံ၍ အင်းဝပြည်သူပြည်သားတို့ သဘင်ကြီးစွာ ခံကြကုန်၏။

## ရွှေရေးစတင်ပေါ်

ထိုမင်းလက်ထက်မှစ၍ ပေကို သရိုးသစ္စေးကိုင်ပြီးလျှင် ဆေးဒါန်းနှင့် အက္ခရာရေး၍ ရွှေချလုပ်သော ရွှေစာရေးသည့်ထုံးစံ ပေါ်လာခဲ့လေသည်။ ------မှာ ကညစ်အက္ခရာ, မင်အက္ခရာရေးသော ကညစ်မင်စာသာ ရှိလေသည်။-[၂]

ပဋ္ဌာနံ သုဏိတွာန၊ ဂမ္ဘီရတ္ထုပနိဿိတံ။
မနုဇာ သမ္ပမောဒန္တိ၊ ပုရေ အင်းဝသုဘေ ဝရေ။

---

၁။ ရေနဲ။ (မူကွဲ)

၂။ သာသနာလင်္ကာရစာတမ်း။ ၁၈၀-ကြည့်။

## အင်းဝပဥ္စင်းထောင်ကျော်ပြပွဲ

အင်းဝခေတ်က ပဥ္စင်းတစ်ထောင်ကျော် ရဟန်းခံပွဲကြီးမှာ ထူးခြားလှသည်၊ ခေတ်အဆက်ဆက် မကြားဘူးသည့် သာသနာနုဂ္ဂဟ ပွဲတော်ကြီးပေတည်း။

သက္ကရာဇ် ၉၉၀-ပြည့်နှစ်တွင် အင်းဝမြို့တော်၌ မင်းအဖြစ်သို့ ရောက်တော်မူသော သာလွန်မင်းတရားကြီးသည် ကုသိုလ်ကောင်းမှု၌ လွန်စွာ မွေ့လျော်တော်မူ၏။ ရာဇမူဠာမဏိစေတီတော် (ကောင်းမှုတော်ကြီး) တည်ထားကိုးကွယ်တော်မူခြင်း, ဒက္ခိဏာဝန်, ဥတ္တရာဝန်, ပစ္ဆိမာဝန်, ပြုဗ္ဗာဝန်ကျောင်းတိုက်ကြီးများကို ကျောင်းရံ ၄၀-ဖြင့် တည်ဆောက်လှူဒါန်းခြင်း စသည်ကောင်းမှုတော်တို့ကို ပြုတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် ပဥ္စင်းတစ်ထောင်တစ်ဆဲ့ ရှစ်ပါးတို့ကို ပရိက္ခရာရှစ်ပါးစသည် လှူဒါန်း၍ ရဟန်းဒါယကာအဖြစ် ခံယူတော်မူကာ ရဟန်းအဖြစ်သို့ ရောက်စေတော်မူခဲ့လေသည်။ သာမဏေ ၇-ပါးကိုလည်း ပရိက္ခရာလှူဒါန်း၍ သာသနာ့ဘောင်သို့ သွတ်သွင်းတော်မူခဲ့လေသည်။ ပိဋကတ် ၃-ပုံ ပါဠိ အဋ္ဌကထာ ဋီကာများကို ရေးကူးစေတော်မူ၍ ဓမ္မစေတီများစွာတို့ကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။-၁ ယင်းသာလွန်မင်းတရား၏ ရဟန်းတစ်ထောင်ကျော် ခံပွဲကြီးမှာ အင်းဝခေတ်တွင် လွန်စွာမှ ထူးခြားလှပေသည်။

သဟဿာဓိကသချေ်ပိ၊ သာမဏေရေ အနေကဓာ။
ဥပသမ္ပဒဘာဝေနု၊ ပဂ္ဂဟိ ဇိနသာသနေ။

---

၁။ မှန်နန်းရာဇဝင်၊ ၃။ ၂၄၉-လည်းကြည့်။

## အတင်ဂိုဏ်း အရုံဂိုဏ်း စတင်ကွဲပြားခြင်း

"ဆဆယ်ယူထောင် သားမာရ်အောင် အခေါင်သောင္ဒသ်ရှည်" ဟူသည်နှင့်အညီ သက္ကရာဇ် ၁၀၆၀-ခုနှစ်တွင် မင်းရဲကျော်ထင်၏ သားတော် အိမ်ရှေ့မင်းသည် "သီရိမဟာသီဟသူရသုဓမ္မရာဇာ"ဟူသော တံဆိပ်အမည် ခံယူတော်မူ၍ အင်းဝနန်းမြို့တော်၌ မင်းပြုတော်မူခဲ့လေသည်၊ ခမည်းတော်ဘုရား အိမ်တော်ရာတွင် စေတီတည်၍ မာရ်အောင်ရတနာကမ္ပည်းထိုးတော်မူသည်၊ ထိုကြောင့် မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားဟူ၍လည်း ထင်ရှားလေသည်။

ထိုမင်းတရားလက်ထက် အနောက်ဖက် တုံရွာကျောင်း အရှင်ဂုဏာဘိလင်္ကာရသည် သာမဏေတို့ ရွာတွင်းဝင်သောအခါ တဖက်လက်ကတော့တင်စေ၍ ဦးထုပ်တရဘတ်ကို မဆောင်းမကိုင်စေပဲ ယပ်ကိုသာ စွဲကိုင်စေလျက် တုံတောနေဂိုဏ်းဟု ဂိုဏ်းသီးခြားထောင်လေသည်၊ ထိုစဉ်ကစ၍ တုံဂိုဏ်း ပေါ်လာလေတော့သည်။ တုံရွာကို စွဲ၍ တုံဂိုဏ်းဟု တွင်ခြင်းဖြစ်လေသည်။

တုံဂါမကေ ဝသန္တေန၊ ယတိနာ သမုဋ္ဌာပိတော။
တေန သော တုံဂဏောတွေဝ၊ ဝေါဟာရော သမဇာယတိ။

ယင်းတုံဂိုဏ်းထောင်သူ အရှင်ဂုဏာဘိလင်္ကာရကား ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် အနက်အဓိပ္ပါယ် သဘောသကန် မကျန်၊ စုဒ်၊ စောဒနာ၊ အာဘော်၊ ကျမ်းထွက်၊ ကျမ်းတက်၊ ကျမ်းရိုးမတတ်မြောက်ချေ။ ညဝါအရကောက်များလောက်သာ အလေ့အလာပြုသည်ဟု ဆိုလေသည်။

## အရုံတောနေဂိုဏ်း

ထိုရောအခါ တောင်ငူမြို့ အရှင်ဗုဒ္ဓကိုရ, အရှင်စိတ္တ, တပယင်းမြို့ကျေးရွာ အရှင်သုနန္ဒ, တရုပ်မြို့ ငရံ့အို အရှင်ကလျာဏတို့က သာမဏေတို့ ရွာတွင်းဝင်သောအခါ တဖက်လက်ကန်တော့ မတင်စေပဲ ဦးထုပ်တရဘတ်-၁ ကို မဆောင်းမကိုင်စေပဲ ယပ်ကိုသာ စွဲကိုင်စေလျက် အရုံတောနေဂိုဏ်း-ဟု ဂိုဏ်းသီးခြား ထောင်လေသည်။ ထိုအရှင်ဗုဒ္ဓကိုရ, အရှင်သုနန္ဒ, အရှင်ကလျာဏတို့ကား ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌လည်း လိမ်မာတတ်မြောက်ကြသည်။ ညဝါအရကောက်များ၌လည်း ကျွမ်းကျင်ကြကုန်၏။ အရှင်ဗုဒ္ဓကိုရ-စသော မထေရ်တို့သည် သာမဏေတို့ကို ဝိနည်းကျမ်းဂန်နှင့်အညီ ပြုလုပ်စေကြခြင်း ဖြစ်လေသည်။

## ဂါမဝါသီရဟန်းတချို့က တောနေရဟန်းတို့ကို နှင်ထုတ်ခြင်း

ထိုအချိန်ခါက ညောင်စဉ်ရွှေကျောင်းဆရာတော် အရှင်ဥတ္တမသိက္ခ-က ဂါမဝါသီရဟန်းတို့ကို လှုံ့ဆော်စုရုံး၍ ဦးထုပ်ဒေါက်ချာ မဆောင်း အညွှန်းအသား မင်္ဂလာမရှိသောရဟန်းတို့ မနေစေနှင့် ဆိုကာ တောကျောင်းနေရဟန်းတို့၏ ကျောင်းကန်များကို ဖျက်ဆီးစေ၍ နှင်ထုတ်လေသည်။

ဌင်းပြင် ဆင်တဲရွာ အရှေ့တောင်, သူဌေးကန်အနောက်တော် တောကျောင်းတွင် နေထိုင်ကြသော တောနေရဟန်းတော် ၅၀-ကျော်

---

၁။ တရဘတ်စုသည် အဝတ်စပိုင်းကို ဝါးငယ်၌ ခွဲညှပ်အပ်သော ယပ်ဟူ၏၊ ယိုးဒယားနိုင်ငံ မထေရ်ကြီးများ ကိုင်သော ယပ်နှင့် တူမည် ထင်၏၊ သီလဝိသောဓနီ၌မူ စက်ဝိုင်းသဏ္ဌာန်ပြုအပ်သော အရိုးမတ်စောက်စောက် တပ်သော ဆင်စွယ်တရဘက်, ပေရွက် တရဘက်ဟု ဆို၏။

တို့ကို နှင်ထုတ်ကြမည်ဟု ကြိုးပမ်းပြန်ရာ မာရ်အောင်ရတနာစေတီ တော်ဒါယကာ မင်းတရားကြီး သိရှိသဖြင့် တားမြစ်လေသောကြောင့် မနှင်ထုတ်ရ ဖြစ်လေသည်။

## ဆင်ဖြူရှင်လက်ထက် အတင်ဂိုဏ်း အရုံဂိုဏ်းပြဿနာ မပြီးပြတ်

သက္ကရာဇ် ၁၀၇၆-ခုနှစ်တွင် မာရ်အောင်ရတနာစေတီတော် ဒါယကာ မင်းတရား၏သားတော် မင်းဖြစ်လေသည်။ မဟာသီဟသူရ ဓမ္မရာဇာဓိရာဇာ-ဟူသော ဘွဲ့နာမံကို ခံယူတော်မူလေသည်။ တနင်္ဂ-နွေမင်းတရားဟူ၍လည်းကောင်း, ဆင်ဖြူရှင်မင်းတရားဟူ၍လည်း ကောင်း, မှန်နန်းရှင်မင်းတရားဟူ၍လည်းကောင်း တွင်လေသည်။

ထိုမင်းလက်ထက်တွင် ရွှေရင်မြော်ရွာကြီး ဝဏ္ဏဘောဓနေသတ်-အင်းကျမ်းပြု အရှင်ဥက္ကံသမာလာကို တွင်းသင်းမင်းကြီးက ပင့်၍ အင်းဝမြို့ ရွှေကြက်ယက်တွင် ကျောင်းဆောက်၍ တင်လှူကိုးကွယ် လေသည်။

ထိုအတောအတွင်း သာမဏေတို့ ရွာဝင်လျှင် သင်္ကန်းရုံစေ သင့်သည်၊ တင်စေသင့်သည်ဟူ၍ ငြင်းခုံမှု ဖြစ်လေသည်၊ အရှင် ဥက္ကံသမာလာနှင့် အရုံဂိုဏ်းသား ရဟန်းတို့က ပါဠိ အဋ္ဌကထာ ဋီကာ အကိုးအကားပြကြကုန်၍ ရုံစေသင့်ကြောင်း ဆိုကြကုန်၏။

တောင်ဘီလူးဆရာတော်နှင့် အတင်ဂိုဏ်းသား ရဟန်းတို့က အရှုံဆရာတို့ စကားကို ချေဖျက်ပြီးလျှင် ဆရာစဉ်ဆက် ကျင့်ကြံရိုး ကိုင်း တင်စေသင့်ကြောင်း ဆိုကြကုန်၏။

## ဝိနည်းမိုရ်ခန့် ဆုံးဖြတ်စေသော်လည်း မပြီးပြတ်ခဲ့

မင်းတရားသည် မှန်စီဆရာတော်, မိုးထိဆရာတော်, လက်ကောင်းဆရာတော်, ဗုဒ္ဓကုံရဆရာတော်ဟူသော ဆရာတော် ၄-ပါး တို့ကို ဝိနည်းမိုရ်ခန့်၍ ဆုံးဖြတ်စေသည်။ သို့ရာတွင် ဖော်ပြပါ ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မပြီးပြတ်ပဲ ရှိလေ၏။

ဝိနိစ္ဆယမက္ကာလံပိ၊ ကာရေတွာန နိစ္ဆာပယံ။
တထာပိ ယာတိ နော နိဋ္ဌံ၊ သမယေ တဿ ရာဇိနော။

## ဟံသာဝတီရောက်မင်း လက်ထက်တွင်လည်း မပြီးပြတ်

ဆင်ဖြူရှင်မင်းတရား မရှိလျှင် သားတော် ဟံသာဝတီရောက် မင်းတရား သက္ကရာဇ် ၁၀၉၅-ခုနှစ်တွင် မဟာရာဇာဓိပတိအမည်နာမံ ခံ၍ နန်းတက်လေသည်၊ သက္ကရာဇ် ၁၁၁၃-ခုနှစ်တွင် ဟံသာဝတီသို့ ပါသဖြင့် ဟံသာဝတီရောက်မင်းဟု တွင်လေသည်၊ ထိုမင်းလက်ထက် တွင် ပခန်းကြီး ပိုက်သင်၍ဇာတိ ကျော်အောင်စံထားဆရာတော် အရှင်ဉာဏဝရကို ပင့်၍ ကိုးကွယ်လေသည်။-[၁]

ထိုဟံသာဝတီရောက်မင်း လက်ထက်တွင် ကျော်အောင်စံထား ဆရာတော် အရှင်ဉာဏဝရ-က အရုံ, အရှင်ပါသံသာ အမျှုးရှိသော ရဟန်းတော်များက အတင်ဖက် ငြင်းခုံကြပြန်သည်။ မင်းတရားသည် မိမိနှင့် အကျွမ်းဝင်သော ရာဇဝလ္လဘ အောင်မြေရွှေဘုံဆရာတော်

---

၁။ ကျော်အောင်စံထားဆရာတော် အဖြစ်တော်စဉ် ပခုက္ကူသာသနာဝင်၊ ကြည့်။

ကို ဝိနည်းခိုရံခန့်၍ ဆုံးဖြတ်စေသည်၊ သို့ရာတွင် မပြီးပြတ်ချေ၊ နိုင်ငံတော်အတွင်း ရုံလိုရုံ၊ တင်လိုတင် မပြီးပြတ်ခဲ့ပါချေ။-၁

ဟံသာဝတီရောက်ရညောပိ၊ သုနိဋ္ဌာနံဝ နော ဂမိ။
စိရကာလတော ပဋ္ဌာယ၊ ဥပ္ပန္နံ ကမ္မမာကုလံ။

## အလောင်းဘုရားလက်ထက် အတင်က အရေးသာ

သက္ကရာဇ် ၁၁၁၄-ခုနှစ်တွင် ရွှေဘိုမြို့ကို အသစ်တည်၍ မင်းပြုသော အလောင်းဘုရားသည် ဆရာတော်အရှင်အတုလယသကို သာသနာပိုင်ခန့်၍ ကိုးကွယ်လေသည်။ ၁၁၁၅-ခုနှစ်တွင် "အတုလယသမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။ ယင်းအတုလဆရာတော်သည် အလောင်းမင်းတရားကြီး သက်ငယ်နန်းစံတော်မူစဉ် အတုလဆရာနှင့် သာမဏေတို့ ရှာဝင်လျှင် 'ရုံသင့်သလော, တင်သင့်သလော'ဟု ပြောဆိုရာ မင်းဧကရာဇ်က 'တစ်လုံးတစ်ဝတည်း အကွဲအပြားမရှိ တင်တော်မူကြပါ၊ တကာတော်ကလည်း အတင်ကိုပင် ကြိုက်ပါသည်'ဟု အတုလဆရာတော် အကြိုက်တိုင်း လျှောက်ဆိုလေ၏။ ထိုအခါ ပလိုင်းဆရာတော်က 'ရေမြေ့ရှင် ကြိုက်သော်လည်း ဘုရားမကြိုက်ပါချေ'၊ ပြောဆိုလေလျှင် "သံဃာအား ဘုရားမဆန်သာ"ဟူသကဲ့သို့ သံဃာတော်များက ကြိုက်နေသဖြင့် 'သင့်ပါသည်'ဟု လျှောက်ဆိုလေသည်၊ ထိုအခါ ဝန့်ရှင်တော်မင်းကြီးက 'အတင်တဲ့၊ အတင်တဲ့၊ ပြီးပါပြီ'ဟု ဆိုလေ၏၊ ထိုအခါ ပလိုင်းဆရာတော် အရှင်သုဇာတ၏တပည့် အရှင်သာရနန္ဒက 'ပါပမင်းလက်ထက် အပြောရခက်သည်'ဟု မင်းဧကရာဇ်ရှေ့တွင်ပင် ဆိုလေသည်၊ သို့ရာတွင် မင်းဧကရာဇ်က မျက်နှာမသာ မရှိချေ။

---

၁။ ယင်းအတင် အရုံပြဿနာ ဘိုးတော်မင်းတရားလက်ထက်ကျမှ အပြီးအပြတ် ရှင်းလင်းသည်။

## စဥ့်ကူးမင်းလက်ထက် အတင်ဂိုဏ်းသားတို့ ဝန်ချရခြင်း

သက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် စဥ့်ကူးမင်းနန်းတက်လေသည်၊ ယင်းစဥ့်ကူးမင်းလက်ထက်တွင်လည်း အတင်,အရုံ အချင်းများကြပြန်လေရာ မင်းတရားက ပါဠိ အဋ္ဌကထာ ဋီကာနှင့် ကိုက်ညီသည့်အတိုင်း 'သာမဏေများ ရွာသွား, ရွာဝင်ဝတ်ရုံစေ'ဟု သက္ကရာဇ် ၁၁၄၂-ခုနှစ် နယုန်လဆန်း ၁၅-ရက်နေ့တွင် အမိန့်ထုတ်ပြန်ကြောင်း သာသနာလင်္ကာရစာတမ်း၌ ဆိုလေသည်။

## အရုံဂိုဏ်း အနိုင်ရရှိခြင်း

သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် နန်းတက်တော်မူ၍ ၁၁၄၄-ခုနှစ်တွင် အမရပူရမြို့နန်းကို တည်ထောင်စိုးစံတော်မူသော ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ ဆရာဖြစ်ခဲ့သော အတုလယသသည် စူဠဂဏ္ဌိကျမ်းတွင် သာမဏေတို့ တင်သင့်ကြောင်း ပါရှိလေသည်၊ စူဠဂဏ္ဌိကျမ်းမှာ သီဟိုဠ်ကျွန်း အနုရာဓမြို့တော် ပေါက္ကန္တိဂါမနေ ရဟန္တာ အရှင်-မောဂ္ဂလ္လာန် ပြုသည်ဟူ၍ မင်းတရားကြီးထံ စာသွင်းပြန်လေရာ မင်းတရားကြီးက အတုလယသဆရာတော်ကို စာမေးဆရာတော်တို့နှင့် ဆွေးနွေးဟောပြောကြစေ-ဟု အမိန့်တော်ပြန်၍ သုဓမ္မာစရပ်တော်တွင် မျက်နှာစုံညီ ဆွေးနွေးဟောပြောကြရသည်။

ထိုအခါ သာမဏေများ ဒုကုဋ်တင် ရင်စီးသင့်ကြောင်းကို "စီဝရပဋလဥပရိသံဃာဋိ ကတွာ ဥရဗန္ဓနဝတ္တံ ဗန္ဓိတဗ္ဗံ"ဟူ၍ စူဠ-ဂဏ္ဌိ၌ လာသည်ဟု အတုလယသဆရာတော် ဆို၏၊ ထိုပါဌ်နှင့် အနက်အဓိပ္ပါယ်တူ အခြားကျမ်းများမှာ ရှိ,မရှိ ဆရာတော်များက မေးလေလျှင် အခြားကျမ်းများမှာ မရှိပေဟု အတုလဆရာတော် ဆိုလေသည်။

တဖန် ၎င်းစူဠဂဏ္ဍိကျမ်းကို အဘယ်ဆရာပြုသနည်းဟု ဆရာတော်တို့က မေးလေလျှင် အတုလယသဆရာတော်က ယင်းစူဠဂဏ္ဍိကျမ်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့တော် ပေါက္ခန္တိကရွာနေ ရဟန္တာအရှင်မောဂ္ဂလ္လာန်ပြုကြောင်း သီဟိုဠ်ပိဋကတ်မှန်မှာ လာရှိသည်ဟု ပြောဆိုလေသည်။

ပိဋကမှန်ကို အဘယ်ဆရာပြုသနည်းဟု မေးမြန်းလေလျှင် အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်က ကျမ်းဂန်များကို ယူဆောင်ခဲ့သည်တွင် သီဟိုဠ်ပါ ကျမ်းစာရင်းကို အရှင်မဟာဗုဒ္ဓဃောသ မှတ်ခဲ့လေသည်၊ ယင်းသည် ပိဋကတ်မှန်ကျမ်းပင် ဖြစ်လေသည်၊ ထိုပိဋကတ်မှန်မှာ ငါ့လက်တွင်၌ပင် ရှိသည်ဟု အတုလဆရာတော်က ဆိုလေသည်။

ဆိုချက်အတိုင်း လက်ရှိ ပိဋကတ်မှန်ကို တင်ပြစေဟု ဆရာတော်တို့က ဆိုပြန်လျှင် ဤကား လက်ရှိ ပိဋကတ်မှန်ဟု ဆို၍ အတုလ ဆရာတော် တင်ပြလေသည်။

ထိုအခါ ပိဋကတ်မှန်ကို ပရိသတ်အလယ်တွင် ကြည့်ရှုလေရာ ဝိနယဂဏ္ဍိပုဒ်ကို သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်းလက်ထက် ရှင်မောဂ္ဂလ္လာန်ပြုသည်ကိုသာ ပိဋကတ်မှန်တွင် ပါရှိသည်၊ စူဠဂဏ္ဍိကို သီဟိုဠ်ကျွန်း အနုရာဓမြို့တော် ပေါက္ခန္တိကရွာ ရဟန္တာ အရှင်မောဂ္ဂလ္လာန်ပြုသည်ဟု အတုလယသဆရာတော် ဆိုသည်အတိုင်း မလာမရှိချေ။

ထိုသို့ ပိဋကမှန်တွင် မလာမရှိပဲလျက် အဘယ့်ကြောင့် ရှိသည်ဟု ဆိုလေသနည်းဟု ဆရာတော်တို့က မေးပြန်လျှင် အတုလယသထေရ်က တစ်စုံတစ်ရာ မပြောဆိုဟု လာရှိသည်။

စူဠဂဏ္ဍိသည် ဋီကာကြီးသုံးစောင်တွင် ဆောင်သော စူဠဂဏ္ဍိပင်လောဟု မေးလေလျှင် မှန်၏ဟု ဆိုလေ၏။

ထိုသို့ဖြစ်လျှင် ယခု[illegible] စူဠဂဏ္ဍိတွင် ဝဇီရဗုဒ္ဓိဋီကာ[illegible] သာရတ္ထဒီပနီယံ, ဝိမတိဝိနောဒနိယံ-ဟု အဘယ့်ကြောင့် ဋီကာကြီးသုံးစောင်ကို မဆောင်လေသနည်းဟု မေးပြန်လျှင် အတုလယသထေရ် ပြန်လည်မချေနိုင် ဖြစ်[illegible]သည်

စူဠဂဏ္ဌိတွင်ပင် ပရိမဏ္ဍလ, သုပ္ပဋိစ္ဆန္နဖြစ်အောင် ဝတ်ရုံခြင်းကိုလည်း ဆိုသည်၊ လက်ကန်တော့, ဒုကုဋ္ဌတင်, ရင်စည်း၍ ဝတ်ရုံခြင်းကိုလည်း ဆိုသည်၊ အဘယ့်ကြောင့် ရှေ့နောက်မညီ ဆိုလေသနည်းဟု မေးပြန်လျှင် အတင်ဝါဒီမှိုခိုရာ ပါဠိ အဋ္ဌကထာ ဋီကာ မရှိ၍ မှီခိုသော စူဠဂဏ္ဌိပင် ရှေ့နောက်မညီ ဖြစ်ပြန်လေရာ အတုလယသထေရ် မည်သို့မျှ မဆိုနိုင် ဖြစ်ပြန်လေသည်။

## အတင်ဂိုဏ်းဝင်များ လူဝတ်လဲစေခြင်း

ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၄၆-ခုနှစ်၊ တန်ခူးလဆုတ် ၁၂-ရက်နေ့တွင် အတင်ဂိုဏ်းခေါင်းဆောင် အတုလယသနှင့် အပေါင်းပါပုဂ္ဂိုလ်များကို လူဝတ်လဲစေ၍ အညာသစ်တောလေးရပ်တို့သို့ ပို့စေလေသည်၊ နှစ်ပေါင်း ၈၆-နှစ် ကြာငြောင်းခဲ့သော အတင်, အရုံပြဿနာမှာ ဘိုးတော်လက်ထက်တွင်မှ ပြီးပြတ်လေသည်။ အကျယ် အမရပူရသာသနာဝင် ကြည့်။ ဤ၌ သိသာရုံ အကျဉ်းမျှ ဖော်ပြသည်။

## ပညာဇောတဓမ္မဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်အရှင်ပညာရာမ

ဆရာတော်အရှင်ပညာရာမသည် သက္ကရာဇ် ၁၁၄၁-ခုနှစ် ပတ်ဝန်းကျင်တွင် အင်းဝ၌ထင်ရှားသော သာသနာ့ဝန်ဆောင်ဆရာတော်တစ်ပါး ဖြစ်လေသည်။ တောင်ဘီလူးဆရာတော်ဟုလည်း ထင်ရှားလေသည်။

"မဟာဓမ္မရာဇာဓိရာဇာ"မည်သော စဉ့်ကူးမင်းတရား၏ ကိုးကွယ်ခြင်းကို ခံယူရလေသည်။ မင်းတရားသည် မဟာမင်္ဂလာရွှေဘုံကျောင်းတော် မြောက်မဟာဒါန်ကိုယ်ဝန်က ဆောက်၍ဆက်သည့် လေးထပ်ဇေတဝန်ရွှေကျောင်းကို ဗိမာန်ရွှေဘုံသမိုက်တော်မူ၍ ကိုယ်

တော်တိုင် ရေစက်သွန်းချတော်မူ၍ တောင်ဘီလူးဆရာတော် အရှင်ပညာရာမအား တင်လျှုတော်မူလေသည်။

"ပညာဇောတဓမ္မဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူလေသည်။

## အတင်ဂိုဏ်းဝင်ပုဂ္ဂိုလ်

တောင်ဘီလူးဆရာတော် အရှင်ပညာရာမသည် အတင်ဂိုဏ်းဖြစ်လေသည်။ သက္ကရာဇ် ၁၁၄၁-ခုနှစ် တပေါင်းလတွင် အင်းဝသုဓမ္မာစရပ်တွင် အခြေအတင် စည်းဝေးပြောဆိုရာတွင် အရုံဖက်မှဆုံထားဆရာတော်, ဗားကရာဆရာတော်, ကတိုးဆရာတော်တို့ဖြစ်ပြီး ဒုကုဋ်တင်နွယ်ဖက်က တောင်ဘီလူးဆရာတော်လည်း ပါဝင်ခဲ့လေသည်။ ယင်းတောင်ဘီလူးဆရာတော်နှင့်တကွ ရတနာစံလွှတ်ဆရာတော်, ပျို့ကန်ဆရာတော်တို့ ပါဝင်ခဲ့လေသည်။-[၁]

တောင်ဘီလူးအာစရိယောတိ၊ အတင်ဝံသေ သုပါကဋော။
ကိစ္စံ ယထာဗလံ ကတွာ၊ ယထာကမ္မံ ဂမိ ဂ္ဂတော။

---

၁။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၇-ကြည့်။

## အင်းဝသာသနာဝင် အပြီးသတ်ခြင်း

နှောင်းခေတ် သာသနာဝင်သုတေသီတို့ အင်းဝခေတ်, အင်းဝ နေပြည်တော် ထွန်းလင်းစည်ပင်စဉ်က ဖြစ်ပျက်ခဲ့သော သာသနာ့ အခြေအနေကို လွယ်လင့်တကူ သိရှိကြစေရန် ရည်သန်ပါသဖြင့် အင်းဝသာသနာဝင်ကျမ်းကို ရေးသားခဲ့ရာ အောင်လံစိုက်ဆောက် ပြီးမြောက်ပါပြီ၊ အင်းဝသာသနာဝင်ကျမ်း၌ ဘုရားသမိုင်းတချို့နှင့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၏ အဖြစ်တော်စဉ်မှစ၍ သာသနာရေး ဘာသာရေးဆိုင်ရာ အစီအရင်စသည်များကို ဖော်ပြထားရာ ဤကျမ်း သည် သာသနာသမိုင်း လေ့လာရာ၌ များစွာ အထောက်အကူပြုပါ လိမ့်မည်၊ ၎င်းပြင် ဘုရားမြတ်စွာ သာသနာတော်ကို ထောက်ပံ့လိုသူ, ဘုရားမြတ်စွာ သာသနာတော်တွင်း ဝင်၍ ကိုယ်တိုင် သာသနာ ဝန်ထမ်းကောင်း ပြုလုပ်နည်းတို့ကိုလည်း ဤကျမ်းက ညွှန်ပြပါလိမ့် မည်။ ပါဠိဂါထာအရေးအသား လေ့လာသူကဝိမွန်တို့အားလည်း ပါဠိ ဂါထာ ရေးသားနည်းအတတ်ကို ထိုက်သလောက် ဤကျမ်းက ညွှန်ပြ ပါလိမ့်မည်။ အသင် စာရှုသူသည် မြင့်မြတ်ကြည်လင်သော စိတ်ထား ဖြင့် ဤအင်းဝသာသနာဝင်ကျမ်းကို ကြည့်ရှုလေ့လာပါလော့-ဟု တိုက် တွန်းရင်း အောက်ပါ ပါဠိဂါထာ မြန်မာစကားပြေတို့ကို အထွတ်တပ် ၍ အင်းဝသာသနာဝင်ကျမ်းကို လက်စသတ်လိုက်ပါပြီ။

## အင်းဝသာသနာဝင်ကျမ်းနိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌေ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်း ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏အနောက်ဖက် ၄- ဂါဝုတ်ပမာဏ ကွာလှမ်းသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စော ခြင်းရှိသောရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်၊

(၂) ဒွိနေဝဒွိဝေကသာကမှို၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒိသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော သီရိလင်္ကာခေါ် သီဟိုဠ်နိုင်ငံ, ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံအစရှိသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး သက္ကတ, ပြာကရိတ်, အင်္ဂလိပ်, သီဟိုဠ် ထိုထိုဘာသန္တရ ကျမ်းဂန်အဝဝနှင့် သမိုင်းရာဇဝင်အမျိုးမျိုးကို ရှာမှီးသင်ယူလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနံ၊ သံဂိတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာလယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင်မထေရ်မြတ်တို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန တေဝီသတိ၊ ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့မည်ထိုသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် အရှင်ဉက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာအဝဝရှိသော ရဟန်းသိက္ခာ ၂၃-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေပိ သုတေ သုတော။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

သာယာတင့်တယ် နေချင့်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋ္ဋ-ကတ်အတတ်မြို့တော်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမ တိပိဋ္ဋကတက္ကသိုလ် ဗဟိုစာချတိုက်ကြီး၌ ဟိုက်တာတည် ဒီဃဒဿီ ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့၏ သီတင်းသုံးရာဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော အမိုးဘုံ ၅-ဆင့်တပ် ၁၃-ခန်း ၆-ခန်းရှိသော သာသနဇောတိပါလကျောင်းကြီး၌ နေထိုင်လျက် တပည့်တပန်း ရဟန်းသာမဏေတို့အား မာဂဓ၊ သက္ကတစသော ဘာသာအမျိုးမျိုး ကျမ်းစာအမျိုးမျိုးတို့ကို ချပို့လေ့ရှိသော အကျွန်ုပ်သည်။

(၆) နိဿာယ ဣတိဟာသေပိ၊ ဂန္ထေ နာနပ္ပကာရကေ။
ပေါတ္ထကေ ဇာလပဏ္ဏေပိ၊ ကတောဟံ ဝိဒုမာနိတော။

သမိုင်းရာဇဝင်၊ သာသနာဝင် ကျမ်းဂန်အမျိုးမျိုး ထိုထိုမှတ်တမ်း ကျမ်းဂန်အထွေထွေ ပေ၌ရေးမှတ် ကျမ်းဂန်အရပ်ရပ်တို့ကို မှီငြမ်းပြု၍ ပညာရှိအပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ်သော ဤအင်းဝသာသနာဝင်ကျမ်းကို ကြိုးပမ်းရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် ပြုစီရင်အပ်သော ဤအင်းဝသာသနာဝင်ကျမ်းကြီးသည် စောမီးမြတ်စွာ သာသနာတည်သရွေ့ ကာလပတ်လုံး သာသနာ့သမိုင်း သာသနာ့အဋ္ဌုပ္ပတ်၊ သာသနာဝင်သုတေသီတို့အား

ကောင်းမြတ်သော သာသနာဝင်အနွယ်အဆက်ကို ဖော်ပြလျက် တည်ထွန်းပါစေသတည်း။

(၈) အနေန သုဝိသိဒ္ဓေန၊ ပုညေနညေန ကမ္မုနာ။
အနိသိဘိဂုရုဟောဝ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤအင်းဝသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းရေးသားရသော ကောင်းမှုထူးနှင့် အခြားကောင်းမှုများကြောင့် ပညာရှင်ချည်းများသာဖြစ်တော်မူကြသော ကျေးဇူးရှင်ဆရာသခင် အရှင်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

အင်းဝသာသနာဝင်ကျမ်း
အလုံးစုံပြီး၏။

အမှတ်
ရက်စွဲ